# ရတနာဗိဘိကျမ်း

# ပြဲဟွန်မွဲတာရုံဆရာတော်

ရေးသားတော်မူသော

# ရတနာပိဋကကျမ်း


မော်လမြိုင်မြို့ မော့ရာမဆရာတော်

တည်းဖြတ်သည်။



သပြဲဟွမ်စာရီအဖွဲ့

၂၂-ဝင်ဒါမီယာလမ်း၊ ရန်ကုန်

ဗုဒ္ဓသာသနာအဖွဲ့ စာပုံနှိပ်တိုက်၌

ရိုက်နှိပ်သည်။

သာသနာ ၂၅၁၅ ကောဇာ ၁၃၃၃ ဖေဖော်ဝါရီလ ၁၉၇၂

ထုတ်ဝေသူ။ ။ဆရာတော် ဦးသဟမ္ပတိ ဗြဟ္မနိမ္မိတာရုံ ကျောင်းတိုက်
၂၂၊ ဝင်ဒါမီယာလမ်း၊ ရန်ကုန်မြို့။ ( မှတ်ပုံတင်ကင်း
လွတ်ခွင့် အမှတ် ၀၁၅၂၄ )။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ၄၇၆၀။

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ် ၀၇၇၉)က ပုံနှိပ်သည်။

ရတနာပိဋကကျမ်း

# မာတိကာ

အကြောင်းအရာ စာမျက်နှာ


| | | | |
|---|---|---|---|
| အကြောင်းပြ (ဟေတုဒဿန) | .... | .... | ၁ |
| နိဒါန်း | | | ၁-၃ |
| အကျိုးပြ (ဖလဒဿန) | .... | .... | ၃ |
| ကောသလမင်းကြီး ဗုဒ္ဓပိဋကဖြစ်ပုံ | .... | .... | ၅ |
| မဟာကပ္ပိနမင်းကြီး ဗုဒ္ဓပိဋကဖြစ်ပုံ | .... | .... | ၆ |
| အနေ့ာ်ဇာမိဖုရားကြီး ဗုဒ္ဓပိဋကဖြစ်ပုံ | .... | .... | ၈ |
| ရတနာပိဋက ကျမ်းသိရှိဖြစ်ပေါ်ရန် တောင်းပန်ခြင်း | | .... | ၁၀ |
| ရတနာ | .... | .... | ၁၀ |
| ပိဋက | .... | .... | ၁၀ |
| အဘိယာစက | .... | .... | ၁၁ |
| ရတနတ္တယပဏာမနှင့် ပဋိညာဉ် | .... | .... | ၁၃ |
| ရတနာစစ်တမ်းကြီး | .... | .... | ၁၃ |
| သက်ရှိရတနာနှင့် သက်မဲ့ရတနာ | .... | .... | ၁၉ |
| တိရစ္ဆာန်ရတနာနှင့် လူရတနာ | .... | .... | ၁၉ |
| မိန်းမရတနာ ယောကျ်ားရတနာ | .... | .... | ၁၉ |
| အာဂါရိယရတနာနှင့် အနာဂါရိယရတနာ | .... | .... | ၂၀ |
| သေက္ခရတနာနှင့် အသေက္ခရတနာ | .... | .... | ၂၀ |
| ဗုဒ္ဓရတနာနှင့် သာဝကရတနာ | .... | .... | ၂၀ |
| ပစ္စေကဗုဒ္ဓရတနာနှင့် သဗ္ဗညုဗုဒ္ဓရတနာ | | .... | ၂၁ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ရတနတ္တယနှင့် မိဘဆရာကန်တော့ခန်းဆုတောင်း | | .... | ၃၅ |
| ဒုစရိုက်ကျူးလွန်သူတိုင်း တွေ့ရမည့်ဘေးကြီး ၄-ပါး | | .... | ၃၅ |
| ဘုရားခုနစ်ဆူကို ပူဇော်ရှိခိုးဆုတောင်းရန် | | .... | ၃၉ |
| ဂေါတမဘုရားရှင်အား ရှိခိုးရန် | .... | .... | ၄၀ |
| ဘုရားခုနစ်ဆူတို့၏ ဂုဏ်ကျေးဇူးအထူးကို ဦးနှိမ်ရိုကျိုး ရှိခိုးကြရန် | .... | .... | ၄၂ |
| ဗုဒ္ဓရတနာ ဂုဏ်များစွာဖြင့် သစ္စာပြု၍ ချမ်းသာဆုကိုပန်ရန် | | | ၅၀ |
| ဓမ္မရတနာ ဂုဏ်များစွာဖြင့် သစ္စာပြုကာ ချမ်းသာဆုကိုပန်ကြပါ | | | ၅၂ |
| စီးပွါးချမ်းသာ ပြည့်စုံလိုသူတိုင်း ရွတ်ပါ | | .... | ၅၃ |
| သံဃာရတနာ ဂုဏ်များစွာဖြင့် သစ္စာပြုကာ ချမ်းသာဆုကို တောင်းကြပါရန် | .... | .... | ၅၅ |
| ရတနာရောင်ပြန်ဟပ်ပုံအကြောင်း | .... | .... | ၅၉ |
| ဠာဿရိယရှစ်ပါး ရှိခိုးဂါထာပါဠိအနက် | .... | .... | ၆၄ |
| ဘုန်းတော်ခြောက်ပါးရှိခိုး | .... | .... | ၆၆ |
| သုဝဏ္ဏာဝဏ္ဏလက္ခဏာတော် ထူးခြားချက်အမြွက် | | .... | ၆၇ |
| စကားပြောကောင်းလိုကြောင်း ရှိခိုးဆုတောင်းဂါထာပါဠိအနက် | | | ၆၈ |
| ပညာအလိမ္မာရှင်ထွားရန် မှာထားချက် | .... | .... | ၆၉ |
| ဗုဒ္ဓ၏ဝိသဋ္ဌစသော အသံတော်အမြွက်မျှ ဖော်ပြချက် | | .... | ၆၉ |
| အသံတော် ၈-ပါး ဘုရားရှိခိုး | .... | .... | ၇၁ |
| ဗုဒ္ဓ၏သဗ္ဗညုတရွှေဉာဏ်တော် | .... | .... | ၇၁ |
| ဉာဏအစိန္တေယျ ရှိခိုးဂါထာအနက် | .... | .... | ၇၂ |
| အတုလတိက္ခစသော ဉာဏ်တော်နှင့်ပြည့်စုံပုံ | | .... | ၇၂ |
| ဝိဇ္ဇာစရဏ ဘုရားရှိခိုး ဂါထာအနက် | .... | .... | ၇၄ |
| စတုဝေသာရဇ္ဇဉာဏ်တော် ၄-ပါးရှိခိုး | .... | .... | ၇၅ |
| ဆအသာဓာရဏဉာဏ်တော် ၆-ပါးရှိခိုး | .... | .... | ၇၆ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဒသဗလဉာဏ်တော် ၁၀-ပါးရှိခိုး | .... | .... | ၇၆ |
| အံ့ဘွယ် ၁ဂ-ပါး | .... | .... | ၇ဂ |
| အံ့ဘွယ် ၁ဂ-ပါး အဓိပ္ပါယ် | .... | .... | ၇ဂ |
| တနည်း အံ့ဘွယ် ၁ဂ-ပါး | .... | .... | ဂ၀ |
| ရောင်ခြည်တော် ၆-ပါး အလိုရှိသလိုကွန့်မြူးနိုင်ခြင်း | | .... | ဂ၁ |
| ရောင်ခြည်တော် ၆-ပါး ရှိခိုးဂါထာအနက် | | .... | ဂ၂ |
| ဗုဒ္ဓ၏ရောင်ခြည်တော် ၆-ပါး ထူးခြားချက်.... | | .... | ဂ၃ |
| ရောင်ခြည်တော် ၆-ပါး အာရုံပြုရန်နှင့် ထွက်ပေါ်ရာအရပ် | | | ဂ၃ |
| ဗုဒ္ဓဂုဏ်တော် ၉-ပါး ရှိခိုးပုံ ညွှန်ပြချက် | .... | .... | ဂ၆ |
| ဗုဒ္ဓဂုဏ်တော် ၉-ပါးအနက် | .... | .... | ဂ၆ |
| ဘဂဝါပုဒ် ၂-ပါးအထူး | .... | .... | ဂဂ |
| ဓမ္မဂုဏ်တော် ၆-ပါး ရှိခိုးပုံ ညွှန်ပြချက် | .... | .... | ဂ၉ |
| ဓမ္မဂုဏ်တော် ၆-ပါးအနက် | .... | .... | ဂ၉ |
| သံဃာဂုဏ်တော် ၉-ပါး ရှိခိုးပုံ ညွှန်ပြချက် .... | | .... | ၉၁ |
| သံဃာဂုဏ်တော် ၉-ပါးအနက် | .... | .... | ၉၁ |
| မဟာတေဇဂုဏ်ဆုပန်ရာ၌ရနိုင်သော ဘုန်းတန်ခိုးများ | | .... | ၉၃ |
| မဟာပညာဂုဏ်ဆုပန်ရာ၌ ရရှိနိုင်သော ပညာဉာဏ်များ | | .... | ၉၅ |
| ပညာဂုဏ်အမြွက်မျှ ဖော်ပြချက် | .... | .... | ၉၅ |
| ရတနာမြတ်သုံးပါးကိုပေါင်း၍ ဆုသုံးပါးကို ပန်ဆင်ပုံတနည်း | | | ၉၆ |
| မာတာပိတု သတ္တုသုံးတန် မေတ္တာမှန်ဖြင့် အကာပြုရန်နှင့် ဆုတောင်းကြရန် | .... | .... | ၉၇ |
| ဗုဒ္ဓမဟာအာနုဘော်အကာနှင့် ဆုတောင်း | | .... | ၉၉ |
| ဓမ္မမဟာ အာနုဘော်အကာနှင့် ဆုတောင်း | | .... | ၉၉ |

အကြောင်းအရာ စာမျက်နှာ

မဟာဘောဂဂုဏ်ဆုပန်ရာ၌ ရရှိနိုင်သော ဥစ္စာရတနာများ .... ၁၀၀
လောကုတ္တရာရတနာမြတ် ၇-ပါး .... .... ၁၀၀
လောကီဥစ္စာမြတ် ၇-ပါးနှင့် လောကုတ္တရာဥစ္စာမြတ် ၇-ပါး .... ၁၀၂
သံဃမဟာ အာနုဘော်အကာနှင့် ဆုတောင်း .... ၁၀၃
မိခင်မေတ္တာ အကာနှင့် ဆုတောင်း .... .... ၁၀၄
ဘခင်မေတ္တာ အကာနှင့် ဆုတောင်း .... .... ၁၀၅
ဆရာမေတ္တာ အကာနှင့် ဆုတောင်း .... .... ၁၀၅
သာတာဂီရိစသော နတ်ပြဟ္မာမင်းကြီးများ၏ တန်ခိုးဂုဏ် အကာနှင့် ဆုတောင်း .... .... ၁၀၆
သမ္ဗုဒ္ဓေဂါထာပါဠိအနက်နှင့် ဆုတောင်း .... .... ၁၀၆
သာဟတ္ထိကမြောက် ဘုရားကိုးဆူ ပူဇော်နည်း .... ၁၀၈
ဘုရားကိုးဆူဆွမ်းကပ်ရာ၌ ရဟန္တာကြီး ၈-ပါးကို အာရုံပြု၍ ကြည်ညိုနိုင်ကြစေရန် ပြဆိုချက် .... .... ၁၀၉
အရှင်မဟာကဿပ၏ အာယုဒီဃဂုဏ် .... .... ၁၁၁
ဥစ္စာကုလိ တေဒဂ်ရ မဟာသာဝက အရှင်ဘဒ္ဒိယမထေရ် .... ၁၁၃
ဘဝဂ်မဆံ့ ပညာဉာဏ်ပြန့်သော အရှင်သာရိပုတ္တရာ လက်ျာရံ အဂ္ဂသာဝကထေရ် .... .... ၁၁၅
အရှင်အာနန္ဒာ၏ အာယုဒီဃဂုဏ် .... .... ၁၁၇
တောင်းဆုလေးပါး .... .... ၁၁၈
ပယ်ဆုလေးပါး .... .... ၁၁၉
ဘဝဂ်ပြန့်လှိုင် တန်ခိုးဂုဏ်ကြိုင်သော အရှင်မဟာမောဂ္ဂလ္လာန် လက်ဝဲရန် အဂ္ဂသာဝကထေရ် .... .... ၁၂၀
အရှင်အနုရုဒ္ဓါ၏ အာယုဒီဃဂုဏ် .... .... ၁၂၁
အရှင်ဗာကုလ၏ အာယုဒီဃဂုဏ် .... .... ၁၂၄

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဗြဟ္မာယုပုဏ္ဏားကြီး၏ အာယုဒီဃဂုဏ် .... .... | ၁၃၀ |
| သက်တော်ရှည် ပုဂ္ဂိုလ်ကျော် (၈) ဦး လေးဆစ်ချိုး .... | ၁၃၁ |
| ရတနာပီတိရရှိသော ပေါက္ခရသာတိ ပုရောဟိတ်ပုဏ္ဏား၏ အာယုဒီဃဂုဏ် .... .... | ၁၃၂ |
| ပေါက္ခရသာတိပုဏ္ဏား ရတနာပီတိဖြစ်ပုံ .... .... | ၁၃၂ |
| ရတနာစစ် တွေ့ရ၍ ပုရောဟိတ်ဗာဝရီ ရတနာပီတိဖြစ်ပုံ .... | ၁၃၅ |
| ဗာဝရီဆရာကြီး စိတ်ဆင်းရဲခြင်း .... .... | ၁၃၆ |
| အဇိတလုလင်၏ နှုတ်ဖြင့်မေးခဏ်း .... .... | ၁၃၇ |
| တိဿမေတ္တေယျလုလင်၏ နှုတ်ဖြင့်မေးခဏ်း.... .... | ၁၃၉ |
| ပုဏ္ဏကလုလင်၏ နှုတ်ဖြင့်မေးခဏ်း .... .... | ၁၃၉ |
| မေတ္တဂူလုလင်၏ နှုတ်ဖြင့်မေးခဏ်း .... .... | ၁၄၀ |
| ဓောတကလုလင်၏ နှုတ်ဖြင့်မေးခဏ်း .... .... | ၁၄၂ |
| ဥပသီဝလုလင်၏ အမေး .... .... | ၁၄၄ |
| နန္ဒလုလင်၏ အမေး .... .... | ၁၄၆ |
| ဟေမကလုလင်၏ အမေး .... .... | ၁၄၇ |
| တောဒေယျလုလင်၏ အမေး .... .... | ၁၄၉ |
| ကပ္ပလုလင်၏ အမေး .... .... | ၁၅၀ |
| ဇတုကဏ္ဏီလုလင်၏ အမေး .... .... | ၁၅၀ |
| ဘဒြာဝုဓလုလင်၏ အမေး .... .... | ၁၅၁ |
| ဥဒယလုလင်၏ အမေး .... .... | ၁၅၂ |
| ပေါသာလလုလင်၏ အမေး .... .... | ၁၅၃ |
| မောဃရာဇလုလင်၏ အမေး .... .... | ၁၅၄ |
| ပိင်္ဂိယလုလင်၏ အမေး .... .... | ၁၅၅ |
| ပါရာယနမည်ခြင်းအကြောင်း .... .... | ၁၅၆ |
| ဗာဝရီ ဆရာကြီးအား ပိင်္ဂိယ၏ ပြောကြားခဏ်း .... | ၁၅၇ |
| ဗြဟ္မာယု ပုရောဟိတ်ပုဏ္ဏား၏ ရတနာပီတိဖြစ်ပုံ .... | ၁၆၀ |
| ခေမာအမျိုးသမီး မင်ဖိုလ်ရပုံ အထူး .... .... | ၁၆၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တမူထူးခြား အလှူကျက်သရေများလှသော ဥပ္ပလဝဏ် .... | ၁၆၅ |
| ပဋ္ဌာစာရာ သူဌေးသမီးအကြောင်း .... .... | ၁၆၆ |
| ကုဏ္ဍလကေသာ၏ နိဝရဏအဆန်းနှင့် ဉာဏ်လျင်မြန်ပုံ .... | ၁၆၇ |
| ကိသာဂေါတမီ .... .... | ၁၆၈ |
| ဓမ္မဒိန္နာအမျိုးသမီး၏ ပညာဉာဏ်ကြီးပုံနှင့် ရဟန္တာဖြစ်ပုံ .... | ၁၇၀ |
| "ဝိနယတေဒဂ်ရ"- ပဋ္ဌာစာရာထေရီ၏ ပရိဒေဝမီးကို ဗုဒ္ဓဖယ်ရှားပေးပုံ | ၁၇၀ |
| ကုဏ္ဍလကေသာထေရီမ၏ ဥပါယ်ဉာဏ် ဆုပန်ပုံနှင့် ရတနာပိဋကဖြစ်ခဲ့ပုံ အကြောင်း .... | ၁၇၂ |
| ကိသာဂေါတမီထေရီမ၏ ပါရမီကုသိုလ်နှင့် ဆုပန်ဆင်ပုံ .... | ၁၇၃ |
| "မဟာပညာ"တရားပြ-တေဒဂ်ရ ဓမ္မဒိန္နာထေရီမ၏ ကုသိုလ်ပါရမီနှင့် ဆုပန်ဆင်ပုံ .... .... | ၁၇၄ |
| မိဂါရမာတာ ဝိသာခါ၏ အာယုဒီဃဂုဏ် .... .... | ၁၇၆ |
| ဘုရားကိုးဆူပူဇော်၍ ဆုတောင်းသစ္စာဓိဋ္ဌာန်ပြုနည်း .... | ၁၇၇ |
| ခုနစ်ဆူကုန်သော ဘုရားရှင်တို့ဖြင့် သစ္စာပြုရန် .... | ၁၇၈ |
| အဆုံးမရှိ အောင်မြင်ခြင်းကိုရစေမည့် အနန္တဝိဇယ ဂါထာကျော် .... .... | ၁၈၂ |
| ဗုဒ္ဓမင်္ဂလာ အန္တရာယ်ကင်းဂါထာတော် .... .... | ၁၈၄ |
| သံဃာပြုဆုတောင်း .... .... | ၁၈၄-၅-၆ |
| ဓမ္မမင်္ဂလာ အန္တရာယ်ကင်းဂါထာအနက်နှင့် သစ္စာပန္နက် ဓိဋ္ဌာန်လျက် ဆုတောင်း .... .... | ၁၈၅ |
| သံဃမင်္ဂလာအန္တရာယ်ကင်းဂါထာအနက်နှင့် သစ္စာပန္နက် ဓိဋ္ဌာန်လျက် ဆုတောင်း .... .... | ၁၈၆ |
| ရန်သူတို့၏ ပြုမူသော အန္တရာယ်တို့ကို ကာကွယ်နိုင်သော ဂါထာအနက် .... .... .... | ၁၈၇ |
| ဥပဒ္ဒဝ ဘေးအပေါင်းနှင့် အန္တရာယ်ကင်းဂါထာ .... | ၁၈၇ |
| **ဓာရဏပရိတ်ပါဠိတော်** .... .... | ၁၈၈ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| **ခေရဏပရိတ်မြန်မာပြန်....** | .... | .... | ၁၇၉ |
| **အနန္တရာယ်ကင်း သစ္စာဆိုဆုတောင်း** | .... | .... | ၁၉၃ |
| ရတနာရောင်ပြန်ဟပ်ဘုရားရှိခိုးများနှင့် ဆုတောင်း | | .... | ၁၉၅ |
| စိတ်တိုင်းကျ ဖန်ဆင်းနိုင်လိုကြောင်း ဆုတောင်း | | .... | ၁၉၅ |
| ရတနာအမျိုးမျိုးရလိုကြောင်း ဆုတောင်း | | .... | ၁၉၆ |
| ဥတ္တမပုရိသ ယောကျ်ားထူး ယောကျ်ားမြတ် ဖြစ်ရန် ဆုတောင်း ဂါထာအနက် | .... | .... | ၁၉၇ |
| **မေတ္တာဘာဝနာပွါးနည်း** | .... | .... | ၁၉၈ |
| **မိမိအတွက် မေတ္တာဘာဝနာ ပွါးနည်း** | | .... | ၁၉၈ |
| **မိမိကိုယ်အတွက် မေတ္တာပွါးနည်း** | .... | .... | ၁၉၉ |
| ရှင်ရဟန်းတို့က မိဘဆရာစသော ပုဂ္ဂိုလ်မြတ်တို့အား .... မေတ္တာဘာဝနာပွါးနည်း | .... | .... | ၂၀၀ |
| ရှင်ရဟန်းတို့က မိဘဆရာစသော ပုဂ္ဂိုလ်မြတ်တို့အား မြန်မာလို မေတ္တာဘာဝနာပွါးနည်း.... | | .... | ၂၀၀ |
| လူပုဂ္ဂိုလ်များအတွက် မေတ္တာဘာဝနာပွါးနည်း | | .... | ၂၀၀ |
| မြေစောင့်နတ်စသည်တို့ကို မေတ္တာဘာဝနာပွါးနည်း | | .... | ၂၀၁ |
| မြေစောင့်နတ်စသည်တို့ကို မြန်မာဘာသာ မေတ္တာပွါးနည်း | .... | .... | ၂၀၁ |
| လူရှင်ရဟန်းတို့ ဩဒိဿအနောဒိဿ မေတ္တာ .... ဘာဝနာပွါးနည်း .... | .... | .... | ၂၀၁ |
| လူရှင်ရဟန်းတို့ ဩဒိဿ အနောဒိဿ မေတ္တာဘာဝနာ မြန်မာလိုပွါးနည်း .... | .... | .... | ၂၀၂ |
| ဒိသာဖရဏ မေတ္တာဘာဝနာပွါးနည်း .... | | .... | ၂၀၂ |
| ဒိသာဖရဏ မြန်မာလို မေတ္တာဘာဝနာပွါးနည်း | | .... | ၂၀၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အထက်ဘဝဂ်ဘုံမှ အဝီစိငရဲအထိ တည်ရှိကြကုန်သော.... မြေ, ရေ, လေ၌ ကျက်စားသော သတ္တဝါတို့ကို.... မေတ္တာဘာဝနာ ပွါးနည်း .... .... | ၂၀၄ |
| (ဒေဝတာပိယ) နတ်ပြဟ္မာများ ချစ်ခင်ကြည်ညို .... စေတတ်သော မေတ္တာပွါးနည်း .... .... | ၂၀၅ |
| ဂုဏ်းအနက် မြန်မာပြန်ပွါးနည်း .... .... | ၂၀၅ |
| နတ်ချစ်ဆေးခေါ် ဒေဝတာပိယမေတ္တာပွါးနည်း (ဒုတိယ) | ၂၀၈ |
| နိဂုံး .... .... .... | ၂၁၁၊ ၂၆၃ |
| နိဂုံးရှင်းချက် .... .... .... | ၂၁၅ |
| အရပ်မျက်နှာ၌ ထားရသောကျင့်ဝတ် .... .... | ၂၁၇ |
| သားသမီးဝတ်ငါးပါး အညမညဝတ္တိတာကာရ .... | ၂၁၇ |
| မိဘဝတ်ငါးပါး အညမညဝတ္တိတာကာရ .... | ၂၁၇ |
| တပည့်ဝတ်ငါးပါး အညမညဝတ္တိတာကာရ .... | ၂၁၇ |
| ဆရာဝတ်ငါးပါး အညမညဝတ္တိတာကာရ .... | ၂၁၇ |
| လင့်ဝတ်ငါးပါး အညမညဝတ္တိတာကာရ .... | ၂၁၇ |
| မယားဝတ်ငါးပါး အညမညဝတ္တိတာကာရ .... | ၂၁၇ |
| မိတ်ဆွေဝတ်ငါးပါး အညမညဝတ္တိတာကာရ .... | ၂၁၈ |
| ဂုဏ်းအညမညဝတ္တိတာကာရ .... | ၂၁၈ |
| အရှင်ဝတ်ငါးပါး အညမညဝတ္တိတာကာရ .... | ၂၁၈ |
| ကျွန်ဝတ်ငါးပါး အညမညဝတ္တိတာကာရ .... | ၂၁၈ |
| ဒါယကာဝတ်ငါးပါး အညမညဝတ္တိတာကာရ .... | ၂၁၈ |
| ရဟန်းဝတ်ခြောက်ပါး အညမညဝတ္တိတာကာရ .... | ၂၁၈ |
| ဗုဒ္ဓ၏သမီးတော်ခုနစ်ဘော်တို့၏ ဗုဒ္ဓကို လျှူဒါန်းပူဇော်ပုံနှင့် ဆုပန်ဆင်ပုံ .... | ၂၁၉ |
| သမီးတော်ခုနစ်ဘော်တို့၏ ပါရမီထူးခြားချက် .... | ၂၂၁ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဥပ္ပလဝဏ်ထေရီမယ်၏ အံ့ဘွယ်သောအလှူနှင့် တင့်တယ်သောအဆင်း .... | ၂၂၂ |
| သုမနပန်းသည် ရတနာပီတိဖြစ်ပုံ .... .... | ၂၂၄ |
| သုပ္ပဗုဒ္ဓ(လူနူ)နှင့် မာဃသိကြားမင်း စကားရည်လုပွဲ .... | ၂၂၇ |
| နတ်စစ်သူကြီးနှစ်ဦး ဗုဒ္ဓဂုဏ်ထူး ချီးကျူးပူဇော်ပုံ ကြားရသော ကာဠ ... .... | ၂၂၉ |
| ဓမ္မစကြာပါဠိ .... .... .... | ၂၃၃ |
| ဓမ္မစကြာ အမွှန်း .... .... | ၂၃၃၊၂၄၂ |
| ဓမ္မစကြာ နိဒါန်း .... .... | ၂၃၃၊၂၄၃ |
| အယုတ်တရားနှစ်ပါး .... .... | ၂၃၃၊၂၄၃ |
| အလယ်အလတ် အကျင့်တရား .... .... | ၂၃၄၊၂၄၄ |
| ဒုက္ခသစ္စာ .... .... | ၂၃၄၊၂၄၆ |
| သမုဒယသစ္စာ .... .... | ၂၃၅၊၂၄၆ |
| နိရောဓသစ္စာ .... .... | ၂၃၅၊၂၄၇ |
| မဂ္ဂသစ္စာ .... .... | ၂၃၅၊၂၄၇ |
| ဒုက္ခသစ္စာ၌ သစ္စဉာဏ် .... .... | ၂၃၅၊၂၄၈ |
| ဒုက္ခသစ္စာ၌ ကိစ္စဉာဏ် .... .... | ၂၃၆၊၂၄၉ |
| ဒုက္ခသစ္စာ၌ ကတဉာဏ် .... .... | ၂၃၆၊၂၄၉ |
| သမုဒယသစ္စာ၌ သစ္စဉာဏ် .... .... | ၂၃၆၊၂၅၀ |
| သမုဒယ သစ္စာ၌ ကိစ္စဉာဏ် .... .... | ၂၃၆၊၂၅၀ |
| သမုဒယ သစ္စာ၌ ကတဉာဏ် .... .... | ၂၃၆၊၂၅၁ |
| နိရောဓ သစ္စာ၌ သစ္စဉာဏ် .... .... | ၂၃၆၊၂၅၂ |
| နိရောဓ သစ္စာ၌ ကိစ္စဉာဏ် .... .... | ၂၃၇၊၂၅၂ |

# ရတနာပိတိကျမ်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိရောဓ သစ္စာ၌ ကတညာဏ် .... .... | ၂၃၈၊ ၂၅၃ |
| မဂ္ဂသစ္စာ၌ သစ္စညာဏ် .... .... | ၂၃၈၊ ၂၅၃ |
| မဂ္ဂသစ္စာ၌ ကိစ္စညာဏ် .... .... | ၂၃၈၊ ၂၅၄ |
| မဂ္ဂသစ္စာ၌ ကတညာဏ် .... .... | ၂၃၈၊ ၂၅၅ |
| ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ .... .... | ၂၃၈၊ ၂၅၅ |
| ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ .... .... | ၂၃၉၊ ၂၅၆ |
| ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ .... .... | ၂၃၉၊ ၂၅၆ |
| ပဥ္စဝဂ္ဂီရဟန်းတို့ တရားကို နှစ်သက်ကြပုံ .... .... | ၂၃၉၊ ၂၅၈ |
| အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ .... .... | ၂၃၉၊ ၂၅၈ |
| နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ .... .... | ၂၃၉၊ ၂၅၈ |
| တသောင်းသော လောကဓာတ် တုန်လှုပ်ပုံ.... .... | ၂၄၀၊ ၂၆၀ |
| အရောင်အလင်း ဖြစ်ပေါ်လာပုံ .... .... | ၂၄၀၊ ၂၆၀ |
| မြတ်စွာဘုရား ဥဒါန်းကျူးပုံ .... .... | ၂၄၀၊ ၂၆၀ |
| အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းပုံ .... | ၂၄၀၊ ၂၆၁ |
| ဧဟိဘိက္ခု ရဟန်းအဖြစ်ရပုံ .... .... | ၂၄၁၊ ၂၆၁ |
| ဓမ္မစကြာပါဠိ၌ နိဿယ .... .... | ၂၄၂ |


ရတနာပိတိကျမ်း မာတိကာ ပြီး၏။

# အကြောင်းပြု (ဟောတုဒေသန)

## ရတနာပီတိ နိဒါန်း

ဤခေတ်သစ်လူ့ဘုံလောက၌ လူတို့သည် အလွန်နှစ်သက်ဘွယ် ကောင်းလှသော စိန်ကျောက်ပုလဲ ကျောက်မျက်ရွဲ ပတ္တမြား ပြယိုးယားစသော နှစ်သက်မခန်း ဆန်းကြယ်သော သက်မဲ့ပစ္စည်း အသုံးအဆောင်တို့ ဖြစ်ထွန်းပေါ်ပေါက် ရောက်ရှိလာသော အခါ နှစ်သက်ပျော်ရွှင်ကြ၏။ စကြာဝဠာဥ်ရတနာ ဆဒ္ဒန်ဆင်ဖြူရတနာ အစရှိသော သက်ရှိ သက်မဲ့ ရတနာ- ၇ -ပါး ဖြစ်ထွန်း ပေါ်ပေါက်လာသော အခါများ၌ အလွန့်အလွန် နှစ်သက်ရွှင်လန်း အပျော်ပန်း ပန်ဆင်နိုင်ကြ၏၊ ရတနာအကြည်ဆိုက်လာလျှင် အကြိုက်တွေ့ကြသည်မှာ လောဘ မကင်းသေးသည့် လူသားတို့၏ ဖြစ်ပေါ်တတ်သော သဘော ဓမ္မတာအတိုင်းပင် ဖြစ်၏၊ ထိုလောကီ သက်ရှိ သက်မဲ့ရတနာများကို နှစ်သက်ကြခြင်းသည် ရတနာတို့၏ အဘိုး တန်ခြင်းကြောင့်ပင် ဖြစ်၏၊ ထိုလောကီရတနာတွေထက် တန်ဘိုး မဖြတ်နိုင်သော အပြစ်လုံး၀ ကင်းသော အသရေအပြည့်ရှိသော မြင့်မြတ်သော ဘ၀သို့ ရောက်အောင် မလွဲတန်း အကျိုးပေးစွမ်းနိုင်သော ရတနာအစစ်ကို စာရှုသူတို့သည် လေးလေးမြတ်မြတ် ပိုလွန်၍ နှစ်သက်အပ်၏၊ လူ့ဘ၀ အရမတော်သကဲ့သို့ မဖြစ်သင့်ကြပါ၊ ထိုအမြတ်ဆုံးသော ရတနာကိုသာ အားထားကြဘို့ရန် အချိန်အခါပင်ဖြစ်၏၊ မျက်မှောက်လက်ငင်း ပက်ပင်းတွေ့နေရသည့် ရတနာစစ်ကို လက်မလွှတ်သင့်ကြပေ၊ ကမ္ဘာသူ ကမ္ဘာသားတို့ သတ္ထန္တရကပ် ရောဂန္တရကပ် ဒုဗ္ဘိက္ခန္တရကပ် ဘေးများမှ ကင်းဝေးကြစေရန်လည်း ရည်သန်ရင်း ရှိ၏။

အတ္တာနု၀ါဒဘေး ပရာနု၀ါဒဘေး ဒဏ္ဍဘေး ဒုဂ္ဂတိဘေးကြီးတို့မှ ကင်းဝေးကြစေရန်လည်း မေတ္တာဆန္ဒ အပြည့်အ၀ရှိမိ၏၊ ထို့အပြင် ဓမ္မပဒ ပါဠိတော်တွင် အာယုဝဍ္ဎနကုမာရကို ဟောတော်မူသော ဗုဒ္ဓမဟာကရုဏာ ဩ၀ါဒ ဒေသနာတော်မှာ—

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

ဟူ၍ပင် ဖြစ်၏။

အဓိပ္ပါယ်မှာ ဗုဒ္ဓ ဓမ္မ သံဃ မိဘ ဆရာစသော မိမိထက် ဂုဏ်အားဖြင့်ငှင်း၊ အသက်အားဖြင့်ငှင်း ကြီးမြတ်သောသူတို့ကို အမြဲရိုသေ လေးစားကြသည်ဖြစ်၍ ရှိခိုးပူဇော် ဖူးမြှော်လေ့ရှိသော သူအား—

(၁) အသက်ရှည်ခြင်း -- အာယုဝဍ္ဎနသမ္ပတ္တိဂုဏ်၊

(၂) အဆင်းအရောင်လှပခြင်း -- ဝဏ္ဏသမ္ပတ္တိဂုဏ်၊

(၃) ကိုယ်စိတ်ချမ်းသာခြင်း -- သုခသမ္ပတ္တိဂုဏ်၊

(၄) ကာယဗလ ဉာဏဗလနှင့်ပြည့်စုံခြင်း -- ဗလသမ္ပတ္တိဂုဏ်ဟု ဆိုအပ်ကုန်သော လေးပါးသော ကောင်းကျိုးရတနာတို့သည် တနေ့ တခြားတိုးပွါးနိုင်ကုန်၏ ဟူသော ဗုဒ္ဓ၏ မှန်မြတ်သန့်ရှင်းသော ဒေသနာတော်ရင်းနှင့် မယှဉ်းတိုက်ဆိုက် ကိုက်ညီတင့်ဘိ ဂုဏ်ပေါင်းရှိသည့် ရတနာပီတိကျမ်းသီရိကို မဏိအာဒါသ ကြေးမုံမြဝယ် မုခနိမိတ် မျက်နှာရိပ်သို့ မမိုတ်မသုန် ရှုလင့်ကုန် ဟု စေတနာရှေ့ရှု ဆန္ဒပြုလိုက်ရပါတော့သတည်း။

ဦးသဟမ္ပတိ
ရတနာပီတိ ကျမ်းပြုဆရာတော်

# အကျိုးပြု(ဗလဒသာန)

## ရတနာပီတိ နိဒါန်း

---

တန်ဘိုးမဖြတ်နိုင်သော ဗုဒ္ဓကိုနှစ်သက်ခြင်းသည် နှစ်သက်ခြင်းအပေါင်းတို့တွင် တန်ဘိုးအရှိဆုံး နှစ်သက်ခြင်းပင် ဖြစ်တော့၏။ မှန်ပါသည်၊ ဗုဒ္ဓသည် အတုမရှိသော အတိဏ္ဏ အတိကန္တ အတိမနာပ အာရုံကြီးတဆူ ဖြစ်တော်မူသည်။ ဗုဒ္ဓကို ယုံကြည်သူ ကြည်ညိုသူ ရှိသေလေးစားသူကို မဆိုထားဘိ မှားသောမိစ္ဆာအယူရှိသူများကိုသော်လည်း ဗုဒ္ဓ၏အတိဏ္ဏာရုံက ဆင်းရဲမည့်ဘဝ ရောက်မည့်ဆဲဆဲကို ချမ်းသာသောဘဝသို့ ရောက်အောင် ကယ်တင်ပို့ဆောင်ပေးသည်ကို တွေ့မြင်ရပေသည်။

အကြွင်သူသည် လောကသုံးပါးတွင် အတုမရှိသော ဗုဒ္ဓမြတ်ဘုရားကို နှစ်သက်ကြည်ညိုမိ၏၊ထိုသူသည် ဆင်းရဲအပေါင်းတို့၏ ရပ်တည်ရာဖြစ်သော ငရဲစသော အပါယ်ဘဝသို့ မကျမရောက်နိုင်တော့ပေ။ လူ့ဘဝ၏ အခြားမဲ့၌ မြင့်မြတ်ကောင်းမွန်သော နတ်ဘဝသို့ မလွဲတမ်း ရောက်နိုင်ပေသည်။ ဗုဒ္ဓကို နှစ်သက်မြတ်နိုး ရှိခိုးပူဇော်ခဲ့ခြင်းကြောင့် နတ်မင်းချမ်းသာ လူမင်းချမ်းသာတို့ကို အကြိမ်ရှစ်ဆယ် အကြိမ်တထောင် ရရှိခံစားသွားရရုံသာမကဘဲ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာအထိ တဆင့်ထက်တဆင့် မြင့်တက်မြင့်၍ မဖင့်မနွေး ဝင်စံသွားရသော "သုဘူတိ"မထေရ်မြတ်၏ဂုဏ်ရည်သွေးဇာတ်လမ်းကို ထေရအပဒါန် ပြန်တမ်းတွင် ဆန်းဆန်းကြယ်ကြယ် ပညာရှိတို့ နှစ်သက်မြတ်နိုးစဘွယ် တင့်တယ်ရင့်ကျူး သွားပုံမှာလည်း နှစ်သက်မခန်းပင် ရှိရတော့၏။ မှန်ပါပေသည်၊ အရှင်သုဘူတိထေရ်သည် တာဝတိံသာ နတ်ပြည်တွင် သိကြားနတ်မင်း အကြိမ်ရှစ်ဆယ် ဖြစ်ခဲ့ဘူး၏။ လူ့ပြည်တွင် စကြာမင်း အကြိမ်တထောင် ဖြစ်ခဲ့ဘူး၏။ ပဒေသရာဇ်မင်းအဖြစ်ကိုမူ မရေမတွက်နိုင်အောင်ပင် ဖြစ်ခဲ့ဘူး၏။ ဆင်းရဲနွမ်းပါးသော အမျိုးအနွယ်တို့၌ မဖြစ်ရဘဲ စည်းစိမ်ပြည့်လျှမ်း ဘုန်းကံပန်း

ပွင့်လန်းသော အမျိုးအနွယ်တို့၌သာ ဘဝပေါင်းများစွာ ဖြစ်ခဲ့ဘူး၏၊ အမျိုးအားဖြင့်လည်း မြင့်ကြွယ်၏၊ အနွယ်အားဖြင့်လည်း တင့်တယ်၏။ ဂုဏ်အားဖြင့်လည်း ခန့်ထယ်၏။ ဇာတ်အားဖြင့်လည်း ကြီးကျယ်၏။ ကမ္ဘာသုံးသောင်းတို့ပတ်လုံး နတ်ပြည်၌ပျော် နတ်စည်းစိမ်ကို မွေ့လျော်ခဲ့ရ၏။

ဤကဲ့သို့ ဆင်းရဲလွတ်ကင်း ချမ်းသာခြင်းအမျိုးမျိုးတို့ကို ဘဝမခြား တသားတည်း အဆက်မပြတ် ခံစားရခြင်း၏ အကြောင်း ကုသိုလ်ကား ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကမ္ဘာတသိန်းထက်၌ လောကသုံးပါး တွင် အတုမရှိသော "ပဒုမုတ္တရ" ဘုရားရှင်လက်ထက်တော်တွင် သုဘူတိ မထေရ်အလောင်းတော်သည် "ကောသိယ" ရသေ့ဖြစ်ခဲ့ဘူး၏။ ထိုစဉ် အခါက ပဒုမုတ္တရဘုရားကို နှစ်သက်မြတ်နိုး ရှိခိုးပူဇော်ခဲ့သော ကုသိုလ် ကောင်းမှုကြောင့် ဤဂေါတမဗုဒ္ဓ ရှင်လက်ထက်တော်၌ အရှင်သုဘူတိ မထေရ်မြတ် ဖြစ်တော်မူလာပေသည်၊ ဤစကားရပ်၌ လေးစားမှတ်သား လိုက်နာသင့်သော အချက် အခရာမှာ ဗုဒ္ဓကို ကြည်ညို လေးမြတ်ပုံပင် ဖြစ်သည်။

၁။ လောဘ ဒေါသ စသော အကုသိုလ်အညစ်အကြေး ကင်းဝေး သန့်စင်သော ကုသိုလ်စိတ်သည် အကျိုးပေးသန့်ရှင်း၏၊ ပေးပြီး အကျိုး ခိုင်မြဲ၏၊ အမြင့်စခန်းသို့ မြှော်မှန်းတိုင်း လှမ်းနိုင်၏၊ လှမ်းတိုင်းလည်း ရောက်၏၊ ရောက်တိုင်းလည်း ထင်ပေါ်၏၊ ထင် ပေါ်တိုင်းလည်း ကြာမြင့်ရှည်ခံ့ တည်တံ့နိုင်၏။

၂။ လောဘ ဒေါသ စသော အကုသိုလ် အညစ်အကြေး ငြိတွယ် လိမ်းကျံသော ကုသိုလ်စိတ်သည် အကျိုးပေး မသန့်ရှင်းနိုင်ပေ၊ ပေးပြီးအကျိုးလည်း မမြဲနိုင်ပေ၊ မြင့်မြတ်သောဌာန ဘုံဘဝကို မြှော်မှန်းတိုင်းလည်း မလှမ်းနိုင်ပေ၊ လှမ်းတိုင်းလည်း မရောက် နိုင်ပေ၊ရောက်တိုင်းလည်း မထင်ပေါ်နိုင်ပေ၊ထင်ပေါ်သော်လည်း ရက်ပိုင်း လပိုင်း နှစ်ပိုင်း မကြာမြင့်နိုင်ပေ။

အရှင်သုဘူတိထေရ်သည် ကောသိယ ရသေ့ဘဝက ပဒုမုတ္တရဗုဒ္ဓကို ကြည်ညိုလေးမြတ်ခဲ့သော ပီတိစေတနာသည် လောဘ ဒေါသ စသော အညစ်အကြေး ကင်းဝေးစင်သန့်သည့် ပီတိစေတနာမျိုး ဖြစ်ပေသည်၊ သို့ ဖြစ်၍သာ ကမ္ဘာတသိန်းအတွင်းဝယ် တင့်တယ်မွန်မြတ်သော ဘဝမျိုး၌ လူ့ဘဝ နတ်ဘဝတို့ကို မတိမ်းမစောင်းဘဲ ရရှိခဲ့ရလေသည်။

ဗုဒ္ဓကို နှစ်သက်မြတ်နိုး ရှိခိုးသည့်ကုသိုလ်မှုသည် ကိလေသာမငြိမတွယ် သော ကုသိုလ်စစ် ကုသိုလ်မှန် ဖြစ်ဘို့လိုပေသည်၊ ရာဂစသော ကိလေသာ ငြိတွယ်မိလျှင် အကျိုးပေးမသန့်ရှင်းဘဲ စိတ်ဆင်းရဲစရာ ကိုယ်ဆင်းရဲစရာ များ ဖြစ်ပေါ်လာတတ်ကြလေသည်။ မိမိ၏တဘဝတာမျှသာ ဆင်းရဲ ရသည်မဟုတ်၊ သားစဉ်မြေးဆက် လိုက်၍ အနှောင့်အယှက် ပေးတတ်၏၊ သို့ဖြစ်၍ ကုသိုလ်ပြုလုပ်သည့်အခါ ရာဂစသော ကိလေသာအညစ်များ မဝင်လာအောင် သတိချပ်ကြဘို့ လိုလှပေသည်။ (ထေရဂါထာ-၂၁၉၊ ဋ္ဌ-ပ-၁၉။ အပဒါန်-ပ-၇၄၊ ဋ္ဌ-ပ-၃၁။ ဥပရိပဏ်-၂၇၃၊ ဋ္ဌ-၁၉၂။ဥဒါန်-၁၆၆၊ ဋ္ဌ-၃၁၆။အင်္ဂုတ္တိုရ်-၁-၂၄၊ ဋ္ဌ-၁၇၃ စသည်တို့၌ ရှုပါ)

ဤဆိုခဲ့သော အချက်ကြီးများနှင့် စပ်လျဉ်းသည့် ပုဂ္ဂိုလ်ကြီးများကို တင်ပြရသော်—

## ကောသလမင်းကြီး ဗုဒ္ဓပီတိဖြစ်ပုံ

အခါတပါး ကောသလ မင်းတရားကြီးသည် ဗုဒ္ဓထံပါး၌ ဆည်းကပ် ကြည်ညို နေလေသည်၊ ဗုဒ္ဓ၏ အဆင်းတော်ကိုင်း၊ အသံတော်ကိုင်း၊ အကျင့်တော်ကိုင်း ငြိုငြင်ပင်ပန်းခြင်းမရှိ ပီတိအပြည့်ဖြင့် ကြည်ညို နေစဉ်တွင် ဤကဲ့သို့သော အတုလဉာဏ်တော်ရှင် ဘုရားသခင်နှင့် ဆွေ မျိုးတော်လိုသောဆန္ဒ ပြင်းပြစွာဖြစ်ပေါ်လာလေသည်။ ထို့ကြောင့် ဗုဒ္ဓ ဆွေတော် မျိုးတော်ထဲမှ သာကီဝင် မင်းသမီးတယောက်ကို မိဖုရား မြှောက်ရန် သာကီဝင်တိုင်းပြည်သို့ တောင်းခံလေ၏။

သာကီဝင်မင်းများကလည်းသာကီဝင်မင်းသမီးအစစ်ကို မပေးဘဲကျွန်မ ငယ်တယောက်ကို နှုတ်ပိတ်၍ ပေးလိုက်လေသည်၊ မိဖုရားမြှောက်၍ သား တယောက်ရခဲ့လေသည်။

ဤနေရာ၌ ကောသလမင်းသည် ဗုဒ္ဓကိုကြည်ညိုပုံမှာ ရာဂ အညှိ ငြိတွယ်သော ကြည်ညိုခြင်းမျိုး ဖြစ်နေ၏၊ ဤကြည်ညိုခြင်းမျိုး မဖြစ် ပေါ်ရန် ကျွန်ုပ်တို့ သတိပြုကြရပါမည်။

ထိုနောက် ကောသလမင်းကြီး၏အရိုက်အရာကို သားတော် ဝိဋူဍုဘ မင်းသား ဆက်ခံစိုးစံလေသည်၊ သူ့ကို ကျွန်မသားဟု အဆိုခံရခြင်း စသည်ကို အကြောင်းပြု၍ ဗုဒ္ဓ၏ ဆွေတော် မျိုးတော် ဖြစ်ကြသည့် သာကီဝင်မင်းမျိုးများ အသတ်ခံကြရလေသည်။

ဤကဲ့သို့ ဆင်းရဲဒုက္ခတွေ ဖြစ်ရခြင်းသည် ကောသလမင်းကြီး၏ ဗုဒ္ဓ အပေါ် ကြည်ညိုပုံ မသန့်ရှင်းမှုကြောင့်ပင် ဖြစ်ရ၏၊ သူ့ကုသိုလ်ဖြစ်သော ဗုဒ္ဓပီတိသည် ဝဋ္ဋနိဿိတမေတ္တာ ဝဋ္ဋနိဿိတကုသိုလ်မျိုးသာ ဖြစ်ခဲ့၏၊ ဤ ကုသိုလ်မျိုးသည် လူ့ဘဝတွင် စကြာမင်းအထိသာ အကျိုးပေးနိုင်လေ သည်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာမျိုးကို မရနိုင်ပေ။ သို့ဖြစ်၍ ဗုဒ္ဓပီတိအစစ် ဖြစ်စေအောင် ဝိဝဋ္ဋနိဿိတဗုဒ္ဓပီတိ ဖြစ်ပေါ်ရလေအောင် ကျွန်ုပ်တို့ ကြိုးစားသင့်ကြ၏။ ဗုဒ္ဓကို မေတ္တာထားသောအခါ ဝဋ်ထဲသို့ လည်မည့်မေတ္တာမျိုးကို မထားဘဲ ဝဋ်မှ ထွက်မြောက်မည့် မေတ္တာမျိုးကို ထားနိုင်အောင် သတိရှိ၍ ကြိုးစားသင့်ပေသည် (တဏှာငြိသော ဗုဒ္ဓပီတိ မဖြစ်သင့်ပါ) "သဒ္ဓါရှေ့သွား နောက်ပါးက တဏှာပါ မဖြစ်သင့်ကြပါ"။

## မဟာကပ္ပိနမင်းကြီး ဗုဒ္ဓပီတိဖြစ်ပုံ

ကျွန်ုပ်တို့၏ဗုဒ္ဓကို ချက်တွေ့ထင်ထင် ဖူးမြင်ရသူကို မဆိုထားဘဲ၊လောက သုံးပါးတွင် (ဝါ) လောကခြောက်ပါးတွင် ထင်ထင်ရှားရှား ဘုရားအစစ် ပွင့်တော်မူပါပြီဟု သတင်းကြားရုံမျှနှင့်ပင် ဖရဏာပီတိ ဂွမ်းဆီထိအသွင် အလွန့်အလွန်ပင် အကြည်ညိုခေတ်ဝင်ပြီး အသပြာ ရတနာတသိန်းကို ရက်ရက်ရောရော ပေးစွန့်လိုက်သူကား မဟာကပ္ပိန မင်းမြတ်ရာဇာ သဒ္ဓါ- မိကပုဂ္ဂိုလ်ကြီးပင် ဖြစ်ပေသည်။

ထိုပုဂ္ဂိုလ်ကြီးသည်—

(၁) ဗုဒ္ဓ၏ အဆင်းတော်ကိုလည်း စင်စစ် ဖူးမြော်ရသည် မဟုတ်သေးပါ၊

(၂) ဗုဒ္ဓ၏အင်္ဂါရှစ်ပိုး ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူလှသော အသံတော် အစစ်အမှန်ကိုလည်း စင်စစ် ကြားနာရသည် မဟုတ်သေးပါ၊

(၃) ဗုဒ္ဓ၏ ဘုရားအစစ် ဖြစ်နိုင်ရေးကို အကျိတ်အနယ်အားထုတ်နေတော်မူသည်ကို ဒိဋ္ဌ သုတ မုတ အားဖြင့် တွေ့ရသည်လည်း မဟုတ်သေးပါ။

ထိုမဟာကပ္ပိန မင်းကြီးသည်—

က။ ရူပပ္ပမာဏပုဂ္ဂိုလ်အဖြစ်

ခ ။ သဒ္ဒပ္ပမာဏပုဂ္ဂိုလ်အဖြစ်

ဂ ။ လူခပ္ပမာဏပုဂ္ဂိုလ်အဖြစ်သို့မရောက်သေးမီ"ဗုဒ္ဓေါ ဒေဝ ဥပ္ပန္နော" (မင်းကြီး ဘုရား ပွင့်ပါပြီ)ဟူ၍ ပြောပြသော သတင်းစကားကို သာဝတ္ထိပြည်သား ကုန်သည်များထံမှ တဆင့်ကြားရရုံမျှသာ ရှိသေး၏။ စင်စစ်သော်ကား သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓ၏ အဆင်းတော်မြတ်ကို ဖူးမြင်ရသည်လည်း မဟုတ်သေးပေ။

ထွေးရှပ်လွတ်ကင်း သန့်ရှင်းသော "ဝိသဋ္ဌ"အသံတော်, ချိုမြိန်လှစွာ သာယာသော "မဥ္ဇု"အသံတော်, ထင်ရှားလှစွာ သိသာခြားနားသော "ဝိညေယျ"အသံတော်, အာရုံစွဲငြိ နာချင်ဘွယ်ရှိသော"သဝနီယာ"အသံတော်, ပရိသတ်မှ အပသို့ မထွက်သော "အဝိသာရဏာ" အသံတော်, မလှုပ်မလဲ နက်နဲသော "ဂမ္ဘီရ"အသံတော်, မပြိုမကွဲ တခဲနက်သော "ဗိန္ဒု"အသံတော်, ရွက်စပ်ထင်ထင် ပဲ့တင်ထပ်သော "နိန္နာဒေါ"အသံတော်ဟူသော သံတော်ရှစ်ပိုး ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓ၏အသံတော်အစစ်အမှန် တရားတော်သံကို နာခံမှတ်သား ကြားနာ

ရသည်လည်း မဟုတ်သေးပေ၊ နှစ်သက်မှုမကုန် မြတ်နိုးပုံမဆုံး ပြုံးတိုင်းပင်လှ ဆန်းကြယ်တဲ့ မြနန်းနွယ် ဗိမ္ဗာမေ၁်နှင့် ရွှေရင်တော်နှစ် သားတော်ချစ် မင်းရာဟုကို ဂရုမထား စွန့်ခွါသွားနိုင်သော "ပိယေဟိ ဝိပ္ပယောဂ"ပူသောကအညီကို မသတိရှိမှုန်း၍ "ချစ်လုံးလုံး မုန်းလားလား" ဆိုစကားကို လူသာမန် အသုံးများသော်လည်း သိဒ္ဓတ်အမေ၁် အလောင်းတော်ကား ဒုက္ခရတရား ဇောသန်အားကြောင့် အစားကိုမမင် အဆင်းကိုမမက် အသက်ပမာမထားဘဲ ဆင်းရဲစွာ ကျင့်ကြံတော်မူသော အကျင့်တော်မြတ်ကိုလည်း ကြည်ညိုရသေးသည် မဟုတ်သေးပေ၊ "ဗုဒ္ဓေါ ဒေဝ ဥပ္ပန္နော=မင်းကြီး သစ္စာလေးပါး မြတ်တရားတို့ကို လေးပါးမဂ်ဉာဏ် ချိန်မာနဘဏ်ဖြင့် ဖောက်ပြန်မရှိ သိတော်မူပြီးသော ဘုရားမြတ်စွာ ပွင့်ပေါ်ပါပြီ"ဆိုတဲ့ အတိဒုလ္လဘ ဗုဒ္ဓမင်္ဂလာသတင်း ကြားသိကာမျှနှင့်ပင် အသပြာကျပ်တသိန်း ဆုတော်ငွေကို ပေးစွမ်းနိုင်သော မဟာကပ္ပိန မင်းကြီး၏ ဗုဒ္ဓပီတိမျိုးဖြစ်ပေါ်မှသာ ဗုဒ္ဓပီတိ စစ်မှန်ပေလိမ့်မည်၊ ကျွန်ုပ်တို့သည်လည်း မဟာကပ္ပိနမင်းကြီးကဲ့သို့ပင် ဗုဒ္ဓပီတိ ဖြစ်သင့်ကြပါသည်။

## အနေ၁်ဇာမိဖုရားကြီး၏ ဗုဒ္ဓပီတိ ဖြစ်ပုံ

ယခုခေတ်အမျိုးသမီးများ နည်းယူစရာ အမရာ ကိန္နရီ မဒ္ဒီ သမ္ဗူလ တော်လေးဝ ဝင်လောက်အောင် အဆင့်အတန်း မြင့်လှမ်းပြည့်ကြွယ်သော အမျိုးသမီးတိုင်း လက်ဝယ်ထားရှိတတ်ကြသော အားမာန်ငါးပါး ရှိတတ်ကြရာ မိဖုရားကြီး အနေ၁်ဇာဒေဝီမှာလည်း——

၁။ ရုပ်ဆင်းလှပချော့မောပြေပြစ်သောအား

၂။ ပစ္စည်းဥစ္စာ ရတနာအမျိုးမျိုးနှင့် ပြည့်စုံနေသာအား

၃။ သားသမီးရတနာရှိခြင်းအား

၄။ အမိဘက် အဖဘက်များမှ ဆွေမျိုးအား

၅။ တန်ဘိုးအရှိဆုံး ကိုယ်ကျင့်သီလအား

ဤငါးပါးတို့နှင့် ပြည့်စုံ၏၊ ထိုတွင် အထူးခြားဆုံး အမြင့်မြတ်ဆုံး သီလအားကို အမြတ်နိုးဆုံး အမျိုးသမီးကြီးဖြစ်သည့်အပြင် ရတနာပီတိ

အပြည့်အဝရှိ၍ သဒ္ဓါပသန္နရှိသည့်နေရာမှာ ယောကျ်ားများထက် သုံးဆတက်၍ လှူဒါန်းနိုင်စွမ်းရှိသော အမျိုးသမီးကြီးပင် ဖြစ်၏၊ မိဖုရားကြီးအနော်ဇောဒေဝီသည် ရုပ်ဆင်း ပစ္စည်း သား သမီး ဆွေမျိုးအားကို ပညာရှိများ အပြစ်တင်လောက်အောင် အရေးမထား ကိုယ်ကျင့်သီလအားကိုသာ လေးစားလှသော အမျိုးသမီးကြီး ဖြစ်၏။ သို့ပါ၍ ယခုခေတ်အမျိုးသမီးကြီးများ အဂ္ဂမဟေသီ စကြာဒေဝီမိဖုရားကြီးအနော်ဇောကို နည်းယူ၍ ရတနာပီတိ ဖြစ်သင့်ကြပါသတည်း။

အရှင်သုတေသကထေရ်

သာသန္ဘဝသစ် ကျမ်းပြုဆရာတော်

# ရတနာပီတိ ကျမ်းသိရှိဖြစ်ပေါ်ရန် တောင်းပန်ခြင်း

စိတ္တီကတံ မဟဂ္ဃဉ္စ၊ အတုလံ ဒုလ္လဘဒဿနံ။
အနောမသတ္တပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ။

စိတ္တီကတံ၊ဆန်းကြယ်ဖြူဖြောင့် တောင့်တသောအကျိုးကို ဖြစ်စေ၏။ မဟဂ္ဃံ၊ တန်ဖိုးများစွာ ထိုက်၏။ အတုလံ၊ ပြိုင်ဘက်မပြု တူသူကင်းမဲ့၏။ (အတုမဲ့သော အကျိုးကို ဖြစ်စေ၏)။ ဒုလ္လဘဒဿနံ၊ ကမ္ဘာ ကုဋေ လွန်လေများစွာ ကုန်ဆုံးပါလည်း တွေ့မြင်ဘို့ရာ ခက်ခဲ၏။ အနောမသတ္တ-ပရိဘောဂံ၊ သူယုတ်တို့ သုံးစွဲခြင်းငှါမထိုက် သူမွန်သူမြတ်တို့သာ သုံးစွဲခြင်းငှါ ထိုက်၏။ တေန၊ ထိုသို့သော အကြောင်းကြောင်းကြောင့်။ ရတနံ၊ ဗုဒ္ဓ, ဓမ္မ, သံဃ ကို ရတနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ရတနာ။ ။ဆန်းကြယ်ဖြူဖြောင့် တောင်းတသော အကျိုးကို ဖြစ်စေ၏။ တန်ဖိုး များစွာ ထိုက်၏။ ပြိုင်ဘက်မပြု တူသူကင်းမဲ့၏ (ဝါ) အတုမဲ့သောအကျိုးကို ဖြစ်စေ၏။ ကမ္ဘာကုဋေ လွန်လေများစွာ ကုန်ဆုံး ပါလည်း တွေ့မြင်ဘို့ရာ ခက်ခဲ၏။ သူယုတ်တို့ သုံးစွဲခြင်းငှါ မထိုက်၊ သူမွန် သူမြတ်တို့သာ သုံးစွဲခြင်းငှါ ထိုက်၏။ ထိုသို့သော အကြောင်းကြောင်း ကြောင့် "ရတနာ"မည်၏။

**ပီတိ။** ။နှစ်သက်ခြင်းပင် ဖြစ်၏၊ "ရတနာစစ်ကို နှစ်သက်ကြည်ညို ပါက ရတနာစစ်စစ် ဖြစ်ပေါ်ရမည်ပင်" ကြည်လင်သန့်စင်သော သဒ္ဓါ, စေတနာတို့ဖြင့် ဗုဒ္ဓ ဓမ္မ သံဃ ဟူသော ရတနာတော်မြတ်ကို တကယ် တန်း ကြည်ညို နှစ်သက်ပါလျှင် တကယ်ပင် အကျိုးပေး၏။

ကျွန်တော့်ကိုယ်တွေ့။ ။ကျွန်တော်သည်"ရတနာ"သုံးပါးကို အချိန် ရရှိသည့်အခါတိုင်းလိုလို သုတေသန ပြုခဲ့ဘူးပါ၏။ ရတနာ၏အရသာကို သိသိသာသာ ထိတွေ့ခံစားမှုကို ကျွန်တော့်ဉာဏ်၌ ထင်ရှားစွာ မသိ

မပေါ်ခဲ့ဘူးပါ။ ဆရာတော်ဘုရား၏ ညွှန်းပြချက် ဩဝါဒကို လက်ခံ ရရှိသောအခါ သိသိသာသာ ထင်ရှားစွာ ခံစားတွေ့ရှိလာပါသဖြင့် အဆိုပါ ပါဠိတော် အဋ္ဌကထာတို့၏ မိန့်ဆိုချက်သည် အလွန့်အလွန်ပင် ဟုတ်မှန်လှပါသဖြင့် ကျွန်တော့်ဘဝအဆင့်ဆင့်တွင် ဤကဲ့သို့ ထူးမြတ်လှသော ဗုဒ္ဓ ဓမ္မ သံဃ ရတနာတော်မြတ်နှင့် မပြတ်တစေ ဖူးမြော်ရပါစေဟုပင် အထပ်ထပ် ဆုပန်ဆင်ကာ နေရပါတော့၏။

**အဘိယာစက။** ။ကျွန်တော်သည် နှစ်သက်၍မအိနိုင်သော ရတနာအဆီ ရတနာအနှစ်တို့ကို မိဘဆွေစစ် မိတ်ဆွေမှန် အပေါင်းအသား ပွါးများနိုင်ကြပါစေရန် စေတနာထက်သန်လာပါ၍ ဤရတနာပီတိ ကျမ်းသီရိစာအုပ်ကို စီစဉ်ရေးသား ပေးသနားပါရန် လျှောက်ထားတောင်းပန်သောအခါ မေတ္တာသန့်စင် ထေရ်အရှင်သည် စီစဉ်ရေးသား ပေးသနားခြင်းပင် ဖြစ်ပါတော့သတည်း။

ဦးတင်ထွေး (ဘီ-အက်စ်-စီ)
(စက်မှုလက်မှုဝန်ကြီးဌာန)
အထည်အလိပ်လုပ်ငန်းဌာန
ရန်ကုန်မြို့

# ရတနတ္တယပဏာမနှင့် ပဋိညာဉ်

အသာခရဏ ဉာဏ်ကံ၊ ဓမ္မသံဃ သုသောဘိတံ။
အဘိဝန္ဒိယ သမ္ဗုဒ္ဓံ၊ လိခိဿံ ရတနပီတိန္တိ။

အဟံ၊ ငါသည်။ အသာခရဏ ဉာဏ်ကံ=ဆ အသာခရဏ ဉာဏ်ကံ၊ ခြောက်ပါးကုန်သော အသာခရဏ ဉာဏ်မြတ်တို့သည် အမြဲမပြတ် ကိန်းဝပ် တည်ရှိတော်မူထသော။ ဓမ္မသံဃသုသောဘိတံ၊ ဆယ်ပါးကုန်သောတရား, ရှစ်ပါးကုန်သော သာဝကကြီးတို့ဖြင့် ညစ်ကြေးကင်းလှင့် တင့်တယ်တော်မူထသော။ သမ္ဗုဒ္ဓံ၊ သစ္စာလေးတန် ကိုယ်ပိုင်ဉာဏ်ဖြင့် ဟုတ်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို။ အဘိဝန္ဒိယ အဘိဝန္ဒာမိ၊ အလွန် ရိုသေစွာ ရှိခိုးပါ၏။ အဘိဝန္ဒိယ အဘိဝန္ဒိတွာ၊ အလွန် ရိုသေစွာ ရှိခိုးပြီး၍။ ရတနပီတိံ၊ ရတနာပီတိ သီရိပျံ့ကျော် နှစ်သက်ဖွယ်သော မြတ်ဂုဏ်တော် ရတနာကို။ ရတနပီတိံ=ရတနပီတိပကရဏသိရိံ၊ ရတနပီတိ ကျမ်းသီရိကို။ လိခိဿံ လိခိဿာမိ=ရေးသားပေအံ့သတည်း။

## ရတနာစစ်တမ်းကြီး

ကာလအားဖြင့် ဗုဒ္ဓရှင်တော်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ ကိန်းအောင်း စံပျော်တော်မူနေခိုက် ဖြစ်လေသည်။

ဗုဒ္ဓရှင်တော်ဘုရား၏ ဒါယကာတော် တဦးဖြစ်သော မာဂဓတိုင်း ရာဇဂြိုဟ်ပြည့်ရှင် ဘုံရင်ဗိမ္ဗိသာရနှင့် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည့်ရှင် ဘုရင်ပုက္ကုသာတိတို့သည် တဦးနှင့်တဦး မမြင်ဘူးကြပေ။ ယင်းသို့ မမြင်ဘူးကြသော်လည်း ကုန်သည်များကို အကြောင်းပြုကာ မိတ်ဆွေရင်းချာ အဖြစ်သို့ ရောက်ရန် အကြောင်းပေါ် ၍လာခဲ့လေသည်။

တက္ကသိုလ်ပြည်မှ ကုန်သည်များသည် ကုန်ပစ္စည်းများကို သယ်ဆောင်ကာ ရာဇဂြိုဟ်ပြည်သို့ လာကြပြီးလျှင် လက်ဆောင်တော်များကို

ယူဆောင်ကြလျက် ဗိမ္ဗိသာရဘုရင်ထံ ဝင်ရောက် ဖူးမြင်ကြလေသည်။ ထိုသို့ရောက်လာကာ ရှိခိုးတင်ပြနေကြသည့် ကုန်သည်များအား—

ဗိမ္ဗိသာရ။ ။မောင်မင်းတို့ -အဘယ်အရပ်ဒေသမှာ နေကြသလဲ။

ကုန်သည်များ။ ။တက္ကသိုလ်ပြည်မှာနေကြပါကြောင်းပါဘုရား။

ထိုအခါ ဘုရင်က တက္ကသိုလ်တွင် ဘေးအန္တရာယ် ကင်းစင်မှုရှိမရှိ၊ အစာရေစာများ ပေါများကြွယ်ဝမှု ဖြစ်မဖြစ်စသော အခြေအနေများကို မေးမြန်းတော်မူလေသည်။ ပြီးမှ—

ဗိမ္ဗိသာရ။ ။မောင်မင်းတို့ အရှင့်အမည်က ဘယ်လိုခေါ်သလဲ။

ကုန်သည်များ။ ။ပုက္ကုသာတိလို့ ခေါ်တွင်ပါကြောင်းပါဘုရား။

ဗိမ္ဗိသာရ။ ။တရားရှိသူပေဘဲလား။ (တရားနဲ့အညီအုပ်ချုပ်သူ ဟုတ်ပါရဲ့လား)

ကုန်သည်များ။ ။ရှိပါကြောင်းပါဘုရား။

ဗိမ္ဗိသာရ။ ။သင်္ဂြိုဟ်တရားလေးပါးနဲ့ ပြည်သူတွေကို ချီးမြှောက် ပါရဲ့လား။

ကုန်သည်များ။ ။ချီးမြှောက်ပါကြောင်းပါဘုရား၊ လူအပေါင်းရဲ့ မိဘအရာမှာ တည်နေပါကြောင်းပါဘုရား၊ ရင်ခွင် ထဲမှာ အိပ်စက်နေရတဲ့ ကလေးငယ်ပမာ သတ္တဝါ အပေါင်းကို နှစ်သိမ့်စေကြောင်းပါဘုရား။

ဗိမ္ဗိသာရ။ ။အရွယ်ဘယ်မျှလောက် ရှိပြီလဲ။

ကုန်သည်များ။ ။အရှင် မင်းမြတ်ရဲ့ အရွယ်လောက်ပင် ရှိပါကြောင်း ပါဘုရား။ (အသေးစိတ် လျှောက်သည်)။

ဗိမ္ဗိသာရ။ ။အမောင်တို့ အမောင်တို့ဘုရင်ဟာ တရားရှင် (ဓမ္မိက)လဲ ဖြစ်ပေတယ်၊အရွယ်အားဖြင့်လဲ ကိုယ် တော်မြတ်နဲ့ တူနေပေတယ်၊ အမောင်တို့ ဘုရင်နဲ့

ကိုယ်တော်မြတ်နဲ့ မဟာမိတ်အဖြစ် ရောက်အောင် စွမ်းဆောင်နိုင်ကြပါ့မလား။

ကုန်သည်များ။ ။စွမ်းဆောင်နိုင်ကြမည် ဖြစ်ကြောင်းပါ ဘုရား။

ဘုရင်သည် ထိုသူတို့အား အခွန်အကောက် လွတ်ငြိမ်းခွင့် ပြုတော်မူသည့်ပြင် နေစရာ အိမ်ကိုပါပေးစေရန် မိန့်မှတ်တော်မူပြီးနောက် အရောင်းအဝယ်ပြီးလို့ ပြန်ကြတဲ့အခါ ငါ့ထံ ဝင်ရောက် ဖူးမြင်ပြီးမှ ပြန်ကြစေဟု မိန့်တော်မူလေသည်။

ကုန်သည်များသည် ရောင်းဝယ်ကြပြီးနောက် ပြန်ခါနီးတွင် အမိန့်တော်အတိုင်း ဝင်ရောက်ဖူးမြင်ကြလေ၏။ ထိုအခါ ဘုရင်က "မောင်မင်းတို့ ပြန်ကြပေရော့၊ ပြန်ရောက်တဲ့အခါမှာ မောင်မင်းတို့ ဘုရင်ကို ငါ့ရဲ့စကားနဲ့ အထပ်ထပ် အဖန်ဖန် ကျန်းမာချမ်းသာကြောင်းကို မေးမြန်းပြောဆိုပြီးတော့ (ဗိမ္ဗိသာရဘုရင်မင်းမြတ်က အရှင်မင်းမြတ်များနဲ့ မဟာမိတ် ဖြစ်လိုကြောင်းပါ ဘုရား)လို့လဲ လျှောက်ထားလိုက်ကြပေရော့"ဟု မှာတော်မူလိုက်လေသည်။

ကုန်သည်များလည်း "ကောင်းလှပါပြီ ဘုရား"ဟု ဝန်ခံကြပြီးလျှင် ပြန်သွားကြလေသည်။ ပစ္စည်းဘဏ္ဍာများကို သိမ်းဆည်း သိုမှီးကြပြီးလျှင် နံနက်စာစား၍အပြီး (နံနက်ပိုင်း ပွဲတော်တည်ပြီးချိန်တွင်) ပုက္ကုသာတိ ဘုရင်မင်းမြတ်ထံ ဝင်ရောက် ဖူးမြင်ကြလေ၏။

ဘုရင်။ ။မောင်မင်းများကို ဒီနေ့ ဒီမျှရက်များအထိ မမြင်ရပါကလား။

ထိုအခါ ကုန်သည်များကလည်း တွေ့ကြုံခဲ့ရပုံ အကြောင်းမျိုးစုံတို့ကို ပြန်ကြား လျှောက်တင်ကြလေသည်။

ဘုရင်။ ။အင်း - ကောင်းပေစွ မောင်မင်းများ၊ မောင်မင်းတို့ကို အကြောင်းပြုပြီး မဇ္ဈိမဒေသက မင်းနဲ့ မိတ်ဆွေဖြစ်ရပေတယ်ဟု မိန့်ကာ ဝမ်းသာအားရ ရှိတော်မူလေ၏။

ထို့နောက် ရာဇဂြိုဟ်မှ ကုန်သည်များကလည်း တက္ကသိုလ်သို့ လာရောက်ကြလေသည်၊ ထိုကုန်သည်များကလည်း လက်ဆောင်ပဏ္ဏာများကို ယူဆောင်၍ ဘုရင့်ထံ ဝင်ရောက်ကြလေရာ ........

ပုက္ကုသာတိ။ ။ဘယ်က လာကြသလဲ မောင်မင်းများ။

ကုန်သည်များ။ ။ရာဇဂြိုဟ်က လာကြကြောင်းပါ ဘုရား။

ပုက္ကုသာတိ။ ။အော်-အော်-မောင်မင်းများဟာ ငါ့အဆွေတော်ရဲ့ မြို့တော်က လာကြပေသကိုး။

ကုန်သည်များ။ ။မှန်လှပါဘုရား။

ပုက္ကုသာတိ။ ။ကျန်းမာ ချမ်းသာကြောင်းကို မေးမြန်းတော်မူပြီးနောက် "ယနေ့ကစပြီး ငါ့အဆွေတော်ရဲ့ မြို့တော်က ခြေလျင်ဖြစ်စေ၊ လှည်းနဲ့ဖြစ်စေ လာကြသူများကို ငါ့ပိုင်နက်ဝင်ကထဲက နေစရာအိမ်ကိုလဲ ပေးကြရမယ်၊ ဘဏ္ဍာတော်တိုက်က ရိက္ခာတော်များကိုလဲ ထုတ်ပေးကြရမယ်၊ အခွန်တော်ကိုလဲ လွှတ်ကြ ရမယ်၊ ဘယ်အနှောင့်အရှက်မျိုးကိုမှ မပြုကြရဘူး"ဟု စည်လည်စေတော်မူလေသည်။

ဗိမ္ဗိသာရဘုရင်ကလည်း မိမိ၏နေပြည်တော်၌ အလားတူ ပြုစေတော်မူလေသည်။

တရံရောအခါတွင် ဗိမ္ဗိသာရဘုရင်က ပုက္ကုသာတိဘုရင်ထံ "ပစ္စန္တဒေသ"ဟူသည် ပတ္တမြား ပုလဲ အစရှိတဲ့ ရတနာများ ဖြစ်ထွန်းရာ-ဖြစ်ပါပေတယ်၊ ငါ့အဆွေတော်ရဲ့နိုင်ငံတော်အတွင်းမှာ ကြည့်ရှုစရာနဲ့ ပတ်သက်၍ဖြစ်စေ၊ ကြားနာစရာနဲ့ပတ်သက်၍ဖြစ်စေ ရတနာဟူ၍ ပေါ်ပေါက်ခဲ့ပါလျှင် မြဲ့ပြီး မထားပါလေနှင့်ဟု သဝဏ်လွှာ ပို့တော်မူလိုက်လေသည်။

ပုက္ကုသာတိဘုရင်ကလည်း မဇ္ဈိမဒေသဟူသည် ဇနပုဒ်ကြီး ဖြစ်ပါပေသည်၊ ယင်းဒေသမှာ ကြည့်စရာ ရှုစရာ ကြားစရာကောင်းတဲ့ ရတနာ

ရယ်လို့ ပေါ်ပေါက်ခဲ့ပါလျှင် မြဲမြဲမထားပါနှင့် အဆွေတော်”ဟု သဝဏ်လွှာ ပါးလိုက်လေသည်။

ဤသို့လျှင် ဘုရင် ၂-ဦးတို့သည် ကုန်သည်များကို အကြောင်းပြုကာ အပြန်ပြန်အလှန်လှန် လက်ဆောင်ပဏ္ဏာ သဝဏ်လွှာများ ပေးပို့ခြင်းအားဖြင့် မမြင်ဘူးကြသေးသည့် ခိုင်မြဲလှသော မိတ်ရင်း ဆွေစစ်ကြီးများ အဖြစ်သို့ ရောက်ကြလေ၏။

ဤသို့ မင်းနှစ်ပါးတို့ ကတိကဝတ်များ ပြုထားကြပြီးနောက် ပဌမ ရှေးဦး ပက္ကုသာတိဘုရင်အား လက်ဆောင်တော်များ ဖြစ်ပေါ်ရရှိခဲ့ လေသည်။ ဖြစ်ပေါ်ပုံကား ဘုရင်သည် အဆင်အသွေး ငါးမျိုးရှိသည့် တန်ဖိုးမဖြတ်နိုင်သော ကမ္ဗလာရှစ်ထည်တို့ကို ရရှိတော်မူလေသည်။ ထို့ကြောင့် “ဒီ ကမ္ဗလာတွေဟာ တယ်လဲ လှပတင့်တယ်ပါကလား။ ငါ့ အဆွေတော်ဆီ ပေးပို့မယ်”ဟု သဘောရတော်မူပြီးလျှင် ချိပ်လုံးခန့်ရှိ စန္ဒကူးနံ့သာနှစ် ကြုတ်ရှစ်လုံးတို့ကို ပွတ်ခံစေပြီး၊ ထိုနံ့သာကြုတ်များ တွင် ကမ္ဗလာတထည်စီ ထည့်စေလေသည်။ ယင်းတို့ကို ချိပ်ဖြင့် မွမ်းမံကာ အလုံးပြုစေပြီးနောက် အသီးသီး ပိတ်ဖြူဖြင့် ရစ်ပတ်စေလေသည်။ ယင်းတို့ကို သေတ္တာ၌ ထည့်စေကာ ထိုသေတ္တာကို အဝတ်ဖြင့် ရစ်ပတ်စေပြီးမှ မင်းတံဆိပ် ခတ်နှိပ်စေ၍၊ ဗိမ္ဗိသာရထံ ပို့စေလေသည်။

ဤ လက်ဆောင်တော်များကို ရွှေမြို့တော်၏အလယ် အမတ်စသော ပရိသတ်များ ခြံရံပြီးမှ အဆွေတော် ဖွင့်ကြည့်စေလိုပါသည် ဟုလည်း မှာတော်မူလိုက်လေသည်

ဗိမ္ဗိသာရမင်းကြီးထံ ရောက်ကြသောအခါ ပက္ကုသာတိမင်းကြီးက မှာတော်မူလိုက်သည့်အတိုင်း မူးမတ်ဗိုလ်ပါအပေါင်း စုရုံးလာရောက်ကြ ရန် စည်လည်စေပြီးနောက် မြို့တော်၏အလယ်တွင် ထီးဖြူတော်ဆောင်းကာ ရတနာပလ္လင်ပေါ်တွင် စံတော်မူရင်း ပဌမ မင်းတံဆိပ်ကို ခွါစေသည်။ ဒုတိယ အပေါ်မှ ချုပ်ပတ်ထားသည့် အဝတ်တို့ကို ခွါစေသည်။ တတိယ သေတ္တာကို ဖွင့်စေသည်။ စတုတ္ထ သေတ္တာတွင်းရှိ အထုပ်ကို ဖြေစေသည်။ ထိုအခါ ကြွေအန်ကစားရာတွင် အသုံးပြုသည့် ချိပ်လုံး

များသဖွယ် ချိပ်လုံးများကို မြင်တော်မူလေသည်။ ထိုအခါ ဘုရင့်စိတ်၌ အင်း- ငါ့မိတ်ဆွေက ငါ့မိတ်ဆွေဟာဖြင့် ကြွေအန်ကစားကြူးသူ ဖြစ်တယ်လို့ ထင်ပြီး ဒီ ချိပ်လုံး တန်ဆာလက်ဆောင်ပဏ္ဏာတွေကို ပို့လိုက်ထာထင်ပါရဲ့ဟု ထင်မှတ်တော်မူမိလေသည်။ ချိပ်လုံးတခုကို ယူငင်ပြီးနောက် လက်ဖြင့် လှိမ့်ရင်း အချိန်ပမာဏကို ခန့်မှန်းနေခိုက်မှာပင် 'ဟာ- အထဲမှာ ကမ္ဗလာထုပ် ပါပေသကိုး'ဟု တပ်အပ်ထင်ထင် သိရလေ၏။

ယင်းနောက် ချိပ်လုံးကို ပလ္လင်တော်၏ခြေ၌ ရိုက်ခတ်လိုက်သည်နှင့် တပြိုင်နက် ချိပ်များ အလွှားလိုက် ကွာကျသွားလေတော့သည်။ မင်းကြီးသည် လက်သည်းတော်ဖြင့် နံ့သာကြုတ်ကို အသာကလေးဖွင့်လိုက်ရာ အတွင်း၌ ရတနာကမ္ဗလာကို တွေ့မြင်တော်မူရလေ၏။ ကျန်ကြုတ်ခုနစ်လုံးတို့ကိုလည်း ဖွင့်စေတော်မူလေ၏၊ အားလုံး ကမ္ဗလာ ရတနာများသာ ဖြစ်သည်ကို တွေ့ရလေသည်။

အဆိုပါကမ္ဗလာများကို ဖြန့်စေလေရာ အဆင်အသွေးလည်း ကောင်းလှပုံကိုရင်း၊ အတွေ့အထိလည်း ကောင်းလှပုံကိုပင်း တွေ့ကြရသည့်ပြင် အလျား၁၆-တောင်စီ၊ အနံ ၈-တောင်စီ ရှိကြသည်ကို တွေ့ကြလေသည်။

လူအပေါင်းတို့သည်လည်း လက်ဖျစ်ခတ်တီး အံ့ခြီးထောပနာမှုမပြုဘဲ မနေနိုင်ကြတော့ပေ။ ဦးရစ်ခေါင်းပေါင်း ပစ်မြှောက်ခြင်းအားဖြင့် ကောင်းကြီးပေးသူတို့က ပေးကြလေသည်။ 'ငါတို့ ဘုရင်မင်းမြတ်ရဲ့ အဆွေတော်ဘုရင်ကြီးက တခါမျှ မမြင်ဘူးပါဘဲနှင့် တန်ဖိုးမဖြတ်နိုင်သည့် လက်ဆောင်တော်များ ပို့စေပါသည်။ မဟာမိတ်ဖွဲ့ရန် သင့်မြတ်လှပါပေတယ်'ဟု ပြောဆို ဝမ်းမြောက်ကြလေ၏။

ဘုရင်သည် လေးထည်တို့ကို ဘုရားရှင်၏ထံတော်သို့ ပို့လှူစေတော်မူပြီးနောက် ကျန်လေးထည်တို့ကိုသာ နန်းတော်၌ ထားစေလေသည်။

အင်း-ငါ့အဆွေတော်ကဖြင့် အဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်တော်တွေ ပို့လိုက်ပေပြီ၊ နောက်မှပြန်ပြီး လက်ဆောင်တုံ့ရမဲ့သူဟာ ဦးစွာပို့သူထက် သာအောင် ပို့သင့်ပေတယ်၊ ဘယ်လို လက်ဆောင်မျိုး ပို့ရပါ့မလဲ ဟု စဉ်းစားတော်မူလေ၏။

ဗိမ္ဗိသာရမင်းကား အလွန်ဘုန်းတန်ခိုးကြီးသည့် မင်းဖြစ်သည့်အတိုင်း မိမိနေပြည်တော်တွင် ယခုကမ္ဘာလောများထက် သာလွန်သည့် ရတနာများ ရှိသည် မှန်သော်လည်း သောတာပန်ဖြစ်ခဲ့သည့် အချိန်မှစ၍ ဘုရားရတနာ တရားရတနာ သံဃာရတနာ ဟူသော ရတနာသုံးပါးမှတပါး အခြား လောကီရတနာဟူသမျှသည် မင်းကြီး စိတ်နှလုံးကို အစွမ်းကုန် နှစ်သက်ဝမ်းမြောက်စေမှု မဖြစ်နိုင်စေတော့ပေ။ ထို့ကြောင့် အဖိုးမဖြတ်နိုင်သည့် ရတနာကို ခမ်းခမ်းနားနား နက်နက်နဲနဲ စေ့စေ့စပ်စပ် ရွေးချယ်တော်မူလေသည်။ ရွေးချယ်တော်မူပုံကား ဤသို့ပေတည်း။

## ၁-သက်ရှိရတနာနှင့် သက်မဲ့ရတနာ

လောက၌ ရတနာဟူသည် (၁) သက်ရှိရတနာနှင့် (၂) သက်မဲ့ရတနာဟု ၂-မျိုး ရှိလေသည်။

ရွှေငွေစသည်တို့ကို သက်မဲ့ရတနာဟု ခေါ်သည်။ ဣန္ဒြေနှင့်စပ်သော ရတနာမျိုးကို သက်ရှိရတနာဟု ခေါ်သည်။

ဥပမာ-ဆင်ရတနာ မြင်းရတနာ သားကြီးရတနာ စသည်တည်း။ ထို ၂-မျိုး အနက် သက်မဲ့ရတနာတို့သည် သက်ရှိရတနာတို့၏ အဆင်းတန်ဆာစသည်ဖြင့် သုံးဆောင်ဖွယ်မျှသာ ဖြစ်သောကြောင့် သက်မဲ့ရတနာထက် သက်ရှိရတနာက မြတ်ကြောင်း ထင်ရှားလေသည်။

## ၂-တိရစ္ဆာန်ရတနာနှင့် လူရတနာ

သက်ရှိရတနာသည်လည်း (၁) တိရစ္ဆာန်ရတနာနှင့် (၂) လူရတနာဟူ၍ ၂-မျိုးရှိရာ လူရတနာကသာလျှင် ပို၍ မြတ်ပေသည်။ အဘယ်ကြောင့်ဆိုသော် တိရစ္ဆာန်ရတနာသည် လူတို့၏ အသုံးအဆောင်မျှသာ ဖြစ်သောကြောင့်ပေတည်း။

## ၃-မိန်းမရတနာ ယောကျ်ားရတနာ

လူရတနာသည်လည်း မိန်းမရတနာ ယောကျ်ား ရတနာ ဟူ၍ ၂-မျိုး ရှိပြန်ရာ ယောကျ်ားရတနာကသာလျှင် ပိုမို၍ မြတ်ပေသည်။ အဘယ်

ကြောင့်ဆိုသော် မိန်းမရတနာတို့တွင် စကြာမင်းကြီး၏ ရတနာ ၇-ပါး တို့တွင် အပါအဝင်ဖြစ်သော မိဖုရားရတနာပင် ဖြစ်စေဦးတော့ ယောကျ်ားတို့၏ အသုံးအဆောင်သာလျှင် ဖြစ်သောကြောင့်ပေတည်း။

## ၄-အာဂါရိယရတနာနှင့် အနာဂါရိယရတနာ

ယောကျ်ားရတနာသည်လည်း (၁)အာဂါရိယရတနာ လူဝတ်ကြောင် ရတနာနှင့် (၂) အနာဂါရိယရတနာ အိမ်ရာမထောင်သူ ရတနာ ဟူ၍ ၂-မျိုးရှိပေရာ အိမ်ရာမထောင်သည့် (ရှင်) ရှင်ဟူသော ဝေါဟာရဖြင့် သာမဏေရော ရဟန်းကိုပါ ခေါ်နိုင်သည်။ သုံးဆယ်စုံအင် ဖြည့်ကျိုး ထင်သည် ရှင်တို့မိပတိ ငါမုနိကား (ကိုးခန်း-၂) သည့်သက်ကြည်လင် မြတ်သောသွင်ဖြင့် ရှင်ဟုလည်းဖြစ် (ပါရမီတော်ခန်း-၁၁) ရတနာက သာလျှင် ပို၍ မြတ်ပေသည်။ အဘယ်ကြောင့်ဆိုသော် လူဝတ်ကြောင် ရတနာတို့တွင် စကြဝတေးမင်းကြီးပင် ဖြစ်လင့်ကစား ယနေ့ ပြုသစ်စ သာမဏေကလေးအား ရိုသေစွာ ရှိခိုးဦးခိုက် ပူဇော်ထိုက်သောကြောင့် ပေတည်း။

## ၅-သေက္ခရတနာနှင့် အသေက္ခရတနာ

အနာဂါရိယ (ရှင်) ရတနာသည်လည်း (၁) သေက္ခရတနာခေါ် သိက္ခာ ၃-ပါးကို ကျင့်နေဆဲ ဖြစ်သည့် ပုထုဇဉ်နှင့် အောက်အရိယာ ပုဂ္ဂိုလ်များနှင့် (၂) အသေက္ခရတနာ ခေါ် ရဟန္တာ ရတနာ ဟူ၍ ၂-မျိုး ရှိပြန်ရာ အသေက္ခရတနာကသာလျှင် ပို၍ မြတ်ပေသည်။ အဘယ် ကြောင့်ဆိုသော် သေက္ခရတနာပေါင်း တသိန်းပင်ဖြစ်လင့်ကစား ဂုဏ် ကျေးဇူးအားဖြင့် အသေက္ခ ရတနာတပါးကို မမှီနိုင်သောကြောင့်ပေ တည်း။

## ၆-ဗုဒ္ဓရတနာနှင့် သာဝကရတနာ

အသေက္ခရတနာသည်လည်း (၁) ဗုဒ္ဓရတနာ=ဘုရားရတနာနှင့်(၂) သာဝကရတနာ=တပည့်ရတနာ ဟူ၍ ၂-မျိုး ရှိပြန်ရာ ဗုဒ္ဓရတနာကသာ

ပို၍ မြတ်လေသည်။ အဘယ်ကြောင့်ဆိုသော် တပည့်သာဝကပေါင်း တသိန်းပင် ဖြစ်သော်လည်း ဂုဏ်ကျေးဇူးအားဖြင့် ဗုဒ္ဓရတနာတဆူကို လိုက်၍ မမှီနိုင်သောကြောင့်ပေတည်း။

## ၇-ပစ္စေကဗုဒ္ဓရတနာနှင့် သဗ္ဗညုဗုဒ္ဓရတနာ

ဗုဒ္ဓရတနာသည်လည်း (၁) ပစ္စေကဗုဒ္ဓရတနာ=သီးခြားပွင့်သော ဘုရားငယ်ရတနာနှင့် (၂) သဗ္ဗညုဗုဒ္ဓရတနာ=သိထိုက်သမျှ ဓမ္မဉာဏ်သို့ အလုံးစုံကို အကုန်သိတော်မူသည့် ဘုရားရတနာ ဟူ၍ ၂-မျိုး ရှိပေရာ သဗ္ဗညုဗုဒ္ဓရတနာကသာလျှင် သာလွန်မြင့်မြတ်တော်မူလေသည်။အဘယ် ကြောင့်ဆိုသော် ပစ္စေကဗုဒ္ဓရတနာပေါင်း တသိန်းပင် ဖြစ်သော်လည်း ဂုဏ်ကျေးဇူးအားဖြင့် သဗ္ဗညုဗုဒ္ဓရတနာတဆူကို လိုက်၍ မမှီနိုင်သော ကြောင့်ပေတည်း။

မှတ်ချက်။ ။ဤကား ဥပရိပဏ္ဏာသ အဋ္ဌကထာ ၁၉၇-စသည်၌ လာသည့်အတိုင်း ခွဲပုံပေတည်း၊ သုတ္တနိပါတ်အဋ္ဌကထာ ပ-၂၇၈-၌ကား အနာဂါရိယ(အနာဂါရိက) ရတနာကို အရိယနှင့် ပုထုဇ္ဇန ဟု ၂-မျိုး ခွဲ သည်။ အရိယရတနာကိုလည်း သေက္ခနှင့် အသေက္ခဟု ၂-မျိုးခွဲသည်။ အသေက္ခကိုလည်း သုက္ခဝိပဿကနှင့် သမထယာနိကဟု ၂-မျိုး ခွဲသည်။ သမထယာနိကကိုလည်း သာဝကပါရမိပ္ပတ္တနှင့် အပတ္တ ဟု ၂-မျိုး ခွဲသည်။ သာဝကပါရမိပ္ပတ္တထက် ပစ္စေကဗုဒ္ဓက မြတ်ကြောင်း ပစ္စေကဗုဒ္ဓထက် သမ္မာသမ္ဗုဒ္ဓက မြတ်ကြောင်း ခွဲပြတော်မူသည်၊ ယင်း၌ အကျယ်ရှုလေ။

ဗိမ္ဗိသာရဘုရင်ကြီး၏ စိတ်၌ ဆိုခဲ့သည့်အတိုင်း "အတုမရှိ-အတူမရှိ သော ရတနာမျိုးကို ငါ့အဆွေတော်ကြီးထံ လက်ဆောင်ပေးပို့တော်မူ မယ်" ဟု စိတ်ကူးရတော်မူလေ၏၊ ထို့ကြောင့် တက္ကသိုလ်ပြည်မှ မိမိ ထံ ရောက်လာကာ ခစားနေကြသည့် အမတ်များအား—

ဗိမ္ဗိသာရ။ ။မောင်မင်းတို့ တက္ကသိုလ်ပြည်မှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဆိုတဲ့ ရတနာ ၃ ပါး ကို ဖူးတွေ့ ကြုံကြိုက် ကြရပါရဲ့လား။

အမတ်များ။ ။ကျွန်တော်မျိုးတို့ပြည်မှာ ယင်းသို့သော ရတနာမျိုးကို အသံလောက်တောင် ကြားရခြင်း မရှိပါကြောင်းပါဘုရား၊ ဖူးရဘို့ ဆိုတာကတော့ ဘယ်မှာ ရှိပါတော့မလဲဘုရား။

ဒီလိုဖြင့် ကောင်းပြီ မောင်မင်းများဟု မိန့်တော်မူကာ "အင်း - ငါ့ အဆွေတော်ရဲ့ ပြည်ကိုကြွရန် ဘုရားရှင်ကို လျှောက်ရရင် ဖြစ်နိုင်သော်လည်း ဘုရားရှင်တို့မည်သည် မဇ္ဈိမဒေသရဲ့ အစွန်အဖျား (ပစ္စန္တဒေသ) မှာ အရဏ်တက်ရိုး ထုံးစံမရှိပေဘူး၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်တိုင် ကြွဘို့အရေးဆိုတာလဲ မဖြစ်နိုင်ဘူး၊ ရှင်သာရိပုတြာ၊ ရှင်မောဂ္ဂလ္လာန် စတဲ့ ဘုရားတပည့်တော်တွေကို ငါတောင်းပန်ပြီး ပို့နိုင်သော်လဲ အရှင်မြတ်ကြီးတွေ့ ပစ္စန္တရစ်မှာ နေတယ်လို့ကြားရင်တောင် ကျွန်တော်မျိုးများကို လွှတ်ပြီး အနီးသို့ ရောက်အောင် ပင့်ရမဲ့တာဝန် ငါ့မှာ ရှိပေတယ်။ ဒါကြောင့် အရှင်မြတ်ကြီးတွေ ကြွဘို့ဆိုတာလဲ မဖြစ်နိုင်ဘူး၊ ဒီတော့ ကာ ဘုရားရှင်နဲ့ တပည့်သာဝကကြီးတွေ ကြွတာနဲ့မခြား ဖြစ်ရအောင် သဝဏ်လွှာပို့တော်မူမယ်"ဟု စိတ်ကူးဆုံးဖြတ်တော်မူလိုက်လေသည်။

ယင်းနောက် ဦးစွာ အလျား လေးတောင်၊ အနံ တထွာရှိ ရွှေပြားကို ခတ်စေသည်။

ထိုရွှေပြားတွင် အက္ခရာများကို ရေးမည့်နေ့၌ နံနက်စောစော ဦးခေါင်းလျှော်မှု၊ ရေချိုးမှုများကို ပြုတော်မူသည်။ ဂ - ပါးသီလကို ခံယူ ဆောက်တည်တော်မူသည်။ နံနက်စာအဖြစ် ပွဲတော်တည်တော်မူပြီးလျှင် ထိုနေ့ အတွက် နံ့သာလိမ်းခြင်း ပန်းပန်ခြင်း ဝါန်းဆာတို့ဖြင့် ဆင်ယင်ခြင်း ပြုတော်မမူတော့ချေ၊ ရွှေခွက်ထည်းတွင် ဟင်္သပြဒါးကို ထည့်ကာ ယူဆောင်တော်မူပြီးလျှင် အောက်ထပ်ကစပြီး တံခါးများကို ပိတ်ကာ နန်းပြာသာဒ်ပေါ် တက်တော်မူခဲ့လေသည်။ ယင်းနောက် အရှေ့ဘက်ရှိ ခြင်္သေ့ရုပ်ခံသော လေသာနန်း တံခါးကို ဖွင့်တော်မူသည်၊ ယင်းနောက်မှ လေသာအဆောင်တွင် ထိုင်တော်မူကာ ရွှေပြားပေါ်၌ အက္ခရာများကို ရေးတော်မူလေသည်။

"ဤကမ္ဘာလောကကြီးအတွင်းတွင် အရဟာ၊ သမ္မာသမ္ဗုဒ္ဓ၊ ဝိဇ္ဇာစရဏသမ္ပန္န၊ သုဂတ၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓ၊ ဘဂဝါဟူသော ဂုဏ်တော်သခင် ဘုရားရှင်ဟု ပွင့်တော်မူနေပြီ" ဟု ဘုရားရှင်၏ ဂုဏ်တော်များကို တစိတ်တဒေသအားဖြင့် ဦးစွာ ရေးတော်မူလေသည်။

ယင်းနောက် ဗုဒ္ဓဝင်အကျဉ်းချုပ်ကို ဖော်ပြကာ တလောကလုံး၌ ဤဗုဒ္ဓရတနာမျိုးမရှိတော့ကြောင်း ရေးသားပြီးမှ—

ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဟု ဘုရားရှင်၏ ဂုဏ်တော် တစိတ်တဒေသကို ရေးသားတော်မူလေသည်။ (အနက်ကို ဤစာအုပ်တနေရာတွင် ရှုပါ)။

ဘုရားရှင် ဟောကြားတော်မူသည့် တရားတော်သည် သွာက္ခာတ၊ သန္ဒိဋ္ဌိက၊အကာလိက၊ ဧဟိပဿိက၊ ဩပနေယျိက၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော်တို့နှင့် ပြည့်စုံကြောင်းကိုငင်း၊ သတိပဋ္ဌာန်လေးပါး၊သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်-၇-ပါး၊ မဂ္ဂင်-၈-ပါး၊ ဗောဓိပက္ခိယတရားတော်များကိုငင်း တစိတ်တဒေသ ရေးသားတော် မူပြီးနောက်—

ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိမာနန္တရိကညမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဟု တရားတော်ရတနာ၏ ဂုဏ်ကို တစိတ်တဒေသ ရေးသား ဖော်ပြကာ နိဂုံးချုပ်လိုက်လေသည်။ (အနက်ကို ဤစာအုပ် တနေရာတွင် ရှု)။

မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် သုပ္ပဋိပန္နတာ၊ဥဇုပ္ပဋိပန္နတာ၊ ဉာယပ္ပဋိပန္နတာ၊ သာမိစိပ္ပဋိပန္နတာ ဟူသော အကြောင်းဂုဏ်လေးပါးနှင့် ပြည့်စုံတော်မူသဖြင့် အာဟုနေယျ၊ ပါဟုနေယျ၊ ဒက္ခိ-ဏေယျ၊ အဉ္ဇလိကရဏီယ၊ အနုတ္တရ ပုညခေတ္တ ဟူသော အကျိုးဂုဏ်ငါးပါးနှင့် ပြည့်စုံတော်မူကြောင်း၊ အမျိုးကောင်းသားတို့သည် ဘုရားရှင်၏တရားတော်ကို ကြားနာကြရသောကြောင့် အချို့ တောထွက်ပြီး ရဟန်းပြုကြကြောင်း၊ အချို့ကား ထီးဖြူ(နိုင်ငံ)ကို ပယ်စွန့်ကာ ရဟန်းပြုကြကြောင်း၊ အချို့ကား အိမ်ရှေ့မင်း စည်းစိမ်၊ အချို့ကား သေနာ-ပတိရာထူး စသည်တို့ကို စွန့်ကြကာ ရဟန်းပြုကြကြောင်း၊ ယင်းသို့ ရဟန်းပြုကြပြီးနောက် ဤပြဆိုမည့် အကျင့်ကို ဖြည့်ကျင့်ကြကြောင်းဟု စကားအခြေခံကာ စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ စသည်တို့ကို တစိတ်တဒေသ ရေးသားဖော်ပြသည်၊ ဒွါရခြောက်ပါး၌ စောင့်စည်းပုံ၊ သတိသမ္ပဇညပွါးများပုံ၊ သန္တောသသတရား ဖြည့်ကျင့် လိုက်နာပုံ၊ကမ္မဋ္ဌာန်းဆိုင်ရာ ကျောင်း ၉-မျိုးရှိပုံ၊ နီဝရဏငါးပါး ပယ်ရှားပုံ၊ ကသိုဏ်းပရိကံ လုပ်ငန်းကို စတင်တည်ထောင်ပုံ၊ ဈာန်-အဘိညာဉ်များ ရကြပုံ၊ ကမ္မ-ဋ္ဌာန်းပေါင်း ၃၈ -မျိုးရှိပုံမှစ၍ အာသဝေါကုန်သည့်အခြေအထိ လမ်းစဉ်များကို တစိတ်တဒေသအားဖြင့် ရေးသား ဖော်ပြတော်မူလေသည်။

၁၆-ပါး အပြားရှိသည့် အာနာပါနဿတိကမ္မဋ္ဌာန်းကိုမူ အကျယ်တဝင့် သာလျှင် ရေးသားဖော်ပြလေသည်။ ပြီးမှ ဘုရားရှင်၏တပည့်ဟူသည် ဤသို့သောဂုဏ်တော်တို့နှင့် ပြည့်စုံကြောင်း ပြဆိုကာ—

ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဟု နိဂုံးချုပ်လိုက်လေသည်။(အနက်ကို ဤစာအုပ် တနေရာတွင်ရှု)။

ရှင်တော်ဘုရား၏ သာသနာတော်မြတ်သည် စ-လယ်-ဆုံး သုံးပါးလုံး ကောင်းသည့် ဟောကြားချက် ဖြစ်ပါပေသည်။ သံသရာစက်မှ လွတ်ထွက် ကြောင်း မှန်ပါပေသည်။ ငါ့-အဆွေတော် စွမ်းနိုင်ခဲ့ပါလျှင် တော ထွက်ကာ ရဟန်းပြုစေချင်ပါဘိတော့သည်ဟု မှာကြားတိုက်တွန်းလိုက် လေသည်။

အထက်ပါစကားများကို ရေးသားပြီးနောက် ရွှေပေလွှာကြီးကို လိပ် လိုက်လေသည်။ ထိုနောက်မှ နူးညံ့လှသော ကမ္ဗလာဖြင့် ရစ်ပတ်သည်။ ထိုနောက် နံ့သာနှစ် ကြုတ်၌ ထည့်သည်၊ ထိုနောက် ရွှေကြုတ်၌ ထည့် သည်၊ ထိုနောက် ငွေကြုတ်၌ ထည့်သည်၊ ထိုနောက် ပတ္တမြားကြုတ်၌ ထည့်သည်၊ ထိုနောက် သန္တာကြုတ်၌ ထည့်သည်၊ ထိုနောက် ပတ္တမြားနီ ကြုတ်၌ ထည့်သည်၊ ထိုနောက် ပတ္တမြားပြောက် ကြုတ်၌ ထည့်သည်၊ ထိုနောက် ဖလ်ကြုတ်၌ ထည့်သည်၊ ထိုနောက် ဆင်စွယ်ကြုတ်၌ ထည့် သည်။ ထိုနောက် ရတနာ ၁၀-ပါး ခြယ်စီသော ကြုတ်၌ ထည့်သည်၊ ထိုနောက် နှီးကြုတ်၌ ထည့်သည်၊ ထိုနှီးကြုတ်ကို နံ့သာနှစ်သေတ္တာ၌ ထည့်ပြန်လေသည်။

ထိုနံ့သာနှစ်သေတ္တာကို (အသေးမှ အကြီးသို့ အဆင့်ဆင့် ထည့်ရာတွင် စီစဉ်သကဲ့သို့) ရွှေသေတ္တာတွင်း၌၎င်း၊ ယင်းကို ငွေသေတ္တာ၊ ပတ္တမြား သေတ္တာ၊ သန္တာသေတ္တာ၊ ပတ္တမြားနီသေတ္တာ၊ ပတ္တမြားပြောက်သေတ္တာ၊ ဖလ်သေတ္တာ၊ ဆင်စွယ်သေတ္တာ၊ ရတနာ ၁၀-ပါးစီသေတ္တာ၊ နှီးသေတ္တာ ဟူသော သေတ္တာတို့၌ အဆင့်ဆင့် ထည့်ပြန်လေသည်။

တဖန် နှီးသေတ္တာကို နံ့သာနှစ်ပခြုပ်၌ ထည့်ပြန်သည်၊ ရှေးနည်းတူ ရွှေပခြုပ်-နှီးပခြုပ်တို့၌ အဆင့်ဆင့် ထည့်ပြီးမှ အပြင်ဘက်က ကမ္ဗလာ ဖြင့် ရစ်ပတ်စေသည်။ ယင်းအဝတ်ကိုမှ မင်း၏တံဆိပ်တော် ခတ်နှိပ်စေ သည်။

ယင်းသို့ ရွှေပေလွှာကို ခမ်းနားစွာ ထည့်သွင်း ထုပ်သိုပြီးနောက် ပို့ဆောင်ရေးအတွက် ခမ်းနားစွာ စီစဉ်စေရန် အမိန့် ချမှတ်တော်မူပြန် လေသည်။

ချမှတ်ပုံမှာ မိမိအာဏာပျံ့နှံ့ရာအရပ်၌ လမ်းကို တန်ဆာဆင်စေသည်၊ လမ်းမှာ အကျယ်အပြန့်အားဖြင့် ရှစ်ဥသဘကျယ်စေသည်၊ ယင်းရှစ်ဥသဘအနက် လက်ဝဲ-လက်ယာ နှစ်ဥသဘစီ နှစ်ရပ်ပေါင်း (လေးဥသဘ)အတွင်း သုတ်သင်ရှင်းလင်းသည် ဆိုရရုံပြုစေသည်။ အလယ်ပိုင်းလေးဥသဘကိုမူ မင်းသုံးမင်းဆောင်များဖြင့် ခမ်းနားစွာ စီမံစေလေသည်။

ထိုနောက် မင်္ဂလာ ဆင်တော်ကြီးကို တန်ဆာပလာများ အပြည့်အစုံ ဆင်ယင်စေသည်၊ မင်္ဂလာဆင်တော်ကြီး၏အပေါ်၌ ပလ္လင်တော်ကိုတင်သည်၊ ထီးဖြူ စိုက်ထူသည်။

မြို့တော်ရှိ လမ်းများကိုလည်း ရေဖျန်းစေသည်၊ တံမြက်လှည်းစေသည်၊ တံခွန်ကုက္ကားများ စိုက်ထူစေသည်၊ ငှက်ပျောပင်ရှင်များ စိုက်ထူစေသည်၊ ရေပြည့်အိုးများ၊ နံ့သာအမျိုးမျိုး အထုံအခိုးအမျိုးမျိုးတို့ဖြင့် တန်းဆာဆင်စေသည်။

လမ်းခရီးတလျှောက်ရှိ တိုင်းကြပ်မင်းငယ်များကလည်း နိုင်ငံတော်တွင်ပြုလုပ်သကဲ့သို့ ပြုလုပ်ပူဇော်ကြရန် တမန်လွှတ်ကာ အမိန့်ထုတ်ပြန်တော်မူလေသည်။

ဗိမ္ဗိသာရဘုရင်ကြီးသည် မင်းမြှောက်တန်ဆာများကို တင့်တယ်စွာဆင်ယင်တော်မူသည်၊ တူရိယာများကို တီးမှုတ်စေကာ ဗိုလ်ပါအပေါင်းခြံရံလျက် မိမိပိုင် နိုင်ငံတော်နယ်စပ်အထိ ခမ်းနားစွာ ပို့ဆောင်တော်မူလေသည်။

နယ်စပ်သို့ ရောက်တော်မူပြီးနောက် တက္ကသိုလ်ပြည်သို့ ခေါင်းဆောင်၍သွားစေမည့် တမန်ကြီးအား "ဤလက်ဆောင်များကို မောင်းမမိဿံတို့အလယ်တွင် လက်မခံဘဲ ပြာသာဒ်ပေါ်သို့ တက်ရောက်၍ လက်ခံစေချင်ပါသည်"ဟု အတွင်းစကား မှာကြားတော်မူလိုက်လေသည်။

ယင်းနောက် "သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်တိုင် ပစ္စန္တရစ်သို့ ကြွသွားတော်မူလေပြီ"ဟု သဘောထားကာ တည်ခြင်းငါးပါးတို့ဖြင့် ရှိခိုးတော်မူပြီးမှ နိုင်ငံတော်သို့ ပြန်တော်မူလေသည်။

လက်ဆောင်တော်ကို အစီအစဉ်အတိုင်း ဆောင်ယူသွားကြလေရာ ဂန္ဓာရတိုင်းနယ်စပ်သို့ ရောက်သွားလေသည်။ ပုက္ကုသာတိမင်းကလည်း မိမိပိုင် နိုင်ငံတော်နယ်စပ်မှ စ၍ ခမ်းနားစွာ ပြင်ဆင်စေကာ ကြိုဆိုတော်မူလေသည်။ တက္ကသိုလ်ပြည်သို့ ဥပုသ်နေ့တွင် ဆိုက်ရောက်လေသည်။

ပုက္ကုသာတိဘုရင်ကြီးသည် လက်ဆောင်တော်နှင့်ပါလာသူများအတွက် စီမံဖွယ်များကို စီမံတော်မူပြီးနောက် ဗိမ္ဗိသာရမင်းကြီးက မှာတော်မူလိုက်သည့်အတိုင်း လက်ဆောင်တော်ကို ကိုယ်တိုင်ယူဆောင်ကာ ပြာသာဒ်ပေါ်သို့ တက်တော်မူသည်၊ "ပြာသာဒ်ပေါ်သို့ မည်သူမျှ မတက်ရ မဝင်ရောက်ရ"ဟု အမိန့်တော်ချမှတ်ကာ တံခါးဝ၌ အစောင့်များ ချထားတော်မူခဲ့လေသည်။

ပြာသာဒ်ပေါ်သို့ရောက်လေသော် ခြသေ့ ခံသည့် လေသာနန်း ပြူတင်းကို ဖွင့်တော်မူသည်၊ လက်ဆောင်တော်ကို မြင့်ရာမှာ ထားတော်မူကာ မိမိကား နိမ့်ရာမှာ ထိုင်တော်မူသည်၊ ပြီးမှ မင်းတံဆိပ်ကိုခွါကာ အပေါ်ကမ္ဗလာမှစ၍ တဆင့်ပြီးတဆင့် ဖွင့်တော်မူလေရာ နောက်ဆုံး နံ့သာနှစ်ကြုတ်တော်ကို မြင်တော်မူရလေ၏၊ "ဒီအဆောင်အယောင်ဟာ တယ်လဲကြီးကျယ်လှပါကလား၊ လောကီ ရတနာဆိုင်ရာ အဆောင်အယောင်မျိုးဟုတ်ဟန်မတူ၊မဇ္ဈိမဒေသမှာ ကြားနာစရာကောင်းလှတဲ့ ရတနာတမျိုးမျိုး ပေါ်ထွန်းဟန်တူပေရဲ့"ဟု တွေးတောတော်မူမိလေသည်။

နံ့သာနှစ်ကြုတ်ကိုဖွင့်ကာ မင်းတံဆိပ်တော်ကို ခွါပြီးနောက် နူးညံ့လှသည့် ကမ္ဗလာကို အစွန်းနှစ်ဖက်မှကိုင်ကာ အသာကလေးဖွင့်၍ ကြည့်တော်မူလိုက်ရာ ရွှေပြားလိပ်ကြီးကို တွေ့မြင်တော်မူရလေသည်။ တဖန် ရွှေပြားလိပ်ကြီးကို ဖွင့်၍ကြည့်တော်မူလိုက်ပြန်ရာ အက္ခရာအရေးအသားများကို မြင်တော်မူရသဖြင့် "ဟာ-အက္ခရာ(စာလုံး)တွေက တယ်ကောင်းပါကလား၊ ထိပ်တွေကလဲ ညီပြီးတော့ အစီရရီနဲ့ပါကလား၊ စာကြောင်းတွေကလဲ ညီလှပါဘိ၊ လေးထောင့်စပ်စပ် မျဉ်းခတ်ထားသလို နေပါပေတယ်"ဟု အံ့ဩတော်မူမိလေသည်၊ ထို့နောက် စာများကို ဖတ်ရှုလေရာ—

"ဤကမ္ဘာလောကကြီးတွင် ဂုဏ်တော်သခင် ဘုရားရှင်ဟု ပွင့်တော်မူနေပါပြီ"ဟူသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးကိုဆိုရာ စကားရပ်ကို ဖတ်ရှုရစဉ်မှာပင် ပီတိ သောမနဿကြီး များစွာ ဖြစ်တော်မူမိလေသည်။ မွေးညှင်းများ အဖျားသို့ကော့ထောင်ပြီး လာကြလေသည်။ မိမိ တည်တံ့စွာ ရှိနေသည့်အဖြစ်ကိုပင် မသိနိုင်အောင်ဖြစ်မိလေသည်။

"အင်မတန်မှ ကြားနာရခဲလှတဲ့ ဘုရားရတနာနဲ့ဆိုင်တဲ့ အတိဒုလ္လဘ သတင်းစကားကို ငါ့အဆွေတော်ကြောင့် ကြားရပါပေတယ်"ဟု သဘောရကာ ဆထက်ထပ်ပိုး တိုးကာ တိုးကာ ပီတိသောမနဿများ ဖြစ်ပွါး၍လာသဖြင့် စာကိုပင် ဆက်လက် ဖတ်ရှုတော်မမူနိုင်တော့ဘဲ ပီတိအဟုန်ငြိမ်သွားအောင် အသာကလေးဆိုင်းငံ့ပြီး နေတော်မူရလေသည်။

ယင်းနောက် သံဃာတော်၏ဂုဏ်ကျေးဇူးများအကြောင်းကို ဆက်လက်ဖတ်ရှုတော်မူလေသည်။ ရှေးနည်းအတိုင်း ပီတိသောမနဿ အဖြစ်ကြီးဖြစ်တော်မူလေသည်။

နောက်ဆုံးအပိုင်းဖြစ်သည့် အာနာပါနဿတိ ကမ္မဋ္ဌာန်းအကြောင်းကို ဖတ်ရှုတော်မူသောအခါ ဖတ်ရှုတော်မူရင်း နှလုံးသွင်းတော်မူသဖြင့် ရူပါဝစရဈာန်များကို ပြည့်စုံစွာရတော်မူလေသည်။ ထိုအခါ ဈာန်ချမ်းသာဖြင့်သာလျှင် အချိန်ကိုကုန်လွန်စေတော်မူသည်။ မင်းကြီးထံ မည်သူမျှဝင်ထွက်ခွင့် မရကြပေ၊ အလုပ်အကျွေး လူငယ်တဦးသာ ဝင်ထွက်ခွင့်ရသည်။ ယင်းသို့လျှင် ပြာသာဒ်ပေါ်၌ပင် ၁၅-ရက်မျှ ကြာသွားလေသည်။ မြို့လူထုကြီးသည် မင်းယင်ပြင်၌ စုဝေးကြကာ—

လက်ဆောင်တော်ကို လက်ခံတော်မူတဲ့နေ့ကစပြီး ဗိုလ်ရှုခံတော်မမူတော့ပါကလားဘုရား၊ ကချေသည်များကိုလဲ ကြည့်တော်မမူ၊ တရားအဆုံးအဖြတ်ပေးတော်မူခြင်းလဲ လုံးဝ မရှိတော့ပါကလားဘုရား၊ ဗိမ္ဗိသာရမင်းမြတ်က ပေးတော်မူလိုက်တဲ့ လက်ဆောင်တော်ကို ပြလိုတော်မူတဲ့သူကို ပြစေချင်ပါသည်ဘုရား၊ မင်းဆိုတာ လက်ဆောင်နဲ့ဖြားယောင်းပြီး သူတပါးတိုင်းပြည်ကို မိမိတိုင်းပြည် ဖြစ်အောင် ပြုလုပ်တတ်ကြောင်းပါဘုရား—

ဟု ကြေးကြော်အော်ဟစ်ကာ လျှောက်တင်ကြလေ၏၊ "ဘဝ ဘဝ မင်းလုပ်ခဲ့ရသည့် အကြိမ်ပေါင်း များလှပြီ၊ ဒါကြောင့် ဗုဒ္ဓရှင်တော်ဘုရားရဲ့ အဆုံးအမတော်ကိုသာခံတော့မယ်"ဟု စဉ်းစားဆုံးဖြတ်ကာ သန်လျက်ဖြင့် ဆံတော်ကို ပယ်တော်မူလိုက်သည်၊ ယင်းဆံတော်ကို ပတ္တမြားဥသျှောင်နှင့်တကွ လေသာနန်းတံခါးမှ ပစ်ချကာ "အမောင်တို့ ငါ့ဆံတော်ကို ယူပြီး မင်းပြုကြပေရော့"ဟု မိန့်တော်မူလိုက်လေသည်။

· ပရိသတ်ကြီးလည်း ငိုကြွေးမြည်တမ်းကြလေ၏။

မင်းကြီးသည် လူယယ်အား ဈေးအတွင်းမှ ဖန်ရည်ဆိုးအဝတ်နှင့် မြေသပိတ် (မြေခွက်)များကို ဝယ်စေပြီးနောက် ရဟန်းပြုတော်မူပြီးလျှင် တောင်ဝှေးကို စွဲကိုင်ကာ ပြာသာဒ်ပေါ်မှ ဆင်းတော်မူခဲ့လေသည်။

တံခါးသုံးထပ်ရှိ ကချေသည်များသည် မင်းကြီးမှန်း မသိလိုက်ကြပေ၊ ပစ္စေကဗုဒ္ဓါတပါးဟုသာ ထင်မှတ်မိကြလေသည်။

ပြာသာဒ်ပေါ်သို့ တက်ရောက်ကြည့်ရှုရာတွင်မှ မင်းကြီးမှန်းသိကြကာ သမုဒ္ဒြာအလယ်ခေါင်တွင် သင်္ဘောမြုပ်သူများပမာ ငိုကြွေးကြလေ၏။ တဆယ့်ရှစ်သင်းနှင့်တကွ မြို့သူမြို့သားဗိုလ်ပါရဲမက်များပါမကျန် ငိုကြွေးကြလေ၏။ အမတ်များကလည်း "မဇ္ဈိမဒေသမင်းများဟာ ပရိယာယ်မာယာများစွာကြွယ်ဝကြပါတယ်ဘုရား၊လောကမှာ ဘုရားရတနာဆိုတာ တကယ်ပွင့်မပွင့်သိရအောင် တမန်စေလွှတ် စုံစမ်းတော် မူသင့်ကြောင်းပါ ဘုရား၊ ရွှေနန်းတော်သို့ ပြန်ကြွတော်မူပါဘုရား ဟု လျှောက်တင်ကြလေသည်။ ဘုရင်ကလည်း "ငါ့အဆွေတော်ဟာ ဘယ်တော့မှ ငါ့ကို စကား နှစ်ခုပြောဘူးသူ မဟုတ်ဘူး၊ သင်းတို့သာ နေရစ်ကြ"ဟု မိန့်တော်မူလေသည်။

ထိုနောက် ဘုရင်မင်းကြီးသည် တောင်ဝှေးဖြင့် မြေကို ရေးခြစ်ကာ "ဒီအရေးအကြောင်းကို ပျက်စီးအောင်ပြုသူကို မင်းအာဏာနဲ့ဆုံးဖြတ်ရမယ်၊ မည်သူမှ မကျူးကျော်ရ"ဟု မိန့်ကာ ဆက်လက်၍ ကြွတော်မူလေ၏၊ လူအများလည်း မည်သူမျှ ဖြတ်ကျော်ဝံ့သူ မရှိဘဲ၊ အရေးအခင်းကို ခေါင်းဆိုက်ကာသာ ငိုကြွေးရင်း ကျန်ရစ်ကြလေသည်။

"ငါ့ဆရာ ဘုရားရတနာဟာ အဖော်မမှီး တကိုယ်ထီး တောထွက်တော်မူသတဲ့၊ ယာဉ်စီးတော်မမူဘူးတဲ့ဟု ဖတ်ရှုရသည့်အတိုင်း အဖော်မပါဘဲ ကြွခဲ့ရုံသာမက လှည်းချင်းဘီနပ်လောက်ကလေးကိုပင် စီးတော်မမူပေ။ သစ်ရွက်ထီးလောက်ကိုမျှ ဆောင်းတော်မမူချေ။

လူအများသည် သစ်ပင်များ တံတိုင်းများစသော အမြင့်များမှ မျှော်ကြည့်ရင်း လွမ်းဆွတ်တသကာ ကျန်ရစ်ခဲ့ကြရှာလေသည်။

ယင်းနောက် ပုက္ကုသာတိအမျိုးကောင်းသားသည် ဤမျှဝေးလှသည့် ခရီးကို တယောက်ထီးသွား၍ မရောက်နိုင်ကြောင်း သိမြင်ကာ လှည်းကုန်သည် တစု၏ နောက်သို့ လိုက်ပါသွားတော်မူလေသည်။ ခြေဖဝါးတပြင်လုံး ဖူးရရှူးထကာ ကွဲပေါက်ပြီးလျှင် ဒုက္ခကြီးစွာ ခံစားရရှာလေသည်။

လှည်းကုန်သည်တို့ သစ်ခက်မိုးတဲများ ထိုးကာ နားနေခိုက်မျိုးတွင် ဘုရင်ကြီးသည် လမ်းမကြီးမှရှောင်ကာ သစ်ပင်ရင်းတခုမှသာ နေထိုင်လျက် ပင်ပန်းနွမ်းနယ်မှုများကို ဖျောက်ရန် အာနပါန စတုတ္ထစျာန်ကို ဝင်စား၍ နေတော်မူမြဲဖြစ်သည်။

နောက်တနေ့ခရီးဆက်ကြပြန်ပြီးလျှင် အချိန်တန်သဖြင့် လှည်းကုန်သည်တို့က လှူသော ဆွမ်းများ မည်မျှပင်မာမာ မည်မျှပျော့ပျော့ မည်မျှညစ်ညစ် မည်မျှပေါ့ပေါ့-လေးလေး အစာ အာဟာရဝင်ရာကို နှလုံးသွင်းကာ တရားနှင့် ဆင်ခြင်၍သာ ဘုဉ်းပေးတော်မူလေသည်။

ဤသို့လျှင် ယူဇနာပေါင်း ၁၉၂-ယူဇနာမျှ ခရီးပေါက်ကာ ဘုရားရှင် သီတင်းသုံးရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်အနီးမှ ဖြတ်သွားကြသော်လည်း ဘုရားရှင်ကို ရှိသေလှသောကြောင့်၎င်း၊ ဗိမ္ဗိသာရ၏ သဝဏ်လွှာသတင်းကြောင့်၎င်း ဘုရားရှင်ရှိရာကို မမေးမိဘဲ ရာဇဂြိုဟ်ပြည် အရောက် ၄၅-ယူဇနာမျှ ခရီးလွန်၍လာခဲ့မိလေသည်။

ရာဇဂြိုဟ်အရောက်တွင် ဘုရားရှင် ရာဇဂြိုဟ်တွင် သီတင်းသုံးတော်မူသည်ဟု ထင်မှတ်မိသည့်အပြင် ကျောင်းတိုက်တွေကလည်း များလှသောကြောင့် ထိုအခါမှာမှ ဘုရားရှင်သီတင်းသုံးရာကို မေးတော်မူမိလေသည်။ လူအများ

ကလည်း ရာဇဂြိုဟ်က မြောက်ဘက် ၄၅-ယူဇနာ အကွာ သာဝတ္ထိတွင် ဘုရားရှင် သီတင်းသုံးကြောင်း လျှောက်ကြလေ၏။

ဘုရင်ကြီးသည် ထိုနေ့အဖို့ သာဝတ္ထိသို့သွားရန် အချိန်မရတော့သဖြင့် ညှော်သည်ရသေ့ရဟန်းများ တည်းစရာနေရာကို မေးမြန်းရာ အိုးထိန်းသည် တဲကို ညွှန်ပြကြသည့်အတိုင်း ထိုတဲတွင် တည်းခိုတော် မူလေသည်။

ထိုနေ့မှာပင် မိုးသောက်ထအချိန်တွင် ဘုရားရှင်၏ဉာဏ်တော်၌ ပုက္ကုသာတိ အမျိုးကောင်းသားကို မြင်တော်မူသဖြင့် ထုံးစံအတိုင်း ဆွမ်းခံချိန် ဆွမ်းခံခြင်း ဆွမ်းဘုဉ်းပေးချိန် ဆွမ်းဘုဉ်းပေးခြင်း ပြုတော်မူပြီးနောက် နေ့မွန်းလွဲစတွင် ပုက္ကုသာတိရှိရာသို့ တပါးတည်း စတင်ထွက်ခွါကာ ခြေလျင် ကြွတော်မူခဲ့လေသည်။

တဲအနီးသို့အရောက်တွင် အထက်စီးသဘောဖြင့် အလျင်စလို ဝင်တော် မမူဘဲ၊ "ဝန်မလေးရင် တညဉ့်လောက် သည်တဲမှာ တည်းခိုလိုပါတယ်"ဟု ခွင့်ပန်တော်မူလေသည်၊ ပုက္ကုသာတိကလည်း (ဘုရားရှင်မှန်းမသိရှိဘဲ) "ငါ့ရှင်-ဒီတဲဟာ ဆိတ်လဲဆိတ်ငြိမ်ပါတယ်၊ ကျဉ်းလဲမကျဉ်းပါဘူး၊ချမ်းသာ သလို နေတော်မူပါ"ဟု ကြည်ဖြူစွာ ခွင့်ပြုလိုက်လေသည်။

ဘုရားရှင်ကလည်း လကျၤာနံတောင်း လျှောင်းစက်ရင်း တမုဟုတ် လောက်ကလေးမျှ ခရီးအပန်းဖြေတော်မမူဘဲ၊ ထိုင်တော်မူရင်းသာလျှင် စတုတ္ထစျာန် ဖလသမာပတ်ကို ဝင်စားတော်မူနေလေသည်၊ ပုက္ကုသာတိ အမျိုးကောင်းသားသည်လည်း အပန်းဖြေအိပ်စက်မှုမပြုဘဲ၊ ထိုင်လျက်သာ အာနာပါနစတုတ္ထစျာန်ကို ဝင်စားတော်မူနေလေသည်။

သန်းခေါင်အချိန်တွင် ဘုရားရှင်သည် ဖလသမာပတ်မှ ထတော်မူကာ ရွှေဆင်းတုသဖွယ် စျာန်ဝင်စားနေသည့် ပုက္ကုသာတိအား စကားစ၍ မေး တော်မူလိုက်လေသည်။

ဘုရားရှင်။ ။အို-ရဟန်းတော်၊ အရှင်ဟာ ဘယ်သူ့ကိုရည်မှန်းပြီး ရဟန်းပြုခဲ့ပါသလဲ၊ အရှင့်ဆရာက ဘယ်သူပါတဲ့လဲ၊ ဘယ်သူ့တရားကို အရှင်နှစ်သက်ပါသလဲ။

ပုက္ကုသာတိ။ ။ဗုဒ္ဓ ရှင်တော်ဘုရားကို ရည်မှန်းပြီး ရဟန်းပြုခဲ့ကြောင်း စသည်ဖြင့် အကျယ်တဝင့် ဖြေလေသည်။

ဘုရားရှင်။ ။အဲဒီ-ဘုရားရှင်ဟာ အခု-ဘယ်မှာ သီတင်း သုံးတော်မူနေပါသလဲ။

ပုက္ကုသာတိ။ ။သာဝတ္ထိပြည်မှာပါ၊

ဘုရားရှင်။ ။အရှင်ဟာ အဲဒီဘုရားရှင်ကို မြင်ဘူးပါသလား၊ မြင်ရင်ကော သိပါ့မလား။

ပုက္ကုသာတိ။ ။မမြင်ဘူးပါဘူး၊ မြင်ရင်လဲ သိမှာမှတ်ပါဘူး။

ဘုရားရှင်သည် ပုက္ကုသာတိအပန်းဖြေသည်ကို သိတော်မူကာ တရားဟောချိန်ရောက်ကြောင်း သိတော်မူသည့်အတိုင်း အို-ရဟန်း အသင့်ကို ငါတရားဟောမယ်၊ နာပေတော့၊ ကောင်းကောင်း နှလုံးသွင်းပေတော့၊ အကျယ်ဟောမယ်ဟု မိန့်လိုက်ရာ ကောင်းပါပြီငါ့ရှင်ဟု ဝမ်းသာအားရ ဝန်ခံလိုက်လေ၏။

ဘုရားရှင်သည် (ဓာတုဝိဘင်္ဂသုတ် ဒေသနာကို) အကျယ်တဝင့်ဟောတော်မူလေရာ ပုက္ကုသာတိသည် အနာဂါမ်အဖြစ်သို့ ဆိုက်ရောက်လေ၏။ တရားနာရင်း ဘုရားရှင်ဖြစ်လိမ့်မယ်ဟု သံသယဖြစ်မိရာမှ အနာဂါမိဖိုလ်သို့ ရောက်သည့်အခါ၌ကား ဘုရားရှင်မှန်း ဧကန်သိသွားလေ၏။

ထို့နောက် ရဟန်းပြုခွင့်တောင်းလေသည်၊ ဘုရားရှင်က သပိတ် သင်္ကန်း မပြည့်စုံသူကို ရဟန်းပြုမပေးကြောင်း မိန့်တော်မူသဖြင့် အာရုံတက်ချိန်တွင် သပိတ်သင်္ကန်းရှာရန် ထွက်လာခဲ့လေသည်။

ဗိမ္ဗိသာရမင်းကြီးလည်း အိုးထိန်းသည်တဲစခန်း၌ ဘုရားရှင်သီတင်းသုံးတော်မူနေကြောင်း သတင်းကြားသိရသဖြင့် လာရောက်ပူဇော်လေသည်။ ပုက္ကုသာတိမင်းကြီး၏ အနာဂါမ်ဖြစ်သည်အထိ အကြောင်းများကိုလည်း ဘုရားရှင်ထံမှ သိရလေသည်။

ဗိမ္ဗိသာရဘုရင်ကြီးသည် ပုက္ကုသာတိအမျိုးကောင်းသား သပိတ်သင်္ကန်းရှာရာဆီသို့ အလျင်အမြန်လိုက်ပါသွားလေ၏၊ ဘုရားရှင်လည်း ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူလေသည်။

လမ်းကြား-အမှိုက်ပုံများ၌ ပံ့သကူ( ပံသုကူ )သင်္ကန်းအစ်ကို ရရန်ရှာဖွေနေစဉ် စိတ်ဖောက်ပြန်နေသည့် သားသည်အမေဖြစ်သော နွားမကပြေးလာကာ ဦးချိုဖြင့်ဝှေ့လေရာ ဦးချိုပေါ်တွင် အသက်ပျောက်ကာအမှိုက်ပုံပေါ်သို့ မှောက်လျက်သား ရွှေစင်ရုပ်ကလေးပမာ ရှိနေလေတော့သည်၊ (သေပြီးနောက် အဝိဟာဘုံသို့ ရောက်ပြီးလျှင် မကြာမီရဟန္တာ ဖြစ်သွားလေသည်ဟူ၏။)

ဗိမ္ဗိသာရမင်းကြီးအား မင်းချင်းယောကျ်ားတို့က ထိုအကြောင်းကို ပြန်ပြောင်းလျှောက်ထားကြလေရာ မင်းကြီးကိုယ်တိုင် လိုက်သွားပြီးနောက်မြည်တမ်းငိုကြွေးရှာလေသည်၊ ယင်းနောက် အလောင်းကို ညောင်စောင်းငယ်ဖြင့် တင်ယူစေကာ ရေချိုးပေးခြင်း အဝတ်ဖွဲ့ဆင်ခြင်း စသည်ဖြင့်မင်းအသွင်ပြုလုပ်ပြီးနောက် တူရိယာများ တီးမှုတ်ကာ မြို့ပြင်သို့ ထုတ်ဆောင်သင်္ဂြိုဟ်လေသည်။ အရိုးဓာတ်များကိုလည်း စေတီတည်ထားလေသည်။

(၁) ဗုဒ္ဓ ဓမ္မ သံဃရတနာသည် သူ့ကို ကိုးကွယ် ဆည်းကပ်သူ၊ ကြည်ညိုမြတ်နိုးသူ၊ ရိုသေလေးစားခြင်းရှိသူ နတ်လူဗြဟ္မာတို့၏ ရတနာသာ ဖြစ်သည်။

ဗုဒ္ဓ ဓမ္မ သံဃရတနာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်သူ၊ ကြည်ညိုမြတ်နိုးသူ၊ ရိုသေလေးစားခြင်းရှိသူ နတ်လူဗြဟ္မာတို့သည် ဘုရား တရား သံဃာတော်တို့၏ ရတနာသာ ဖြစ်သည်။

(၂) ဆရာသည် တပည့်၏ ရတနာသာ ဖြစ်သည်၊ တပည့်သည် ဆရာ၏ ရတနာသာ ဖြစ်သည်။

(၃) မိဘ ဘိုးဘွားသည် သားသမီးမြေးမြစ်တို့၏ ရတနာသာဖြစ်သည်။
သားသမီးမြေးမြစ်တို့သည် မိဘဘိုးဘွား၏ ရတနာသာဖြစ်သည်။

(၄) ဘယ်တိုင်းပြည်မှာမဆို ပြည်သူသည် မင်း၏ ရတနာသာဖြစ်၍ မင်းသည် ပြည်သူလူထု၏ ရတနာသာ ဖြစ်သည်။

အပြန်အလှန် အကြောင်းဆက်၍ အကျိုးပြုသော အညမည ပစ္စယရတနာများ ဖြစ်သည်၊ ဖော်ပြပါရတနာများသည် အညမည ပစ္စယရတနာများ ဖြစ်ကြပေသည်၊ မကင်းမကွာစကောင်းသော ရတနာတို့ကို မကင်းမကွာစေရာ၊မကင်းမကွာအောင် ပူဇော်နေကြသူမှာ အလိုဆန္ဒရှိသော ရတနာပေါ် ပေါက်လာမည်မှာ သံသယ ရှိဖွယ်ရာမလိုကြောင်း ညွှန်ပြလိုက်ရပေသတည်း။

# ရတနတ္တယနှင့် မိဘဆရာ ကန်တော့ခန်း ဆုတောင်း

ဩကာသ ဩကာသ ဩကာသ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ တည်းဟူကုန်သော သုံးပါးကုန်သော ဒွါရတို့ဖြင့် ဘုရားရတနာ,တရားရတနာ, သံဃာရတနာ ရတနာမြတ်သုံးပါး မိဘ ဘိုးဘွား ဆရာသမားတို့အား ညွှတ်တွားရိုကျိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏၊ ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်စေတနာတို့ကြောင့် အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေး ဘေးကြီးလေးပါးတို့မှ ဘဝဆက်ကာ ပစ္စုပ္ပန် သံသရာ၌ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ လူနတ်ချမ်းသာ မဟာသမ္ပတ္တိ ဝိမောက္ခ စျာန် မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

ဒုစရိုက်ကျူးလွန်သူတိုင်း တွေ့ရမည့်ဘေးကြီးလေးပါး

အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေး ဟူ၍ ဘေးကြီးလေးပါးရှိသည်။

(၁) အတ္တာနုဝါဒဘေးဟူသည် မိမိကိုယ်ကို မိမိပင် ပြန်၍ စွပ်စွဲသောဘေး၊ မကောင်းမှုပြုမိသူတို့မှာ ငါသည် မကောင်းမှုကို ပြုမိသူပေတည်းဟု ထိုပြုမိသော မကောင်းမှုကို မကြာခဏ သတိရပြီး စိတ်မချမ်းသာဘဲ ဖြစ်နေရသော ဘေးကို ခေါ်သည်။

(၂) ပရာနုဝါဒဘေးဟူသည် သူတပါးတို့က စွပ်စွဲပြစ်တင်သော ဘေးတည်း၊ ဤသူ လူဆိုး လူမိုက်ပေါ့၊ လူကောင်းမဟုတ်ဟု သူတော်ကောင်းများ၏အပြစ်တင်ခြင်းကို ခံယူရသည့်ဘေးတည်း။

(၃) ဒုက္ခဘေးဟူသည် မင်းပြစ်မင်းဒဏ်ခံရသောဘေးတည်း၊ အကျဉ်းခံရခြင်း၊ အနှိပ်စက်ခံရခြင်း အမျိုးမျိုး အညှဉ်းပန်း အနှိပ်စက်ခံနေရသည့် ဘေးမျိုးတည်း။

(၄) ဒုဂ္ဂတိဘေးဟူသည် အပါယ်လေးပါး ကျရောက်ရသည့် ဘေးတည်း၊ ငရဲသို့ ကျရခြင်း၊ တိရစ္ဆာန်ဖြစ်ရခြင်း၊ ပြိတ္တာဖြစ်ရခြင်း၊ အသူရကာယ် ဖြစ်ရခြင်း (ပေတာသူရာကို ဆိုသည်)။

ဤဘေးကြီးလေးပါး ကင်းဝေးသော လူ့ဘဝသည် ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဒဏ်ဆယ်ပါး, အန္တရာယ်ဆယ်ပါး, ဥပဒ္ဒဝေါတဆယ့်ခြောက်ပါး, ဘေးနှစ်ဆယ့်ငါးပါး, ကံကြမ္မာသုံးဆယ့်နှစ်ပါး, အနာရောဂါ ကိုးဆယ့်ခြောက်ပါးတို့မှ ကင်းဝေးကြရတော့မည်သာ၊ သို့ဖြစ်ပါ၍ ဘေးကြီးလေးပါးကိုသာ အဓိကထား၍ ပုဒ်ရေများများ မကျက်မှတ်နိုင်သော ဗုဒ္ဓဘာသာ အမျိုးကောင်းသားသမီးများအတွက် လိုရင်းအချုပ်ကန်တော့ဆုတောင်းပုံကို ရေးသားလိုက်ရပေသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃-ခေါက်ဆိုပါ။)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ .... .... .... ....

တတိယမ္ပိ .... .... .... ....

(မြန်မာ) အရဟတော၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံယူသိမ်းပိုက် ထိုက်တော်မူသော။ ဘဂဝတော၊ ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ တဿ သမ္မာသမ္ဗုဒ္ဓဿ၊ သခ်တအသခ်တဖြစ်သော တရားအပေါင်းတို့ကို မဖောက်မပြန် အလိုလိုသာလျှင်သိမြင်တော်မူသော ထိုမြတ်စွာဘုရားအား။ အဟံ၊ အကျွန်ုပ်သည်။ နမော နမာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားတို့ကို ကိုယ်တော်တိုင်လည်း သိတော်မူတတ်, သူတပါးတို့ကိုလည်း သိစေတော်မူတတ်ခြင်း အကြောင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ သရဏံ=သရဏံ ဣတိ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ဘုရား။

မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဘုရား။

နိဗ္ဗာန်အားလျော်သော ကောင်းမြတ်သော ချီးမွမ်းအပ်သော ဖြောင့်မတ်တည်ကြည်သော ဝိပဿနာဉာဏ်ဆယ်ပါး အကျင့်ရှိသော စတုပါရိသုဒ္ဓိ သီလဂုဏ်နှင့် ပြည့်စုံသော မြတ်သောအလှူကို ခံယူခြင်းငှါ ထိုက်သော သံဃာတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏ဘုရား။

အာမဘန္တေပါ အရှင်ဘုရား။

(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ပါဏာတိပါတာ၊သူ၏အသက်ကို သတ်ခြင်းမှ။ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော် အကျင့်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ကျင့်သုံးဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါး၏ ပစ္စည်းကို ခိုးယူခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော် အကျင့်မြတ်ကို။သမာဒိယာမိ၊ ကောင်းစွာကျင့်သုံး ဆောက်တည်ပါ၏။

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ကာမေသုမိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ မှားသောအကျင့်ကို ကျင့်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော် အကျင့်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ကျင့်သုံးဆောက်တည်ပါ၏။

(၄) မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ၊ လိမ်လည်ဝါကြွား မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်အကျင့်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ကျင့်သုံးဆောက်တည်ပါ၏။

(၅) သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ သူရာငါးပါး မေရယငါးပါးတို့ကို သောက်စားမူးယစ်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော် အကျင့်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ကျင့်သုံးဆောက်တည်ပါ၏။

အာမဘန္တေပါ အရှင်ဘုရား။

ငါးပါးသီလ ဆောက်တည်ခြင်းကိစ္စ ပြီးပြီ။

(မှာထားချက်) မိမိခန္ဓာအိမ်၌ နှံ့သာငါးပါးနှင့်တမူ တူသော ငါးပါးသီလ ဆောက်တည်ပြီးပါက "လောကသုံးပါးတွင် အတုမရှိ အမြင့်မြတ်ဆုံးဖြစ်သော ဗုဒ္ဓရှင်တော်မြတ်ဘုရားကိုရင်း၊ တရားတော်မြတ်ကိုရင်း၊ သံဃာတော်မြတ်ကိုရင်း မတုန်လှုပ်သော ကြည်ညိုခြင်း ရှိသေခြင်း စိတ်ထားဖြင့် မြင့်မြင့်မြတ်မြတ် မတုန်မလှုပ် ကြည်ညိုရမည်။ မတုန်မလှုပ်ရှိသေခြင်းနှင့်တကွ ရှိခိုးရမည်၊ သို့မှသာ လောကပါလ (လောကစောင့်) နတ်မင်းကြီး နှစ်ဆယ့်လေးပါးတို့နှင့် စာရိတ္တအကျင့်ဂုဏ်ချင်း တူကြပေမည်၊ အကျင့်ဂုဏ်ချင်းတူကြမှလည်း ရန်သူမျိုးငါးပါး ဒဏ်ဆယ်ပါး အန္တရာယ်ဆယ်ပါး ဥပဒ္ဒဝ ဘေးကြီးတဆယ့်ခြောက်ပါး စသော ရန်ဘေးအပေါင်း ကင်းဝေးရလေအောင် အစောင့် အရှောက်ကို ပေးလိမ့်မည်၊ မေတ္တာပွါး၍ သည်းခံစိတ်ထားကာ "ဗုဒ္ဓ ဓမ္မ သံဃာ ဆရာ မိဘကို ကြည်ညိုရမည်၊ ရှိခိုးပူဇော်ရမည်"ဟု ဆိုလိုပါသည်၊ အကယ်၍ ရှစ်ပါးသီလ ထိန်းလိုပါက ရှစ်ပါးသီလထိန်းပါ၊ ထို့ထက်ပို၍ ထိန်းသိမ်းနိုင်စွမ်းရှိပါက ဆယ်ပါးသီလကို ထိန်းသိမ်းဆောက်တည်ပါ၊ မိမိတို့ ကျင့်သုံး

ဆောက်တည်ကြသော သီလစွမ်းအား အားလျော်စွာ အကျိုးပေးပါလိမ့်မည်၊ လူ့ဘဝနှင့် ဆယ်ပါးသီလ ဆောက်တည်နိုင်စွမ်း ရှိခဲ့ပါသော် ဆောက်တည်ပါ၊ အကျိုးပေးပိုနိုင်ပါသည်။ ငါးပါးသီလ၌ ကာမေသုမိစ္ဆာ-စာရ သိက္ခာပုဒ်နေရာ၌ အဗြဟ္မစရိယာသိက္ခာပုဒ်ကို ထိန်းလျှင် ကေသေ-ယျ ဗြဟ္မစရိယက သီလဖြစ်၍ ရိုးရိုးငါးပါးထက် ပို၍မြတ်၏။ (စစ်ချီစစ်တက် ရဲဘော်ရဲမေများ ဤကေသေယျ ဗြဟ္မစရိယကသီလကို ကျင့်သုံးဆောက်တည်သင့်၏)။

## ဘုရားခုနစ်ဆူကို ပူဇော်ရှိခိုးဆုတောင်းရန်

(သုတ်ပါထေယျပါဠိတော်၌ လာသည်)

(က) ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

(ခ) ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။

(၁) ငါးပါးသော စက္ခုနှင့် ပြည့်စုံတော်မူသော လက္ခဏာတော်ကြီးငယ် ရောင်ခြည်ကြက်သွယ်ဟု ဆိုအပ်သော အသရေတော်အပေါင်းနှင့် ပြည့်စုံတော်မူသော "ဝိပဿီ" အမည်ရှိသော မြတ်စွာဘုရားအား (တပည့်တော်၏) အသရေပွါးလူး ဦးခေါင်းဦးဖြင့် ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

(၂) ခပ်သိမ်းသောသတ္တဝါတို့ကို အစဉ်သနားခြင်း မဟာကရုဏာနှင့် ပြည့်စုံတော်မူသော "သိခီ" အမည်ရှိသော မြတ်စွာဘုရားအားလည်း (တပည့်တော်၏) အသရေပွါးလူး ဦးခေါင်းဦးဖြင့် ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

(၃) အရိယမဂ်လေးပါးတို့ဖြင့် ဆေးလျှော်အပ်ပြီးသော အညစ်အကြေး မကောင်းမှု ဒုစရိုက်ရှိတော်မူသော ကိလေသာတို့ကို

ညှဉ်းဆဲ ဖျက်ဆီးတော်မူတတ်သော "ဝေဿဘူ" အမည်တော်ရှိသော မြတ်စွာဘုရားအား (တပည့်တော်၏) အသရေပွါးလူးဦးခေါင်းဦးဖြင့် ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

(၄) မာရ်ငါးပါးတို့ကို နှိပ်စက်ဖျက်ဆီးတော်မူတတ်သော"ကကုသန်" အမည်တော်ရှိသော မြတ်စွာဘုရားအား (တပည့်တော်၏)အသရေပွါးလူး ဦးခေါင်းဦးဖြင့် ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

(ဂ) ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

(၅) အပပြုအပ်ပြီးသော မကောင်းမှု ရှိတော်မူသော သုံးပြီးသော အရိယာမဂ်လေးပါးတည်းဟူသော မြတ်သော သီတင်းရှိတော်မူသော၃ "ကောဏာဂုံ" အမည်တော်ရှိသော မြတ်စွာဘုရားအား (တပည့်တော်၏) အသရေပွါးလူး ဦးခေါင်းဦးဖြင့် ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

(၆) ခပ်သိမ်းသောအခြင်းအရာအားဖြင့် ခပ်သိမ်းသော တထောင့်ငါးရာ ကိလေသာတို့မှ လွတ်တော်မူပြီးသော "ကဿပ" အမည်ရှိတော်မူသော မြတ်စွာဘုရားအား (တပည့်တော်၏) အသရေပွါးလူး ဦးခေါင်းဦးဖြင့် ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

## ဂေါတမဘုရားရှင်အား ရှိခိုးရန်

(ဃ) အင်္ဂီရသဿ နမတ္ထု၊ သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာပနူဒနံ။

(၇) ကိုယ်အင်္ဂါကြီးငယ်တို့မှ ပြိုးပြိုးပြက်ပြက် ထွက်သောအရောင်ရှိတော်မူသော သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး,ရှစ်ဆယ်သော လက္ခဏာတော်ငယ် ရောင်ခြောက်သွယ်တည်း ဟူသော အသရေအပေါင်းနှင့် ပြည့်စုံတော်မူသော ထိုသာကီဝင် မင်းသား

"ဂေါတမ"မြတ်စွာဘုရားအား (တပည့်တော်၏)အသရေပွါးလူး ဦးခေါင်းဦးဖြင့် ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

အကြင် "ဂေါတမ" မြတ်စွာဘုရားသည် ခပ်သိမ်းသော ဝဋ္ဋဆင်းရဲ ဒုက္ခကို ဖျောက်တတ်သော ဤပိဋကတ်သုံးပုံ တည်းဟူသော တရားတော်ကို ဟောတော်မူပြီ။

(င) ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာထ၊ မဟန္တာ ဝီတသာရဒါ။

လောကဌ် အကြင် ခုနစ်ဆူကုန်သော မြတ်စွာဘုရားတို့သည် ငြိမ်းငြိမ်းသော ဝဋ္ဋဒုက္ခရှိတော်မူကုန်ပြီ။ မဖောက်မပြန် သစ္စာလေးပါးတရားတို့ကို မြင်တော်မူကုန်ပြီ၊ ထိုခုနစ်ဆူကုန်သော မြတ်စွာဘုရားတို့သည် မဟုတ်သည်ကို ဟုတ်သောအားဖြင့် လိမ်လည်ဝါကြွား မုသားဆိုတော်မမူကုန်။ လူကဲ့သို့ ကြမ်းတမ်းသော အတွေ့ရှိသော "ဖရုသဝါစာ"ကို ဆိုတော်မမူကုန်၊ စီးပွါးချမ်းသာကို ဖျက်ဆီးတတ်သော ပြိန်ဖျင်းသော "သမ္ဖပ္ပလာပဝါစာ" စကားကို ဆိုတော်မမူကုန်။ သူနှစ်ယောက်တို့၏ အချစ်ကို မုန့်မုန့်ညက်ညက် ဖျက်ဆီးတတ်သော"ပိသုဏာဝါစာ"စကားကို ဆိုတော်မမူကုန်။ ထိုမှတပါး ကြီးမားမြင့်မြတ်သော ဂုဏ်ကျေးဇူး ရှိတော်မူကုန်၏၊ ကင်းပြီးသော ကြောက်ခြင်း, ထိတ်လန့်ခြင်း, ရွံ့ရှာခြင်း ရှိတော်မူကုန်၏။

(စ) ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

အကြင်"ဂေါတမ" မြတ်စွာဘုရားသည် နတ်လူတို့၏ အစီးအပွါးကို ဆောင်တော်မူတတ်၏။ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူ၏။ ကြီးမြတ်သောဂုဏ်ကျေးဇူး ရှိတော်မူ၏။ ကြောက်ခြင်း ထိတ်လန့်ခြင်း, ရွံ့ရှာခြင်း ကင်းတော်မူ၏ ထို"ဂေါတမ"မြတ်စွာဘုရားကို နတ်လူတို့သည် ရှိခိုးကုန်၏။

ဤဂါထာများကို ဒီဃနိကာယ-ပါထိကဝဂ္ဂ ပါဠိတော် အာဋာနာဋိယ သုတ် ၁၅၉-မှ တင်ပြသည်။

(ဆ) တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေတံ လောကနာယကံ။
တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။

ထိုစကားသည်သာလျှင် မှန်တိုင်းဆိုသော စကားပေတည်း၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော ထိုမြတ်စွာဘုရားကို (ထိုဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန်, ကောဏာဂုံ,ကဿပ, ဂေါတမ မြတ်စွာဘုရားကို)

## ဘုရားခုနစ်ဆူတို့၏ ဂုဏ်ကျေးဇူးအထူးကို ဦးနှိမ်ရိုကျိုး ရှိခိုးကြရန်

၁။ ငါးဖြာမျက်စိ အမြင်ရှိတော်မူ၍ ဘုန်းကျက်သရေနှင့် တင့်တယ်တော်မူပေသော ဝိပဿီဟု ဘွဲ့ချီပညတ် ဘုရားရှင်ကိုယ်တော်မြတ်အား အကျွန်ုပ်၏ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။ လုံးစုံများစွာ သတ္တဝါတို့ အပေါ်၌ ကြင်နာတော်မူသော သိခီမည်တွင် ဘုရားရှင်အားလည်း အကျွန်ုပ်၏ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

၂။ ကိလေသာညစ်ကြေးကို မဂ်ဖြင့် ဆေးတော်မူ၍ ကိလေသာရန်ကို ပူပန်စေတတ် ဖျက်ဆီးတော်မူအပ်ပြီးသော ဝေဿဘူမည်တွင် ဘုရားရှင်အားလည်း အကျွန်ုပ်၏ ရိုသေမြတ်နိုး ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ မာရ်စစ်ရန်ကို မခးလှုံမဖက် တွန်းလှန်ဖြိုဖျက်တော်မူသော ကကုသန်မည်တွင် ဘုရားရှင်အားလည်း အကျွန်ုပ်၏ ရိုသေမြတ်နိုး ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

၃။ မဂ်ရေယဉ်ကြော၌ မျှောချအပ်ပြီးသော မကောင်းမှုရှိသော ငါးဖြာဝသီ ပြည့်ညီစုံလတ် ကောဏာဂုံဘုရားရှင်မြတ်အားလည်း အကျွန်ုပ်၏ ရိုသေမြတ်နိုး ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း၊ လုံးစုံများစွာ ကိလေသာတို့မှ လွတ်လွတ်ရှင်းရှင်း ကင်းတော်မူပြီးသော ကဿပမည်တွင် ဘုရားရှင်အားလည်း အကျွန်ုပ်၏ ရိုသေမြတ်နိုး ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

၄။ အကြင်ဂေါတမဟု လောကထွတ်တင် ဘုရားရှင်သည် ဆင်းရဲခပ်သိမ်း ကင်းငြိမ်းလွှင့်ပျောက် မကပ်ရောက်အောင် ပယ်ဖျောက်တော်မူသော မဂ်ဖိုလ်ရှစ်တန် နိဗ္ဗာန်ပရိယတ် ဤဆယ်ပါးသော တရားတော်မြတ်ကို မေတ္တာရှေ့သွား ကရုဏာထား၍ ဟောကြားတော်မူလေပြီ၊ ကိုယ်တော်အစိတ်မှ တဖိတ်ဖိတ်လက် ပြိုးပြိုးပြက်မျှ ထွက်သောရောင်လျှံ ရှိတော်မူ၍ ရွှေရည်သွန်းသကဲ့သို့ ရွှန်းရွှန်းလက်လက် တခဲနက် ကျက်သရေ ရှိတော်မူသော လောကသေဌ်နင်း မင်းတို့ထွတ်ဖျား သာကီဝင်မင်းသားလည်း ဖြစ်တော်မူသော ဂေါတမဟု လောကထွတ်တင် ထိုဘုရားရှင်အားလည်း အကျွန်ုပ်၏ ရိုသေမြတ်နိုး ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

၅။ လောက၌ ကိလေသာမီး ငြိမ်းအေးတော်မူကြပြီးသော ဝိပဿီအစ ဂေါတမအဆုံး ရှေ့ဘုန်းတော်သခင် အကြင်ခုနစ်ဆူသော ဘုရားရှင်တို့သည်လည်း မဖောက်မပြန် ဟုတ်မှန်စွာ ဉာဏ်မှာထင်ထင် တရားအစဉ်ကို သိမြင်တော်မူကြကုန်၏၊ ဘုန်းတော်သခင် ထိုခုနစ်ဆူသော ဘုရားရှင်တို့သည် မုသားပြိန်ဖျင်း ကြမ်းတမ်းခြင်းနှင့် ချစ်ခြင်းပျက်သဉ်း ရန်လိုမုန်း၍ ကုန်းတိုက်ခြင်းမှ ကင်းတော်မူကြပါပေကုန်၏၊ ထိုမှတပုံ ဇာတ်နှင့် ဘုန်းဂုဏ် ကြီးမြတ်တော်မူပါပေကုန်၏၊ ရွံ့ရှာခြင်းကင်း ခြင်္သေ့မင်းသို့ ရဲတင်းတော်မူကြပါပေကုန်၏။

၆။ အဝိဇ္ဇာသုံးပါး ဆယ့်ငါးအကျင့် ဂုဏ်တို့နှင့်လည်း သင့်တင့်ကုံလုံ ပြည့်စုံတော်မူသော ဘုန်းတော်ဂုဏ်တော် အနန္တယ်တော်ဇောတ် ကြီးမားမြင့်မြက်တော်မူသော ရွံ့ရှာခြင်းကင်း ခြင်္သေ့မင်းသို့ ရဲတင်းတော်မူသော ဗြဟ္မာနတ်လူ ခပ်သိမ်းသူတို့၏ ချမ်းသာစီးပွါး ကြီးမားမှုကို ပြုကျင့်တော်မူသော ဂေါတမဟု လောကထွတ်တင် ဘုရားရှင်ကို ဗြဟ္မာနတ်လူ ခပ်သိမ်းသူတို့သည် ကြည်ဖြူမြတ်နိုး ရှိခိုးကြကုန်၏။

၇။ ဝိပဿီအစ ဂေါတမအဆုံး ရှေ့ဘုန်းတော်သခင် ဤခုနစ်ဆူသော ဘုရားရှင်တို့သည်ငှင်း၊ ထိုမှတပါး များပြားစွာလ ကုဋေအရာမက

ပွင့်တော်မူကြကုန်သော ဂင်္ဂါသဲတူ အဆူဆူသော ဘုရားရှင်တို့သည်၎င်း၊ ခပ်သိမ်းကုန်သော ထင်ရှားပွင့်ပေါ် ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည် ဗြဟ္မာနတ်လူ အဘယ်သူနှင့် တူသည်မရှိ မိမိတို့ဘုရားချင်းသာ တူတော်မူကြပါကုန်၏၊ ထင်ရှားပွင့်ပေါ်အလုံးစုံသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည် စိတ်အလိုခိုင်း တောင့်တတိုင်းလျှင် မဆိုင်းပြည့်စုံ တန်ခိုးကြီးမားတော်မူကြပါပေကုန်၏။

၈။ ခပ်သိမ်းသော ဘုရားရှင်တို့သည် ကိုယ်အား ဉာဏ်အား စွမ်းပကားဟု ဆယ်ပါးသော အစွမ်းဂုဏ်တို့နှင့် လွှမ်းခြုံကာ ပြည့်စုံတော်မူကြပေကုန်၏၊ ကြောက်ရွံ့ကင်းရှင်း ခြင်္သေ့မင်းသို့ ရဲတင်းထက်သန် လေးပါးသော ဝေသာရဇ္ဇဉာဏ်တို့နှင့် ပြည့်စုံတော်မူပေကုန်၏၊ ခပ်သိမ်းသော ထို ဘုရားရှင်တို့သည် ယောကျ်ားမြတ်တို့၏ မနှိုင်းယှဉ်အပ် မွန်မြတ်လှစွာ ဘုရားတို့သာ ရရာအမှန်သဗ္ဗညုတဉာဏ်ကို ကောန်အတိ ရရှိ၏ဟု ကတိမှန်မှန် 'ဝန်ခံကြကုန်၏။

၉။ ခပ်သိမ်းကုန်သော ဘုရားရှင်တို့သည် လေးပါးရှစ်ပါး များပြားထူထပ် ပရိသတ်တို့၌ ကြောက်ရွံ့ကင်းရှင်း ခြင်္သေ့မင်းသို့ ရဲတင်းတော်မူကြကုန်သည်ဖြစ်၍ ရဲရင့်သောစကားကို နာသူအများ နှလုံးပွါးအောင် မိန့်ကြားတော်မူကြကုန်၏။ စကြဝဠာကမ္ဘာလောကဓာတ် အရပ်ရပ်၌ သူတပါးတို့၏ စွမ်းအားဉာဏ်ရည် မလည်စေနိုင်သော သစ္စာလေးချက် ဓမ္မစက်ခေါ် မြတ်သောတရားတော်ကို လည်လည် ဝန်းပတ် ဟောကြားတော်မူအပ်ကုန်၏။

၁၀။ လောကသုံးဦးတို့၏ ကြီးမှူးရှေ့သွား ရှင်တော်မြတ်ဘုရားတို့သည် တဆယ့်ရှစ်ပါးကုန်သော သီးခြားကျေးဇူး ဘုရားဂုဏ်တော်အထူးတို့နှင့် ရှေးဦးမဆွ ကနဦး သခ်ျောသချ်ာက ဖြည့်ကျင့်လာသော ပါရမီဂုဏ်ထူးတို့ကြောင့် ပြည့်စုံတော်မူကြပေကုန်၏။ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ အမှတ်သညာ လက္ခဏာတော်ကြီးတို့နှင့်လည်း ပြည့်စုံတော် မူကြပေကုန်၏။ ရှု၍မငြီး

လက်ဖျစ်တီးမျှ ချီးအံ့မောဘွယ် ရှစ်ဆယ်သော လက္ခဏာငယ်တို့လည်း ရှိတော်မူကြပေကုန်၏။

၁၁။ အလုံးစုံသောဘုရားတို့သည် လှည့်လည်ဝန်းရံ မြူးကွန့်ပျံ့သည့် တလံမျှလောက်သော ရောင်ခြည်တော်တို့ဖြင့် နေ့ညဉ့်မဆိတ် တဖိတ်ဖိတ်လျှင် ရိပ်ရိပ်ဝန်းလှည့် ရွှန်းရွှန်းအိမျှ ကြည့်ရှုမောဘွယ် လွန်သပ္ပါယ်၍ တင့်တယ်ထွန်းလင်းတော်မူကြပါပေကုန်၏။ မုနိငါးပါး ရဟန်းများထက် ထူးခြားမြင့်မြတ်တော်မူကြပါပေကုန်၏။ အလုံးစုံသော ထိုဘုရားရှင်တို့သည် ဉေယျမံငါး မှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူကြပါပေကုန်၏။ အာသဝေါလေးအင် ကင်းစင်တော်မူကြပါပေကုန်၏။ မာရ်ငါးပါးကို ထွားထွားညက်ကြေ အောင်မြင်တော်မူကြပါပေကုန်၏။

၁၂။ ကိုယ်ရောင် ဉာဏ်ရောင် ဝင်းဝင်းပြောင်ဖြင့် မြတ်သောအရောင်ရှိတော်မူကြပါပေကုန်၏။ ဈာန်ပံ့ မြေလျှိုး အမျိုးမျိုးသော တန်ခိုးနှုတော် ကြီးမားတော်မူကြပါပေကုန်၏၊ မြေထု-ရေထု-လေထုအနှယ် ကြီးကျယ်နှံ့ဘိ သဗ္ဗညုတဉာဏ်လဲ ရှိတော်မူကြပါပေကုန်၏၊ ကိုယ်အား ဉာဏ်အား စွမ်းပကားလဲ ကြီးမားတော်မူကြပါပေကုန်၏။ သတ္တဝါတို့အား ရင်ဝယ်သားကဲ့သို့ သနားခြင်းကရုဏာလဲ ရှိတော်မူကြပါပေကုန်၏။ မြင်းမိုရ်မဏ္ဍိုင် မယိမ်းယိုင်သို့ ကြံ့ခိုင်သော သမာဓိလဲ ရှိတော်မူကြပါပေကုန်၏။ နတ် လူ ဗြဟ္မာ သတ္တဝါအများတို့၏ စီးပွါးချမ်းသာကိုလည်း ဆောင်တော်မူကြပါပေကုန်၏။

၁၃။ နတ်လူဗြဟ္မာ သတ္တဝါတို့၏ ကိုင်းကျွန်းသဖွယ် မှီတွယ်ရာလည်း ဖြစ်တော်မူကြပါပေကုန်၏။ အမြတ်တနိုး ကိုးကွယ်ရာလည်း ဖြစ်တော်မူကြပါပေကုန်၏။ အားထားမှီရာ ထောက်တည်ရာလည်း ဖြစ်တော်မူကြပါပေကုန်၏၊ ရန်ဘေးမနှောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူကြပါပေကုန်၏၊ ကိုးကွယ်လည်း လျှောင်း ပုန်းအောင်းရာလည်း ဖြစ်တော်မူကြပါပေကုန်၏၊ အစဉ်

အမြဲ မှိဝဲဆည်းကပ်ရာလည်း ဖြစ်တော်မူကြပါပေကုန်၏၊ အကျိုးပြည့်နှန်း အဆွေခင်ပွန်းလည်း ဖြစ်တော်မူကြပါပေကုန်၏။ နေ့ညအစုံ ကျေးဇူးဂုဏ်ကို အာရုံပြုရာလည်း ဖြစ်တော်မူကြပါပေကုန်၏။ သတ္တဝါအများ အကျိုးစီးပွါးကိုလည်း ကြီးထွားအောင် ရှာမှီးတော်မူကြပါပေကုန်၏။

၁၄။ အလုံးစုံသော ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည် နတ်နှင့်တကွသော လူအပေါင်းတို့၏ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာ ဖြစ်တော်မူကြပါပေကုန်၏။ ဇာနည်ဥက္ကဋ္ဌ ယောကျ်ားမြတ်ဖြစ်တော်မူကြကုန်သော ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ တရာ့ရှစ်ကွက် ပြိုးပြိုးပြက်သော ခြေစက်တော်အစုံ ကြာပဒုံတို့ကို အကျွန်ုပ်သည် ရိုသေကြည်နူး ထိပ်ထက်ဦးဖြင့် ရှင်မြူးသဒ္ဓါ ရှိခိုးပါ၏။

၁၅။ ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ကို ကျွန်ုပ်သည် အိပ်သော့အခါ ထိုင်သောအခါ ရပ်သောအခါ သွားသောအခါ ဣရိယာလေးရပ် မလစ်လပ်ဘဲ မပြတ်မှန်စွာ အခါမလင့် ဝစီဒွါရဖြင့်၎င်း မနောဒွါရဖြင့်၎င်း ဥတ္တမင် မည်ရဆန်းထူး ဦးခေါင်းဦးဖြင့် ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏။

အကျွန်ုပ်သည် ရိုသေမြတ်နိုး ရှိခိုးပါ၏၊ ထိုမှန်တိုင်းဆိုသော သစ္စာစကားကြောင့်၎င်း အကျွန်ုပ်အား အောင်အပ်သော မင်္ဂလာ အောင်ခြင်းမင်္ဂလာသည် အလိုဆန္ဒအတိုင်း အောင်မြင် ပြီးစီးသည် ဖြစ်ပါစေသတည်း။

(နှစ်သက်မြတ်နိုးသော သဒ္ဓါရှေ့ထား၍ သမ္မာသမ္ဗုဒ္ဓဘုရားခုနစ်ဆူကို ရှိခိုးရန် ဂါထာတော်များကို ပုတီးစိပ်နိုင်ပါသည်။)

၁။ နမော တေ ဗုဒ္ဓ ဝီရတ္ထု ၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

(မြန်မာ)ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားအား ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း (မြတ်စွာဘုရား၊ ရှင်တော်

မြတ်ဘုရားသည် တဏှာတည်းဟူသော တောင့်တခြင်းမှ စင်ကြယ်လွတ်ကင်း သန့်ရှင်းတော်မူပြီ၊ မြတ်စွာဘုရား အကျွန်ုပ်သည် ကျဉ်းမြောင်းခြင်းသို့ ရောက်နေပါပြီ၊ ရှင်တော်မြတ်ဘုရား၊ ရှင်တော်ဘုရားသည် ထိုအကျွန်ုပ်၏ ကိုးကွယ်လည်းလျောင်း ပုန်းအောင်း မှီခိုရာသည် ဖြစ်တော်မူပါလော့)။

ဤအမှတ် (၁) ဘုရားရှိခိုးဂါထာကို နေ့စဉ် မိမိ၏သက်စေ့ စိပ်ပါ၊ ယခု ဘဝမှစ၍ ဘဝတိုင်း ဘဝတိုင်း ခေါင်းဆောင်ကောင်း ဖြစ်မည်၊ ငြိုဟ်စီး ငြိုဟ်နင်း ရှိနေသော် လွတ်မည်၊ ပဋိသန္ဓေနှင့် စုတိအကြား၌ ဖြစ်ပေါ် တတ်သော အန္တရာယ်ဆယ်ပါးမှ လွတ်မြောက်မည်၊ ပါရမီ ရင့်သန်ပါက အမြင်အကြားရမည် (တဏှာရာဂ လျော့နည်းကင်းဝေးမည်၊အနှောင်အဖွဲ့ လွတ်မည်၊ ထာဝရအားကိုးရမည့် အမှီကောင်း ရရှိနေမည်)

## ၂ ။ နမော တေ သဗ္ဗဒဿာဝီ။

ခပ်သိမ်းသော ဝေနေယျတို့၏ စိတ်အကြံကို သိမြင်တော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်သည် အရှင်မြတ်အား ညွှတ်တွားရိုကျိုး ရှိခိုးကန်တော့ပါ၏ အရှင်မြတ်ဘုရား။

(မှတ်ချက်) ကျန်သုံးပါဒမှာ အမှတ်(၁) မြန်မာပြန်အတိုင်း ဖြစ်ပါသည်။ ဤအမှတ်(၂)ဘုရား ရှိခိုး ဂါထာကို နေ့စဉ် မိမိသက်စေ့ ပုတီးစိပ်ပါက လောကီပညာဉာဏ် ရင့်သန်၍ အမြင်မှန်ကို အရမြန်မည်၊ တထွာပြ တတောင်မြင်မည်၊ အဖြေမြင်လျှင် အတင်သိမည်၊ အမေးရှိလျှင် အဖြေသိမည်၊ ပညာသင်ဆဲ ကျောင်းသူကျောင်းသားများအတွက် အထောက်အကူ ရနိုင်မည်။ တရားအားထုတ်သော် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို အမြန်ရမည်။

## ၃။ နမော တေ ကရုဏာ ကရ။

မဟာကရုဏာ၏ တည်ရာ ဖြစ်တော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်သည် အရှင်မြတ်အား ညွှတ်တွားရိုကျိုး ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဤအမှတ် (၃)ဘုရားရှိခိုးဂါထာကို မိမိသက်စေ့ ပုတီးစိပ်သောသူအား မိမိကိုယ်တွင်း နှလုံးသား၌ ဝေနေယျသတ္တဝါများအား အစဉ် သနားတတ်သော "ကရုဏာ" ကိန်းခြင်း ပညာရှိသူတော်ကောင်းများ၏ လေးစားခြင်း မြတ်နိုးခြင်း ချစ်ခင်ခြင်း ကြည်ညိုခြင်းတို့ကို ခံယူရရှိနိုင်ခြင်း ဘုန်းတန်ခိုးကြီးမားကုန်သော နတ်ဗြဟ္မာတို့၏ အစဉ်သနားခြင်းကို ခံယူနိုင်ခြင်း ဖြစ်လိမ့်မည်။

၄။ နမော တေ တိဏ္ဏသံသာရ။

သံသရာတည်းဟူသော ဝဋ်မှ ကျွတ်လွတ်ကူးမြောက်တော်မူပြီးသော မြတ်စွာဘုရား၊ အကျွန်ုပ်သည် အရှင်မြတ်အား ညွတ်တွားရှိကျိုး ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဤအမှတ်(၄)ဘုရားရှိခိုးဂါထာကို မိမိသက်စေ့ နေ့စဉ် ပုတီးစိပ်သော ပုဂ္ဂိုလ်အား ဘဝသံသရာဝယ် ခက်ခဲသောခရီးကို မတွေ့ရခြင်း, ကိလေသာဝဋ် ဝိပါကဝဋ် ကမ္မဝဋ်တို့မှ ကျွတ်လွတ်ကူးမြောက် နိုင်ခြင်း, မြေရေလေ လမ်းခရီးခဲ၌ ချမ်းသာစွာ လိုအပ်သော ဌာနသို့ ရောက်စေနိုင်ခြင်း ဖြစ်လိမ့်မည်။

၅။ နမော တေ အမတံဒဒ။

လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ခေမာအမြိုက် နိဗ္ဗာန်ဆိုက်အောင် ပေးတော်မူတတ်သော မြတ်စွာဘုရား၊ အကျွန်ုပ်သည် အရှင်မြတ်အား ညွတ်တွားရှိကျိုး ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဤအမှတ်(၅)ဘုရားရှိခိုးဂါထာကို မိမိသက်စေ့ နေ့စဉ် ပုတီးစိပ်သော ပုဂ္ဂိုလ်အား လောကီနိဗ္ဗာန် ချမ်းသာအမျိုးမျိုးကို ဘဝအဆက်ဆက် ရရှိခံစားနိုင်ခြင်း, အမတအမြိုက် နိဗ္ဗာန်ချမ်းသာကို မလွဲတန်း ရရှိနိုင်ခြင်း ဖြစ်မည်။

(မှတ်ချက်) နမော တေ သဗ္ဗဒဿာဝိ – စသော လေးပါဒသည် ခေမာမိဖုရားကြီး ဘုရားရှင်ကို ကန်တော့ ရှိခိုးသောဂါထာဖြစ်၏၊ ထိုဂါထာ

၏ ပါဒလေးပါးကို တပါဒစီ လှည့်၍ သဂါထာဝဂ္ဂသံယုတ် ပါဠိတော် စန္ဒိမ သုတ် ၄၇၊ ပုဒ် ၉-မှ လနတ်သား နေနတ်သားတို့ ရှိခိုးသော ဂါထာ၌ ထည့်သွင်း၍ ရွတ်ဆိုရှိခိုးခြင်းပင် ဖြစ်သည်။

၆။ နမော တေ ပုရိသုတ္တမ။

လူယောကျ်ား, နတ်ယောကျ်ား, ဗြဟ္မာ ယောကျ်ားတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား၊ (အကျွန်ုပ်သည်) အရှင်မြတ်အား ညွှတ်တွားရိုကျိုး ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဤအမှတ် (၆) ဘုရားရှိခိုးဂါထာတော်ကို မိမိ၏သက်စေ့ နေ့စဉ် ပုတီး စိပ်သော ပုဂ္ဂိုလ်အား လူနတ်ဗြဟ္မာအပေါင်းတို့၏ လေးစားခြင်း, မြတ်နိုး ခြင်း, ချစ်ခင်ခြင်းကို ခံယူနိုင်သော ယောကျ်ားထူး ယောကျ်ားမြတ် ဖြစ် ရခြင်း, မြေ ရေ လေ တော တောင်၌ နေထိုင်ကြကုန်သော "ဝေနေယျ" အပေါင်းတို့၏ ကြည်ညိုခြင်းကို ခံယူနိုင်ခြင်း, တဘက်ယှဉ်ဘက် ပြိုင်ဘက် ကင်းပျောက် တမိုးအောက်ဝယ် တယောက်ထည်း ပေါက်ဘွားသော ယောကျ်ားထူး ယောကျ်ားမြတ် ဖြစ်ရခြင်း အကျိုးများ ရနိုင်သည်။

၇။ နမော တေ ရတနာ ကရ၊ နမော တေ ရတနာ ဒဒ။
ရတနာလိုသော် ပုတီးစိပ်၍ ဗုဒ္ဓကို မြတ်မြတ်နိုးနိုး ရှိခိုးပေးပါ။

၈။ နမော တေ ရဇတံ ကရ၊ နမော တေ ရဇတံ ဒဒ။
ငွေကိုလိုသော် ပုတီးစိပ်၍ ဗုဒ္ဓကို မြတ်မြတ်နိုးနိုး ရှိခိုးပေးပါ။

၉။ နမော တေ လာဘဂ္ဂါ ကရ၊ နမော တေ လာဘဂ္ဂါ ဒဒ။
လာဘ်ကိုလိုသော် ပုတီးစိပ်၍ ဗုဒ္ဓကို မြတ်မြတ်နိုးနိုး ရှိခိုးပေးပါ။

၁၀။ နမော တေ မာရဝိဇယ။
ရန်ကို နိုင်အောင် ဗုဒ္ဓကို ရှိခိုး၍ အားကိုးရွတ်ဆိုပါ။

၁၁။ နမော တေ ရာဇာဓိရာဇ။
မင်းထူး မင်းမြတ်ဖြစ်နိုင်အောင် အားထား ရွတ်ပါ။

၁၂။ နမော တေ ဒေဝါတိဒေဝ။
နတ်ကြည်ညိုခြင်းကို ခံယူလိုသော် အားကိုးရှတ်ပါ။

၁၃။ နမော တေ ဗြဟ္မာတိဗြဟ္မ။
ဗြဟ္မာများ မြတ်နိုးခြင်းကို ခံယူလိုသော် အမြဲရှတ်ပါ။

၁၄။ နမော တေ အဂ္ဂါတိအဂ္ဂ။
အမြင့်မြတ်ဆုံး ဘဝကို ရယူလိုသော် အားကိုးရှတ်ပါ။

၁၅။ နမော တေ သေဋ္ဌာတိသေဋ္ဌ။
လူနတ်ချီးကျူးခြင်းကို ခံယူလိုသော် အမြဲရှတ်ပါ။

၁၆။ နမော တေ ဇေဋ္ဌာတိဇေဋ္ဌ။
ထိပ်တန်းခေါင်းဆောင် ဖြစ်လိုသော် နေ့စဉ် ရှတ်ပေးပါ။

ဤအမှတ် (၇)မှ (၁၆) အထိ ဂါထာများ၏ အနက် အဓိပ္ပါယ်ကို "ရတနာပီတိ" အကျယ်ထွက်ပေါ်လာသောအခါ ရှုပါ။ ဤ ရတနာပီတိ ကျမ်းစာအုပ်၌ ကျယ်အံ့စိုး၍ အကျဉ်းမျှသာ ရေးသားလိုက်ပါသည်။

## ဗုဒ္ဓရတနာ ဂုဏ်များစွာဖြင့် သစ္စာပြု၍ ချမ်းသာဆုကိုပန်ရန်

### (အားကိုးရှတ် စီးပွါးဥစ္စာ ရလွယ်မည်)

ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဤ လူ့ပြည်၌၎င်း၊ နဂါး ဂဠုန် ဂုမ္ဘာန် ရက္ခ ဂန္ဓဗ္ဗပြည်၌၎င်း၊ နတ်ပြည် ဗြဟ္မာပြည်တို့၌၎င်း အလုံးစုံသော သူတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သိမ့်စေတတ်သော မွန်မြတ်သော သက်ရှိသက်မဲ့ရတနာများသည် ရှိ၏၊ ယင်း ရတနာများတွင် မြတ်စွာဘုရားနှင့်တူသော ရတနာသည် မရှိသည်သာလျှင်

တည်း၊ ဤမြတ်စွာဘုရားတည်းဟူသော ရတနာသည်သာလျှင် လောကီ ရတနာတို့ထက် အမြတ်ဆုံးရတနာအစစ် ဖြစ်တော်မူ၏၊ ဤသို့ မှန်ကန် သော သစ္စာစကားကြောင့် (အကျွန်ုပ်အား) ဘေးရန်ကင်းကွာ ကောင်း ကျိုးချမ်းသာ မင်္ဂလာသည် ဖြစ်ပါစေသတည်း။

ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

နွေလေးလ အတွင်း အစအဦး ဆောင်းနှောင်းနွေကူး တပေါင်းတန်ခူး လများ၌ သရဖီစသော ပန်းမျိုးစုံတို့ဖြင့် ဖူးပွင့်ဝေဆာ တောမြိုင်ဝနာသည် ဖြာဖြာထူးထူး ကြက်သရေကွန့်မြူးသကဲ့သို့ ထိုအတူ လောကုတ္တရာ စီးပွါး အသွိုင်ငှါ နိဗ္ဗာန်သို့ရောက်ကြောင်း တရားကောင်း တရားမြတ်ကို မြတ်စွာ ဘုရားသည် လွန်စွာဆန်းကြယ် နည်းမျိုးစုံ ခြယ်စီထားလျက် ဟောကြား တော်မူလေပြီ၊ ဤဒေသနာရှင် ဘုရားသခင်တည်းဟူသော ဘုရားရတနာ သည်လည်း သက်ရှိသက်မဲ့လောကီရတနာတို့ထက် အမြတ်ဆုံး ရတနာအစစ် ဖြစ်တော်မူ၏၊ ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် (အကျွန်ုပ်အား) ကောင်းကျိုးချမ်းသာ မင်္ဂလာသည် ဖြစ်ပါစေသတည်း။

•ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဘုန်းတော်ပြည့်လျှံ ယှဉ်ပြိုင်ဘက်ကင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်သဖြင့် မြတ်တော်မူ၏၊ မြတ် သော နိဗ္ဗာန်ကိုလည်း ကေန် သိတော်မူ၏။ မဂ်ဖိုလ်နိဗ္ဗာန် အမြင်မှန် အကျင့်ကောင်းကိုလည်း ပေးသနားတော်မူ၏၊ မြင့်မြတ်ပွါးတိုး အကျိုး

စီးပွါး မင်္ဂလာများကိုလည်း ဆောင်ရွက်တော်မူ၏၊ လူနတ်အစစ် နှစ်သက်တပ်ပွါး မြတ်တရားကိုလည်း ဟောကြားတော်မူ၏၊ဤမြတ်စွာဘုရား တည်းဟူသော ရတနာသည်လည်း လောကီရတနာတို့ထက် အမြတ်ဆုံးရတနာအစစ် ဖြစ်တော်မူ၏၊ ဤသို့ မှန်ကန်သော သစ္စာစကားကြောင့်(အကျွန်ုပ်အား) ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် ဖြစ်ပါစေသတည်း။

## ဓမ္မရတနာ ဂုဏ်များစွာဖြင့် သစ္စာပြုကာ ချမ်းသာဆုကို ပန်ကြပါ

ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

သာကီဝင်နွယ်ဘွား ဘုရားသခင်သည် ငြိမ်သက်သော စိတ်နှလုံးရှိတော်မူသည်ဖြစ်၍ ကိလေသာတို့၏ကုန်ရာ တပ်မက်ခြင်းတို့၏ ကင်းရာ သေခြင်းလည်း မရှိရာဖြစ်သော မြတ်သောနိဗ္ဗာန်ကို အမှန်သိတော်မူ၏။ ထိုနိဗ္ဗာန်တရားနှင့်တူသော တစုံတခုသော ရတနာသည် မရှိသည်သာလျှင်တည်း၊ ဤနိဗ္ဗာန်တည်းဟူသော တရားရတနာသည်လည်း လောကီရတနာတို့ထက် အမြတ်ဆုံးရတနာအစစ် ဖြစ်တော်မူ၏၊ ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် (အကျွန်ုပ်အား) ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် ဖြစ်ပါစေသတည်း။

ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိမာနန္တရိကညမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

သာကီဝင်နွယ်ဘွား မြတ်ဘုရားသည် ငြိမ်သက်တည်ကြည်သော စိတ်နှလုံးရှိတော်မူသည်ဖြစ်၍ ကိလေသာတို့၏ကုန်ရာ တပ်မက်ခြင်းတို့၏ ကင်းရာ သေခြင်းလည်း မဖြစ်ရာ ဖြစ်သော မြင့်မြတ်သော နိဗ္ဗာန်ကို အမှန်သိမြင်တော်မူ၏။ ထိုနိဗ္ဗာန်တရားနှင့် တူသော တစုံတခုသော ရတနာသည် မရှိသည်သာလျှင်တည်း။ ဤနိဗ္ဗာန်တရားတည်းဟူသော တရားရတနာသည်လည်း လောကီ သက်ရှိသက်မဲ့ရတနာတို့ထက် အမြတ်ဆုံးရတနာအစစ်ဖြစ်တော်မူ၏။ ဤသို့ မှန်ကန်သော သစ္စာစကားကြောင့်(အကျွန်ုပ်အား) ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် ဖြစ်ပါစေသတည်း။

ပစ္စေကဗုဒ္ဓစသော ဗုဒ္ဓအပေါင်းတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် အရဟတ္တမဂ်တရားနှင့် ယှဉ်သော သမာဓိကို ကိလေသာတို့နှင့် မငြိမတွယ် စင်ကြယ်၏ဟူ၍ ချီးမွမ်းတော်မူ၏။ မဂ်နောက်မှာ ဖိုလ်ရောက်သဖြင့် အခြားမရှိ အကျိုးပေးတတ်၏ဟူ၍လည်း ဟောတော်မူ၏။ ဤအရဟတ္တမဂ် သမာဓိနှင့်တူသော သမာဓိတရားမည်သည် မရှိ၊ ဤအရဟတ္တမဂ် သမာဓိဟူသော တရားရတနာသည်လည်း လောကီရတနာတို့ထက် အမြတ်ဆုံး ရတနာစစ် ဖြစ်တော်မူ၏၊ ဤသို့ မှန်ကန်သောသစ္စာစကားကြောင့် (အကျွန်ုပ်အား) ဘေးရန်ကင်းကွာ ချမ်းသာခြင်းသည် ဖြစ်ပါစေသတည်း။

## စီးပွါးချမ်းသာ ပြည့်စုံလိုသူတိုင်း ရွတ်ပါ

ဤဗုဒ္ဓရတနာအစစ် အနှစ်ပြည့်လွှမ်း အံ့မခန်းသော ဂုဏ်တော်ဆိုင်ရာ ရတနာဂါထာတော်သည် ရတနသုတ်မှ သီးခြားထုတ်နုတ်၍ ပြခြင်းပင်ဖြစ်၏၊ ရတနာစစ် ဖြစ်တော်မူသော ဘုရားရတနာတော်မြတ်ကို အမြဲမပြတ်ကြည်ညိုကြသူမှန်သမျှသည် နှစ်သက်မြတ်နိုးစရာ ရတနာအသစ်အဆန်းတခမ်းတနား အကျိုးပေးမည်၊ တောင့်တခြင်းမည်သည် ကုသိုလ်နှင့်ယှဉ်တွဲ၍ တောင့်တခြင်းက ရိုးရိုးတောင့်တခြင်းထက် အကျိုးပေးမြန်၏၊ စစ်မှန်သော ရတနာ ဖြစ်ပေါ်ပါမှသာ မိမိ၏ထံ၌ ထိုရတနာတည်တံ့ခိုင်မြဲစွာ တန့်နားနေပေမည်၊ ဇောတိကသူဌေး၏ ရတနာသည် စစ်မှန်၏၊ သို့အတွက် ရန်သူမဖျက်ဆီးနိုင်၊ဘုရားတည်းဟူသောရတနာသည် မှန်မြတ်

စစ်မှန်၏၊ ထိုမှန်မြတ်စစ်မှန်သောရတနာကို ကြည်ညိုလေးမြတ် မပြတ် ပူဇော်သူတို့မှာ စစ်မှန်သောရတနာ ဖြစ်ထွန်းပေါ်ပေါက် လာမြဲသာ ဖြစ်၏၊ဒါကြောင့် ညွှန်ကြားသည့်အတိုင်း မြတ်မြတ်နိုးနိုး အားကိုး၍ ရွတ်ကြပါကုန်၊ ဗုဒ္ဓ၏ ကြည်ညိုစရာဂုဏ်တို့ကို ယူဇနာပေါင်း ရှစ်သောင်းလေး ထောင်မြင့်သည့် မြင်းမိုရ်တောင်ကို ဆေးမင်တန်စုတ်ပြု၊ ကောင်းကင်ပြင်အားလုံးကို ပေရွက်ပြု၊ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေမင်ခဲကို အရှေ့အနောက် တောင်မြောက်ဖွဲ့ချုပ် သမုဒ်လေးထွေ လေးစင်းသောရေမှာ မွှေဖျော်၍ 'ဥတ္တာ'စရှိ 'ဥက္ကတိ'ဆုံး ဆန်းဂါထာ အားလုံးဖြင့် 'အရှင်သာရိပုတ္တရာ' 'အရှင်အာနန္ဒာတို့လို့ ပညာတေဒဂ်ရ ပုဂ္ဂိုလ်ကျော်ကြီးများက အထွေထွေစိတ်ကူး ဉာဏ်ကွန့်မြူး၍ချီးကျူးနက်လေး ရေးသားစီကုံးပါသော်လည်း ဗုဒ္ဓ၏ အဆင်းတော်, တန်ခိုးတော်, စကားတော်, ဉာဏ်တော် အစိန္တေယျတို့မှာ ကုန်ဆုံးနိုင်ဘွယ်ရာ မရှိပါပေ၊ ဗုဒ္ဓရတနာသည် နှစ်သက်စရာအပြည့်ရှိ၏၊လောကီရတနာတို့မှာသော်ပင် နှစ်သက်မအိ နေရှိမင့်ဘဲ၊ လောကုတ္တရာ ရတနာမှာမူ အဘယ်မှာလျှင် နှစ်သက်ရောင့်ရဲ တင်းတိမ်နိုင်ပါအံ့နည်း၊ ကဝိလက္ခဏာ သတ်ပုံကျမ်းပြု ဆရာကြီး ဦးဩသည် မင်းဆက်ရာဇဝင်လင်္ကာကြီး၌ (ချီးမြှောက်ဖွယ်မှု၊ အစုစုကို၊ မေရုစုတ်တံ၊ ပေရွက်ခံဝယ်၊ ယဉ်လျှံတွေတွေ၊ သမုဒ်ရေဖြင့်၊ မြေကိုနှီဖျော်၊ ရေးလှည့်သော်လည်း၊ ပုဂ္ဂိုလ်ကျော်ဂုဏ်၊ တီမှာကုန်လိမ့်) ဟူ၍ ရေးဆက်ခဲ့သော လင်္ကာပိုဒ်သည် ဗုဒ္ဓရတနာမြတ်အတွက် စီကုံးဆက်သွင်း ပူဇော်ခြင်းသာ ဖြစ်သင့်ပါတော့သတည်း။ ဗုဒ္ဓ၏ရွှေနှုတ်တော်မှ ဟောတော်မူခဲ့သော ရတနာစစ်တရားတော်, ရတနာစစ်သားတော်တို့၏ ဂုဏ်တော်များမှာလည်း ချီးကျူးနက်လေး ရေးသားဖွဲ့နွဲ့ စီကုံးပါသော်လည်း ကုန်ဆုံးနိုင်ဘွယ်မရှိတော့ပါ။ ထို့ဂကြောင့် မြတ်မြတ်နိုးနိုး အားကိုးရွတ်ကြရန် တိုက်တွန်းလိုက်ရပေသည်။

## သံဃာရတနာ ဂုဏ်များစွာဖြင့် သစ္စာပြုကာ ချမ်းသာဆုကို တောင်းကြပါရန်

ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဘုရားအမှူးရှိကုန်သော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သော၈ ပုဂ္ဂိုလ်တို့ကား ရှစ်ယောက်ရှိကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် အစုံအားဖြင့် လေးယောက်တစုံ ဖြစ်ကြကုန်၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၏ တပည့်သားသာဝကဖြစ်ကြကုန်၏၊ မြတ်သောအလှူကို ခံယူထိုက်ကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့အား ပေးလှူအပ်သော အလှူတို့သည် ကောင်းစွာတိုးပွါး အကျိုးများကုန်၏။ ဤအရိယာပုဂ္ဂိုလ်တည်းဟူသော သံဃာရတနာသည်လည်း လောကီရတနာတို့ထက် အမြတ်ဆုံး ရတနာစစ် ဖြစ်တော်မူ၏။ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် (အကျွန်ုပ်အား) ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် ဖြစ်ပါစေသတည်း။

ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည် ဂေါတမမြတ်စွာဘုရားသာသနာတော်၌ မြဲမြံခိုင်ခံ့ တည်တံ့သောစိတ်ဖြင့် ကောင်းစွာအားထုတ်ကြသည်ဖြစ်၍ ကိလေသာရန်သူတို့၏ လက်မှ လွတ်ထွက်ကြကုန်၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့

သည် သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်တရားကို အာရုံပြုသောအားဖြင့် ရောက်ကြရကုန်သည်ဖြစ်၍ အချည်းနှီးမျှ မပျက်စီးရ အားသစ်အပ်သော ဘာဝနာဖြင့် ရကြကုန်သည်ဖြစ်၍ အမြိုက်သုဒ္ဓါ နိဗ္ဗာန်ချမ်းသာကို ဖလသမာပတ်အားဖြင့် ကောင်းစွာ ဝင်စား နှလုံးပွါးလျက် ခံစားသုံးဆောင်ကြရကုန်၏၊ ဤရဟန္တာပုဂ္ဂိုလ်တည်းဟူသော သံဃာရတနာသည်လည်း လောကီရတနာတို့ထက် အမြတ်ဆုံးရတနာအစစ် ဖြစ်တော်မူ၏၊ ဤသို့ မှန်ကန်သောသစ္စာစကားကြောင့် (အကျွန်ုပ်အား) ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် ဖြစ်ပါစေသတည်း။

ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။ ၁၁
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

မြေ၌ စိုက်ထူထားသော တံခါးတိုင်သည် အရပ်လေးမျက်နှာတို့မှ တိုက်ခတ်လာသော လေတို့ကြောင့် မတုန်လှုပ်နိုင်သကဲ့သို့ အကြင်ပုဂ္ဂိုလ်သည် လေးပါးသော အရိယာသစ္စာတို့ကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် သက်ဝင်၍ သိမြင်တော်မူ၏၊ ထိုသောတာပန်တည်ပြီးသော အရိယာသူတော်ကောင်းကို ထိုဆိုအပ်ခဲ့ပြီးသော မယိမ်းမယိုင် တံခါးတိုင်နှင့် တူ၏ဟူ၍ ငါဘုရား ဟောကြားတော်မူ၏။ ဤသောတာပန်ပုဂ္ဂိုလ်တည်းဟူသော သံဃာရတနာသည်လည်း လောကီရတနာတို့ထက် အမြတ်ဆုံး ရတနာအစစ် ဖြစ်တော်မူ၏။ ဤသို့ မှန်ကန်သောသစ္စာစကားကြောင့် (အကျွန်ုပ်အား) ကောင်းကျိုးချမ်းသာ မင်္ဂလာသည် ဖြစ်ပါစေသတည်း။

ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမမာဒိယန္တိ။

ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

အကြင်သောတာပန် ပုဂ္ဂိုလ်တို့သည် နက်နဲခက်ခဲသော ပညာဖြင့် မြတ်စွာဘုရား ကောင်းစွာဟောကြားတော်မူခဲ့သော အရိယသစ္စာလေးပါးတို့ကို ကောင်းစွာထင်ထင် သိမြင်တော်မူကြကုန်၏၊ ထိုသောတာပန်ပုဂ္ဂိုလ်တို့သည် လူနတ်အာရုံ ကာမဂုဏ်တို့၌ ခုံမင်ပျော်ပါးကြသေးသဖြင့် တရားဘာဝနာကို ပြင်းစွာမေ့လျော့ငြားကုန်သော်လည်း ရှစ်ကြိမ်မြောက်ဘဝကို မယူကြကုန်။ ဤသောတာပန်ပုဂ္ဂိုလ်တည်းဟူသော သံဃာရတနာသည်လည်း လောကီရတနာတို့ထက် အမြတ်ဆုံးရတနာစစ် ဖြစ်တော်မူ၏။ ဤသို့ မှန်ကန်သော သစ္စာစကားကြောင့် (အကျွန်ုပ်အား) ဘေးရန်ကင်းကွာ ကောင်းကျိုးချမ်းသာ မင်္ဂလာသည် ကောင်းစွာမသွေ ဖြစ်ပါစေသတည်း။

သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

ထိုသောတာပန်ပုဂ္ဂိုလ်အား (ထိုသောတာပန်ပုဂ္ဂိုလ်သည်) သောတာပတ္တိမဂ်ဉာဏ် ပြည့်စုံသည်နှင့်တပြိုင်နက်သာလျှင် သက္ကာယဒိဋ္ဌိသံယောဇဉ်လည်းကောင်း၊ ဝိစိကိစ္ဆာသံယောဇဉ်လည်းကောင်း၊ သီလဗ္ဗတသံယောဇဉ်လည်းကောင်း ဤသုံးပါးကုန်သော သံယောဇဉ်တရားတို့ကို ပယ်စွန့်အပ်ကုန်ပြီ။ စိုးစဉ်းမျှသော အပါယဂမနိယ ဖြစ်သော ကိလေသာသဘောမျှတို့လည်း စွန့်အပ်၏။

စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ထိုသောတာပန်ပုဂ္ဂိုလ်သည် လေးပါးကုန်သော အပါယ်လားခြင်းတို့မှလည်း လွတ်၏။ ခြောက်ပါးကုန်သော အမိ သတ်ခြင်း စသော အလွန်

ယုတ်မာသော အရာတို့ကိုလည်း ပြုအံ့သောငှါ မထိုက်။ သောတာပန်ပုဂ္ဂိုလ် သံဃာတော်၏ ဤရတနာ၏ အဖြစ်သည် မြတ်လှစွာ၏၊ ထိုစကားသည်သာ လျှင် မှန်၏၊ ထိုသို့ မှန်ကန်သော သစ္စာစကားကြောင့် (အကျွန်ုပ်အား) ချမ်းသာခြင်း ဘေးငြိမ်းခြင်းသည် ဖြစ်စေသတည်း။

ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ထိုသောတာပန်ပုဂ္ဂိုလ်သည် ယုတ်မာစွာသော ဒုစရိုက်ကံကို ကာယ ဒွါရဖြင့်လည်းကောင်း၊ ဝစီဒွါရဖြင့်လည်းကောင်း၊ ထိုမှ တပါးသော မနော ဒွါရဖြင့်လည်းကောင်း အကယ်၍ကား ပြုမိအံ့၊ ထိုမကောင်းမှုဒုစရိုက်ကံကို ဖုံးလွှမ်းခြင်းငှါ မထိုက်။ မဂ်ဉာဏ်ဖြင့် မြင်အပ်ပြီးသော နိဗ္ဗာန်ရှိသော သော တာပန်ပုဂ္ဂိုလ်အား မကောင်းမှုကို ဖုံးလွှမ်းခြင်းငှါ မထိုက်သည်၏အဖြစ်ကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။ သောတာပန်ပုဂ္ဂိုလ်သံဃာတော် ၏ ဤရတနာ၏အဖြစ်သည် မြတ်လှစွာ၏၊ ထိုစကားသည်သာလျှင် မှန်၏၊ ထိုသို့ ဟုတ်မှန်သောသစ္စာစကားကြောင့် (အကျွန်ုပ်အား) ချမ်းသာခြင်း ဘေးငြိမ်းခြင်းသည် ဖြစ်ပါစေသတည်း။

ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠ္ဟိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

အကြင်ရဟန္တာပုဂ္ဂိုလ်တို့အား ရှေးကံဟောင်းသည် ကုန်လေပြီ။ အသစ် ဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံသည် မရှိသည်သာလျှင်တည်း၊ ထို

ရဟန္တာပုဂ္ဂိုလ်တို့သည် လာလတ္တံ့သော အနာဂတ်ဘဝသစ်၌ တပ်ခြင်းကင်းသောစိတ်ရှိတော်မူကုန်၏၊ ကုန်ပြီးသော ပဋိသန္ဓေဟူသော မျိုးစေ့ရှိတော်မူ၏၊ ဝဋ်၌ တပ်ခြင်းကင်းသော ဆန္ဒရှိတော်မူကုန်၏၊ ဤဆီမီးသည် ငြိမ်းသကဲ့သို့ ထိုအတူ မြဲမြံသော ပညာရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် ဝဋ်ဒုက္ခငြိမ်းတော်မူကုန်၏၊ ရဟန္တာပုဂ္ဂိုလ်သံဃာတော်၏ ဤရတနာ၏ အဖြစ်သည် မြတ်လှစွာ၏၊ ထိုစကားသည်သာလျှင် မှန်၏၊ ထိုသို့ ဟုတ်မှန်သော သစ္စာစကားကြောင့် (အကျွန်ုပ်အား) ချမ်းသာခြင်း, ဘေးငြိမ်းခြင်းသည် ဖြစ်ပါစေသတည်း။

## ရတနာ ရောင်ပြန်ဟပ်ပုံ အကြောင်း

ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိအယူရှိကြကုန်သော ပုဂ္ဂိုလ်တို့သည် မယ်တော်သိုက်ဝမ်း ကြာတိုက်ခန်း၌ ကိန်းအောင်းမွေလျော်ခြင်းကို မပုမိ ဘဝကိုနှစ်သက်သော လောဘတဏှာဖြင့် အမိ၏ကြာတိုက်ခန်း၌ စွဲ မှီရပ်တည်လာခဲ့ကြသူများသာ ဖြစ်ကြကုန်၏၊ ထိုသို့ မွေလျော်ကိန်းအောင်းရာ၌လည်း မိမိတို့၏ပါရမီကုသိုလ် အားရှိလျှင် ရှိသလို ပါရမီကုသိုလ် အားသေးလျှင် သေးသလို ဘုန်းကံရှိသော မိဘ၊ ဘုန်းကံ အားသေးသိမ်သောမိဘ တို့၏ မေတ္တာရိပ်မှာပင် မီးရထားသံလမ်း နှစ်ခုပမာ ရပ်တည်မှီပျော်ကြရ၏။

သို့သော် ဘုန်းကံကြီးသူပင်ဖြစ်စေ ဘုန်းကံနည်းသူပင်ဖြစ်စေ ကုသိုလ်နှင့် အကုသိုလ်နှစ်မျိုးမှာမူ တလဲစီ ဖြစ်ကြရပေမည်။ ကုသိုလ်အားရှိနေချိန်တွင် ကိုယ်စိတ်ချမ်းသာ သိရိဂေဟာ အရသာရှိရှိ ပီတိတွေအပြည့်အဝနှင့် သာယာနေတတ်ကြပေသည်၊ ထိုအချိန်ထိုအခါမျိုးတွင် ကုသိုလ်စိတ် ရော့နဲ့တတ်ကြသည်ကို များသောအားဖြင့် မြင်ကြတွေ့ကြရပေမည်၊ ကာယကံရှင်များ ကိုယ်တိုင်ကလည်း ကုသိုလ်ဆန္ဒ ရော့နဲ့တတ်ကြပေသည်။ ပတ်ဝန်းကျင်ကိုလည်း များသောအားဖြင့် မြင်နိုင်ခဲ့ကြ၏၊ မျက်စိအာရုံ နားအာရုံတို့ကို သာယာနှစ်သက်မှု ရော့နဲ့လာတတ်သော အချို့ပညာရှိ ပုဂ္ဂိုလ်များ အဖိုးအဖွားများကသာလျှင် ကုသိုလ်ရေး ဟာလပ်နေမှုကို သတိပြုမိကြပေလိမ့်မည်၊ အကုသိုလ်စိတ် ဝင်လာသောနေ့ ရက် လ နှစ် အခါမျိုးနှင့် ပက်ပင်းရင်ဆိုင် တွေ့ကြရသောအခါမျိုးတွင် သောကတွေ ပင်လယ်ဝေ၍ မျက်ရေဖြိုင်ဖြိုင်ကျ ဒုက္ခမီးတောက်လောင်လာချိန်မျိုးသို့ ရောက်ရှိသော

အခါသမယမျိုး ရောက်သောအခါမှ ကုသိုလ်ပြုရေး ပြေး၍ သတိရတတ်ကြ ပေသည်။ ထိုအချိန်အခါသို့ ရောက်ကြပါမှ သတိရသော ကုသိုလ်ပြုလိုစိတ် မျိုးသည် တင်းပြည့် ကျပ်ပြည့် အကျိုးပေးရန် မလွယ်ကူလှပေ။ အဘယ့် ကြောင့်ပါနည်းဟူမူ ပူပင်ခြင်း သောကမကင်းဘဲ ပြုသောကြောင့်ပင် ဖြစ်၏၊ စက်ဆုပ်ဖွယ်သော အကုသိုလ် အညစ်အကြေးတို့ကို မိမိတို့၏ကိုယ်တွင်းမှ ဖယ်ရှားလို၍ ပြုကြခြင်းပင် ဖြစ်ကြရာ ကိုယ် နှုတ် စိတ် မဖြူစင်ပါက ငြိကပ်နေသော မကောင်းမှုအညစ်အကြေးတို့ကို ကုန်စင်အောင် ဖယ်ရှား နိုင်ကြလိမ့်မည် မဟုတ်ပေ။

ကုသိုလ် ဟူသော သဘောတရားသည် ရောင်ပြန်ဟပ်တတ်သော သဘော တရားမျိုးပင် ဖြစ်ပေသည်။ "နမေ နမန္တဿ" ကိုယ့်ကို ညွတ်လာသူအား ပြန်၍ ညွတ်တုံ့ညွတ်ရာ၏ဟု ဆို၏။ "ဘဇေ ဘဇန္တံ" ကိုယ့်ကို ဆည်းကပ် လာသူကို ပြန်၍ ဆည်းကပ်တုံ့ ဆည်းကပ်ရာ၏ဟု ဆိုပြန်ပါသည်။ သူ့ မေတ္တာရှိတော့ ကိုယ့်ပြန်မေတ္တာရှိတယ်လို့ အဆိုစကားရှိခြင်းသည် ရောင်ပြန် ဟပ်ခြင်းကို ပြသောသဘောပင် ဖြစ်၏၊ သူ့လက်ကမ်းလို့ ကိုယ့်လက်ကမ်း တယ် ဆိုတာဟာလဲ ရောင်ပြန်ဟပ်ခြင်းပင် ဖြစ်၏၊ မိတ်ဆွေအချင်းချင်း အကျိုးကို သည်ပိုးရွက်ဆောင်ပေးခြင်း ပစ္စည်းကို လက်ဆောင်ပေးခြင်း စသည် ပြုကြသောအခါ ကျေးဇူးတင်ပါတယ်ရှင်၊ ကျေးဇူးတင်ပါတယ်ဗျာ ဟု ပြောကြခြင်းသည် ရောင်ပြန်ဟပ်ခြင်းပင်ဖြစ်၏။ "ပထုံပလှဲ" ဆိုဒါလို အသွားရှိရင် အလာရှိရပေမည်၊ အမေးရှိရင် အဖြေရှိရပေမည်၊ ကောင်းမှု သည် ကိုယ်စိတ်ချမ်းသာမည့် လူနတ်နိဗ္ဗာန်ချမ်းသာကို ပေးစေနိုင်၏၊ မကောင်းမှုသည် ကိုယ်စိတ် ဆင်းရဲမည့် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဆင်းရဲကိုသာ ပေးစေနိုင်၏၊ ဤတရားသည်လည်း ကောင်းသောရောင်ပြန် ဟပ်ခြင်းနှင့် မကောင်းသော ရောင်ပြန်ဟပ်ခြင်းများပင် ဖြစ်ကြပေသည်။

နှစ်သက်ခြင်းပီတိဖြစ်ပေါ်၍ မရောင့်ရဲနိုင် ယုံကြည်မြတ်နိုးကာ သန့်ရှင်း သောဗုဒ္ဓ၏ သန့်ရှင်းတင့်တယ်တော်မူလှသော အဆင်းတော် ကြံစည်အံ့ဩ ပြောဟောကြည်ညို၍ ကုန်ဆုံးနိုင်ဘွယ်မရှိသော သုံးဆယ့်နှစ်သွယ် ရှစ်ဆယ် သော လက္ခဏာတော်ကြီး ငယ်တို့ဖြင့် တင့်တယ်တော်မူလှသော အဆင်း တော်မြတ်ကို လေးမြတ်ကြည်ညို ရှိခိုးပူဇော်ရမည်။ ဗုဒ္ဓ၏အဆင်းတော်

မြတ်ဟာ ဘယ့်အတွက်ကြောင့် ဘယ်ကဲ့သို့သော အကြောင်းထူးများ ကြောင့် လူနတ် ဗြဟ္မာတို့၏ အဆင်းနှင့်မတူ ဇမ္ဗူရာဇ် ရွှေရောင်ကဲ့သို့ နှစ်သက်ကြည်ညို မဝနိုင်အောင် ဖြစ်ရပါသနည်းဟူသော ဤအတွေး ဤ အမေးမျိုးကို တွေးဆသင့်၏၊ မေးမြန်းသင့်၏၊ အဖြေမှန်မှာ ဗုဒ္ဓ၏အဆင်း တော်မှာ မသန့်ရှင်းသော လောဘ ဒေါသ မောဟ အညစ်အကြေး မလ ဘေးမှ ကင်းဝေးသန့်စင်တော်မူသည့် အတွက် သန့်ရှင်းတင့်တယ်တော်မူ သော အဆင်းတော် လူသုံးပါးတို့ ကြံစည်အံ့ဩ ပြောဟော၍ မကုန်ဆုံး နိုင်သော အဆင်းတော်နှင့် ပြည့်စုံတော်မူရပါပေသည်၊ တွေးဆကြည်ညိုကြ ရပါမည်၊ ဤညွှန်ပြသည့်အတိုင်း ကြည်ညိုကြသူများကို ဗုဒ္ဓ၏အဆင်း တော်က ရောင်ပြန်ဟပ်သောအဆင်း၏ သန့်ရှင်းခြင်းအကျိုးများကို အမှန် ပင်ရပါလိမ့်မည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် (ဝီတရာဂ) ကင်းရှင်းသန့်စင်ပြီးသော ရာဂလောဘရှိပါသည်၊ (ဝီတဒေါသ) ကင်းရှင်းသန့်စင်ပြီးသော ဒေါသရှိ ပါသည်၊ (ဝီတမောဟ) ကင်းရှင်းသန့်စင်ပြီးသော မောဟရှိပါသည်၊ ဤကဲ့သို့ အညစ်အကြေး သန့်စင်ခြင်းတို့ကြောင့် အဆင်းတော်၏တန်ခိုးဂုဏ် အကြည် ဓာတ်တော်များက ကြည်ညိုဖူးမြော်သူ လူသုံးပါး ဝေနေယျများကို ရောင် ပြန်ဟပ်အကျိုးပေးသည်ဟု ဆိုနိုင်ပါသည်။ ဤစကားရပ်၌ ဆက်စပ်သော ဘုရားရှိခိုးကို ထုတ်နုတ်ဖော်ပြပါမည်။ တောင်တွင်းဆရာတော် ခင်ကြီးပျော် ပုဂ္ဂိုလ်ကျော်ကိုယ်တိုင်တော် ရှိခိုးဆုတောင်းသည့် ရောင်ပြန်ဟပ် ရူပ အစိန္တေယျ ဘုရားရှိခိုး ဆုတောင်းဖြစ်ပါသည်။ (သုတဝန္ဒနာဘုရားရှိခိုး စာအုပ်မှ ဖြစ်သည်)။

ရူပရူပဝိလာသဂ္ဂ၊ ရူပါစိန္တေယျသံယုတ္တံ။
ဝန္ဒေသာရဂုဏောပေတံ၊ တေနမှာတုလရူပဝါ။

ရူပရူပဝိလာသဂ္ဂ ရူပါစိန္တေယျသံယုတ္တံ၊ ပကတိသောအဆင်း, အလွန် တင့်တယ်သောအဆင်း, မကြံစည်နိုင်သော အဆင်းနှင့် ကောင်းစွာ ယှဉ် တော်မူထသော။ သာရဂုဏောပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ ဆက္ခုန်ပ်သည်။ဝန္ဒေ ဝန္ဒာမိ၊

ရှိခိုးပါ၏။ တေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလရူပ၀ါ၊ အတုမရှိသောအဆင်းနှင့် ပြည့်စုံသည်။ အမို၊ ဖြစ်ရပါလို၏။

ဤဘုရားရှိခိုးကို ဘ၀တိုင်း ဘ၀တိုင်း၌ အဆင်းလှလိုသူတိုင်း အရကျက်၍ ရှိခိုးသင့်သည်။ မဒ္ဒီ မိဖုရား, သမ္ဘုလမင်းသမီး, သာမာ၀တီမိဖုရားတို့၏ အလှမျိုးကို လှပကြပါ့မှ အလှစစ် အလှမှန် ဖြစ်ပေလိမ့်မည်။ ယခုခေတ် အမျိုးသမီးကလေးများ အလှကျက်သရေ အပြည့်အလိုရှိကြပါက ဤရူပ အစိန္တေယျဘုရားရှိခိုးကိုသာ လေးလေးမြတ်မြတ် ယုံယုံကြည်ကြည် ရှိခိုး ဆုတောင်းပေးကြပါလေ။

ဗုဒ္ဓတန်ခိုးတော် တင့်တယ်၍ မြတ်သောတန်ခိုးတော် ကြံစည်အံ့ဩ ပြော ပြော၍ မကုန်နိုင်သော တန်ခိုးတော်ကို နေ့စဉ်အချိန်မှန်မှန် ရှိခိုးပူဇော် ကြည်ညိုကြကုန်သော ပုဂ္ဂိုလ်များမှာ လူနတ်ဗြဟ္မာအပေါင်းတို့၏ ရင်သပ် ရှုမော အံ့ဩလောက်အောင် တန်ခိုးကြီးနိုင်ပါသည်။ အရကျက်၍ အမြဲ ရှိခိုးရန် ကောင်းလှသော တောင်တွင်းဆရာတော်၏ ရောင်ပြန်ဟပ် ဣဒ္ဓိ အစိန္တေယျဘုရားရှိခိုးကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂ္ဂ၊ ဣဒ္ဓိအစိန္တေယျ သံယုတ္တံ။
ဝန္ဒေသာရ ဂုဏောပေတံ၊ တေနမှာတုလဣဒ္ဓိမာ။

ဣဒ္ဓိ ဣဒ္ဓိဝိလာသဂ္ဂ ဣဒ္ဓိအစိန္တေယျသံယုတ္တံ၊ ပကတိသော တန်ခိုး အလွန် တင့်တယ်သော တန်ခိုး မကြံစည်နိုင်သော တန်ခိုးနှင့် ကောင်းစွာ ပြည့်စုံ တော်မူသော။ သာရဂုဏောပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့် စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုး ပါ၏ ။ တေန၊ ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့် ။ အတုလဣဒ္ဓိမာ၊ အတုမရှိ သော တန်ခိုးနှင့်ပြည့်စုံသည်။ အမို၊ ဖြစ်ရပါလို၏။

ဗုဒ္ဓ၏တန်ခိုးတော်သည် ပကတိသောတန်ခိုး အလွန် တင့်တယ်သော တန်ခိုး လူနတ်ဗြဟ္မာ ပညာရှိတို့ မကြံစည်နိုင်သော တန်ခိုးတော်ဖြစ်ပါပေ သည်။ ထိုလေးနက်လှသော စကားကို ထင်ရှားစေပါအံ့။

(က) ပတ္တိမာ-ဣဒ္ဓိဃဂုဏ်တော်။ ။ဗုဒ္ဓ၏ရွှေလက်တော်ကို ဖြန့်ဆန့်တန်းကာ နေလသို့ ထိနိုင်ကိုင်နိုင်စွမ်း ရှိတော်မူပါပေသည်၊ ဗုဒ္ဓ၏ မြင့်မြတ်လှသောဆန္ဒတော် ဖြစ်ပေါ်ချိန်တွင် အလိုတော်အတိုင်း မဆိုင်းမတွ ကိုင်တွယ်သုံးသပ်တော်မူနိုင်ပေသည်။

(ခ) အဏိမာ-ဣဒ္ဓိဃဂုဏ်တော်။ ။ဗုဒ္ဓသည် ရွှေကိုယ်တော်ကို အနုမြူခန့် ဖန်ဆင်းတော်မူနိုင်လေသည်။ ဆန္ဒတော်ဖြစ်ပေါ်ချိန်တွင် ဆိုင်းငံ့ဟန့်တားခြင်းမရှိ တိတိကျကျ မသွေမတိမ်း မယိမ်းမစောင်း ကောင်းစွာဖန်ဆင်းနိုင်စွမ်းသော တန်ခိုးတော်ရှိပါပေသည်။

(ဂ) လဃိမာ-ဣဒ္ဓိဃဂုဏ်တော်။ ။ဗုဒ္ဓသည် ကြွသွားလိုသော ဆန္ဒတော်ဖြစ်ပေါ်လာချိန်တွင် လေအဟုန်၏ လျှင်မြန်ခြင်းပမာ အလွန်လျှင်မြန်စွာ ကြွသွားတော်မူနိုင်ပေသည်။

(ဃ) ပါကမ္ဗ-ဣဒ္ဓိဃ ဂုဏ်တော်။ ။ဗုဒ္ဓသည် နှစ်သိန်းလေးသောင်း အထုရှိသော မြေထုစက်မဏ္ဍိုင်ကို ထွင်းဖောက်၍ အောက်သို့လည်း ကြွတော်မူနိုင် အထက်သို့လည်းကြွတော်မူနိုင်သည့် တန်ခိုးတော် ရှိပါပေသည်။

(င) မဟိမာ-ဣဒ္ဓိဃဂုဏ်တော်။ ။ဗုဒ္ဓသည် ယူဇနာပေါင်း ရှစ်သောင်းလေးထောင်ခန့် မြင့်မားကြီးထွားသော မြင်းမိုရ်တောင်ကြီးပမာ ရွှေကိုယ်တော်မြတ်ကို ခွင့်ရစိုးပိုင် ကြီးမားစေနိုင်သော တန်ခိုးတော်ရှိပါပေသည်။

(စ) ကာမာဝသာယိတ-ဣဒ္ဓိဃဂုဏ်တော်။ ။ဗုဒ္ဓသည် ကောင်းကင်ပြင်၌၎င်း, ရေပြင်ပေါ်၌၎င်း,မြေအစွန်းတောင်အစွန်းအဖျား၌၎င်း ရပ်နေမှီတင်း စွမ်းနိုင်ခြင်း တန်ခိုးရှိတော်မူပါပေသည်။

(ဆ) ဤသိတာ-ဣဒ္ဓိဃဂုဏ်တော်။ ။ဗုဒ္ဓသည် လူ နတ် ဗြဟ္မာ သတ္တဝါဟူသမျှကို အခိုက်အတန့်ဖြစ်စေ အမြဲထာဝရဖြစ်စေ နှိမ်နင်းတော်မူနိုင်သော တန်ခိုးတော်လည်း ရှိတော်မူပါပေသည်။

(၈) ဝသိတာ-ဣဿရိယဂုဏ်တော်။ ။ဗုဒ္ဓသည် လွန်ပြီးအတိတ်ဘဝ ဖြစ်စဉ်အပေါင်းကို ပြန်ပြောင်းသိမြင်တော်မူသော အဘိညာဉ် စသော အသိဉာဏ်အမျိုးမျိုးတို့ကို သိမြင်တော်မူသော တန်ခိုး တော် ရှိတော်မူပေသည်။ သို့ဖြစ်၍ ပကတိသော တန်ခိုး, အလွန် တင့်တယ်သော တန်ခိုး, မကြံစည်နိုင်သော တန်ခိုးတော်အပေါင်း နှင့် ပြည့်စုံတော်မူပါပေသည်။

ဤအခဏ်း၌ စပ်ဆိုင်လှပါသဖြင့် အုတ်ဖိုရ်ဆရာတော်ဘုရားကိုယ်တော် တိုင် အမြဲရှိခိုးတော်မူသော ဣဿရိယဘုရားရှိခိုးပါဠိ အနက်ကို ထည့်သွင်း ဖော်ပြအပ်ပါသည်၊ ဘုန်းတန်ခိုးကြီးလိုသူတိုင်း ရှိခိုးသင့် ရှိခိုးထိုက် ရှိခိုးအပ် ပါသည်။

### ဣဿရိယရှစ်ပါး ရှိခိုးဂါထာပါဠိ အနက်

ပတ္တိမာဏိမာ လဃိမာ၊ ပါကမ္မံ စ မဟိမိဿရော။
ကာမာဝသာယိတာ ဗုဒ္ဓံ၊ ဤသိတာ ဝသိတာ နမေ။

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ပတ္တိမာ စ၊ ရွှေလက်တော် ဖြန့် ဆန့်ကာမျှဖြင့် နေလသို့ မှီရောက်နိုင်ခြင်း တည်းဟူသော ‘ပတ္တိမာ’ ဣဿရိယ ဂုဏ်တော်ကိုလည်း။ ဣဿရော၊ အစိုးရတော်မူ၏။ အဏိမာ စ၊ ရွှေကိုယ်တော်ကို အလိုတော်ရှိတိုင်း ရပ်ဆိုင်းမတန့် အနုမြူခန့်မယွင်း ဖန်ဆင်းနိုင်ခြင်း တည်းဟူသော ‘အဏိမ’ ဣဿရိယ ဂုဏ်တော်ကိုလည်း။ ဣဿရော၊ အစိုးရတော်မူ၏။ လဃိမာ စ၊ သုန်သုန်ပြင်းထန် လေအဟုန် ကဲ့သို့ လျင်မြန်ပေါ့ပါး ကြွသွားနိုင်ခြင်းတည်းဟူသော ‘လဃိမာ’ ဣဿ-ရိယဂုဏ်တော်ကိုလည်း။ ဣဿရော၊ အစိုးရတော်မူ၏။ ပါကမ္မံ စ၊ နှစ်သိန်း လေးသောင်း မြေပေါင်းခရိုင် စက်မဏ္ဍိုင်၌ ငုပ်နိုင်ပေါ်နိုင်ခြင်း တည်းဟူ သော ‘ပါကမ္မ’ ဣဿရိယဂုဏ်တော်ကိုလည်း။ ဣဿရော၊ အစိုးရတော်မူ၏။ မဟိမာ စ၊ ရွှေကိုယ်တော်ကို အလိုရှိသမျှ ခွင့်ရစိုးပိုင် ကြီးစေနိုင်ခြင်း တည်းဟူသော ‘မဟိမ’ ဣဿရိယဂုဏ်တော်ကိုလည်း။ ဣဿရော၊ အစိုးရ တော်မူ၏။ ကာမာဝသာယိတာ စ၊ ကောင်းကင်မြေစွန်း ရေအဝှန်းတို့၌ ရပ်နေမှီတင်း စွမ်းနိုင်ခြင်းတည်းဟူသော ‘ကာမာဝသာယိတ’ ဣဿရိယ

ဂုဏ်တော်ကိုလည်း။ ဋ္ဌာနာရော၊ အစိုးရတော်မူ၏။ ဤသိတာ စ၊ ထာဝရ ဇင်္ဂမ သတ္တဝါ ဟူသမျှ နတ်လူခပင်း နှိမ်နင်းနိုင်ခြင်း တည်းဟူသော 'ဤသိတ' ဋ္ဌာနာရိယဂုဏ်တော်ကိုလည်း။ ဋ္ဌာနာရော၊ အစိုးရတော်မူ၏။ ဝသိတာ စ၊ အဘိညာဏ်မျိုး တန်ခိုးအသီးသီးကို ပြီးစေနိုင်ခြင်း တည်းဟူသော 'ဝသိတ' ဋ္ဌာနာရိယဂုဏ်တော်ကိုလည်း။ ဋ္ဌာနာရော၊ အစိုးရတော်မူ၏။ တံ တာဒိသံ၊ ထိုသို့ သဘောရှိတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ နမာမိ၊ ရှိခိုးပါ၏အရှင်ဘုရား။

ဤ ပတ္တိမာ စသော ဋ္ဌာနာရိယဂုဏ် (၈)ပါးသည် ဘုန်းတော် (၆)ပါးတို့တွင် ဋ္ဌာနာရိယဘုန်းတော်မြတ်ပင် ဖြစ်ပါသည်။ ဗုဒ္ဓ၏ဘုန်းတော် ၆-ပါးတို့တွင် ဤဋ္ဌာနာရိယဘုန်းတော်သည် အမှတ်(၁) ဘုန်းတော်မြတ် ဖြစ်၏။

(၂) ဓမ္မဘုန်းတော်ဟူသည် ဝိမုတ္တိရသဓမ္မ ဖြစ်ပေသည်၊ ရှစ်သောင်းလေးထောင်ကုန်သော ဓမ္မက္ခန္ဓာဘုန်းတော် ဗုဒ္ဓ၌ အမြဲရှိနေသည်ဟု မှတ်။

(၃) သိရီဘုန်းတော်ဟူသည် ဗုဒ္ဓ၏အဆင်းတော်ပေတည်း၊ (၃၂)ပါးကုန်သော လက္ခဏာတော်ကြီး၊ (၈၀) သော လက္ခဏာတော်ငယ်တို့ဖြင့် တန်းဆာဆင်ထားသောကြောင့် လူနတ်ပြဟ္မာ အပေါင်းတို့ရှုမငြီးနိုင် ဖူးမြော်လို့မရောင့်ရဲနိုင် ကြည်နူးနှစ်သိမ့်၍ မဝနိုင်အောင် အသရေတော်တို့၏ စုရုံးစံပယ်ရာနေရာ ရွှေတောင်ကြီးပမာ 'သိရီ' ဂုဏ်နှင့်ပြည့်စုံတော်မူသော 'သိရီ'ဘုန်းတော်မြတ်ပင် ဖြစ်ပါသည်။

(၄) ယသ ဘုန်းတော်ဟူသည် ဗုဒ္ဓ၏ အရဟံ အစရှိကုန်သော ၁၀-ပါးကုန်သော ဂုဏ်တော်မြတ်တို့ဖြင့် အလျှံတပြောင်ပြောင် အရောင်တော်တဝင့်ဝင့် အဆင့်ဆင့် အသွယ်သွယ် အတင့်တယ်ကြီး တင့်တယ်တော်မူနေစေသော 'ယသ' ဘုန်းတော်ပင် ဖြစ်ပါသည်။

(၅) ကာမ ဘုန်းတော်ဟူသည် ဗုဒ္ဓ၏ အတ္တဟိတ ပရဟိတ မိမိအကျိုး သူတပါးအကျိုး နှစ်မျိုးတို့ကို တောင့်တသွေးချို အလိုတော်ဆန္ဒရှိလှတော်မူသော ဘုန်းတော်မြတ်ပင် ဖြစ်ပါသည်။

(၆) ပယတ္တဘုန်းတော်ဟူသည် လူနတ်ပြဟ္မာ သတ္တဝါတို့၏ ဆရာအစစ် ဖြစ်ကြီးဖြစ်ရန် မှန်မြတ်စွာ အားသီး ရှာမှီးတော်မူခြင်း သမ္မာ ဝါယာမတည်းဟူသော ဗုဒ္ဓ၏ ဘုန်းတော်မြတ်ပင် ဖြစ်ပါသည်။ ဤအခဏ်း၌လည်း အုတ်ဖိုရ်ဆရာတော်ဘုရား၏ ဘုန်းတော်ခြောက်ပါး ဘုရားရှိခိုးကို ဗုဒ္ဓဘုန်းတော်မြတ်ကို မြတ်မြတ်နိုးနိုး အလွယ် တကူ ကျက်မှတ်ရှိခိုးလိုသူ ရဟန်းရှင်လူတို့အတွက် ဆက်လက် ထည့်သွင်း ဖော်ပြအပ်ပါသည်။

## ဘုန်းတော်ခြောက်ပါး ရှိခိုး

ဣဿရိယဉ္စေဝ ဓမ္မော၊ သိရီစေဝ တထာ ယသော။
ကာမောစာတိ ပယတ္တော စ၊ ဗုဒ္ဓုပေတံ အဟံ နမေ။

ဣဿရိယဉ္စေ၀၊အဏိမာ,လဃိမာ စသည်တရိုး အစိုးရခြင်း ရှစ်ပါးတည်း ဟူသော ဣဿရိယဘုန်းတော်သည်၎င်း။ဓမ္မော စ၊ရှစ်ဖြာတသွယ် လေးဆယ် ဝိမုတ် လောကုတ်ထင်ရှား မြတ်တရားတည်းဟူသော ဓမ္မဘုန်းတော်သည် ၎င်း။ သိရီ စေဝ၊လက္ခဏာတော်ဂုဏ် ပြည့်စုံတော်မူသဖြင့် ရူပကာယအသီး ရွှေတောင်ကြီးကဲ့သို့ မညီးရှုဘွယ် တင့်တယ်တော်မူခြင်း တည်းဟူသော သိရီဘုန်းတော်သည်၎င်း။ တထာ၊ ထိုမှတပါး။ ယသော စ၊ မဘောက်မပြန် အရဟံအစ ဘဂဝါအဆုံး ဆယ်လုံးကုန်သော ဂုဏ်တော်ပုဒ်တို့ဖြင့် အဟုတ် ထင်ပေါ် ကြော်ငြာတော်မူခြင်းတည်းဟူသော ယသဘုန်းတော်သည်၎င်း။ ကာမော စ၊အတ္တပရ ကျိုးနှစ်ဝကို တောင်းတကြည်ညို အလိုရှိတော်မူခြင်း တည်းဟူသော ကာမဘုန်းတော်သည်၎င်း။ ပယတ္တော စ၊ နတ်လူပြဟ္မာ သတ္တဝါတို့၏ ဆရာအဖြစ်ကို စင်စစ်ရှာမှီး ပြီးစေနိုင်ခြင်း သမ္မာဝါယာမ တည်းဟူသော ပယတ္တဘုန်းတော်သည်၎င်း။ ဣတိ ဣမေဟိ ဆဟိ ဘဂေဟိ၊ ဤဘုန်းတော်ခြောက်ပါးတို့နှင့်။ ဥပေတံ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ နမာမိ၊ရိုသေမြတ်နိုး ရှိခိုးပါ၏။

(မှတ်ချက်) ဤဘုန်းတော် ၆-ပါး ရှိခိုးဂါထာအနက်သည် ဂုဏ်ရသ စသည်တို့နှင့် ပြည့်စုံ၍ အဓိပ္ပါယ် လေးနက် ပေါ်လွင် ဗုဒ္ဓမြတ်ဘုရား၏

ဘုန်းတော်အစဉ် ဖူးမြော်သူတို့၏ ဉာဏ်၌ ထင်မြင်လာစေအောင် ဖွဲ့စီရေးသားထားသည် ဖြစ်ပါ၍ အရဆောင်လျက် မိမိတို့၏ဘဝကို ဘုန်းရောင်အဆင့်ဆင့် တက်အောင် ရှိခိုးအပ်လှပါတော့သည်။

ထူးချက်။ ။ဗုဒ္ဓ၏ ဂုဏ်တော်သည် ၉-ပါးဟု အသိများကြ၏။ "အရဟံအစ ဘဂဝါအဆုံး ဆယ်လုံးကုန်သော ဂုဏ်တော်ပုဒ်တို့ဖြင့်"ဟု အနက်ပေးထားတော်မူရာ တပါးပိုနေသော် ဒွိဟ ဖြစ်ခဲ့ရာ၏၊ ထိုဒွိဟကို ရှင်းလင်းတင်ပြရပါမူ အရှင်ဆရာတော်ဘုရားသည် ဗုဒ္ဓဂုဏ်တော် ၉-ပါးရှိသည့်အနက် ၆-နံပါတ် အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်ပုဒ်ကို "အနုတ္တရော" တပုဒ် " ပုရိသဒမ္မသာရထိ " တပုဒ် အသီးအခြားထုတ်၍ ဆယ်လုံး ဆယ်ပုဒ်ဟု ရေးသားတော်မူခဲ့ခြင်းပင် ဖြစ်ပါသည်။

အမှတ် (၂) ဓမ္မဘုန်းတော်၏ ဂုဏ်တော်ထူးမြတ်ပုံ ဗုဒ္ဓ၏ ခေတ်တော်ရွှေအိမ်၌ ရှစ်သောင်းလေးထောင်ကုန်သော ဓမ္မက္ခန္ဓာတို့ကို ဝေနေယျတို့၏ အလိုအားလျော်စွာ ဟောတော်မူလိုသောအခါ မဖင့်မနှေး ပြန့်မွှေးထုတ်ဖော် ဟောတော်မူနိုင်စွမ်းရှိသည့် ဓမ္မဘုန်းတော်မြတ် ဖြစ်ပေသည်။

အမှတ် (၃) သိရီဘုန်းတော် ဗုဒ္ဓ၏ ရူပကာယတော်၌ အမြဲတည်ရှိနေပေသည်၊ "သိရီ"ဟူသည် လက္ခဏာတော်ကြီး ၃၂-သွယ် လက္ခဏာတော်ငယ် ၈၀-တို့ပင် ဖြစ်ကြပါသည်။ ထိုလက္ခဏာတော်ကြီးငယ်တို့သည် ဘယ်လူဘယ်နတ် ဘယ်ဗြဟ္မာမှာမှ မရှိကြပေ၊ ဗုဒ္ဓရှင်တော်မြတ်မှာသာ ရှိနေကြပါသည်။

## သုဝဏ္ဏဝဏ္ဏလက္ခဏာတော် ထူးခြားချက် အမြွက်

ဗုဒ္ဓ၏ လက္ခဏာင်တော်ကြီး ၃၂-ပါးတို့တွင် အမှတ် ၁၁ သုဝဏ္ဏဝဏ္ဏလက္ခဏာတော်ကို အမြွက်မျှ တင်ပြပေအံ့၊ ဗုဒ္ဓ၏အဆင်းတော်သည် ဇမ္ဗူရာဇ် ရွှေအဆင်းကဲ့သို့ အဆင်းရှိတော်မူပါသည်။ ရွှေအမျိုးမျိုးတို့တွင် ဇမ္ဗူရာဇ်ရွှေသည် အပြစ်လုံးဝကင်းသကဲ့သို့ ဗုဒ္ဓ၏အဆင်းတော်သည်လည်း အပြစ်လုံးဝကင်းတော်မူလေသည်။ ဇမ္ဗူရာဇ်ရွှေ ဘော်ဘင်နာခဲ စသည် အညစ်အကြေးခတ် ရောစပ်ခြင်းကင်းသလို ဗုဒ္ဓ၏အဆင်းတော်၌ မသန့်

ရှင်းသော လောဘ ဒေါသ မောဟ အစရှိသော အညစ်အကြေးခတ်များ ကင်းဝေးကြလေသည်။ သို့အတွက် လူနတ် ဗြဟ္မာတို့၏ နှစ်သက်ကြည်ညို ခြင်းကို ခံယူနိုင်သော "သိရီ"ဘုန်းတော်နှင့် ပြည့်စုံရလေသည်။

လူ့ဘဝသည် ရနိုင်ခဲသော ဘဝပင် ဖြစ်၏၊ ဗုဒ္ဓကလည်း သည့်အတိုင်း မိန့်တော်မူ၏၊ ရနိုင်ခက်သော ဤလူ့ဘဝမှာ အဆင်းလက္ခဏာ ကြန်အင်္ဂါ နှင့် ပြည့်စုံခြင်း ဘုန်းတန်ခိုးကြီးမားခြင်းတို့နှင့် ပြည့်စုံသော်လည်း စကား ပြည့်ကြွယ် တင့်တယ်ဘို့ လိုပြန်ပါသည်။ မုန်းစေလိုလဲ သည်နှုတ်ပင်၊ ချစ်စေ လိုလဲ သည်နှုတ်ပင်၊ နှုတ်ကြမ်းလျှင် နားမချမ်းသာ၊ နှုတ်ချိုမှ နားချမ်းသာ ၏၊ နှုတ်ချိုမှ သျှိမြောက်၊ နှုတ်ကောက်လျှင် သျှိပျောက်ကွယ်ရပေလိမ့် မည်၊ အသံကြားလျှင် သနားမည်၊ အသံချိုလျှင် ကြည်ညိုမည်ပင်၊ ဗုဒ္ဓ၏ အသံတော်ချိုခြင်းကြောင့် နာကြားရသူ နတ်လူဗြဟ္မာ အပေါင်း အလွန့် အလွန် နှစ်ထောင်းဝမ်းသာ လောကီချမ်းသာ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ရရှိကြ၏၊ သို့အတွက် တောင်တွင်းဆရာတော် ခင်ကြီးပျော်အရှင်မြတ်က စကားပြော ကောင်းစေကြောင်း ရှိခိုးဆုတောင်းကို ကိုယ်တော်တိုင် ဆုတောင်း ရေးသားထားခဲ့သည်မှာ—

## စကားပြောကောင်းလိုကြောင်း ရှိခိုးဆုတောင်း

### ဂါထာ ပါဠ်အနက်

ဝါစာ ဝါစာ ဝိလာသဂ္ဂ၊ ဝါစာစိန္တေယျ သံယုတ္တံ။
ဝန္ဒေသာရ ဂုဏောပေတံ၊ တေနမှာတုလဝါစကော။

ဝါစာ ဝါစာ ဝိလာသဂ္ဂ ဝါစာ စိန္တေယျ သံယုတ္တံ၊ ပကတိသော စကား အလွန်တင့်တယ်သောစကား မကြံစည်နိုင်သောစကားနှင့် ကောင်းစွာ ယှဉ်တော်မူထသော။ သာရဂုဏောပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ် နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလ-ဝါစကော၊ အတုမရှိသော စကားနှင့် ပြည့်စုံသည်။ အမို၊ ဖြစ်ရပါလို၏။

## ပညာအလိမ္မာ ယှဉ်ထွားရန် မှာထားချက်

ဤလူ့ဘုံ၌ နေထိုင်ကြကုန်သော လူ့ရှင်ရဟန်းတို့သည် အသံသာယာမှု လေးနက်သော ဩဇာရှိမှု နာယူသူတို့၏ အသိဉာဏ်နား၌ အာရုံစွဲငြိမှု ရှိမှု စသည့် အသံကောင်း အင်္ဂါပြည့်စုံဘို့လိုပေသည်၊ ပင်ကိုယ်သံကောင်းဘို့ လိုလပေသည်၊ မပြုမပြင် ပင်ကိုယ်သံ ကောင်းဘို့လိုပေသည်။ ပင်ကိုယ်သံ ကောင်းသော်လည်း စကားသုံး အလုံးလုံ သုံးတတ်ဘို့ လိုပေသည်။ အနိမ့်အမြင့် လေယူ လေသိမ်း အချိုးကျဘို့ လိုပေသည်။ သူ့နေရာနှင့်သူ ဩဇာဂုဏ်မြောက်အောင် သုံးနှုန်းဘို့လည်း လိုလှပါသည်၊ ပါးနပ်လိမ္မာမှု လည်း လိုသည်၊ စာရေးသူ၏ ကျေးဇူးရှင်ဆရာတော်ဘုရားက (ပညာလည်း တတ်၊ အလိမ္မာရပ်၊ မပြတ်ယှဉ်တွဲစေ။)ဟု မိန့်ဘူး၏၊ ရှင်လူရဟန်းတို့တွင် ပညာလည်း တတ်ရမည်၊ လိမ္မာလည်း လိမ္မာရမည်။ သို့မှ ဘဝအဆင့် မြင့်မည်။

## ဗုဒ္ဓ၏ ဝိသဋ္ဌစသော အသံတော်အမြွက်မျှ ဖော်ပြချက်

လူသုံးပါးတို့၏ ထွတ်ထား မြတ်ဘုရား၏ စကားအလှ တရားဓမ္မ အသံတော်သည် ပကတိသောစကား, အလွန်တင့်တယ်သောစကား, (မဟာပညာမွန် လူရည်ချွန်တို့သည်ရင်း နတ်ပြဟ္မာ ဉာဏ်ရည်ချွန်တို့သည်ရင်း) ကြံစည်အံ့ဩ ပြောဟော၍ မကုန်နိုင်သော စကားတော်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ဝါစာအစိန္တေယျဂုဏ်နှင့် ပြည့်စုံပါပေသည်၊ ဗုဒ္ဓ၏ တရားတော်မြတ်သည် အနှစ်သာရ ရှိကြီးရှိလှ၏၊ ထိုသို့ရှိသော တရားတော်မြတ်ကို အင်္ဂါရှစ်ပါးနှင့် ပြည့်စုံတော်မူသော အသံတော်မြတ်ဖြင့် တန်ဆာဆင်လျက် ဟောတော်မူပါသည်။

ဗုဒ္ဓ၏အသံတော်သည်—

(၁) ထွေးရှုပ်ငြိတွယ်သောအသံမျိုး ဘယ်သောအခါမှ မပေါ်လာပေ၊ အထွေးအရှုပ် လွတ်ကင်းသန့်ရှင်းသော အသံတော်သာ အမြဲရှိနေတော်မူပါပေသည်။

(၂) နားဝင်ချိုမြိန့် နှစ်သိမ့်မဆုံး သာယာမဆုံးနိုင်သော အသံတော် ရှိနေပါပေသည်။

(၃) တရားတော် စကားတော်ကို ဟောမြွက်ဖွင့်လှစ်တော်မူတိုင်း မထင်ရှား မကွဲပြားသော အသံမျိုးမပါ အလွန့်အလွန် ထင်ရှားလှစွာ သိသာခြားနားသော အသံတော်မြတ်လည်း အမြဲရှိနေပါပေသည်။

(၄) ဗုဒ္ဓ၏တရားတော်သံကို ကြားနာရသူ နတ်လူပြဟ္မာ အပေါင်းတို့၏ အာရုံမှာ စွဲငြိပြီး ပီတိပြည့်လျှမ်း နှစ်သိမ့်မခန်းသော အသံတော် ရှိနေပါပေသည်။

(၅) ဗုဒ္ဓ၏တရားတော်သံသည် တရားနာယူသူ ပရိသတ်၏ အပသို့ မထွက်ပါဘဲ တည်ရှိနေသော အသံတော် ဖြစ်ပါပေသည်။

(၆) ဗုဒ္ဓ၏အသံတော်သည် နက်နဲလှ၏၊ လျှပ်ပေါ်သော အသံမျိုးမရှိဘဲ ငုပ်ပျောက်ကွယ်သွားသော အသံမျိုးမရှိ၊ မလှုပ်မလဲ နက်နဲသော အသံတော်နှင့် အစဉ်ထာဝရ ရှိနေပါပေသည်။

(၇) ဗုဒ္ဓ၏အသံတော်သည် ပျိုကွဲပျက်စီး တိမ်ငုပ်ပျောက်ကွယ်သွားခြင်းမရှိ၊ မပြိုမကွဲ တခဲနက်ပင် ပေါ်လွင်တည်တံ့နေသော အသံတော်ရှိနေပါပေသည်။

(၈) ဗုဒ္ဓ၏အသံတော်သည် ပွဲတင်သံကဲ့သို့ အသံတော်တပိုဒ်နှင့် တပိုဒ်အကြား မရှိ၊ ဆက်စပ်သော ရှက်စပ်ထင်ထင် ပွဲတင်ထပ်သော အသံတော်ရှိနေပါပေသည်။

ဤအသံတော်ရှစ်ပါးနှင့် စပ်၍ အရကျက်မှတ် ရှိခိုးရန် လျော်ကန်သင့်မြတ်လှသော အုတ်ဖိုရ်ဆရာတော်ဘုရား၏ သံတော်ရှစ်စုံ ဘုရားရှိခိုးကို ထည့်သွင်း၍ ပြအပ်ပါသည်၊ ဤ သံတော်ရှစ်ပါး ဘုရားရှိခိုးဂါထာအနက်သည် ရသာလေးနက် နှစ်သက်စရာဖြစ်၍ ရဟန်း ရှင် လူ အလွယ်တကူ ကျက်မှတ်ရှိခိုးနိုင်ကြစေရန် ထည့်သွင်း ဖော်ပြရခြင်းပင် ဖြစ်ပါသည်။ အကျယ်ကို ရတနာပီတိ အကျယ် ပေါ်ထွက်လာသောအခါ ရှုကြပါကုန်။

**မှတ်ချက်။** ။ဤနေရာ၌ ရှက်စပ်ထင်ထင် ဟူသည် ပံ့တင်ထပ်သော အသံပမာ ဗုဒ္ဓမြတ်စွာ၏ အသံတော် ထွက်ပေါ်လာသောအခါ ပဌမ ထွက်ပေါ်သောအသံနှင့် ဒုတိယထွက်ပေါ်သော အသံတော်တို့သည် ပံ့တင်သံပမာ အကြားမရှိ၊ အပြတ်မရှိ၊ အဖြတ်မရှိ ဆက်စပ်၍ ထွက်ပေါ်လာသော အသံတော်ဖြစ်သည်ဟု ဆိုလိုပါသည်။

## အသံတော် ၈-ပါး ဘုရားရှိခိုး

ဝိသဋ္ဌံ မဉ္ဇုံ ဝိညေယျံ၊ သဝနီယာဝိသာရဏာ။
ဂမ္ဘီရော ဗိန္ဒု နိန္နာဒေါ၊ အဋ္ဌင်္ဂိကံ သရံ နမေ။

ဝိသဋ္ဌံ၊ ထွေးရှုပ်လွတ်ကင်း သန့်ရှင်းသောအသံတော်ရှင်း။ မဉ္ဇုံ၊ ချိုမြိန်လှစွာ သာယာသောအသံတော်ရှင်း။ ဝိညေယျံ၊ ထင်ရှားလှစွာ သိသာခြားနားသော အသံတော်ရှင်း။ သဝနီယာ၊ အာရုံစွဲငြိ နာချင်ဘွယ်ရှိသော အသံတော်ရှင်း။ အဝိသာရဏာ၊ ပရိသတ်မှ အပသို့ မထွက်သော အသံတော်ရှင်း။ ဂမ္ဘီရော၊ မလှုပ်မလဲ နက်နဲသော အသံတော်ရှင်း။ ဗိန္ဒု၊ မပြိုမကွဲ တခဲနက်သော အသံတော်ရှင်း။ နိန္နာဒေါ၊ ရှက်စပ်ထင်ထင် ပံ့တင်ထပ်သော အသံတော်ရှင်း။ ဣတိ ဧဝံ၊ ဤသို့။ အဋ္ဌင်္ဂိကံ သရံ၊ အင်္ဂါရှစ်စုံ သံတော်ဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ နမာမိ၊ ရှိသေမြတ်နိုး ရှိခိုးပါ၏။

## ဗုဒ္ဓ၏ သဗ္ဗညုတ ရွှေဉာဏ်တော်

ဗုဒ္ဓ၏ဉာဏ်တော်သည် ပကတိသောဉာဏ်တော် အလွန်တင့်တယ်သော ဉာဏ်တော် ကြံစည်အံ့ဩ ပြောဟော၍ မကုန်နိုင်သော ဉာဏ်တော်ပင် ဖြစ်၏၊ ထိုဉာဏ်တော်မြတ်နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓကို ရှိခိုး၍ ဉာဏ်ပညာ ကောင်းဘို့ ဆုတောင်းကြရန် တောင်တွင်းဆရာတော် ခင်ကြီးပျော် ပုဂ္ဂိုလ်ကျော်က ယခုလို ဆုတောင်း ရှိခိုးရန် ရေးသားတော်မူခဲ့၏၊ ကိုယ်တော်တိုင်လည်း အမြဲရှိခိုး ဆုတောင်းတော်မူသည်။

## ဉာဏအစိန္တေယျ ရှိခိုးဂါထာအနက်

ဉာဏဉာဏဝိလာသဂ္ဂ၊ ဉာဏာစိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရဂုဏောပေတံ၊ တေနမှာတုလဉာဏဝါ။

ဉာဏဉာဏဝိလာသဂ္ဂ ဉာဏာစိန္တေယျသံယုတ္တံ၊ ပကတိသောဉာဏ် အလွန်တင့်တယ်သောဉာဏ် မကြံစည်နိုင်သော ဉာဏ်နှင့် ကောင်းစွာ ယှဉ်တော်မူထသော။ သာရဂုဏောပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလဉာဏဝါ၊ အတုမရှိသော ဉာဏ်နှင့်ပြည့်စုံသည်။ အမှိ၊ ဖြစ်ရပါလို၏။

ဤရှိခိုးဂါထာအနက်ကို ယခုခေတ်လူရည်ချွန် ဉာဏ်ရည်မွန် ဖြစ်လိုကြသူ ကျောင်းသူကျောင်းသားများ အရကျက်မှတ်၍ အမြဲရှိခိုး ဆုတောင်းကြရန် ညွှန်ပြအပ်ပေသည်။ ဤဉာဏအစိန္တေယျရှိခိုးဆုတောင်းဂါထာကို ရေးသားတော်မူသော တောင်တွင်းဆရာတော်သည် ခေတ်သစ် ကျောင်းသူကျောင်းသားများအတွက် ရည်ရွယ်၍ ရေးသားခဲ့သည်ဟု ပင် ထင်မိစရာဖြစ်တော့၏။

### အတုလတိက္ခစသော ဉာဏ်တော်နှင့် ပြည့်စုံပုံ

ဗုဒ္ဓ၏ဉာဏ်တော်သည် အတုမရှိ ထက်မြက်တော်မူ၏၊ သို့ဖြစ်ပါ၍ အတုလတိက္ခဉာဏဂုဏ်နှင့် ပြည့်စုံတော်မူပါပေသည်။ အတုမရှိ လျင်မြန်တော်မူ၏၊ သို့ဖြစ်ပါ၍ "အတုလဇဝနဉာဏ"ဂုဏ်နှင့် ပြည့်စုံတော်မူပါပေသည်။ အတုမရှိ နက်နဲတော်မူ၏၊ သို့ဖြစ်ပါ၍ "အတုလဂမ္ဘီရဉာဏ"ဂုဏ်နှင့် ပြည့်စုံတော်မူပါပေသည်။ အတုမရှိ သိမ်မွေ့တော်မူ၏၊ သို့ဖြစ်ပါ၍ "အတုလနိပုဏဉာဏ"ဂုဏ်နှင့် ပြည့်စုံတော်မူပါပေသည်။ လွန်ပြီး အတိတ်ဘဝပေါင်းများစွာက မိမိ၏ဇာတိဖြစ်စဉ်ကို အတုမရှိ သိမြင်တော်မူ၏၊ သို့ဖြစ်ပါ၍ "အတုလဇာတိဿရဉာဏ" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေသည်၊ ထို့အပြင်—

ဗုဒ္ဓသည် ၃သုံးပါးကုန်သော ဝိဇ္ဇာ ဉာဏ်တို့နှင့် ပြည့်စုံတော်မူပါပေသည်။
(၁) ရှေးရှေးလွန်ပြီးဘဝ ဖြစ်ခဲ့သမျှ ခန္ဓာအစဉ်ကို သိမြင်တော်မူနိုင်သော

ပုဗ္ဗေနိဝါသဉာဏ်တော်ရှိခြင်း၊ (၂) နံရံ တံတိုင်း တော တောင် အထပ်ထပ် ဝန်းရံပတ်၍ ကာဆီးထားသည်ကိုပင် ဖောက်ထွင်း၍ ရူပါရုံစသည်ကို မြင်တော်မူနိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်နှင့် ပြည့်စုံတော်မူခြင်း၊ (၃) ကာမာသဝ စသော အာသဝရန်ကြီးလေးပါးတို့ကို အကြွင်းအကျန်မရှိ ဖယ်ရှားတော်မူနိုင်သော အာသဝက္ခယ ဉာဏ်တော်ရှိခြင်း၊ ဤဝိဇ္ဇာဉာဏ်သုံးပါး[1] နှင့်လည်း ပြည့်စုံတော်မူပါပေသည်။ ဤကိုရည်၍ ရှေးပညာရှိကြီးများသည် ကျမ်းပြုပြီးသောအဆုံး၌ 'ပုဒိအာနှင့် ပြည့်စုံရပါလို၏' ဟု ဆုပန်တော်မူကြလေသည်။

ထို့အပြင် ဗုဒ္ဓ၌ ဝိဇ္ဇာ ၈-ပါး[2] နှင့် ပြည့်စုံသောဉာဏ်၊ စရဏ ၁၅-ပါး[3] နှင့် ပြည့်စုံသော ဉာဏ်တော်၊ စတုဝေသာရဇ္ဇ ဉာဏ်တော်၊ ဆအသာဓာရဏ ဉာဏ်တော်၊ ဒသဗလဉာဏ်တော်မြတ်များလည်း အမြဲတည်ရှိ ကိန်းဝပ်စံပယ်နေကြပြန်ပါသေးသည်။

သို့ဖြစ်ပါ၍ ပကတိသော ဉာဏ်တော် အလွန်တင့်တယ်သောဉာဏ်တော် လူ နတ် ဗြဟ္မာတို့ မကြံစည်နိုင်သော ဉာဏ်တော်နှင့် ပြည့်စုံတော်မူရပြန်ပါသည်။

ဤကဲ့သို့ ထူးမြတ်တင့်တယ် ဂုဏ်ပေါင်းပြည့်ကြွယ်တော်မူသော ဗုဒ္ဓ၏ ဉာဏ်တော်မြတ်ကို ရှိခိုးဆုတောင်းတော်မူသော တောင်တွင်းဆရာတော် ခင်ကြီးပျော်အရှင်မြတ်သည် ဉာဏအစ်န္တေယျ ရှိခိုးဆုတောင်းကို သုတဝန္ဒနာဘုရားရှိခိုး၌ ရေးသား ထားရှိခဲ့လေသည်၊ ပညာတတ် ဖြစ်လိုသူ

---

၁။ ဝိဇ္ဇာ ၃ ပါး=ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်။

၂။ ဝိဇ္ဇာ ၈ ပါး=ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, ပရစိတ္တဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်။

၃။ စရဏ ၁၅ ပါး=ရူပါဝစရ စတုက္ကစျာန်လေးပါး, သီလသံဝရတပါး, ဣန္ဒြိယဂုတ္တတပါး, ဘောဇနေမတ္တညုတပါး, ဇာဂရိယာနုယောဂတပါး, သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ။

ကျောင်းသူ ကျောင်းသား ဖြစ်လိုသူတိုင်း အရကျက်၍ အမြဲရှိခိုးကြရန် ထုတ်နုတ် ထည့်သွင်း လိုက်ပါသည်၊ ထို့ပြင် အုတ်ဖိုရ် ဆရာတော်ဘုရား ရေးသားတော်မူသော ဝိဇ္ဇာစရဏဘုရားရှိခိုး ပါဠိအနက်ကိုလည်း ဖော်ပြ လိုက်ပါသည်။

## ဝိဇ္ဇာစရဏ ဘုရားရှိခိုး ဂါထာအနက်

ဝိဇ္ဇာဟုပေတသမ္ဗုဒ္ဓံ၊ စရဏေဟိပိ အဋ္ဌဟိ။
တီဟိ သဗ္ဗကာလမဟံ၊ ပန္နရသဟိ ဝါ နမေ။

တီဟိ ဝိဇ္ဇာဟိ ဝါ၊ ရှေးလွန်ဘဝ ဖြစ်သမျှ ခန္ဓာအစဉ်ကို သိမြင်နိုင်ခြင်း တည်းဟူသော ပုဗ္ဗေနိဝါသဉာဏ်, နံရံတဘက် ကွယ်ဝှက်တားဆီး ဝေးနီး သော ရူပါရုံအရှိကို သိမြင်နိုင်ခြင်းတည်းဟူသော ဒိဗ္ဗစက္ခုဉာဏ်, အာသ- ဝေါမှန် ရန်လေးပါးကို ပယ်ရှားနိုင်ခြင်းတည်းဟူသော အာသဝက္ခယဉာဏ် အားဖြင့် သုံးပါးကုန်သော ဝိဇ္ဇာတရားတို့နှင့်ငြင်း။ အဋ္ဌဟိ ဝိဇ္ဇာဟိ ဝါ၊ နဂါး ဂဠုန် ကုမ္ဘာန် ဂန္ဓဗ္ဗ စသည်တရိုး အမျိုးမျိုးသမုတ် နာနာရုပ် သဏ္ဌာန်ကို ဖန်ဆင်းနိုင်ခြင်း တည်းဟူသော ဣဒ္ဓိဝိဓဉာဏ်, ပသာဒနား အားဖြင့် မကြားမတွေ့ သိမ်မွေ့သေးငယ်သော သဒ္ဒါရုံအပြားကို သိကြား နိုင်ခြင်းတည်းဟူသော ဒိဗ္ဗသောတဉာဏ်, သုံးတန်ဘုံသူ နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ မူရာအသွင် စိတ်ဖြစ်အင်ကို သိမြင်နိုင်ခြင်း တည်းဟူသော ပရစိတ္တဝိဇာနနဉာဏ်, လက္ခဏာအမှန် ပုဒ်သုံးတန်ကို ယှုကြံ တွေ့ကြုံ အာရုံမြဲ ရှိသော ဝိပဿနာဉာဏ်, ကိုယ်သန္တာန်စု တခုအတွင်း၌ ကိုယ်တခု ကိုသွင်း၍ ဖန်းဆင်းနိုင်သော မနောမယိဒ္ဓိဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗ စက္ခုဉာဏ်, အာသဝက္ခယဉာဏ်အားဖြင့် ရှစ်ပါးကုန်သော ဝိဇ္ဇာတရားတို့ နှင့်ငြင်း။ ပန္နရသဟိ စရဏေဟိပိ ဝါ၊ ရူပါဝစရ စတုက္ကစျာန်လေးပါး, သီလသံဝရတပါး, ဣန္ဒြိယဂုတ္တတပါး, ဘောဇနေမတ္တညုတပါး, ဇာဂရိယာနု- ယောဂတပါး, သဒ္ဓါသီလအစ ဟိရီ ဩတ္တပ္ပအဆုံးရှိသော သဒ္ဓမ္မတရား

ခုနစ်ပါးအားဖြင့် တဆယ့်ငါးပါးကုန်သော စရဏတရားတို့နှင့်၎င်း။ ဥပေတံ၊ မချိုကုံလုံ ပြည့်စုံတော်မူသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ အဟံ၊ အကျွန်ုပ်သည်။ နမေ နမာမိ၊ ရှိသေမြတ်နိုးရှိခိုးပါ၏။

ဤဘုရားရှိခိုးဆုတောင်းများကိုဤအခဏ်း၌ ထည့်သွင်းဖော်ပြရခြင်းမှာ ခေတ်ပညာသင် လူရည်ချွန် ဉာဏ်ရည်ချွန် ဖြစ်လိုသူ ကမ္ဘာ့သားကောင်း သမီးကောင်း ရတနာများအတွက် ဖြစ်ပါသည်။ (ထို့အပြင် အုတ်ဖိုရဲ့ ဆရာတော်ဘုရား ရေးသားတော်မူသော ဂုဏ်တော်ဖွင့်ဘုရားရှိခိုးတွင် စတုဝေသာရဇ္ဇ ၄-ပါးရှိခိုး၊ ဆအသာဓာရဏ ဉာဏ်တော် ၆-ပါးရှိခိုး၊ ဒသဗလဉာဏ်တော် ၁၀-ပါး ရှိခိုး ဂါထာများကိုလည်း အလွယ်တကူ ရယူ ကျက်မှတ် ရှိခိုးနိုင်စေရန် ထည့်သွင်းဖော်ပြအပ်ပါသည်။

## စတုဝေသာရဇ္ဇဉာဏ်တော် ၄-ပါး ရှိခိုး

လဒ္ဓါနုဘူ နမေ ဗုဒ္ဓံ၊ သဗ္ဗဉ္ဇေ ယျေ ခီဏာသဝေ။
နိယျာနိကန္တရာယေ စ၊ ဝေသာရဇ္ဇေတိ ကေဟိစိ။

ယော ဘဂဝါ၊အကြင်မြတ်စွာဘုရားသည်။သဗ္ဗဉ္ဇေ ယျေ စ၊သင်္ခါရ ဝိကာ-ရ လက္ခဏ နိဗ္ဗာန် ပညတ်အားဖြင့် ငါးပါးအမှန် ဉေ ယျဓံကို ဖောက်ပြန်မယွင်း သိမြင်တော်မူခြင်း၌၎င်း။ ခီဏာသဝေ စ၊ အာသဝေါတရား လေးပါးတို့ကို ပယ်ရှားတော်မူခြင်း၌၎င်း။ နိယျာနိကေ စ၊ နိယျာနိကဓမ္မကို ဟောတော်မူခြင်း၌၎င်း။ အန္တရာယေ စ၊ အန္တရာယိကဓမ္မကို ဟောပြတော်မူခြင်း၌ ၎င်း။ ကေဟိစိ၊ တစုံတယောက်ကုန်သော လူပညာရှိ နတ်ပညာရှိ ဗြဟ္မာ ပညာရှိ ကဝိပဏ္ဍိတ် ပရေဟိတ်အပေါင်းတို့သည်။ အနဘူ အနဘိဘူတံ၊ ဒေါသဂရဟာ စောဒနာဖြင့် ပြစ်ရှာနှိပ်နင်း စွပ်စွဲခြင်းငှါ မတတ်ရသော။ ဝေသာရဇ္ဇံ၊ ပရိသတ်ရှစ်ဖြာ ဗိုလ်ပါများစွာအလယ်၌ တင့်တယ်လှစွာ ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ရွှံ့ရှာ့ လွတ်ကင်း ရဲရင့်ခြင်းတည်းဟူသော စတုဝေသာရဇ္ဇဉာဏ်တော်ကိုလည်း။ လဒ္ဓါ လဒ္ဓံ၊ ရတော်မူပြီ။ ဣတိ ဧတံ တာဒိသံ၊ ထိုသို့ သဘောရှိတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ နမာမိ၊ ရှိသေမြတ်နိုး ရှိခိုးပါ၏။

## သဗ္ဗညုတဉာဏ်တော် ၆-ပါး ရှိခိုး

ဣန္ဒြိယာနုသယဉ္စေဝ၊ ယမကဉ္စ ဒယာဒယံ။
သဗ္ဗညုတာနာဝရဏံ၊ သဒါ ဗုဒ္ဓံ အဟံ နမေ။

ဣန္ဒြိယဉ္စ၊ လူနတ်ပြဟ္မာ သတ္တဝါတို့၏ ဣန္ဒြေနုရင့်ကို မြော်လင့်မကင်း သိမြင်ခြင်းတည်းဟူသော ဣန္ဒြိယပရောပရိယတ္တဉာဏ် ရှိတော်မူထသော။ အနုသယဉ္စေဝ၊ လူနတ်ပြဟ္မာ သတ္တဝါတို့၏ အလိုစရိုက်ကို ထိုက်သည်အား လျော်စွာ သိမြင်တော်မူခြင်းတည်းဟူသော အာသယာနုသယဉာဏ်တော် ရှိတော်မူထသော၊ ယမကဉ္စ၊ ရေအစုံ မီးအစုံ အစရှိကုန်သော တန်ခိုးပြာဋိဟာတို့ကို ဖြစ်စေတတ်သော ယမကပါဋိဟာရိယ ဉာဏ်တော်ရှိတော်မူထသော။ ဒယာဒယဉ္စ၊ ပစ္စေကဗုဒ္ဓါ, သာဝကတို့နှင့် မတန် မဆက်ဆံသော မဟာကရုဏာ သမာပတ် ဉာဏ်တော်မြတ် ရှိတော်မူထသော။ သဗ္ဗညုတဉ္စ၊ သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်အားဖြင့် ဉေယျဓံတရား ငါးပါးတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူခြင်းတည်းဟူသော သဗ္ဗညုတဉာဏ် ရှိတော်မူထသော။ အနာဝရဏဉ္စ၊ အပိတ်အပင်မရှိ သိမြင်တော်မူခြင်း တည်းဟူသော အနာဝရဏဉာဏ်ရှိတော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သဒါ၊ အခါခပ်သိမ်း။ အဟံ၊ အကျွန်ုပ်သည်။ နမေ နမာမိ၊ ရိုသေမြတ်နိုး ရှိခိုးပါ၏။

## ဒသဗလဉာဏ်တော် ၁၀-ပါး ရှိခိုး

ဌာနာဌာနေ ခယေ ဝဏ္ဏေ၊ ကမ္မေ ဓာတုဓိမုတ္တျညံ။
တိကမ္မေ ခန္ဓေ ရာဟံ ဗုဒ္ဓံ၊ ဝေါဒါနေသု စုတိပ္ပါကေ။

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဌာနာဌာနေ၊ အကြောင်း ဟုတ်သည် မဟုတ်သည်၌။ အညံ ဉာဏဗလံ၊ မဘောက်မပြန် ကေန် မယွင်း သိမြင်တော်မူခြင်း တည်းဟူသော ဌာနာဌာန ဉာဏ်တော်အား ကိုလည်း။ ရာ-ရန္တော၊ ရတော်မူပြီ။ ခယေ ခယမာရေ၊ ကိလေသာမာရ် ဘေးရန်ခပင်း ကုန်ခန်းခြင်း၌။ အညံ ဉာဏဗလံ၊ မဘောက်မပြန် ကေန် မယွင်း သိမြင်တော်မူခြင်း တည်းဟူသော ကိလေသာခယဉာဏ်တော် အားကိုလည်း။ ရာ-ရန္တော၊ ရတော်မူပြီ။ ကမ္မေ ကမ္မပရိစ္ဆေဒေ၊ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးတို့ကို ပိုင်းခြားဝေဘန်ခြင်း၌။ အညံ ဉာဏဗလံ၊

မဘောက်မပြန် ကေန်မယွင်း သိမြင်တော်မူခြင်း တည်းဟူသော ကမ္မပရိစ္ဆေဒ ဉာဏ်တော်အားကိုလည်း။ ရာ-ရန္တော၊ ရတော်မူပြီ။ ဓာတုနာနာဓာတုကာရဏော၊ စက္ခုဓာတ်, သောတဓာတ် အစရှိကုန်သော ဓာတ်အပေါင်းတို့၏ အထူးထူး အပြားပြားသော အကြောင်း၌။ အညံ ဉာဏဗလံ၊ မဘောက်မပြန် ကေန်မယွင်း သိမြင်တော်မူခြင်း တည်းဟူသော နာနာဓာတ် ဉာဏ်တော်အားကိုလည်း။ ရာ-ရန္တော၊ ရတော်မူပြီ။ အဓိမုတ္တံ၊နတ်လူဗြဟ္မာ သတ္တဝါတို့၏ လိုရာစွဲငြိ ရှိသမျှအဓိမုတ္တိ၌။ အညံ ဉာဏဗလံ၊ မဘောက်မပြန် ကေန်မယွင်း သိမြင်တော်မူခြင်း တည်းဟူသော အဓိမုတ္တိ ဉာဏ်တော်အားကိုလည်း။ ရာ-ရန္တော၊ ရတော်မူပြီ။ တိက္ခတိက္ခမုဒုဘာဝေ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဣန္ဒြေနုရင့်သော အဖြစ်၌။ အညံ ဉာဏဗလံ၊ မဘောက်မပြန် ကေန်မယွင်း သိမြင်တော်မူခြင်းတည်းဟူသော ဣန္ဒြိယပရောပရိယတ္တဉာဏ်တော် အားကိုလည်း။ ရာ-ရန္တော၊ ရတော်မူပြီ။ ခန္ဓေ ခန္ဓသန္တတိယံ၊ ရှေးရှေးကုန်သော ဘဝတို့၌ ဖြစ်ကြကုန်သော သတ္တဝါတို့၏ ခန္ဓာအစဉ်၌။ အညံ ဉာဏဗလံ၊ မဘောက်မပြန် ကေန်မယွင်း သိမြင်တော်မူခြင်းတည်းဟူ သော ခန္ဓာသန္တတိ ဉာဏ်တော်အားကိုလည်း။ ရာ-ရန္တော၊ ရတော်မူပြီ။ ဝေါဒါနေသု၊ ဈာန်ဝိမောက္ခတရားအပေါင်းတို့၏ ညစ်နွမ်းကြောင်း သံကိလေသ, ဖြူစင်ကြောင်း ဝေါဒါန, သမာပတ်မှ ထမြောက်ကြောင်း ဝုဋ္ဌာနတို့၌။ အညံ ဉာဏဗလံ၊ မဘောက်မပြန် ကေန်မယွင်း သိမြင်တော်မူခြင်း တည်းဟူသော ဝေါဒါနာဒိဉာဏ်တော်အားကိုလည်း။ ရာ-ရန္တော၊ ရတော်မူပြီ။ စုတုပပါတေ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ စုတိပဋိသန္ဓေ နှစ်ပါး၌။ အညံ ဉာဏဗလံ၊ မဘောက်မပြန် ကေန်မယွင်း သိမြင်တော်မူခြင်းတည်းဟူသော စုတုပပါတ ဉာဏ်တော်အားကိုလည်း။ ရာ-ရန္တော၊ ရတော်မူပြီ။ ပါကေ ကမ္မဝိပါကန္တေ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကုသိုလ်ကံ အကုသိုလ်ကံ အကျိုးနှစ်ပါးကို ပိုင်းခြားခြင်း၌။ အညံ ဉာဏဗလံ၊ မဘောက်မပြန် ကေန်မယွင်း သိမြင်တော်မူခြင်းတည်းဟူသော ကမ္မဝိပါကန္တရဉာဏ်တော်အားကိုလည်း။ ရာ-ရန္တော၊ ရတော်မူပြီ။ ဒသဗလဉာဏုပေတံ၊ ထို ဉာဏ်တော်အား ဆယ်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရိုသေမြတ်နိုး ရှိခိုးပါ၏။

## အံ့ဘွယ် ၁၈-ပါး

ထို့အပြင် ဗုဒ္ဓသည် တဆယ့်ရှစ်ပါးကုန်သော အံ့ဘွယ်တို့နှင့်လည်း ပြည့်စုံတော်မူပါပေသည်၊ ဤအံ့ဘွယ်တဆယ့်ရှစ်ပါးသည် ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှာမှ မရှိနိုင်သော အံ့ဘွယ်များ ဖြစ်လေသည်၊ လူနတ်ဗြဟ္မာ ပညာရှိတို့သည် ရင်သပ်ရှုမော အံ့ဩ၍ မကုန်နိုင်သော အံ့ဘွယ်များပင် ဖြစ်ပေသည်၊ (ရောင်ခြည်ခြောက်သွယ်၊ ဘဝဂ်ကယ်၊ အံ့ဘွယ် ဆယ့်ရှစ်ဖြာ။)ဟူ၍ ကဝိလက္ခဏာသတ်ပုံကျမ်း၌ဆိုသည့် ရောင်ခြည်ခြောက်ပါး အံ့ဘွယ်ဆယ့်ရှစ်ပါးတို့ကို သိသင့်ပေသည်။

### အံ့ဘွယ် ၁၈-ပါး အစီပွါယ်

(၁) ဗုဒ္ဓ၏ရွှေကိုယ်တော်မြတ်၌ အမြဲဝတ်ရုံတော်မူသော သင်္ကန်းတော်၏ ညစ်နွမ်းခြင်းမရှိ၊ ပကတိစင်ကြယ်သန့်ရှင်းတော်မူခြင်း တည်းဟူသော အံ့ဘွယ်တပါး။

(၂) လေးဆယ့်ငါးဝါ ရှည်ကြာစွာသော နှစ်လရက်တို့ကာလပတ်လုံး နိဗ္ဗာန်သို့ ကြွမြန်းသည့်တိုင်အောင် အနော်မာသောင်ယံဦး၌ လက်နှစ်သစ်ခန့်ဖြတ်သန့်တော်မူခြင်း ဆံတော်ကြွင်းနဂိုရှည်တိုးမရှိခြင်းတည်း ဟူသော အံ့ဘွယ်တပါး။

(၃) သင်္ကန်းတော်အစုံကို ဝတ်ရုံတင့်တယ် စံပယ်တော်မူသည် ရှိသော် ရွှေကိုယ်တော်မှ လက်လေးသစ်ခန့် ခြားသန့်တော်မူခြင်း တည်းဟူသော အံ့ဘွယ်တပါး။

(၄) လက်တော်နှင့် သပိတ်တော်နှစ်ပါးကို ဆွမ်းဘုဉ်းပေးပြီးသည်ရှိသော် ပိုင်းခြားပြုပြင် သုတ်သင်ဆေးကြောသည်ရှိသော် လက်တော်ကို ရည်သန်၍ ဆေးကြောသုတ်သင်ပါက သပိတ်တော်ပါ စင်ကြယ်သန့်ရှင်းခြင်း, သပိတ်တော်ကို ရည်သန်၍ ဆေးကြောသုတ်သင်ပါက လက်တော်ပါ စင်ကြယ်သန့်ရှင်းခြင်း တည်းဟူသော အံ့ဘွယ်တပါး။

(၅) မုံညင်းစေ့ပမာ သေးငယ်လှစွာသော ကြုတ်တွင်းသို့ ဝင်ဆင်း စံပယ် တင့်တယ်တော်မူနိုင်ခြင်း တည်းဟူသော အံ့ဘွယ်တပါး။

(၆) ရောင်ခြည်တော်ခြောက်ပါးကို အရပ်ဆယ်မျက်နှာ အားလုံး၌ အဆုံးတိုင် ဖုံးအုပ်စေနိုင်ခြင်း တည်းဟူသော အံ့ဘွယ်တပါး။

(၇) လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကြိုက် စရိုက်နှင့်လျော်ညီစွာ နာနာ ရုပ်ထူးဆန်း အခန်းခန်းကို သိန်းသန်းမက ဖန်ဆင်း၍ ပြနိုင်ခြင်း တည်းဟူသော အံ့ဘွယ်တပါး။

(၈) ဇာတိခေတ် အာဏာခေတ် ဝိသယခေတ်အတွင်း၌ အလင်းရောင် တခါ အမိုက်မှောင်တလှည့် ဖြစ်စေနိုင်ခြင်း တည်းဟူသော အံ့ဘွယ်တပါး။

(၉) ရွှေကိုယ်တော် ရူပကာယကို အလိုတော်ရှိတိုင်း ရပ်ဆိုင်းမသွေ ကြီးစေတော်မူနိုင်ခြင်း တည်းဟူသော အံ့ဘွယ်တပါး။

(၁၀) တသောင်းတိုက် စကြဝဠာအားလုံး စုရုံးများစွာ တရားနာသူ နတ်လူအပေါင်းတို့အား တရားတော်သံကို ဟုတ်မှန်ထင်ရှား ကြားစေနိုင်ခြင်း တည်းဟူသော အံ့ဘွယ်တပါး။

(၁၁) လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အလိုဆန္ဒရှိရာတို့ကို တပ်အပ် ကေန် ရွှေဉာဏ်တော်ဖြင့် သိမြင်တော်မူခြင်းတည်းဟူသော အံ့ဘွယ်တပါး။

(၁၂) ဝေနေယျများနှံစွာ သတ္တဝါတို့အား သားတော်ရာဟုလာကဲ့သို့ သနားခြင်းကြောင့် သမာပတ်ဝင်စားတော်မူခြင်း တည်းဟူသော မဟာကရုဏာသမာပတ် ဉာဏ်တော်မြတ်ဟု ဆိုအပ်သော အံ့ဘွယ် တပါး။

(၁၃) ဝေနေယျကြွာ များစွာကုန်သော သတ္တဝါတို့၏ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်နိုင်ခြင်းကို အမှန် သိ တော်မူခြင်းတည်းဟူသော အံ့ဘွယ်တပါး။

(၁၄-၁၈) သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ် တည်းဟူသော ဥေယျမ်တရား ငါးပါးတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူခြင်း တည်းဟူသော အံ့ဘွယ်ငါးပါး၊ ဤသည်ကား ရှေးအံ့ဘွယ် တဆယ့်ရှစ်ပါးတည်း၊ ဤ အံ့ဘွယ်တဆယ့်ရှစ်ပါးကို အုတ်ဖိုရ် ဆရာတော်ဘုရား ရေးသားတော်မူသော ဂုဏ်တော်ဖွင့်ဘုရား ရှိခိုး၌ ထင်ရှားရှိပါသည်။

နောက်တနည်း အံ့ဘွယ်တဆယ့်ရှစ်ပါးအဖြစ် ပရိတ်ကြီးဋီကာ, ဇိနာ လင်္ကာရဋီကာ စသည်တို့၌ လာရှိ၏၊ တဆယ့်ရှစ်ပါး၏ အရေအတွက် များမှာ—

## တနည်း-အံ့ဘွယ် ၁၈-ပါး

(၁) အတိတ်ကိုပြန်၍ တွေးဆတော်မူသော ဉာဏ်တော်၌ အပိတ် အပင်မရှိခြင်းတပါး။

(၂) အနာဂတ်ကို ရှုမြှော်ဆင်ခြင်၍ ကြည့်သောဉာဏ်တော်၌ အပိတ် အပင်မရှိခြင်းတပါး။

(၃) ပစ္စုပ္ပန်ကို ရှုမြင်သော ဉာဏ်တော်၌ အပိတ်အပင်မရှိခြင်း တပါး။

(၄) ကာယကံသည် ဉာဏ်တော်ပြဋ္ဌာန်း၏၊ ဉာဏ်တော်သို့ အစဉ် လိုက်၏။

(၅) ဝစီကံသည် ဉာဏ်တော်ပြဋ္ဌာန်း၏၊ ဉာဏ်တော်သို့ အစဉ်လိုက်၏။

(၆) မနောကံသည် ဉာဏ်တော်ပြဋ္ဌာန်း၏၊ ဉာဏ်တော်သို့ အစဉ် လိုက်၏။

(၇) ဆန္ဒတော်၏ ဆုတ်ယုတ်ခြင်း မရှိခြင်း။

(၈) ဝီရိယတော်၏ ဆုတ်ယုတ်ခြင်း မရှိခြင်း။

(၉) သတိတော်၏ ဆုတ်ယုတ်ခြင်း မရှိခြင်း။

(၁၀) သမာဓိတော်၏ ဆုတ်ယုတ်ခြင်း မရှိခြင်း။

(၁၁) ပညာတော်၏ ဆုတ်ယုတ်ခြင်း မရှိခြင်း။
(၁၂) ဝိမုတ္တိတော်၏ ဆုတ်ယုတ်ခြင်း မရှိခြင်း။
(၁၃) မြူးထူးခြင်း မရှိခြင်း။
(၁၄) မြူးထူးလိုသော စကား မရှိခြင်း။
(၁၅) ချွတ်ယွင်းသည် မရှိခြင်း။
(၁၆) အဆောတလျင်ပြုသောအမှု မရှိခြင်း။
(၁၇) ကြောင့်ကြမှု မရှိခြင်း။
(၁၈) မစုံစမ်း မဆင်ခြင်မူ၍ ပြုလုပ်ခြင်း မရှိခြင်း။

အားလုံးပေါင်း တဆယ့်ရှစ်ပါးဖြစ်သည်၊ ဤတဆယ့်ရှစ်ပါးကို အုတ်ဖိုရ် ဆရာတော်ဘုရားကြီးသည် အရဆောင်ရွက် ကျက်မှတ်စရာ ဂါထာစီ၍ အနက်ယောဇနာကာ ပေးသနားတော်မူခဲ့ပါသည်ကိုလည်း ထည့်သွင်း ဖော်ပြလိုက်ပါ၏။

**မှတ်ချက်။** ။ဤအံ့ဘွယ်တဆယ့်ရှစ်ပါး နှစ်နည်း၏အဓိပ္ပါယ်အရမှာ သဒ္ဒါသချါအားဖြင့် တဆယ့်ရှစ်ပါးရှိ၏ဟု အရာကျဉ်း၍ ဆိုသော်လည်း အနက်သဘောအားဖြင့် အလုံးစုံသော ဘုရားရှင်၏ကျေးဇူးတော်အပေါင်းကို သိမ်း၍ဆိုသော အရာသာဖြစ်၍ 'ဗုဒ္ဓဂုဏာ အနန္တော' (ဘုရားရှင်၏ ဂုဏ်တော်သည် အနန္တအဆုံးမရှိ အပရိမာဏအပိုင်းအခြားမရှိ)ဟု ဆိုပါ သော်လည်း ဂုဏ်တော်အဖြစ် ကိုးပါးသာ ပြဆိုသကဲ့သို့ မှတ်အပ်၏၊ ဆိုလိုရင်းမှာ ဗုဒ္ဓဂုဏ်တော်ကိုးပါးထဲသို့ ဝင်ရလေသည်၊ ဗုဒ္ဓ၏အံ့ဘွယ် သည်လည်း အနန္တဟု ဆိုရပါသော်လည်း ဤတဆယ့်ရှစ်ပါးထဲသို့သာ ဝင်ရ လေသည်ဟူ၏။

## ရောင်ခြည်တော် ၆-ပါး အလိုရှိသလို ကွန့်မြူးနိုင်ခြင်း

ရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးနိုင်ခြင်းအကြောင်း "သတ္ထု ဝေဠ လဒ္ဓေါကာသေန သဗ္ဗညုတဉာဏေန ယထာသုခံ သဏ္ဍာသုခုမမဓမ္မံ သမ္မ-

သန္တဿ သရီရတော" ဤအဋ္ဌကထာ၏ လေးနက်လှသော စကားကို ထောက်ထားခဲ့ပါသော် ဗုဒ္ဓသည် နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ ပဘဿရ, ဟူသော ရောင်ခြည်တော်ခြောက်ပါးကို အချိန်ရှိတိုင်း ကွန့်မြူးပေါ်ထွက်ဘို့ လွတ်သည်မဟုတ်၊ ရအပ်သော အခွင့်ရှိသော သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ချမ်းမြေ့စွာ ငြိမ်သက်သိမ်မွေ့လှသော တရားတော်ကို သုံးသပ်ဆင်ခြင်တော်မူချိန်၌သာ ရောင်ခြည်တော်ခြောက်ပါးကို အလိုတော်ရှိသလို လွှတ်တော်မူသည်ဟု မှတ်ယူကြည်ညိုကြရပါမည်။ ဤလောက၌ လူ ရှင် ရဟန်း ပညာရှိတို့သည် "ဉာဏသဏ္ဍာသုခုမ" ဖြစ်ပေါ်ချိန်၌ ထက်မြက်သိမ်မွေ့ လေးနက်သော အသိဉာဏ်များ ဖြစ်ပေါ်လာနိုင်လေသည်။ ဉာဏသဏ္ဍာသုခုမ မဖြစ်ပေါ်သော အချိန်အခါမျိုးမှာ ထက်မြက်သိမ်မွေ့လေးနက်သော အသိဉာဏ်များ ကွယ်ပျောက်ကာ မပေါ်နိုင်ကြပေ။ ဗုဒ္ဓ၏အမွန်မြတ်ဆုံး အလေးနက်ဆုံး အသန့်ရှင်းဆုံး အသိမ်မွေ့ဆုံး ဖြစ်တော်မူသော သရီရပ္ပဒေသ ရွှေကိုယ်တော်အရပ်ရပ်မှ သဗ္ဗညုတဉာဏ သဏ္ဍာသုခုမ အလုံးစုံသိမြင်တော်မူသော ဉာဏ်တော်မြတ်မှ ဤကမ္ဘာကြီးတွင် မဖြစ်ဘူးမြဲ ထူးကဲမွန်မြတ်လှသော နီလစသော ရောင်ခြည်တော်မြတ်များ ထွက်ပေါ်ကွန့်မြူးခြင်းသည် ဗုဒ္ဓ၏ ရူပရူပဝိလာသ ရူပအစိန္တေယျ စသည်တို့၏ ထူးမြတ်လှခြင်းပင် ဖြစ်ပါတော့သည်၊ ထိုသို့ လေးနက်ဆန်းကြယ်တော်မူလှသော ရောင်ခြည်တော်ခြောက်ပါးကို သဒ္ဒါအနက်နှစ်သက်စဖွယ် ဆန်းကြယ်သော ပဋိဘာန သဏ္ဍာသုခုမဉာဏ်ဖြင့် စီကုံးရေးသားခဲ့သော အုတ်ဖိုရ်ဆရာတော်ဘုရား၏ ရောင်ခြည်တော်ခြောက်ပါး ရှိခိုးဂါထာအနက်ကို ဤအခဏ်း၌ ထည့်သွင်းဖော်ပြလိုက်ပါသည်။

## ရောင်ခြည်တော် ၆-ပါး ရှိခိုးဂါထာအနက်

နီလဉ္စေဝ ပီတဉ္စာပိ၊ လောဟိတဉ္စ ပဘဿရံ။

ဩဒါတဉ္စေဝ မဉ္ဇိဋ္ဌံ၊ သဒါ ဗုဒ္ဓံ အဟံ နမေ။

နီလဉ္စေဝ၊ လက္ခဏာတော်ကြီးငယ် ဆန်းတကြယ်တို့ဖြင့် သပ္ပါယ်တော်မူလှသော ကိုယ်တော်မြတ်၏ ရူပကာယတော်၌ ဆံတော် မုတ်ဆိတ် မျက်လုံးတော်အစိတ်တို့မှ မိုးတိမ်ရိပ်အပေါ်မှာ မော်ရရော်ပုဆိုးကို ဖြန့်မိုးကာလွှား

သောအရောင်ကဲ့သို့ ညိုပြောင်ပြောင်တောက်လောင်သော နီလရောင်ခြည်တော်လည်း ရှိတော်မူထသော။ ပီတဉ္စာပိ၊ မျက်လုံးတော်တထွေ အရေတော်တဝ ရွှေသောဌာနတို့မှ ရပ်ဒေသအများ၌ ရွှေပုဆိုးရွှေပြားတို့ကို ဖုံးလွှမ်း၍ ထားလေသကဲ့သို့ ပြောင်ရွှေရွှေထွန်းပသော ပီတရောင်ခြည်တော်လည်း ရှိတော်မူထသော။ လောဟိတဉ္စ၊ နီနီတွေးတွေး အသွေးအသားတော်အစိတ်တို့မှ ကြိတ်ညက်သောဆုန်းမှုန့်နီတျာ ကမ္ဗလာနီ ချိပ်ရည်အဆင်းတို့ကဲ့သို့ ချင်းချင်းနီ ထွန်းပသော လောဟိတရောင်ခြည်တော်လည်း ရှိတော်မူထသော။ ပဘဿရဉ္စ၊ လျှပ်စစ်ပန်းအိမ် ယှက်လိန်ကွန့်ဖြိုးသကဲ့သို့ ပြိုးပြိုးပြက်ပြက် တခဲနက်ထွန်းပသော ပဘဿရရောင်ခြည်တော်လည်း ရှိတော်မူထသော။ ဩဒါတဉ္စဝ၊ သွားတော်လေးဆယ်စွယ်တော်လေးချောင်း ရိုးတော်ပေါင်းသစ်သစ် ဖြူနုစ်သော မျက်လုံးတော်ရပ်တို့မှ ခတ်သာခွါ ငွေယပ်ဝန်းအတူ စန္ဒာရောင်ကြူကြူကဲ့သို့ ဖြူပြောင်ပြောင်ထွန်းပသော ဩဒါတရောင်ခြည်တော်လည်း ရှိတော်မူထသော။ မဉ္ဇိဋ္ဌဉ္စ၊ လဝန်းတိမ်နိုပ် နေရိပ်တိမ်လျှောင် တိမ်တောင်မီးခိုးပိုးကတ္တိပါ မဟူရာရောင်အပေါင်းကဲ့သို့ မောင်းမောင်းကြီး ထွန်းပသော မဉ္ဇိဋ္ဌရောင်ခြည်တော်လည်း ရှိတော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သဒါ၊ အခါခပ်သိမ်း။ အဟံ၊ အကျွန်ုပ်သည်။ နမေ နမာမိ၊ ရှိသေမြတ်နိုး ရှိခိုးပါ၏။

## ဗုဒ္ဓ၏ရောင်ခြည်တော် ၆-ပါး ထူးခြားချက်

ဗုဒ္ဓရှင်တော်မြတ်၏ ရူပကာယအစု ခတ်တော်ထုသည် ရှု၍မငြီးနိုင်အောင် သန့်စင်မှန်မြတ်သော အကြည်ခတ်ရှိတော်မူပါပေသည်။ မှန်မြတ်သန့်စင် ကြည်လင်သော ရောင်ခြည်တော်ခတ်ခြောက်မျိုး ရှိသည်ဟု ဆိုလိုပါသည်။

## ရောင်ခြည်တော် ၆-ပါး အာရုံပြုရန်နှင့် ထွက်ပေါ်ရာအရပ်

(၁) နီလရောင်ခြည်တော်မှာ ဗုဒ္ဓ၏ဆံတော် မျက်ခုံးမွေးတော် မျက်နက်ဝန်းများမှ ထွက်ပေါ်ကွန့်မြူးတော်မူသည်၊ ဗုဒ္ဓကိုယ်တော်

မြတ်၏ ညိုမည်းသောဌာနအစိတ်အပိုင်းမှ ထွက်ပေါ်လာခြင်းပင် ဖြစ်ပါသည်၊ မည်းညိုသော အကြည်ဓာတ်ပင် ဖြစ်ပါသည်။

(၂) ပီတရောင်ခြည်တော်မှာ ဗုဒ္ဓ၏ဇမ္ဗူရာဇ်ရွှေအဆင်းကဲ့သို့ မျက်လုံးတော်ပေါ်မှ ဖုံးအုပ်နေသော မျက်လုံးတော်ဖုံး အပေါ် အရေတော်ရူပကာယတကိုယ်လုံး ဖုံးလွှမ်းနေသော အပေါ်အရေတော်တို့မှ အကြည်ဓာတ်ရွှေရောင် ကွန့်မြူးထွက်ပေါ်လာသော ရောင်ခြည်တော်ပင် ဖြစ်ပါသည်။

(၃) လောဟိတရောင်ခြည်တော်မှာ ဗုဒ္ဓ၏တကိုယ်လုံးအတွင်း ပြန့်နှံ့တည်ရှိနေသော ကမ္ဗလာနီရောင် ချိပ်ရည်ရောင်အဆင်းရှိသော အသားတော် အသွေးတော်တို့မှ ပေါ်ထွက်ကွန့်မြူးလာသော အနီအကြည်ဓာတ် ရောင်ခြည်တော်မြတ်ပင် ဖြစ်ပါသည်။

(၄) ပဘဿရရောင်ခြည်တော်မှာ ဗုဒ္ဓ၏အဘဇ္ဈကာယ သရီရဓာတ်အစုတို့မှ လျှပ်စစ် လျှပ်ပန်းပမာ တင့်တယ်စွာ ကွန့်မြူးပေါ်ထွက်လာသော ရောင်ခြည်တော်ပင်ဖြစ်သည်ဟု ယူဆရပါမည်၊ (ဤပဘဿရ ရောင်ခြည်တော်၏ ထွက်ပေါ်လာရာ ဗုဒ္ဓ၏ရူပကာယဌာနစုကို "မဥ္ဇိဋ္ဌပဘဿရာ ပန တမှာ တမှာ သရီရပ္ပဒေသာ နိက္ခမိံ"သု-ဟု အဋ္ဌသာလိနီ အဋ္ဌကထာ၌ ရှု၍ ဆင်ခြင်မှတ်သားကြရာ၏)။

(၅) ဩဒါတရောင်ခြည်တော်မှာ ဗုဒ္ဓ၏အရိုးတော်ဓာတ် စွယ်တော် သွားတော် မျက်လုံးတော်ဌာန ဖြူသောအရပ်မှ လရောင် ငွေယပ်တောင်ရောင် အကြည်ဓာတ်ကွန့်မြူး ပေါ်ထွက်တော်မူလာသော အရောင်တော်ပင် ဖြစ်ပါသည်။

(၆) မဥ္ဇိဋ္ဌရောင်ခြည်တော်မှာ ဗုဒ္ဓ၏ ထိုထို အဘဇ္ဈ အခဇ္ဈ ရူပကာယ သရီရဓာတ်တော် အရပ်ရပ်တို့မှ ကွန့်မြူးပေါ်ထွက်လာသော ရောင်ခြည်တော်မြတ် ဖြစ်ပါသည်။ ထိုရောင်ခြည်ဟူသည် တိမ်လျှောင်တိမ်ခိုးရောင် မီးခိုးရောင် ပိုးကတ္တီပါကြီးကို အထက်ကောင်းကင် ရပ်ဆယ်မျက်နှာ ပတ်ဝန်းကျင်သို့ ဖြန့်မိုးလွှမ်းကာ၍

ထားဘိသကဲ့သို့ နှစ်သက်ကြည်နူး ဖူးမြော်၍ မရောင့်ရဲနိုင်သော ရောင်ခြည်တော်တမျိုးပင် ဖြစ်သည်။

**ကြည်ညိုရန်မှာ။** ။ဗုဒ္ဓ၏ သရီရရူပကာယ ဓာတ်တော်မြတ်အတွင်းမှ ညိုသောအရပ် မျက်လုံး ဆံတော် စသည်မှ ညိုသောရောင်ခြည်တော်၊ ရွှေသောအရပ် ဇမ္ဗူရာဇ်ရွှေအဆင်းရောင်ရှိသော အရေပြားတော်အရပ်ရပ်မှ ရွှေအဆင်းရောင်ခြည်တော်၊ နီမြန်းသောအရပ်အသွေးတော် အသားတော် အရပ်ရပ်မှ နီမြန်းသောကမ္ဗလာနီ အဆင်းကဲ့သို့သော ရောင်ခြည်တော်၊ ဖြူသောအရပ် မျက်လုံးတော် စွယ်တော် သွားတော် အရိုးတော် အရပ်ရပ်မှ ဘော်ငွေအဆင်း လပြည့်ဝန်းရောင် ဖြူဖွေးသန့်စင် ကြည်လင် အေးမြလှသော ရောင်ခြည်တော်၊ ထိုထိုကြည်လင်သန့်စင်သော ဓာတ်တော်မြတ် အရပ်ရပ်ပေါင်းစုံမှ တိမ်ရိပ် တိမ်လျှောင် တိမ်တောင် ပမာ မောင်းမောင်းကြီး ထွန်းပသော ရောင်ခြည်တော်မြတ်ရတနာ၊ လျှပ်စစ် လျှပ်ပန်း ယှက်သန်းဖွဲ့စပ် မြင့်မြတ်လှသောရောင်ခြည်တော်မြတ်ရတနာများ ကွန့်မြူးတော်မူကြသည်ဟု အာရုံပြု၍ ကြည်ညိုကြရပေမည်။ ဗုဒ္ဓသည် ဗုဒ္ဓ၏ သရီရပ္ပဒေသအရပ်ရပ်တို့မှ နီလစသောရောင်ခြည်တော်မြတ်တို့ကို လွှတ်တော်မူသည်ဟု ဆိုသော်လည်း သဗ္ဗညုတဉာဏ်တော်ကို ရသင့်ရထိုက် ရခွင့်ရှိသောအခါမှသာ အလိုတော်ရှိတိုင်း ကွန့်မြူး၍ လွှတ်တော်မူသည်၊ သဗ္ဗညုတဉာဏ်တော်ကို မရသင့်သော အချိန်အခါ မျိုး၌ လွှတ်တော်မမူပါ၊ ပဋ္ဌာန်းကျမ်းတော်မြတ်ကို ဟောတော်မူသော်အခါ လဒ္ဓေါကာသဂုဏ် ပြည့်စုံ၍ လွှတ်တော်မူ ကွန့်မြူးတော်မူသည်၊ ဉာဏပဓာန ဒေသနာတော် မြတ်ဖြစ်၍ သဗ္ဗညုတဉာဏ်တော်ကို တိုက်ရိုက် အသုံးချတော်မူကြောင်း ထင်ရှားလှပေသည်၊ မဟာကပ္ပိနမင်းကြီး ဖူးမြော်ရန် ရွှေပြေးရောင်ခြည် တော် ကွန့်မြူး၍ လွှတ်တော်မူခြင်းသည်ကား မဟာကရုဏာတော်ရွှေပြေး သော သဗ္ဗညုတဉာဏ်တော်မြတ်ပင် ဖြစ်ရာသည်၊ အနော်ဇာမိဖုရား အမှူး ရှိသော အမျိုးသမီး တထောင်ကျော် ဗုဒ္ဓရှေ့၌ ဖူးမြော်နေချိန်တွင် မဟာကပ္ပိနမင်းကြီး အမှူးရှိသော ရဟန်းတော်တထောင်ကျော်ကို မမြင် နိုင်အောင် ကာကွယ်ထားသော အကာအကွယ်သည်လည်း ဗုဒ္ဓ၏ သရီရ

ရောင်ခြည်တော်ခြောက်မြတ်ပင် ဖြစ်သင့်ရာသည်၊ ဤသည်များလည်း ဗုဒ္ဓ၏ ရောင်ခြည်ခြောက် ထူးမြတ်ခြင်းပင်တည်း။

## ဗုဒ္ဓဂုဏ်တော် ၉-ပါး ရှိခိုးပုံ ညွှန်ပြချက်

(၁) သော ဘဂဝါ ဣတိပိ အရဟံ၊

(၂) သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊

(၃) သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊

(၄) သော ဘဂဝါ ဣတိပိ သုဂတော၊

(၅) သော ဘဂဝါ ဣတိပိ လောကဝိဒူ၊

(၆) သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ၊

(၇) သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ၊

(၈) သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊

(၉) သော ဘဂဝါ ဣတိပိ ဘဂဝါတိ။

နဝဂုဏေဟိ တိလောကေ ဝန္ဒာမိ တံ သဒါတုလံ။

## ဗုဒ္ဓဂုဏ်တော် ၉-ပါး အနက်

(၁) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဤသို့သော လူနတ်တို့၏ ပူဇော်သက္ကာအထူးကို ခံတော်မူထိုက်ခြင်း အကြောင်း ဂုဏ်သကတ်ကြောင့်လည်း။ အရဟံ၊ အရဟမည်တော်မူ၏။

(၂) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဤသို့သော အလုံးစုံသော သခ်တအသခ်တဖြစ်သော တရားအပေါင်းတို့ကို မဖောက်မပြန် အလိုလိုသာလျှင် သိမြင်တော်မူပြီးသော အကြောင်းဂုဏ်သကတ်ကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

(၃) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ၁စ ကာရဏေန၊ ဤသို့သော ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါးတို့နှင့်ပြည့်စုံတော်မူသောအကြောင်းဂုဏ်သကတ်ကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

(၄) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ၁စ ကာရဏေန၊ ဤသို့သော ကောင်းသောအင်္ဂါလေးပါးနှင့်ပြည့်စုံသော စကားကို ဆိုတော်မူတတ်ခြင်း အကြောင်း ဂုဏ်သကတ်ကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။

(၅) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ၁စ ကာရဏေန၊ ဤသို့သော သတ္တလောက သင်္ခါရလောက ဩကာသလောက ကိလေသလောက ဘဝလောက ဣန္ဒြိယလောက တည်းဟူသော လောက သုံးပါး လောက ခြောက်ပါးတို့ကို သိတော်မူတတ်ခြင်း အကြောင်းဂုဏ်သကတ်ကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူမည်တော်မူ၏။

(၆) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ၁စ ကာရဏေန၊ ဤသို့သော အတုမရှိသောဉာဏ်တော်ဖြင့် မယဉ်ကျေးကုန်သေးသော နတ်ယောကျ်ား လူယောကျ်ား တိရစ္ဆာန်ယောကျ်ား တို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်ခြင်း အကြောင်း ဂုဏ်သကတ်ကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။

(၇) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ၁စ ကာရဏေန၊ ဤသို့သော လူနတ်တို့၏ ဆရာဖြစ်တော်မူခြင်းအကြောင်း ဂုဏ်သကတ်ကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာန မည်တော်မူ၏။

(၈) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ၁စ ကာရဏေန၊ ဤသို့သော သစ္စာလေးပါး တရားတို့ကို ကိုယ်တော်တိုင်လည်း သိတော်မူတတ် သူတပါးတို့ကိုလည်း သိစေတော်

မှုတတ်ခြင်း အကြောင်း ဂုဏ်သကတ်ကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

(၉) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဤသို့သော ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တ ဟု ဆိုအပ်သော ဘုန်းတော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူခြင်း အကြောင်း ဂုဏ်သကတ်ကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

ဣတိ ဣမေဟိ နဝဂုဏေဟိ၊ ဤသို့ ပိုင်းခြား ကိုးပါးသရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊ လူနတ်ဗြဟ္မာ သုံးဖြာသော လောက၌။ အတုလံ၊ ချိန်တပဲမှန် မာနဘဏ်နှင့် ပုံစံတမူ တူသောပညာဖြင့် နှိုင်းယှဉ်တုဘက်အပ်သောသူလည်းမဟုတ်၊ နှိုင်းယှဉ်တုဘက်အပ်သောသူလည်း ရှိတော်မမူသော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒွါရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏။

(မှာထားချက်) ဤဂုဏ်တော် ပါဌ် အနက်သည် အဓိပ္ပါယ်နှင့်လိုက်လျော၏၊ ဣတိသဒ္ဒါမှာ ပရိသမာပနတ္ထဣတိပင် ဖြစ်၏၊ ဗုဒ္ဓဂုဏ်တော်ကိုးပါး သီးခြားပြီးဆုံးခြင်းကို ပြသည်၊ ဗုဒ္ဓ ဂုဏ်တော်အနက် အကျယ်ကို အလိုရှိပါက အုတ်ဖိုရ်ဆရာတော်ရေး ဂုဏ်တော်ဖွင့်ကို ရှုကြပါကုန်)။

**ဘဂဝါပုဒ် ၂-ပါး အထူး။** ။တသဒ္ဒါနှင့်ယှဉ်တွဲလျက်ရှိသော ဘဂဝါ သဒ္ဒါသည် နာမဝါစကတ္ထ ဖြစ်၍ ဗုဒ္ဓဂုဏ်တော် ၉-ပါး စာရင်းဝင် ဘဂဝါ သဒ္ဒါသည် ဂုဏဝါစကတ္ထဖြစ်သည်၊ လောကဝိဒူ ဂုဏ်တော်၌ ကိလေသလောက, ဘဝလောက, ဣန္ဒြိယလောကကို ထည့်၍ ၆-ပါးဖြစ်သည်၊ ဂုဏ်တော် ၉-ပါး ၁၀-ပါးနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရားကို ဝန္ဒနာကုသိုလ်ပြီးမြောက်စေရန် ရည်သန်၍ 'နဝဂုဏေဟိ' စသော ပါဌ်ကို ဆက်၍ ဖော်ပြသည်ဟု မှတ်။

## ဓမ္မဂုဏ်တော် ၆-ပါး ရှိခိုးပုံ ညွှန်ပြချက်

သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိ-ကော, ဩပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

ဆဟိ ဂုဏေဟိ တိလောကေ ဝန္ဒာမိ တံ သဒါတုလံ။

## ဓမ္မဂုဏ်တော် ၆-ပါး အနက်

(၁) ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယော ဓမ္မော၊ အကြင် ပိဋကတ်သုံးပုံ တည်းဟူသော ပရိယတ်တရားတော်ကို။ သွာက္ခာတော၊ အတ္ထပဒခြောက်ပါး ဗျဉ္ဇနပဒခြောက်ပါး အာဒိကလျာဏ မဇ္ဈေကလျာဏ ပရိယောသာန ကလျာဏ တည်းဟူသော ကလျာဏသုံးပါးနှင့်တကွ ငါးပါးသောကလျာဏ ဂုဏ် ပြည့်စုံသည်ဖြစ်၍ ဖြူနှစ်ရောင်လင်း ခရုသင်းသဖွယ် စင်ကြယ်သော အကျင့်မြတ်ကို ပြအပ်ထူးဆန်း ဂုဏ်အစွမ်းဖြင့် ရှင်လန်းသာမော ဟော တော်မူအပ်၏။ သော ဓမ္မော၊ ထိုပရိယတ္တိတရားတော်သည်။ သွာက္ခာတော၊ သွာက္ခာတ မည်တော်မူ၏။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယော ဓမ္မော၊ အကြင် မဂ်လေးပါး တရားတော်ကို။ သွာက္ခာတော၊ ကာမသုခလ္လိကာနုယောဂ အတ္တကိလမထာ-နုယောဂ ပါပသမုတ် အယုတ်တရား ဤနှစ်ပါးသို့ မလားမကပ် မဇ္ဈိမပဋိပတ် ကျင့်မြတ်ထူးဆန်း ဂုဏ်အစွမ်းဖြင့် ခွဲခြမ်းနစ်နော ဟောတော်မူအပ်၏။ သော ဓမ္မော၊ ထိုမဂ်လေးပါးတရားတော်သည်။ သွာက္ခာတော၊ သွာက္ခာတ မည်တော်မူ၏။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယော ဓမ္မော၊ အကြင်ဖိုလ်လေးပါး တရားတော်ကို။ သွာက္ခာတော၊ ကိလေသာဟူ ရန်သူခပ်သိမ်း ငြိမ်းလေပြီးဟု ကျူးချီးသာမော ဟောတော်မူအပ်၏။ သော ဓမ္မော၊ ထိုဖိုလ်လေးပါး တရားတော်သည်။ သွာက္ခာတော၊ သွာက္ခာတ မည်တော်မူ၏။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယော ဓမ္မော၊ အကြင်နိဗ္ဗာန်ထင်ရှား မြတ်တရားကို။ သွာက္ခာတော၊ အမြဲမသေ့ မသေမပြောင်း ပုန်းအောင်း ခိုမှီးရာအစစ် ဂုဏ်အနှစ်ဖြင့် ဖွင့်လှစ်သာမော ဟောတော်မူအပ်၏။ သော

ဓမ္မော၊ ထိုနိဗ္ဗာန်ထင်ရှား မြတ်တရားသည်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက မည်တော်မူ၏။

(၂) ယော ဓမ္မော၊ အကြင်မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ထင်ရှား ကိုးပါးသော တရားတော်ကို။ သန္ဒိဋ္ဌိကော၊ ဖလဋ္ဌာန်မည်ဆို ဖိုလ်ပုဂ္ဂိုလ်တို့သည် ဤသို့ဘော်ထုတ် လောကုတ္တရာ ထိုကိုးပါးမှတပါး ယုံကြည်ဆောက်တည်စရာ မရှိပါဟု ပစ္စဝေက္ခဏာမှန် ဉာဏ်အစွမ်းဖြင့် စွဲလမ်းမြဲခိုင် ကိုယ်တိုင်နစ်နော သဘောမလပ် ရှုမြင်အပ်၏။ သော ဓမ္မော၊ ထို လောကုတ္တရာမြတ် ကိုးပါးသည်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက မည်တော်မူ၏။

(၃) ယော ဓမ္မော၊ အကြင် မဂ်လေးပါးတရားတော်သည်။ အကာလိကော၊ မိမိ၏ အနန္တရ၌ နိသံသမျိုး ဖိုလ်အကျိုးကို ကွန့်ဖြိုးမနှေး ပေးပေတတ်၏။ သော ဓမ္မော၊ ထိုမဂ်လေးပါးတရားတော်သည်။ အကာလိကော၊ အကာလိက မည်တော်မူ၏။

(၄) ယော ဓမ္မော၊ အကြင် လောကုတ်ကိုးပါး မြတ်တရားသည်။ ဧဟိပဿိကော၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ကောင်းစွာတင်ထား ပတ္တမြားကဲ့သို့ငှင်း, ဆီးနှင်းမြူတိမ် သူရိန်မိုးခိုး မှောင်မျိုးမသွန်း လပြည့်ဝန်းကဲ့သို့ငှင်း, ညစ်ကြေးမတင် ဖြူစင်သန့်ရှင်း၍ ခပင်းများစွာ လူဗိုလ်ပါကို လာလှည့်ရှုလှည့် ဟူသော အစီရင်ကို လျှင်စွာအမှန် ခံတော်မူထိုက်၏။ သော ဓမ္မော၊ ထိုကိုးပါးသရုပ် လောကုတ်ထင်ရှား မြတ်တရားသည်။ ဧဟိပဿိကော၊ ဧဟိပဿိကမည်တော်မူ၏။

(၅) ယော ဓမ္မော၊ အကြင်လောကုတ်ကိုးပါး မြတ်တရားသည်။ ဩပနေယျိကော၊ ဘာဝနာခဏ်း ဉာဏ်အစွမ်းဖြင့် စီးဖြန်းမဆိတ် စိတ်၌မလပ် ကပ်၍ မကင်း ယူဆောင်ခြင်းကို အပ်နှင်းသိမ်းပိုက် ထိုက်တော်မူ၏။ သော ဓမ္မော၊ ထိုကိုးပါးသရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့် လောကုတ်ထင်ရှား မြတ်တရားသည်။ ဩပနေယျိကော၊ ဩပနေယျိက မည်တော်မူ၏။

(၆) ယော ဓမ္မော၊ အကြင် လောကုတ်ကိုးပါး မြတ်တရားကို။ ဝိညူဟိ၊ ဥဂ္ဃဋိတညူပုဂ္ဂိုလ် ဝိပဉ္စိတညူပုဂ္ဂိုလ် နေယျပုဂ္ဂိုလ်တို့သည်။ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ စိတ်နှလုံး၌ ယူကျုံးပိုက်ဖြား ကောင်းစွာထား၍ ခံစားမလပ်

ရှုမှတ်အပ်၏။ သော မမွော၊ ထိုကိုးပါးသရုပ် လောကုတ်ထင်ရှား မြတ်တရားသည်။ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ ပစ္စတ္တံ ဝေဒိတဗ္ဗ မည်တော်မူ၏။

ဣတိ ဣမေဟိ ဆဟိ ဂုဏေဟိ၊ဤသို့ပိုင်းခြား ခြောက်ပါးသရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊ လူနတ်ဗြဟ္မာ သုံးဖြာသောလောက၌။ အတုလံ၊ ချိန်တပဲမှန် မာနဘဏ်နှင့် ပုံစံတမူ တူသောပညာဖြင့် နှိုင်းယှဉ်တုဘက်အပ်သော တရားလည်းမဟုတ်, နှိုင်းယှဉ်တုဘက်အပ်သော တရားလည်း ရှိတော်မမူသော။ တံ ဓမ္မံ၊ ထိုတရားတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒွါရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏။

## သံဃာဂုဏ်တော် ၉-ပါး ရှိခိုးပုံ ညွှန်ပြချက်

(၁) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, (၂) ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,(၃) ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက-သံဃော, (၄) သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ (၅) ဧသ ဘဂဝတော သာဝက-သံဃော အာဟုနေယျော, (၆) ဧသ ဘဂဝတော သာဝကသံဃော ပါဟု-နေယျော, (၇) ဧသ ဘဂဝတော သာဝကသံဃော ဒက္ခိဏေယျော, (၈) ဧသ ဘဂဝတော သာဝကသံဃော အဉ္ဇလိကရဏီယော, (၉) ဧသ ဘဂဝတော သာဝကသံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

နဝဂုဏေဟိ တိလောကေ ဝန္ဒာမိ တံ သဒါတုလံ။

## သံဃာဂုဏ်တော် ၉-ပါး အနက်

(၁) ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝကသံဃော၊ အကြင်တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ သုပ္ပဋိပန္နော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်မြွက်ဖော် တရားတော်အား သင့်လျော်မိုကပ် အကျင့်မြတ်ကို မလပ်ဩလဲ ကျင့်ယူဆဲလည်း ဖြစ်တော်မူ၏။ ဧသ သော သာဝက-သံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ သုပ္ပဋိပန္နော၊ သုပ္ပဋိပန္န မည်တော်မူ၏။

(၂) ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝကသံဃော၊ အကြင်တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ဥဇုပ္ပဋိပန္နော၊သုံးဖြာဒွါရ

ရင်းမူလဥ် ပါပညစ်ကျံ ကာယကံနှင့် ဝစီကံ မနောကံ သဘောကို ဆေးကြောပယ်လှပ်၍ ဖြောင့်မတ်သော အကျင့်ကိုလည်း ကျင့်တော်မူတတ်၏။ သေ ဧသော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ဉဇုပ္ပဋိပန္နော၊ ဉဇုပ္ပဋိပန္န မည်တော်မူ၏။

(၃) ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝကသံဃော၊ အကြင်တပည့် သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အကျိုး ကွန့်ဖြိုးစေကြောင်း ကောင်းမြတ်လှစွာ ဝိပဿနာဘူတ အနုဓမ္မကို တစမလပ် ကျင့်တော်မူတတ်၏။ သေ ဧသော သာဝကသံဃော၊ ထိုတပည့် သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ဉာယပ္ပဋိပန္နော၊ ဉာယပ္ပဋိ-ပန္န မည်တော်မူ၏။

(၄) ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝကသံဃော၊ အကြင်တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ သာမိစိပ္ပဋိပန္နော၊နတ် လူဖြဟ္မာ သတ္တဝါတို့၏ ကောင်းစွာနှစ်ခြိုက် ရိုသေထိုက်အောင် ကျင့်ဆောင်တော်မူတတ်၏။ သေ ဧသော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ သာမိစိပ္ပဋိပန္နော၊ သာမိစိပ္ပဋိပန္န မည်တော်မူ၏။

(၅) ဘဂဝတော၊ မြတ်စွာဘုရား၏။ ယဒိဒံ ယာနိ စတ္တာရိ ပုရိသယုဂါနိ၊ အကြင်လေးယောက်ကုန်သော ယောကျ်ားအစုံတို့သည်။ အဋ္ဌ ပုရိသ-ပုဂ္ဂလာ၊ ယောကျ်ားပုဂ္ဂိုလ်ရှစ်ယောက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သေ ဧသော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ အာဟုနေယျော၊ အဝေးမှဆောင်ယူ၍ ပူဇော်လှူအပ်ပစ္စည်းရပ်ကို မလပ်သိမ်းပိုက် ခံယူထိုက်သည်အဖြစ်ကြောင့်။ အာဟုနေ-ယျော၊ အာဟုနေယျ မည်တော် မူ၏။

(၆) ဘဂဝတော၊မြတ်စွာဘုရား၏။ သေ ဧသော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ ပါဟုနေယျော၊ စတုဒိသာရပ်မျက်နှာမှ ရောက်လာရောရှ အာဂန္တုအား ရည်မှတ်သား၍ ထားအပ်ကြည်ဖြူ မျှားအလှူကို ခံယူသိမ်းပိုက် ထိုက်တော်မူသည်၏အဖြစ်ကြောင့်။ ပါဟုနေယျော၊ ပါဟုနေယျ မည်တော်မူ၏။

(၇) ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ ယေသာ သာဝကသံဃော၊ ထို တပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ ဒက္ခိဏေယျော၊ ရည် မှတ်ကြည်ဖြူ ပေးအလှူကို ခံယူသိမ်းပိုက် ထိုက်တော်မူသည်၏ အဖြစ် ကြောင့်။ ဒက္ခိဏေယျော၊ ဒက္ခိဏေယျ မည်တော်မူ၏။

(၈) ဘဂဝတော၊မြတ်စွာဘုရား၏။ သေ ယေသာ သာဝကသံဃော၊ ထို တပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ အဉ္ဇလိကရဏီယော၊ လက်အုပ်စုံဖြိုး ရှိခိုးဝပ်စင်း ရှိသေခြင်းကို မယွင်းကေန် ခံတော်မူထိုက် သည်၏အဖြစ်ကြောင့်။ အဉ္ဇလိကရဏီယော၊ အဉ္ဇလိကရဏီယ မည်တော် မူ၏။

(၉) ဘဂဝတော၊မြတ်စွာဘုရား၏။ သေ ယေသာ သာဝကသံဃော၊ ထို တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ လောကဿ၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း၏။ အနုတ္တရံ ပုညက္ခေတ္တံ၊ သဒ္ဓါစေ့မျိုး စိုက်ပျိုးပစ်ချရာ လယ်တာမြေကောင်းသဘွယ် အကယ်စင်စစ် ဖြစ်တော်မူသည်၏ အဖြစ် ကြောင့်။ အနုတ္တရံ ပုညက္ခေတ္တံ၊ အနုတ္တရ ပုညက္ခေတ္တ မည်တော်မူ၏။

ဣတိ ဣမေဟိ နဝ ဂုဏေဟိ၊ ဤသို့ ပိုင်းခြား ကိုးပါးသရုပ် ဂုဏ်တော်ပုဒ် တို့ကြောင့်။ တိလောကေ၊ လူနတ်ဗြဟ္မာ သုံးဖြာသော လောက၌။ အတုလံ၊ ချိန်တပဲမှန် မာနဘဏ်နှင့် ပုံစံတမူ တူသောပညာဖြင့် နှိုင်းယှဉ် တုဘက်အပ်သောသူလည်းမဟုတ်၊ နှိုင်းယှဉ်တုဘက်အပ်သော သူလည်း ရှိတော်မမူသော။ တံ အရိယသံဃံ၊ ထိုအရိယာသံဃာတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒွါရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏။

## မဟာတေဇဂုဏ် ဆုပန်ရာ၌ ရနိုင်သော ဘုန်းတန်ခိုးများ

### (မြတ်မြတ်နိုးနိုး အားကိုးရှုပါ)

ဗုဒ္ဓသည် (၁) အမျိုးဖြင့်မြတ်ခြင်း (၂) ဘုန်းဖြင့်မြတ်ခြင်း (၃) ဂုဏ် ဖြင့်မြတ်ခြင်း ပြည့်တင်းထွန်းတောက်လျက်ရှိ၏၊ မာရ်ငါးပါးမအောင်မြင်မီ (ဘုရားအဖြစ်သို့ မရောက်ရှိမီ) သိဒ္ဓတ္ထမင်းဘဝကပင် တရာ့ရှစ်ပါးသော

မင်းတို့နှင့်ယှဉ်ပြိုင်ရာ၌ ဘုန်းနှင့်လက်ရုံးမှာမူ ပြိုင်ဘက်မပြု တဆူတည်းသော မင်းအဖြစ်၌ အစိုးတရနေ စံပယ်နိုင်ခြင်းသည်လည်း မဟာတေဇဂုဏ်ပင်ဖြစ်၏၊ နေမိမင်းဘဝ သာဓိနမင်းဘဝ မန္ဓာတ်မင်းဘဝ ဂုတ္တိလ စောင်းသမားဘဝတို့ကလည်း လူသားဘဝနှင့် နတ်စည်းစိမ်ကို ခံစားနိုင်သည်မှာလည်း မဟာတေဇဂုဏ်ပင် ဖြစ်၏၊ မဟောသဓာဘဝ ဝေဿန္တရာမင်းဘဝ သိဒ္ဓတ္ထမင်းဘဝများက မယ်တော်သိုက်ဝမ်း ကြာတိုက်ခန်းမှ ဘုန်းပန်းပွင့်ဖူး ဘုန်းရောင်မြူး၍ မီးရှူးသန့်စင် ဘွားမြင်ဆဲ ခဏ၌ပင် စကား ပြောဆိုနိုင်စွမ်းရှိသော စွမ်းရည်သတ္တိသည်လည်း မဟာတေဇဂုဏ်ပင်ဖြစ်၏၊ ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တ ဆိုတဲ့ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူရခြင်းသည်လည်း မဟာတေဇဂုဏ်ပင် ဖြစ်၏၊ ဗုဒ္ဓ၏ မဟာတေဇဂုဏ်တော်သည် မဖြစ်ဘူးမြဲ ထူးကဲလှစွာ ဖြစ်ပေါ်လာသော အံ့ဩဘွယ်ဂုဏ်တရပ်ပင် ဖြစ်၏၊ သည်မျှသာမဟုတ်သေးပေ၊ ဗုဒ္ဓ၏ မဟာတေဇဂုဏ်တော်သည် အစိန္တေယျပင် ဖြစ်၏၊ အပ္ပမေယျပင် ဖြစ်၏၊ ထိုဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓကို ကြည်ညိုရှိခိုးပြီးပါမှ မဟာတေဇဂုဏ်ကို ဆုပန်ပါက ရရှိနိုင်မည် ဖြစ်၏၊ ထို့အပြင် ဗုဒ္ဓရှင်တော်မြတ်၌ တန်ခိုးဆယ်မျိုးလည်း ရှိ၏၊ ထိုဆယ်မျိုးမှာ—

(၁) သမာဓိဝိပ္ဖါရ=သမာဓိပြန့်သော တန်ခိုးတော်၊

(၂) ဉာဏဝိပ္ဖါရ=ဉာဏ်ပြန့်သော တန်ခိုးတော်၊

(၃) အဓိဋ္ဌာန်=ဆောက်တည်အပ်သော တန်ခိုးတော်၊

(၄) ဝိကုဗ္ဗနာ=အထူးထူးပြုသော တန်ခိုးတော်၊

(၅) မနောမယ=နှလုံးအလိုအတိုင်းပြီးသော တန်ခိုးတော်၊

(၆) အရိယာဣဒ္ဓိ=အရိယာပုဂ္ဂိုလ်တို့၏ တန်ခိုးတော်၊

(၇) ကမ္မဝိပါကဇာ=ကံ၏အကျိုးဖြစ်သော တန်ခိုးတော်၊

(၈) ဝိဇ္ဇာမယ=အတတ်ဖြင့်ပြီးသော တန်ခိုးတော်၊

(၉) ပုညဝတော=ဘုန်းရှိသောသူ၏ တန်ခိုးတော်၊

(၁၀) ပယောဂ = လှုံ့လဟူသော အကြောင်းကြောင့် ပြည့်စုံသော တန်ခိုးတော်။

ဤဆယ်မျိုးနှင့်ပြည့်စုံသော ဗုဒ္ဓကို လေးလေးနက်နက် တွေးဆထင်မြင်၍ ကြည်ညိုရမည်။ ထိုသို့ကြည်ညိုပြီးမှ မဟာတေဇဂုဏ် ဆုပန်ရန် ရည်သန်ပါသည်၊ ထိုတန်ခိုးဆယ်မျိုးထက် ထူးကဲ လွန်မြတ်လှသော တန်ခိုးလည်း ရှိသေး၏၊ ထိုတန်ခိုးကား ပါဋိဟာရိယ တန်ခိုးတော်ပင်တည်း၊ ဤပါဋိဟာရိယတန်ခိုးသည် ရေမီးအစုံပေါ် ထွက်စေနိုင်သော တန်ခိုးတော်မြတ်ပင် ဖြစ်ပေသည်၊ ဗုဒ္ဓ၏ ယာမျက်လုံးတော်က မီး, ဝဲမျက်လုံးတော်က ရေ, ကိုယ်အထက်ပိုင်းက မီး, အောက်ပိုင်းက ရေ၊ ဤကဲ့သို့ အစုံအစုံ ထွက်ပေါ်ကွန့်မြူးတော်မူနိုင်ပေသည်၊ ဤဘုန်းတန်ခိုးများသည်လည်း မဟာတေဇဂုဏ်ပင် ဖြစ်၏။

## မဟာပညာဂုဏ် ဆုပန်ရာ၌ ရရှိနိုင်သော ပညာဉာဏ်များ

( လေးလေးမြတ်မြတ်၊ အထပ်ထပ်၊ မပြတ်ဆုပန်ပါ။ )

သဗ္ဗညုတဉာဏ်တော်ကို ပူဇော်မြတ်နိုး မပြတ်ရှိခိုးပေးပါ၊ ဗုဒ္ဓ၏ ဝိဇ္ဇာသုံးပါး ဉာဏ်တော်၊ ဝိဇ္ဇာ ၈-ပါး ဉာဏ်တော်၊ စရဏ ၁၅-ပါး ဉာဏ်တော်၊ စတုဝေသာရဇ္ဇ ဉာဏ်တော်၊ ဆအသာဓာရဏ ဉာဏ်တော်၊ ဒသဗလဉာဏ်တော် စသော ဉာဏအစိန္တေယျ ဂုဏ်တော်မြတ်တို့ကို အထပ်ထပ် အခါခါ သဒ္ဓါမရှုံ့ မတွန့်မဆုတ် အဟုတ်အဟတ် မပြတ်ရှိခိုးပြီးပါက မဟာပညာဂုဏ်ကို ဆုပန်ပါ၊ ပညာဉာဏ် ထက်မြက်လာပါလိမ့်မည်၊ မဟာပညာဂုဏ် ဆုပန်လိုသော ပုဂ္ဂိုလ်များသည် ဝိဇ္ဇာ စရဏ ဘုရားရှိခိုး ဉာဏအစိန္တေယျ ဘုရားရှိခိုး စသည်ကို ဤရတနာပီတိစာအုပ်၌ အဆင်သင့် ကျက်မှတ်နိုင်ကြစေရန် ထည့်သွင်းဖော်ပြပြီးဖြစ်၍ အကျယ်ဖော်ပြရန် မလိုတော့ပါ။

**ပညာဂုဏ် အမြွက်မျှ ဖော်ပြချက်။** ။အပြားအားဖြင့် သိတတ်သောကြောင့် ပညာဟု ဆို၏၊ ဤစကားအရ သဘောအဓိပ္ပါယ် ကျဉ်းမယောင်ရှိ၏၊ မကျဉ်းပေ၊ အလွန်ကျယ်ပြန့်လှ၏၊ ထိုပညာကိုပင် အမောဟဟု ဆိုပြန်၏၊ တွေတွေဝေဝေ ထိုင်းထိုင်းမှိုင်းမှိုင်း မေ့မေ့

မောမော မရှိမှ ပညာ၏ ဂုဏ်သိက္ခာသည် အဆင့်အတန်း မြင့်နိုင်၏၊ ဒါ့ကြောင့် တွေဝေမှုမရှိ၊ အပြားအားဖြင့် သိတတ်ကိုပင် ပညာဟု ဆိုရ၏၊ ထိုပညာသည် (က) ဝိဇ္ဇာပညာ၊ (ခ) သိပ္ပံပညာ ဟူ၍ ၂-မျိုးပြားပြန်၏၊ ထိုတွင် (က) အမှတ်ပြ ဝိဇ္ဇာပညာဉာဏ်သည်လည်း ကျဉ်းမယောင်နှင့် ကျယ်၏၊ တိမ်မယောင်နှင့် နက်လှ၏၊ (ခ) အမှတ်ပြ သိပ္ပံပညာဉာဏ်သည်လည်း လွယ်မယောင်နှင့် ခက်၏၊ ပေါ့မယောင်နှင့် လေးနက်၏၊ ဗမာ့သားကောင်း သမီးကောင်း ရတနာများသည် မဟာပညာဂုဏ်ကို ဆုပန်လျှင် ထို ပညာ ၂-ရပ်ကို တပ်အပ်ပိုင်ပိုင် ရနိုင်ကြမည်ဖြစ်၍ ဤမဟာပညာ ဂုဏ်ကို ဆုပန်ဆင်ကြရန် စေတနာထက်သန်စွာ တိုက်တွန်း ညွှန်ပြလိုက်ရပေသတည်း။

(မှတ်ချက်) ဤဝိဇ္ဇာပညာ သိပ္ပံပညာများသည် နိဗ္ဗာန်အထိ ပို့ဆောင်နိုင်သော ပညာများ ဖြစ်၍ ရတနာပီတိ ဋီကာမှာ အကျယ် ပြဆိုထားသည်။ ကြီးမားမြင့်မြတ်လှသော တရားရတနာကသာ ပညာဂုဏ်ပြည့်စုံဘို့ကို ပေးနိုင်သည်မဟုတ်၊ ကြီးမား မြင့်မြတ်လှသော ဘုရားရတနာသံဃာရတနာများကလည်း မဟာပညာဂုဏ်ကို ပြည့်စုံအောင် ပေးနိုင်သည်ဟူ၍ မှတ်။

## ရတနာမြတ်သုံးပါးကိုပေါင်း၍ ဆုသုံးပါးကို ပန်ဆင်ပုံ တနည်း

ဗုဒ္ဓေါ မေ ရက္ခတု နိစ္စံ၊ ဓမ္မော မေ ရက္ခတု သဒါ။
သံဃော မေ ရက္ခတု ဒိန္နေ၊ ဒီဃာယုကော သတံ ဘဝေ။
တေသံ မဟာနုဘာဝေန၊ မဟာတေဇံ လဘာမဟံ။
မဟာပညံ လဘာမဟံ၊ မဟာဘောဂံ လဘာမဟံ။

ဗုဒ္ဓေါ၊ ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမဟု ဆိုအပ်သော ဘုရားမြတ်ခုနစ်ဆူသည်။ မေ၊ အကျွန်ုပ်အား။ နိစ္စံ၊ အမြဲ။ ရက္ခတု၊ ကိုယ်စိတ်ချမ်းသာစစ်ဖြစ်အောင် စောင့်ရှောက်တော်မူပါစေသတည်း။ ဓမ္မော၊ ဆယ်ပါးသော တရားတော်မြတ်သည်။ မေ၊

အကျွန်ုပ်အား။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု-၊ ကိုယ်စိတ်ချမ်းသာစစ် ဖြစ်အောင် စောင့်ရှောက်တော်မူပါစေသတည်း။ သံဃော၊ အရှင်သာရိပုတ္တရာ, အရှင်အာနန္ဒာ, အရှင်မဟာမောဂ္ဂလ္လာန် အရှင်ကောဏ္ဍည, အရှင်ဂဝမ္ပတိ, အရှင်ဥပါလိ, အရှင်ရေဝတ, အရှင်ရာဟုလာ စသော အရိယာသံဃာ ပရမတ္ထသံဃာ သမုတိသံဃာတော်မြတ်အပေါင်းသည်။ မေ၊ အကျွန်ုပ်အား။ ဒိဝ္ဒေ ဒိဝေ၊ နေ့စဉ်နေ့တိုင်း။ ရက္ခတု၊ ကိုယ်စိတ် ချမ်းသာစစ် ဖြစ်အောင် စောင့်ရှောက်တော်မူပါစေသတည်း။ အဟံ၊ အကျွန်ုပ်သည်။ ဒီဃာယုကောသတံ၊ အနှစ်တရာ ရှည်သည်။ ဘဝေဘဝါမိ၊ ဖြစ်ရပါလို၏။ တေသံ၊ ထိုရတနာမြတ်သုံးပါးအပေါင်းတို့၏။ မဟာနုဘာဝေန၊ ကြီးမားမြင့်မြတ်လှစွာသော တေဇဂုဏ်တော် အာနုဘော်ကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ မဟာတေဇံ၊ ကျွန်းကြီး လေးကျွန်းလုံးကို လွှမ်းဖုံးစိုးချုပ် မင်းလုပ်နိုင်သော မြတ်သော ဘုန်းတန်ခိုးကို။ လဘာမိ၊ မချွတ်မြဲရှိ ရပါလို၏။ မဟာပညံ၊ ဤလူ့ဘုံမှ ဘဝဂ် ဘုံထိ နှံ့သိထင်ပေါ်ကျော်စောနိုင်သောကြီးမြတ်သောပညာကို။လဘာမိ၊ မချွတ်မြဲရှိရပါလို၏၊ မဟာဘောဂံ၊ရတနာမြတ်ခုနစ်ပါး ဥစ္စာမြတ်ခုနစ်ပါး တို့ဖြင့် ခြံရံအပ်သော ကြီးမြတ်သော စည်းစိမ်ချမ်းသာကို။ လဘာမိ၊ မချွတ်မြဲရှိ ရပါလို၏ အရှင်ဘုရား။

## မာတာပိတု သတ္တုသုံးတန် မေတ္တာမှန်ဖြင့် အကာပြုရန်နှင့် ဆုတောင်းကြရန်

မာတာ မေ ရက္ခတု နိစ္စံ၊ ပိတာ မေ ရက္ခတု သဒါ။
သတ္တာ မေ ရက္ခတု ဒိဝ္ဒေ၊ ဒီဃာယုကော သတံ ဘဝေ။
တေသံ မေတ္တာနုဘာဝေန၊ သဒါ သုခံ လဘာမဟံ။
ဒိဝ္ဒေ လာဘံ လဘာမဟံ၊ နိစ္စံ ယသံ လဘာမဟံ။

မာတာ၊ အနန္တငါး တပါးပါဝင် မွေးမိခင်သည်။ မေ၊ အကျွန်ုပ်အား။ နိစ္စံ၊ အမြဲ။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ ပိတာ၊ အနန္တငါး

တပါးပါဝင် မွေးဖခင်သည်။ မေ၊ အကျွန်ုပ်အား။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ သတ္ထာ၊ အနန္တငါး တပါးပါဝင် ဆရာရှင်သည်။ မေ၊အကျွန်ုပ်အား။ ဒိန္နေ၊ နေ့စဉ် နေ့တိုင်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ အဟံ၊ အကျွန်ုပ်သည်။ ဒီဃာယုကောသတံ၊ အသက်တရာရှည်သည်။ ဘဝေ ဘဝမိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။ တေသံ၊ ထိုမိခင် ဘခင် ဆရာသခင် ကျေးဇူးရှင်တို့၏။ မေတ္တာနုဘာဝေန၊ မေတ္တာရှိန်စော် အာနုဘော်တော်ကြောင့်။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊အခါခပ်သိမ်း။ သုခံ၊ နုနယ်ဆန်းသစ် ချမ်းသာစစ်ကို။ လဘာမိ၊ မချွတ်မြဲရှိရပါလို၏။ အဟံ၊ အကျွန်ုပ်သည်။ ဒိန္နေ၊ နေ့စဉ်နေ့တိုင်း။ လာဘံ၊ ညစ်ကြေးမကပ် မင်္ဂလာလာဘ်ကို။ လဘာမိ၊ မချွတ်မြဲရှိ ရပါလို၏။ နိစ္စံ၊ အမြဲ။ အဟံ၊ အကျွန်ုပ်သည်။ ယသံ၊ သဒ္ဒါပြန့်ပြော လောကွတ်မဆံ စစ်မှန်သောအခြံအရံကို။ လဘာမိ၊ မချွတ်မြဲရှိ ရပါလို၏ အရှင်ဘုရား။

ဤဂါထာများကို နေ့စဉ်အမြဲမပြတ် ရွတ်ဘတ်သရဇ္ဈာယ်သူများသည် အမှန်ပင် သိသိသာသာ ထင်ထင်ရှားရှား ကိုယ်စိတ်ချမ်းသာတိုးပွါးခြင်း၊ မွန်မြတ်သန့်စင်သော လာဘ်ပေါ် ပေါက်လာခြင်း၊စစ်မှန်သောအခြွေအရံတို့ တနေ့တခြား တိုးပွါးခြင်းတို့ကို ရရှိခံစားနိုင်ပါသည်၊ ဆရာမိဘများသည် တပည့်သားသမီးများ ချမ်းသာစေလို၏၊ မွန်မြတ်ဆန်းကြယ်သော လာဘ်ပေါများ ပြည့်စုံနေသည်ကို မြင်လို၏။ အခြွေအရံ ပေါများနေသည်ကို ကြည့်ချင်ကြ၏။ သို့အတွက် ဤကဲ့သို့ အကာပြု ဆုတောင်းကြရန် ညွှန်ပြခြင်းဖြစ်၏၊ ဆရာမိဘ၏ မေတ္တာကို ခံယူသောသူမှန်သမျှ ရန်သူမျိုးငါးပါးဘေးမှ ကင်းဝေးစေနိုင်သည်၊ အန္တရာယ်ဆိုး ဘေးဆိုးများလည်း ကင်းဝေးစေနိုင်သည်၊ အခက်အခဲ မှန်သမျှ အလွယ်နှင့် အောင်မြင် စေနိုင်သည်၊ တောင်းတရာရာ ရတနာကို ရလွယ်စေနိုင်သည်၊ ရတနာပီတိအကျယ်ရိုက်သောအခါမှ ဝတ္ထုသာဓကနှင့် ဖော်ပြပါမည်။

## ဗုဒ္ဓမဟာအာနုဘော် အကာနှင့် ဆုတောင်း

### (မဟာတေဇဂုဏ် ဆုပန်)

၁။ ဗုဒ္ဓေါ မေ ရက္ခတု နိစ္စံ၊ ဗုဒ္ဓေါ မေ ရက္ခတု သဒါ။
ဗုဒ္ဓေါ မေ ရက္ခတု ဒိန္နေ၊ ဒီဃာယုကော သတံ ဘဝေ။
တေသံ မဟာနုဘာဝေန၊ မဟာတေဇံ လဘာမဟံ။

ဗုဒ္ဓေါ၊ ဝိပဿီစသော ဘုရားခုနစ်ဆူသည်။ မေ၊ တပည့်တော်အား။ နိစ္စံ၊ အမြဲ။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ ဗုဒ္ဓေါ၊ ဝိပဿီစသော ဘုရားခုနစ်ဆူသည်။ မေ၊ တပည့်တော်အား။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ ဗုဒ္ဓေါ၊ ဝိပဿီစသော ဘုရားခုနစ်ဆူသည်။ မေ၊ တပည့်တော်အား။ ဒိန္နေ၊ နေ့စဉ်နေ့တိုင်း။ ရက္ခတု၊ စောင့်ရှောက်တော် မူပါစေသတည်း။ အဟံ၊ တပည့်တော်သည်။ ဒီဃာယုကောသတံ၊ အသက်တရာရှည်သည်။ ဘဝေ ဘဝါမိ၊ ဖြစ်ရပါလို၏အရှင်ဘုရား။ တေသံ၊ ထိုဝိပဿီစသော ဘုရားခုနစ်ဆူတို့၏။ မဟာနုဘာဝေန၊ ကြီးမားမြင့်မြတ်လှစွာသော တေဇဂုဏ်တော်အာနုဘော်ကြောင့်။ အဟံ၊ တပည့်တော်သည်။ မဟာတေဇံ၊ ကြီးမားမြင့်မြတ်လှစွာသော တန်ခိုးကို။လဘာမိ၊မချွတ်မြဲရှိ ရပါလို၏အရှင်ဘုရား။

## ဓမ္မမဟာအာနုဘော်အကာနှင့် ဆုတောင်း

### (မဟာပညာဂုဏ် ဆုပန်)

၂။ ဓမ္မော မေ ရက္ခတု နိစ္စံ၊ ဓမ္မော မေ ရက္ခတု သဒါ။
ဓမ္မော မေ ရက္ခတု ဒိန္နေ၊ ဒီဃာယုကော သတံ ဘဝေ။
တေသံ မဟာနုဘာဝေန၊ မဟာပညံ လဘာမဟံ။

ဓမ္မော၊တရားတော်မြတ်အပေါင်းသည်။ မေ၊ တပည့်တော်အား။ နိစ္စံ၊ အမြဲ။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ ဓမ္မော၊ တရားတော်မြတ်အပေါင်းသည်။ မေ၊ တပည့်တော်အား။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ ဓမ္မော၊ တရားတော်မြတ်

အပေါင်းသည်။ မေ၊ တပည့်တော်အား။ ဒိန္နေ၊ နေ့စဉ်နေ့တိုင်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။

## မဟာဗောဓိဂုဏ် ဆုပန်ရာ၌ ရရှိနိုင်သော ဥစ္စာရတနာများ

### ဘုန်းကြီးသော မင်းတို့၏ လောကီရတနာမြတ် ၇-ပါး

(၁) စကြာရတနာ=စကြာမင်းများ စီးနင်းသော နတ်စကြာယာဉ်၊

(၂) ဆင်ရတနာ =ကြားထဲသို့ ခွဲသွားနိုင်သော ဆင်ဖြူတော်မျိုးတည်း၊

(၃) မြင်းရတနာ=အဿဇာနေယျ-အဿတိုင်း နတ်မြင်းပျံတည်း၊

(၄) ပတ္တမြားရတနာ=တယူဇနာတွင်း နေကဲ့သို့ လင်းစေနိုင်သော ပြည်တန်သောပတ္တမြားမျက်ရှင်ရတနာတည်း၊

(၅) သူကြွယ်ရတနာ=အသရေတည်သောရတနာတို့သာပြည့်စုံကြွယ်ဝနေသူတည်း၊

(၆) မိန်းမရတနာ=ယသော်ဓရာ အသန္ဓိမိတ္တာတို့လို မိန်းမရတနာမျိုးတည်း၊

(၇) သားကြီးရတနာ=သိဒ္ဓတ္ထမင်းတို့လိုသားကြီးရတနာမျိုးတည်း။

### လောကုတ္တရာ ရတနာမြတ် ၇-ပါး

(၁) သတိ သမ္ဗောဇ္ဈင်သည် စကြာရတနာမြတ်နှင့် တူသည်၊

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဆဒ္ဒန်ဆင်ဖြူရတနာမြတ်နှင့်တူသည်၊

(၃) ဝီရိယသမ္ဗောဇ္ဈင်သည် မြင်းရတနာမြတ်နှင့် တူသည်၊

(၄) ပီတိသမ္ဗောဇ္ဈင်သည် ပတ္တမြားရတနာမြတ်နှင့် တူသည်၊

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် သူကြွယ်ရတနာမြတ်နှင့် တူသည်၊

(၆) သမာဓိသမ္ဗောဇ္ဈင်သည် မိန်းမရတနာမြတ်နှင့် တူသည်၊

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်သည် သားကြီးရတနာမြတ်နှင့် တူသည်။

(သုတ်ပါထေယျ-ပါဠိတော် ၈၇၊ ယင်း အဋ္ဌကထာ ၁၉၂-၌ အကျယ်ရှုပါ)

ဤစကြာစသော ရတနာ ၇-ပါးသည် လောကီဘုံရိပ်သာခန်းတွင်အဆင့် အတန်း အမြင့်မားဆုံးသော ရတနာများဖြစ်၍ ဗုဒ္ဓက ရတနာ့မြတ်ဟု မိန့် ဆိုဟောကြားတော်မူခဲ့ပေသည်။

လောကုတ္တရာတရားတော်မြတ်တို့တွင် ဗောဓိပက္ခိယတရား ၃၇-ပါးသည် နိဗ္ဗာန်ကိုမြင်သိနိုင်သော တရားတော်မြတ်ပင် ဖြစ်ကြပေသည်၊ ထိုတရား တော်မြတ် ၃၇-ပါးထဲမှ သတိသမ္ဗောဇ္ဈင်စသော လောကုတ္တရာရတနာ့မြတ် ၇-ပါးကို သီးခြားထုတ်ဖော်၍ လောကီရတနာ့မြတ် ၇-ပါးနှင့် ယှဉ်ဟပ်ကာ ဥပမာဥပမေယျ စပ်၍ ဟောပြတော်မူခဲ့ပြန်ပါသည်၊ ဝေနေယျတို့ကို မဟာကရုဏာတော် ရှေးရှုတော်မူသော ဗုဒ္ဓသည် ဤကဲ့သို့ ဥပမာပြ၍ ဟောရပေမည်၊ ဤလောက၌ ပညာရှိများပင် ဖြစ်ပါစေကာ ဥပမာဖြင့် သာ အနက်သဘောကို သိမြင်နိုင်ကြလေသည်၊ ဘုန်းရှိသော စကြာမင်း သည် စကြာယာဉ်စသော ရတနာ့မြတ် ၇-ပါးဖြင့်သာ အလိုရှိသော လောကီဘုံတွင် အမြင့်မြတ်ဆုံးဖြစ်သော အာရုံကို မလွဲတန်း မလွတ်တန်း လွယ်လင့်တကူ ချမ်းချမ်းမြေ့မြေ့ ရယူနိုင်သကဲ့သို့ နိဗ္ဗာန်ကို အလိုရှိ သော တိက္ခညာဏ်ကြီးက အာဇာနည် လူရှင်ရဟန်းသည်လည်း သတိ သမ္ဗော- ဇ္ဈင် စသော လောကုတ္တရာရတနာ့မြတ်၇-ပါးဖြင့်သာ မလွဲတန်း မလွတ်တန်း ချမ်းချမ်းမြေ့မြေ့ ထိတွေ့ရယူနိုင်ပေသည်။

သို့အတွက် ဗုဒ္ဓသည် ဤလောကီရတနာ့မြတ် ၇-ပါးနှင့် လောကုတ္တရာ ရတနာ့မြတ် ၇-ပါးကို ယှဉ်ဟပ်၍ ဟောတော်မူခဲ့ပေသည်၊ ရတနာပီတိတွင် မဟာဘောဂဂုဏ်ဆုပန်ဟု ညွှန်ပြခြင်းသည် ဤလောကီရတနာ့မြတ် ၇-ပါး နှင့် လောကုတ္တရာရတနာ့မြတ် ၇-ပါးတို့ကို မလွဲတန်း မလွတ်တန်း ဆုပန် ကြစေရန် ရည်သန်တိုက်တွန်း ညွှန်ပြခြင်းပင် ဖြစ်သည်၊ ထို့အပြင်—

လောကီ ဥစ္စာ့မြတ် ၇-ပါးနှင့် လောကုတ္တရာဥစ္စာ့မြတ် ၇-ပါးတို့ကိုလည်း မဟာဘောဂဂုဏ် ဆုပန်ရုံနှင့် ဆုပန်ဆင်ပြီး ဖြစ်နိုင်ပါသည်။

## လောကီဥစ္စာမြတ် ၇-ပါးနှင့် လောကုတ္တရာဥစ္စာမြတ် ၇-ပါး

(၁) ငွေတည်းဟူသော ဥစ္စာမြတ်သည် သဒ္ဓါဆိုတဲ့ လောကုတ္တရာ ဥစ္စာမြတ်နှင့် တူသည်။

(၂) ရွှေတည်းဟူသော ဥစ္စာမြတ်သည် သီလဆိုတဲ့ လောကုတ္တရာ ဥစ္စာမြတ်နှင့် တူသည်။

(၃) ပုလဲ တည်းဟူသော ဥစ္စာမြတ်သည် သုတဆိုတဲ့ လောကုတ္တရာ ဥစ္စာမြတ်နှင့် တူသည်။

(၄) ပတ္တမြားတည်းဟူသော ဥစ္စာမြတ်သည် စာဂဆိုတဲ့ လောကုတ္တရာ ဥစ္စာမြတ်နှင့် တူသည်။

(၅) ကျောက်မျက်ရွဲ တည်းဟူသော ဥစ္စာမြတ်သည် ဟိရီဆိုတဲ့ လောကုတ္တရာ ဥစ္စာမြတ်နှင့် တူသည်။

(၆) ဝရဇိန် တည်းဟူသော ဥစ္စာမြတ်သည် ဩတ္တပ္ပဆိုတဲ့ လောကုတ္တရာ ဥစ္စာမြတ်နှင့် တူသည်။

(၇) သန္တာ တည်းဟူသော ဥစ္စာမြတ်သည် ပညာ ဆိုတဲ့ လောကုတ္တရာ ဥစ္စာမြတ်နှင့် တူသည်။

ဤသည်ကိုပင် ကိုးခန်းပျို့ နိဂုံး၌ "ဟိရီ-ကျောက် ငွေ၊ ဩတ္တပ်-ရွှေနှင့်၊ နှံ့-မွေ့ကြွားပုံ၊ ခက်ရုံ-သန္တာ၊ သဒ္ဓါ-မျက်မြ၊ သီလ-ပုလဲ၊ စွန့်ကြဲ-ဒါန၊ စာဂ-မဏိ၊ ဗုဒ္ဓိ-ဝရဇိန်၊ တောက်ထိန် ခုနစ်ပါး၊ ဥစ္စာများကို၊ သူ့အားဝေငှ၊ ညဏသူဌေး၊ ညဏ်လှူပေး၍"ဟု တနည်းမှတ်ဖွယ် စပ်ဆိုတော်မူသည်။

ထိုပြင် အဝတ်အထည် စသော သက်ရှိ သက်မဲ့ စီးပွါးဥစ္စာ ရတနာတို့ကိုလည်း ဆုပန်ဆင်ပြီး ဖြစ်၏၊ သို့အတွက် မြတ်မြတ်နိုးနိုး အားကိုးရှုတ်ပါဟု တိုက်တွန်းရခြင်းပင် ဖြစ်ပါသည်။

(၁) အရှင်သာရိပုတ္တရာ၊

(၂) အရှင်အာနန္ဒာ၊

(၃) အရှင်မဟာမောဂ္ဂလ္လာန်၊
(၄) အရှင်ကောဏ္ဍည၊
(၅) အရှင်ဂဝမ္ပတိ၊
(၆) အရှင်ဥပါလိ၊
(၇) အရှင်ရေဝတ (ခဒိရရေဝတ)
(၈) အရှင်ရာဟုလာ၊

ဤအဂ္ဂသာဝက, မဟာသာဝက ရဟန္တာမြတ်ကြီး ၈-ပါးအမှူးထား၍ အရိယာပရမတ္ထ သမုတိသံဃာတော်မြတ်များကို အမြဲရှိခိုး၍ လိုအပ်သော ဆုများကို တောင်းပါက ဘဝအဆင့်အတန်း အမြင့်စခန်းသို့ ရောက်နိုင်မည် ဖြစ်၏၊ သံဃရတနာကသာ ဤအကျိုးတရားများကို ပေးနိုင်သည် မဟုတ်၊ ဘုရားရတနာ တရားရတနာများကလည်း ပေးနိုင်ပေသည်၊ သို့ဖြစ်၍ ဆုတောင်းဂါထာကို စက်လှည့်၍ ရွတ်ဆို ဆုတောင်းနိုင်ကြပါသည်။

(မှတ်ချက်) သံဃဂုဏ်များကသာ မဟာဗောဓိဂုဏ် ပြည့်စုံအောင် အကျိုးပေးသည်မဟုတ်၊ ဘုရား တရားဂုဏ်များကလည်း မဟာဗောဓိဂုဏ် ပြည့်စုံအောင် အကျိုးပေးနိုင်သည်ဟူ၍ မှတ်။

အဟံ၊တပည့်တော်သည်။ ဒီဃာယုကောသတံ၊ အသက်တရာရှည်သည်။ ဘဝေ ဘဝါမိ၊ဖြစ်ရပါလို၏။ တေသံ၊ ထိုတရားတော်မြတ်တို့၏။ မဟာနုဘာဝေန၊ ကြီးမားမြင့်မြတ်လှစွာသော တေဇဂုဏ်တော် အာနုဘော်တော် ကြောင့်။ အဟံ၊ တပည့်တော်သည်။ မဟာပညံ၊ ကြီးမား မြင့်မြတ်လှစွာသော ပညာဉာဏ်ကို။ လဘာမိ၊ မချွတ်မြဲရှိ ရပါလို၏ အရှင်ဘုရား။

## သံဃမဟာအာနုဘော်အကာနှင့် ဆုတောင်း
### (မဟာဗောဓိဂုဏ် ဆုပန်)

၃။ သံဃော မေ ရက္ခတု နိစ္စံ၊ သံဃော မေ ရက္ခတု သဒါ။
သံဃော မေ ရက္ခတု ဒိန္နေ၊ ဒီဃာယုကော သတံ ဘဝေ။
တေသံ မဟာနုဘာဝေန၊ မဟာဗောဓိံ လဘာမဟံ။

သံဃော၊ ဗုဒ္ဓသာ၀ကရှစ်ပါးအမှူးထားသော သံဃာတော်မြတ်အပေါင်းသည်။ မေ၊ တပည့်တော်အား။ နိစ္စံ၊ အမြဲ။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ သံဃော၊ ဗုဒ္ဓသာ၀ကရှစ်ပါး အမှူးထားသော သံဃာတော်မြတ်အပေါင်းသည်။ မေ၊ တပည့်တော်အား။ ဒိန္နေ၊ နေ့စဉ်နေ့တိုင်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ အဟံ၊ တပည့်တော်သည်။ ဒီဃာယုကော သတံ၊ အသက်တရာရှည်သည်။ ဘဝေ ဘ၀ါမိ၊ ဖြစ်ရပါလို၏။ တေသံ၊ ထိုသံဃာတော်မြတ်အပေါင်းတို့၏။ မဟာနုဘာဝေန၊ ကြီးမားမြင့်မြတ်လှစွာသော တေဇဂုဏ်တော် အာနုဘော်ကြောင့်။ အဟံ၊ တပည့်တော်သည်။ မဟာဘောဂံ၊ ကြီးမားမြင့်မြတ်လှစွာသော စည်းစိမ်ချမ်းသာရတနာကို။ လဘာမိ၊ မချွတ်မြဲရှိ ရပါလို၏ အရှင်ဘုရား။

## မိခင်မေတ္တာအကာနှင့် ဆုတောင်း

(မဟာသုခဂုဏ် ဆုပန်)

၄။ မာတာ မေ ရက္ခတု နိစ္စံ၊ မာတာ မေ ရက္ခတု သဒါ။
မာတာ မေ ရက္ခတု ဒိန္နေ၊ ဒီဃာယုကော သတံ ဘဝေ။
တေသံ မေတ္တာနုဘာဝေန၊ မဟာသုခံ လဘာမဟံ။

မာတာ၊ အတိတ် ပစ္စုပ္ပန် နှစ်တန်ကာလ ဘုံဘဝမှ ကြီးလှမေတ္တာ မာတာ မိခင် ကျေးဇူးရှင်အပေါင်းသည်။ မေ၊ ငါ့အား။ နိစ္စံ၊ အမြဲ။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ မာတာ၊ လူနတ်မိခင် ကျေးဇူးရှင်အပေါင်းသည်၊ မေ၊ ငါ့အား။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ မာတာ၊ လူနတ်မိခင် ကျေးဇူးရှင် အပေါင်းသည်။ မေ၊ ငါ့အား။ ဒိန္နေ၊ နေ့စဉ်နေ့တိုင်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ အဟံ၊ ငါသည်။ ဒီဃာယုကောသတံ၊ အသက်တရာရှည်သည်၊ ဘဝေ ဘ၀ါမိ၊ ဖြစ်ရပါလို၏။ တေသံ၊ ပစ္စုပ္ပန် အတိတ် ဘ၀ပေါင်းများစွာက တော်ခဲ့ဘူးသော လူနတ်မိခင်ထိုကျေးဇူးရှင်တို့၏။ မေတ္တာနုဘာဝေန၊ ချစ်ရှိမကုန် မေတ္တာဟုန်အာနုဘော်တော်ကြောင့်။ အဟံ၊ ငါသည်။ မဟာသုခံ၊ ကြီးမားများပြားသော ချမ်းသာကို။ လဘာမိ၊ မချွတ်မြဲရှိ ရပါလို၏ အရှင်ဘုရား။

## ဘခင်မေတ္တာ အကာနှင့် ဆုတောင်း

(မဟာဇနကဇာတ် ဆုပန်)

၅။ ပိတာ မေ ရက္ခတု နိစ္စံ၊ ပိတာ မေ ရက္ခတု သဒါ။
ပိတာ မေ ရက္ခတု ဒိန္နေ၊ ဒီဃာယုကော သတံ ဘဝေ။
တေသံ မေတ္တာနုဘာဝေန၊ မဟာဓနံ လဘာမဟံ။

ပိတာ၊ မေတ္တာသန့်စင် မွေးဘခင်သည်။ မေ၊ ငါ့အား။ နိစ္စံ၊ အမြဲ။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ ပိတာ၊ မေတ္တာသန့်စင် မွေးဘခင်သည်၊ မေ၊ ငါ့အား။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ ပိတာ၊ မေတ္တာသန့်စင် မွေးဘခင်သည်။ မေ၊ ငါ့အား။ ဒိန္နေ၊ နေ့စဉ်နေ့တိုင်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ အဟံ၊ငါသည်။ ဒီဃာယုကောသတံ၊ အသက်တရာရှည်သည်။ ဘဝေ ဘဝါမိ၊ ဖြစ်ရပါလို၏။ တေသံ၊ အတိတ်ပစ္စုပ္ပန် နှစ်တန်ကာလ ဘုံဘဝတို့မှ ကြီးလှသစွာ မေတ္တာသန့်စင် ထိုမွေးဘခင်တို့၏။ မေတ္တာနုဘာဝေန၊ မေတ္တာသန့်မေဘ် အာနုဘော်ကြောင့်။ အဟံ၊ ငါသည်။ မဟာဓနံ၊ များမြတ်လှစွာ မြတ်ဥစ္စာကို။ လဘာမိ၊ မချွတ်မြဲရှိ ရပါလို၏ ဘုရား။

## ဆရာမေတ္တာ အကာနှင့် ဆုတောင်း

(မဟာသုခဇာတ် ဆုပန်)

၆။ သတ္ထာ မေ ရက္ခတု နိစ္စံ၊ သတ္ထာ မေ ရက္ခတု သဒါ။
သတ္ထာ မေ ရက္ခတု ဒိန္နေ၊ ဒီဃာယုကော သတံ ဘဝေ။
တေသံ မေတ္တာနုဘာဝေန၊ မဟာယသံ လဘာမဟံ။

သတ္ထာ၊ သိပ္ပမချန် မိတ်ထံဂုဏ်တင် ဆရာရှင်အပေါင်းသည်။ မေ၊ ငါ့အား။ နိစ္စံ၊ အမြဲ။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။ သတ္ထာ၊ သိပ္ပမချန် မိတ်ထံဂုဏ်တင် ဆရာရှင်အပေါင်းသည်။ မေ၊ ငါ့အား။ သဒါ၊ အခါခပ်သိမ်း၊ ရက္ခတု၊ စောင့်ရှောက်တော်မူကြပါစေသတည်း။ သတ္ထာ၊ သိပ္ပမချန် မိတ်ထံဂုဏ်တင် ဆရာရှင်အပေါင်းသည်။ မေ၊ ငါ့အား။

ဒိန္နေ၊ နေ့စဉ်နေ့တိုင်း။ ရက္ခတု၊စောင့်ရှောက်တော်မူပါစေသတည်း။ အဟံ၊ ငါသည်။ ဒီဃာယုကောသတိ၊ အသက်တရာရှည်သည်။ ဘဝေ ဘဝါမိ၊ ဖြစ်ရပါလို၏။ တေသံ၊ ထိုအတိတ်ပစ္စုပ္ပန်ဘဝက ဆရာ ဆရာရှင်တို့၏။ မေတ္တာနုဘာဝေန၊ စေတနာသန့်ရှင်း မေတ္တာရင်းဂုဏ်တော် အာနုဘော်ကြောင့်။ အဟံ၊ ငါသည်။ မဟာယသံ၊ ကြီးမား များပြားသော အခြေအရံကို။ လဘာမိ၊ မချွတ်မြဲရှိ ရပါလို၏ အရှင်ဘုရား။

## သာတာဂိရိစသော နတ်ပြဟ္မာမင်းကြီးများ၏ တန်ခိုးဂုဏ်အကာနှင့် ဆုတောင်း

(မဟာလာဘဂုဏ် ဆုပန်)

၇။ ဒေဝါ မေ ရက္ခန္တု နိစ္စံ၊ ဒေဝါ မေ ရက္ခန္တု သဒါ။
ဒေဝါ မေ ရက္ခန္တု ဒိန္နေ၊ ဒီဃာယုကော သတိ ဘဝေ။
တေသံ တေဇာနုဘာဝေန၊ မဟာလာဘံ လဘာမဟံ။

ဒေဝါ၊ သာတာဂိရိ အစရှိကုန်သော နတ်ပြဟ္မာမင်းကြီးတို့သည်။ မေ၊ ငါ့အား။ နိစ္စံ၊ အမြဲ။ ရက္ခန္တု၊ စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။ ဒေဝါ၊ သာတာဂိရိ အစရှိကုန်သော နတ်ပြဟ္မာမင်းကြီးတို့သည်။ မေ၊ ငါ့အား။ သဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။ ဒေဝါ၊ သာတာဂိရိ အစရှိသောနတ်ပြဟ္မာမင်းကြီးတို့သည်။မေ၊ ငါ့အား။ ဒိန္နေ၊နေ့စဉ်နေ့တိုင်း။ ရက္ခန္တု၊ စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။ အဟံ၊ ငါသည်။ ဒီဃာယုကောသတိ၊ အသက်တရာရှည်သည်။ ဘဝေ ဘဝါမိ၊ ဖြစ်ရပါလို၏။ တေသံ၊ ထိုသာတာဂိရိ အစရှိကုန်သော နတ်ပြဟ္မာမင်းကြီးတို့၏။ တေဇာနုဘာဝေန၊ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်။ အဟံ၊ ငါသည်။ မဟာလာဘံ၊ ကြီးကျယ်များပြားသော လာဘ်လာဘကို။ လဘာမိ၊ မချွတ်မြဲရှိ ရပါလို၏။

## သမ္ဗုဒ္ဓေဂါထာပါဌ်အနက်နှင့် ဆုတောင်း

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

၁။ အဟံ၊ရုပ်နာမ်နှစ်ရပ် ပရမတ်၌ ပညတ်ထင်ခေါ်တပည့်တော်သည်။ အဋ္ဌဝီသံ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ စ၊ ဥဇ္ဇယျမ်ငါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုရားရှင်တို့ကိုင်း။ ဒွါဒသ-သဟဿကေ၊ တသောင်းနှစ်ထောင် အရေအတွက်ရှိကုန်သော။သမ္ဗုဒ္ဓေစ၊ သစ္စာလေးပါးမြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသောဘုရားရှင်တို့ကိုင်း။ ပဉ္စသတသဟဿာနိ၊ ငါးသိန်းအရေအတွက်ရှိကုန်သော။ သမ္ဗုဒ္ဓေ စ၊ သဗ္ဗညုတ ဉာဏသိမြင် ဘုရားရှင်တို့ကိုင်း။သိရသာ၊ အသရေပွါး လူးဦးခေါင်းဦးဖြင့်။ နမာမိ၊ ရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

၂။ အပ္ပကာ ဝါလုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

၂။ အဟံ၊ခန္ဓာနာမ်ရုပ် ဖွဲ့စပ်ချုပ်သည့် အကျွန်ုပ်သည်။ ဂင်္ဂါ၊ ဂင်္ဂါမြစ်၌ တည်ရှိကုန်သော။ ဝါလုကာ၊ ငွေရောင်ဖြန့်ဖုံး သဲအားလုံးတို့သည်။ အပ္ပကာ၊ သင်္ချာသော့ချော်ရေလျှင်ပြီးသဖြင့် နည်းလှကုန်သေးသည်။ဟောန္တိ၊ဖြစ်ကုန်၏။ အနန္တာ၊ အဆုံးမရှိကုန်သော။ နိဗ္ဗုတာ၊ တဆယ့်တဖြာ မီးဘယာတို့မှ ချုပ်ငြိမ်းရာ ဖြစ်ကုန်သော။ ဇိနာ၊ ငါးမာရ်အောင်မြင် ဘုရားရှင်တို့သည်။ သန္တိ၊ နိဗ္ဗာန်ဘုံနန်း စံမြန်းပျော်ဘိ ထင်ရှားရှိတော်မူကုန်၏။ တေသံ၊ ထို သမ္ဗုဒ္ဓေဘုရားရှင်တို့၏၊ ဓမ္မဉ္စ၊ တရားတော်မြတ်အပေါင်းကိုင်း။ သံဃဉ္စ၊ သံဃာတော်အရှင်မြတ်အပေါင်းကိုင်း။ အာဒရေန၊ လေးမြတ်တစေ ရိုသေလှစွာ။ နမာမိ၊ ဦးနှိမ်ရိုကျိုး ရှိခိုးပါ၏ဘုရား။

၃။ နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
• အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

၃။ နမက္ကာရာနုဘာဝေန၊ ရတနာသုံးတန်ကို ဖန်ဖန်မြတ်နိုး ရှိခိုးရသော အာနုဘော်တော်ကြောင့်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဥပဒ္ဒဝေ၊ ဘေးရန် အပေါင်းတို့ကို။ ဟိတွာ၊ ပယ်ဖျောက်၍။ အနေကအန္တရာယာပိ၊ များစွာကုန်သော အန္တရာယ်တို့သည်လည်း။ အသေသတော၊ အကြွင်းမဲ့၊ ဝါ-အကြွင်းအကျန်မရှိသော အားဖြင့်။ ဝိနဿန္တု၊ ကင်းစင်လွင့်ပျောက်ကြပါစေကုန်သတည်း။

ဤသမ္မုဒ္ဒေဂါထာတော်မြတ်ကို ရွတ်ဘတ် ကြည်ညိုရခြင်း၏ အကျိုးကား ရန်သူမျိုးငါးပါးနှင့် အမျိုးမျိုးသော ဘေးအပေါင်းမှ ကင်းစေနိုင်ခြင်း တောင့်တသွေးချို အလိုရှိအပ်သော လာဘ် ရတနာပေါများခြင်း ပညာရှိသူတော်ကောင်းများ ကြည်ညိုခြင်း လေးစားခြင်း မြတ်နိုးခြင်း လူချစ်လူခင်ပေါများခြင်း လောကပါလ နတ်ပြဟ္မာတို့ နှစ်သက်ခြင်း ကိုယ်စိတ်ချမ်းသာမှု ရလွယ်ခြင်း သန့်ရှင်းမွန်မြတ်သော နေရာ ဗိမာန် အဝတ်ပုဆိုး ဆန်းကြယ်သော တန်ဆာအမျိုးမျိုး နှစ်သက်ဖွယ်ကောင်းသော ကောင်းမြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို ရလွယ်ခံစားရခြင်းတို့နှင့် ပြည့်စုံနိုင်ပါသည်။

## သာဟတ္ထိကမြောက်

## ဘုရားကိုးဆူ ပူဇော်နည်း

သမ္မာသမ္ဗုဒ္ဓအစစ် ဖြစ်တော်မူကြကုန်သော ဘုန်းတော်အနန္တ ‌ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တ လာဘ်လာဘတော်အနန္တ ရတနာတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဝိပဿီအစရှိကုန်သော ဘုရားခုနစ်ဆူတို့နှင့် အရှင်သာရိပုတ္တရာ အစရှိကုန်သော ရဟန္တာရှစ်ဆူတို့ကို ဘုရား ၉-ဆူ ဆွမ်းကပ်လှူ ပူဇော်လိုသော ပုဂ္ဂိုလ်များအား အကြံအစည် အောင်မြင်ခြင်း လာဘ်ပေါများခြင်း ကိုယ်ကျန်းမာ စိတ်ချမ်းသာမှု ခိုင်မြဲ တည်တံ့ခြင်း ဘေးအမျိုးမျိုး ရန်အမျိုးမျိုး ဒဏ်အမျိုးမျိုး အန္တရာယ် အမျိုးမျိုး အနာရောဂါအမျိုးမျိုး ကင်းဝေးနိုင်စေခြင်း စသော အကျိုးများကို ရရှိခံစားနိုင်ပါသည်။ ဤလူ့ဘဝလူ့ဗိမာန်၌ နေစံပျော်မွေ့ကြကုန်သော လူတို့သည် တခါတခါ၌ ကိုယ်စိတ်မကြည် မတည် သမာဓိ ရှိကြသော အခါများ၌၎င်း သားရေး သမီးရေးနှင့် စားဝတ်နေရေး စသည်အကြောင်း မညီညွတ်သော အခါများ၌၎င်း ဘုရားကိုးဆူ ဆွမ်းကပ်လှူပူဇော်လိုသော စေတနာ ဖြစ်ပေါ်လာတတ်ကြပေသည်။ ထိုအချိန်အခါမျိုးတွင် ကိုးဆူ ဆရာကို ဘိတ်ခေါ်ငွေးရမ်းချိန်မရ၍ ဖြစ်စေ, အခြားအကြောင်းအမျိုးမျိုး ကြောင့်ဖြစ်စေ လှူဒါန်းလိုပါသော်လည်း မလှူဖြစ်ဘဲ ရှိရတတ်ကြပေသည်။ ထိုသို့ အခက်အခဲ ရှိနေဆဲ၌ပင် လှူချင်ပါက အလွယ်တကူ ဘုရား

ကိုးဆူ ပူဇော်နိုင်စေရန် ဤစာအုပ်က အကူအညီ ပေးနိုင်ပါသည်၊ ဗုဒ္ဓ, ဓမ္မ, သံဃရတနာတော်၏ ဇာတိဂုဏ်တော် အာနုဘော်ကို အားထားကိုးကွယ် သူတိုင်း အလွယ်တကူ ဘုရားကိုးဆူ ကပ်လှူနိုင်ပါသည်။ ဤကဲ့သို့ အရ ကျက်၍ ကပ်လှူပူဇော်ကြပါက သာဟတ္ထိက ကုသိုလ်စစ်ဖြစ်၍ အငှါးကပ် သည်ထက် အကျိုးပေးပိုစေနိုင်ပါသည်၊ မဟာပါယာသမင်းကြီးနှင့် ဥတ္တရ လုလင်တို့၏ အကျိုးပေး ကွာခြားချက်ကို မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ဆ၍ ကိုယ်နှုတ် စိတ်သုံးမျိုး အလှူမြောက်အောင် ဘုရားကိုးဆူ ဆွမ်းကပ်လှူ ပူဇော်နိုင်ကြပါစေရန် ဤစာအုပ်၌ ထည့်သွင်း ရေးသား ရခြင်းပင် ဖြစ်ပါသည်၊ ဘုရားကိုယုံကြည်ခြင်းသဒ္ဓါ နှစ်သက်ခြင်း ပီတိ တို့ဖြင့် နက်နက်နဲနဲ လေးလေးပင်ပင် စွဲစွဲမြဲမြဲ ပူဇော်လိုသူတိုင်း ဤ စာအုပ်ကို ဆောင်ထားသင့်ပါသည်။ ထို့ပြင် ငွေကြေးအကုန်အကျ မခံနိုင် ကြသော ကာယလုပ်သား ဉာဏလုပ်သား အိမ်ထောင်ရှင်များကိုရင်း ငွေကြေးတတ်နိုင်စွမ်းရှိကြသူပင် ဖြစ်ပါစေကာ အကုန်အကျမများသင့်ရာ၌ မကုန်မကျစေလိုသော အိမ်ထောင်ရှင်များကိုရင်း ဤရတနာပီတိ ကျမ်းသီရိ စာအုပ်က သီရိဂေဟာအဖြစ် အနှစ်သာရရှိရှိ မင်္ဂလာပီတိ အပြည့်အဝရရှိ စေအောင် ပို့ဆောင်ပေးနိုင်လိမ့်မည် ဖြစ်ပါသည်။

## ဘုရား ၉-ဆူဆွမ်းကပ်ရာ၌ ရဟန္တာကြီး ၈-ပါးကို အာရုံပြု၍ ကြည်ညိုနိုင်ကြစေရန် ပြဆိုချက်

(က) အရှင်မဟာသာရိပုတ္တရာသည် ကြီးမြတ်သောပညာနှင့် ပြည့်စုံ ကုန်သော ရဟန်းအပေါင်းတို့တွင် အမြတ်ဆုံးဖြစ်တော်မူ၏၊ ဘုရား ၏လက်ျာရံ အဂ္ဂသာဝကကြီး ဖြစ်၏။ တောင်အရပ်၌ နေ၏၊ ဖွါးရာတိုက်ခန်း၌ နိဗ္ဗာန်ဝင်စံ၏။

(ခ) အရှင်အာနန္ဒာ မထေရ်သည် အကြားအမြင်များခြင်းရှိကုန်သော, (ရဟန်းအပေါင်းတို့တွင် အမြတ်ဆုံးဖြစ်တော်မူ၏။) များသော သတိရှိကုန်သော, များသော ပညာရှိကုန်သော, များသော တည်ကြည်ခြင်း ရှိကုန်သော, များသော အလုပ်အကျွေးဖြစ်ကုန် သော ရဟန်းအပေါင်းတို့တွင် အမြတ်ဆုံးဖြစ်တော်မူ၏။အနောက်

အရပ်၌ နေစံပယ်၏။ အရှင်အာနန္ဒာမထေရ်သည် ဘုရားဟော တရားစကားတို့ကို ကြာမြင့်စွာ ဆောင်စွမ်းနိုင်သည့် ရဟန်း အပေါင်းတို့တွင် အမြတ်ဆုံး ဖြစ်တော်မူ၏။

သတိရှိကုန်သော ရဟန်းအပေါင်းတို့တွင် အရှင်အာနန္ဒာမထေရ် သည် အမြတ်ဆုံးဖြစ်တော်မူ၏။

ဘုရားဟောတော်မူသည့်အတိုင်း အလုံးစုံသော ပုဒ်တို့ကို သိစွမ်း နိုင်သည့် ပညာ ရှိကုန်သော ရဟန်း အပေါင်းတို့တွင် အရှင် အာနန္ဒာမထေရ်သည် အမြတ်ဆုံး ဖြစ်တော်မူ၏။ ဘုရားကို ပြုစု လုပ်ကျွေးခြင်း၊ ဘုရား တရား စကားတော်တို့ကို သင်ကြားခြင်း၊ အရဆောင်ခြင်း၊ သရဇ္ဈာယ်ခြင်းတို့၌ ရဟန်းအပေါင်းတို့တွင် အရှင်အာနန္ဒာမထေရ်သည် အမြတ်ဆုံး ဖြစ်တော်မူ၏။

လုံ့လရှိကုန်သော ရဟန်းအပေါင်းတို့တွင် အရှင်အာနန္ဒာသည် အမြတ်ဆုံး ဖြစ်တော်မူ၏။

(ဂ) အရှင်မဟာ မောဂ္ဂလ္လာန် မထေရ်သည် တန်ခိုးနှင့် ပြည့်စုံကုန် သောရဟန်းအပေါင်းတို့တွင် အမြတ်ဆုံး ဖြစ်တော်မူ၏၊ မြောက် အရပ်၌ နေစံပယ်၏၊ ဣသိဂိလိတောင်၏ နံပါး ကာဠမည်သော ကျောက်ဖျာထက်၌ နိဗ္ဗာန်ဝင် စံ၏၊ ဘုရား၏ မြောက်အရပ်၌ နေစံပယ်၏။

(ဃ) အရှင်အညာသိ ကောဏ္ဍည မထေရ်သည် ညဉ့်တို့ကိုသိကုန် ရဟန်း ဝါရင့်ကုန်သော ရဟန်းအပေါင်းတို့ထက် မြတ်တော်မူ၏၊ဟိမဝန္တာ တော မန္ဒာဂိရိအိုင်အနီး၌ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်၊ ဘုရား၏ ရှေ့၌ ရပ်တည်သည်။

(င) အရှင်ဂဝမ္ပတိ မထေရ်သည် ဘုရား၏ အလိုတော်ကို သိသော ပုဂ္ဂိုလ်မြတ်ဖြစ်၏၊ လှပသပ်ရပ် မဏ္ဍပ်အလှူကို လှူခဲ့ဘူးသော

ကုသိုလ် ထူးကြောင့် အနောက်မြောက်ကျွန်း ရတနာဃရ စံကျောင်းပြာသာဒ်၌ သိတင်းသုံးတော်မူသည်။

(စ) အရှင်ဥပါလိ မထေရ်သည် ဝိနည်းကို ဆောင်ကုန်သော ရဟန်းအပေါင်းတို့တွင် အမြတ်ဆုံး ဖြစ်တော်မူ၏၊ အနောက်တောင်ထောင့်အရပ်မှာ နေစံပယ်၏။

(ဆ) အရှင် ခဒိရဝနိယရေဝတ မထေရ်သည် တောကျောင်း နေကုန်သော ရဟန်းအပေါင်းတို့တွင် အမြတ်ဆုံး ဖြစ်တော်မူ၏။

(ဇ) အရှင် ရာဟုလာ မထေရ်သည် အကျင့်သိက္ခာကို လိုလားကုန်သော ရဟန်း အပေါင်းတို့တွင် အမြတ်ဆုံး ဖြစ်တော်မူ၏၊ တာဝတိံသာ နတ်ပြည်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။

## အရှင်မဟာကဿပ၏ အာယုဒီဃဂုဏ်

ဤ အရှင်မဟာကဿပ မထေရ်သည် ဓုတင်ဆောင်ရာ၌ ဧတဒဂ် ဘွဲ့ကို ရရှိတော်မူသည်။ ဤအရှင်သည် ပဒုမုတ္တရဘုရား၏ တတိယ သာဝက မဟာနိသဘ မထေရ်ကို ကြည်ညိုအားကျလှ၍ ဓုတင်ဆောင် ဧတဒဂ်ဆုကို ပန်ခဲ့၏။ ထိုအခါက ဝေဒေဟ ဥပါသကာဖြစ်၍ ဘုရားနှင့် သံဃာတော်ခြောက်သန်းတို့ကို အသက်ရှည်ခြင်းစသော အကျိုးတို့ကို ပေးစွမ်းနိုင်သော ဆွမ်း ယာဂုဆွမ်းစသော အလှူတော်ကို လှူခဲ့၏။ သို့အတွက် ယခုဘဝမှာ အသက်(၁၂၀)တရာ့နှစ်ဆယ် တင့်တယ်စွာ ရှည်လေသည်။

ဤဘဒ္ဒကမ္ဘာမှ လွန်ပြီး အတိတ်ကမ္ဘာကိုပြန်၍ ရေသည်ရှိသော် ကမ္ဘာတသိန်းထက်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော ဝေဒေဟဥပါသကာ ဖြစ်စဉ်ချမ်းသာကြွယ်ဝ၍ သံဃာတော် ခြောက်သန်းကျော်တို့ကို ဆွမ်း သက်န်းကျောင်း ဆေးတို့ကို လှူဒါန်းပူဇော်နိုင်ပါသော်လည်း ဝိပဿီဘုရား ပွင့်တော်မူသောအခါကမူ လှူစရာပစ္စည်းမဲ့၍ အလွန်ဆင်းရဲလှသော ဘဝ၌ ရပ်တည်နေရ၏။ ထင်းခွေ ဟင်းရွက်ခူးပြီး အသက်မွေးရ၏။ အမည်ကတော့ ကောသာဋက ဖြစ်၏။ လင်နှင့်မယားနှစ်ယောက်တွဲ၍ အလှူပွဲစသည် မသွားနိုင်ပေ၊ အင်္ကျီမရှိ ခြုံလွှမ်းစရာစုလျား အပိုတထည်ဘဲ ရှိကြ၏။ အရှင်မဟာ

ကဿပအလောင်းသည် ကောသာဠကက ပုဏ္ဏားဘဝ၌ ဆင်းရဲလှသော ဘဝ အဖြစ် ရင်ဆိုင်ခဲ့ရ၏၊ ဗန္ဓုမတီပြည် ဗန္ဓုမမင်းကြီး လက်ထက်တွင် ဖြစ်၏၊ ထိုအခါ ဝိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်တကြိမ် တရားဟောတော်မူ၏။ သမ္မာဒေဝ နတ်ပြဟ္မာအပေါင်း သောင်းသောင်း ဖျဖျ ကြွေးကြော်ကြရာ လူ့ဘုံ နတ်ဘုံတို့မှာ ခြိမ့်ခြိမ့်သဲရှိ၏၊ ကောသာဠကကသည် ဇနီးမယားအား မိန်းမသားဖြစ်၍ ညတရားပွဲသို့ မသွားစေဘဲ နေ့တရားပွဲကိုနာရန် အခွင့် သာစေ၍ မိမိသာလျှင် ညတရားပွဲသို့ သွားရောက် နာကြား၏၊ မျက်နှာမွဲ ဆင်းရဲနွမ်းပါးသူဖြစ်၍ ပရိသတ် အစွန်ကဘဲ နာကြားရရှာ၏၊ သဒ္ဓါမွဲသူ မဟုတ်၍ တရားပွဲ၌ အောင်ပွဲရ၏။

ကဿပဘုရားလက်ထက်၌ ဗာရာဏသီပြည် အမတ်ကြီး၏သား နန္ဒိယ မင်းသားဖြစ်၍ မင်းကြီး၏သမီး ဘဒ္ဒကာ မင်းသမီးနှင့် မင်းစည်းစိမ် ခံစားပြီး ထီးနန်းကို သားကြီးအပ် မြတ်သောတရားကို အားထုတ်ခဲ့၏။

မဟာပဒုမမင်းသား အမှူးရှိသော ပစ္စေကဗုဒ္ဓါငါးရာတို့ကို ရသငါးပါးနှင့် ပြည့်စုံသော ယာဂုဆွမ်းစသည် ကပ်လှူခဲ့သော ကုသိုလ်သည်လည်း အရှင် မဟာကဿပထေရ် အသက်တရာ့နှစ်ဆယ် ရှည်စေကြောင်း ကောင်းမြတ် သန့်ရှင်းသော ကုသိုလ်ရင်းတရပ် ဖြစ်ပြန်၏၊ ထိုဘဝ ထိုကုသိုလ်သည်လည်း ဒီဃာယုကဂုဏ် ပြည့်စုံစေဘို့အကြောင်း ကုသိုလ်တရပ် ဖြစ်ပြန်၏။

ဘဒ္ဒကမ္ဘာ လေးဆူမြောက် ဂေါတမဘုရား ပွင့်တော်မူသောအခါ မဂဓ တိုင်း မဟာတိတ္ထပုဏ္ဏားရွာ ကပိလ ကဿပ အနွယ်ဖြစ်သော ပုဏ္ဏားသူဌေး၏ သား ပိပ္ပလိ လုလင်အဖြစ် ရောက်ရှိလာ၏၊ ဘဒ္ဒကာမင်းသမီးမှာ "ဘဒ္ဒကာ-ပိလာနီ" အမည်ဖြင့် မဒ္ဒရာဇ်တိုင်း သာဂလမြို့ ကောသလမင်း ပုဏ္ဏား၏ သမီးရတနာ ဖြစ်လာ၏။

"ပန်းမညှိုးတဲ့ မောင်နှံ့မယ်" ကာမဂုဏ်ဟူသော အလိုရမက်ဆိုးသည် စိတ်ဓာတ်ညံ့သူတို့ အဘို့သာ ဖြစ်၏၊ စိတ်ဓာတ်သန့်သူတို့အဘို့ ရွံဆိုး စက်ဆုပ်ဖွယ်သာဖြစ်၏။ အောင်သွယ်တွေ လိမ်ညာမှုကြောင့် မပြုချင်ဘဲ ပြုရရှာတဲ့ အိမ်ထောင်သည် ပိပ္ပလိသတိုးသားနှင့် ဘဒ္ဒကာပိလာနီသတိုးသမီး တို့မှာ မောင်ချစ် နှမချစ် မေတ္တာစစ်ဖြင့် ပန်းကုံးနှစ်သွယ် ယှဉ်ခြားပြီး

သစ္စာထားကာ အိပ်စက်ကြ၏။ သည်ဘဝ၌ပင် အသက်တရာ့နှစ်ဆယ် ရှည်သော ဧတဒဂ်ရ အရှင်မဟာကဿပ မထေရ်မြတ်ဖြစ်ပြီး နိဗ္ဗာန် ဝင်စံတော်မူလေသည်၊ ဘုရားပရိနိဗ္ဗာန်ဝင်စံပြီး ပထမသင်္ဂါယနာတင်ရာ၌ သံဃမဟာနာယကအဖြစ် ခေါင်းဆောင်၍ သင်္ဂါယနာတင်တော်မူခဲ့လေ သည်။ (ဓမ္မပဒ အဋ္ဌကထာ ဒု ၁ မှ-၄ ရှု)

## ဥစ္စာကုလိ ဧတဒဂ်ရ
## မဟာသာဝက အရှင်ဘဒ္ဒိယ မထေရ်

အရှင်ဘဒ္ဒိယ မဟာသာဝက မထေရ်မြတ်သည် မြင့်မြတ်သောနေရာ ပလ္လင်ကို ပဒုမုတ္တရဘုရား လက်ထက်တော်က လှူဒါန်းပူဇော်ခဲ့ဘူးသော ကုသိုလ်ကြောင့် ဤဘဒ္ဒကမ္ဘာတွင် လေးဆူမြောက် ပွင့်တော်မူသော ဂေါတမဘုရား၏ မဟာသာဝက ဥစ္စာကုလိ ဧတဒဂ်ရတော်မူလေသည်။

ကောင်းမှုပြုခဲ့သော အလှူမှာ ပဒုမုတ္တရဘုရား၏ မဟာသာဝက တပါး ၏ အမျိုးမြတ်သော ဥစ္စာကုလိက ဧတဒဂ်ဘွဲ့ ရသည်ကို အလွန်နှစ်သက် လှ၍ ဘုရားထံပါးကပ်ပြီး ဤရဟန်းကဲ့သို့ ဖြစ်လိုပါသည်၊ အဘယ်အလှူကို လှူရပါမည်နည်းဟု လျှောက်ထားလေသော် သူကြွယ်၊ ငါဘုရားနှင့် ရဟန်း သံဃာတော်များကို မြင့်မြတ်သော နေရာပလ္လင်ညောင်စောင်း အင်းပျဉ် အခင်းကမ္ဗလာ တို့ကို မွန်မြတ်စွာခင်း၍ လှူဒါန်းပူဇော်ခဲ့သော် ရနိုင် ကြောင်း မိန့်တော်မူသဖြင့် အလွန်အဘိုးထိုက် တန်သော နေရာ ပလ္လင်တို့ကို သံဃာတော်တသိန်းတို့အား ခင်းကျင်း၍ ဆွမ်းဘောဇဉ် ချိုချဉ်ရသာတို့ကို ခုနစ်ရက်တိုင်တိုင် ကပ်လှူခဲ့ဘူးသောကြောင့် ဤဘဒ္ဒကမ္ဘာ ဂေါတမ ဘုရား၏ လက်ထက်၌ အမျိုးမြတ်သော ဥစ္စာကုလိက ဧတဒဂ်ဘွဲ့ကို ရရှိ ခြင်းပင် ဖြစ်သည်။

အရှင်ဘဒ္ဒိယ မထေရ်မြတ်သည် သုဒ္ဓေါဒနမင်းကြီး၏ နှမတော် ကာဠိ- ဂေါဓာ မိဖုရား၏သားတော် ဘဒ္ဒိယပင် ဖြစ်၏၊ ဘုရားနှင့် ညီနောင် ဝမ်းကွဲ တော်စပ်၏၊ ဘဒ္ဒိယမင်းသားအဖြစ် မရောက်မီ ဘဝပေါင်းများစွာ စကြာ မင်း သိကြားမင်းများ ဖြစ်ခဲ့ဘူး၏၊ မြင့်မြတ်သော အလှူကို လှူဒါန်း

ပါက မြင့်မြတ်သော အကျိုးကို ရရှိနိုင်ကြောင်းကို ဤဘဒ္ဒိယမင်းအဖြစ်မှ ဘဒ္ဒိယမထေရ်အဖြစ်သို့ ကူးတော်မူသော ထုံးသာဓကကို ထောက်ရှု၍ မြင့်မြတ်သောအလှူကို ပြုသင့် ပြုထိုက်၏။

"ယော မနာပံ လဗ္ဘတေ၊ သော မနာပံ ဒါယီ"ဆိုသည့်အတိုင်း "အကြင်သူသည် နှစ်သက်ဖွယ်တောင်း ကောင်းမြတ်သော အလှူကို ပေးလှူလေ့ရှိ၏၊ ထိုသူသည် နှစ်သက်ဖွယ်တောင်း ကောင်းမြတ်သော အကျိုးကို ရရှိမည်သာတည်း" အရှင်ဘဒ္ဒိယ မထေရ်သည် ဧတဒဂ်ရ ပုဂ္ဂိုလ်ကျော် လေးဆယ့်ခုနစ်ပါးတို့တွင် အမှတ်စဉ် ပဉ္စမမှာ ပါရှိ၏။

လူ့မင်းဘဝက မင်းစည်းစိမ်ချမ်းသာကို ပြန်လည်တွေးဆ၍ စက်ဆုပ်နေသော ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်၏၊ သို့ဖြစ်၍ တောရိပ်တောင်စောင်း သင်ခမ်းကျောင်း၌ ရောက်ရှိတိုင်း ရောက်ရှိတိုင်း ချမ်းသာလေစွ ချမ်းသာလေစွဟု အမြဲမိန့်မြွက်တော်မူ၏၊ ဂိဟိသုခထက် သမဏသုခကပို၍ ချမ်းသာကြောင်း ထင်ရှားလှ၍ ရင်တွင်းတွင် သိုသိပ်၍မထားနိုင်ဘဲ ထုတ်ဖော်မြွက်ဟရ လေသည်။

အရိယာအစစ်ဖြစ်သော ပုဂ္ဂိုလ်၏ ချမ်းသာသည် လောကီနယ်ပယ်၌ ရှိသော လူမင်း နတ်မင်း ဗြဟ္မာမင်း ချမ်းသာတို့ထက် မြတ်သော ချမ်းသာ စစ်စစ်ဖြစ်၏၊ ပြောမယုံ ကြုံဘူးမှသိ ဆိုဒါလို အရှင်ဘဒ္ဒိယမထေရ်သည် လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံတို့၌ ပုထုဇဉ် စည်းစိမ်ချမ်းသာတို့ကို ဘဝတိုင်းလိုလို မြင့်မြင့် မြတ်မြတ်ကြီး ခံစားခဲ့ဘူးသူ ဖြစ်၏၊ နောက်ဆုံး အာသဝေါကုန်ခန်း ရဟန်းဘဝမရောက်မီ အချိန်မှာပင် ဘဒ္ဒိယမင်းအဖြစ်နှင့် လူ့စည်းစိမ်ကို မြိန့်မြိန့်မြတ်မြတ်ကြီး ခံစားစံစားပြီးပါမှ သာသနာ့အရိပ်သို့ ခိုလှုံသူဖြစ်၏။

အရှင်ဘဒ္ဒိယမထေရ်သည် ကြောင့်ကြပူပန်ပြီး ခံစားခဲ့ဘူးသော စည်းစိမ်၏ အပြစ်ကို တဘ်အပ်ထင်ထင် မြင်၏၊ အရိယာရဟန္တာတို့ ခံစား စံစားနေရသော ဖလသမာပတ် အရိပ်သည် ကြောင့်ကြစိုးရိမ် ပူပန်မှု အလျှင်းမရှိ၍ ချမ်းသာစစ် ချမ်းသာမှန် ဖြစ်သည်ကို သဘာဝ တောရိပ် တောင်ရိပ်က

အထောက်အကူ ပြုလိုက်သောအခါ နှလုံးသားအတွင်း စိမ့်ဝင်လာသော မင်္ဂဖိုလ်ချမ်းသာကို ခံစားရရှိသောအခါ နှုတ်ကပင် "အဟောသုခံ အဟောသုခံ"ဟု မြွက်မိတော့၏၊ လူသံတိတ်ဆိတ် တောရိပ် တောင်စောင်း သင်ခမ်းကျောင်းသည် မင်္ဂအခြေ ဖိုလ်အခြေကို အထောက်အကူပြုနိုင်သော သဘာဝ ချမ်းသာတရပ်ဖြစ်၏၊ သို့အတွက် သူတော်ကောင်းများ ဆိတ်ငြိမ်ရာသို့ ကပ်ကြလေသည်။

## ဘဝင် မဆံ့ ပညာဉာဏ်ပြန့်သော အရှင်သာရိပုတ္တရာ လက်ျာရံ အဂ္ဂသာဝကထေရ်

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် တသင်္ချေနှင့်ကမ္ဘာတသိန်းထက်၌ ဗြာဟ္မဏ မဟာသာလမျိုး၌ ဖြစ်သော အရှင်သာရိပုတ္တရာအလောင်းသည် သရဒ လုလင်ပျို ဖြစ်၏၊ အရွယ်သို့ ရောက်လတ်သော် သရဒလုလင်သည် ဘခင်ကွယ်လွန်သဖြင့် အမျိုးအစဉ်အဆက်မှ အ ဆင့်ဆင့်ရရှိလာသော ဥစ္စာစည်းစိမ်တို့ကို ရပြီးနောက် တနေ့သ၌ ဆိတ်ငြိမ်ရာသို့ကပ်လျက် ဤသို့ကြံစည်၏၊ ငါသည် ဤသက်ရှိ သက်မဲ့ စည်းစိမ်တို့နှင့် ငြိတွယ်သဖြင့် အကျိုးမများ တလမ်းစီသွားရမည်သာ၊ ငါ့နောက်သို့ ပါမည်လည်း မဟုတ်၊ ယုတ်ညံ့သော လောကီစည်းစိမ်ကို ပယ်စွန့်၍ နိဗ္ဗာန်ချမ်းသာစစ်ကို ရှာမသင့်မည်ဟု မှန်မြတ်သော အကြံဖြစ်ပေါ်၍ စည်းစိမ်ချမ်းသာတို့ကို စွန့်ကြဲ၍ ဆိတ်ငြိမ်သော တောင်တခုကို အမှီပြုလျက် ရသေ့ရဟန်းပြု၍ နေလေ၏။

အလားတူ မြော်မြင်ဉာဏ်ရှိသော သူတို့လည်း သရဒရသေ့နောက်သို့ လိုက်၍ ရသေ့ရဟန်း ပြုကြရာ ခုနစ်ရက်အတွင်းတွင် ခုနစ်သောင်းလေးထောင်ကုန်သော ရသေ့ရဟန်းတို့ ဖြစ်ကြကုန်၏။

မကြာမြင့်မီ အဘိညာဉ်ခြောက်ပါး သမာပတ်ရှစ်ပါးတို့ကို ရကြကုန်၏၊ ထိုအချိန်အခါတွင် မဇ္ဈိမဒေသ စန္ဒဝတီပြည်ဝယ် အနောမဒဿီဘုရားပွင့်တော်မူ၏၊ ခမည်းတော်ကား ယသဝန္တမင်း၊ မယ်တော်ကား ယသော်ဓရာ၊ မြောက်သားတော်ကား သုနန္ဒာ၊ ပွင့်ရာ ဗောဓိပင်ကား ဖောက်ကြံ့ပင်တည်း၊ ထိုဘုရား၏ လက်ျာရံကား အရှင်နိသဘ၊ လက်ဝဲရံကား

အရှင်အနော်မ၊ အလုပ်အကျွေးကား အရှင်ဝရုဏ အမည်ရှိ၏၊ လူတို့အသက် တသိန်းတန်း၌ အနောမဒဿီဘုရား ပွင့်တော်မူသည်။ အရပ်တော် ငါးဆယ့်ရှစ်တောင် မြင့်သည်။ ကိုယ်တော်မှရောင် ခါတ်မြတ်သည်တဆယ့်နှစ်ယူဇနာတိုင်တိုင် ပြန့်တော်မူသည်၊ ရဟန်းတသိန်း အခြံအရံရှိသတည်း။

ထိုအနောမဒဿီဘုရား၏ လက်ျာရံ နိသဘမထေရ်ကို ဖူးမြင်ရ၍ ထိုမထေရ်မြတ်ကဲ့သို့ ပညာဉာဏ်ကြီးမားစေရန် စိတ်သက်သန်ကာ ဆုပန်ခဲ့၏၊ ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသော လေးဆူမြောက် အရှင်ဂေါတမဘုရား၏ လက်ျာရံ အရှင်သာရိပုတ္တရာမထေရ်မြတ် ဖြစ်တော်မူလေသည်၊ အရှင်မြတ်၏ အကျင့်လေးမျိုး ဝေဘန်ပြချက်ကို ပြပါအံ့၊ အခါတပါး၌ အရှင်မောဂ္ဂလ္လာန်ကို ဤသို့ ဆုံးမလေသည်၊ ငါ့ရှင် မောဂ္ဂလ္လာန် အကျင့်တို့သည် ဤလေးမျိုးတို့တည်း။

(၁) ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နုံ့နှေးသောအသိဉာဏ်ရှိသောအကျင့်။
(၂) ဆင်းရဲငြိုငြင်စွာကျင့်ရ၍ လျင်မြန်သောအသိဉာဏ်ရှိသောအကျင့်။
(၃) ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ နုံ့နှေးသော အသိဉာဏ်ရှိသော အကျင့်။
(၄) ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်။

ဤသို့ ပညာဉာဏ်ရင့်သန်သော သဘောရှိတော်မူသည့် ဘုရား၏ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာသည် ဝါတော်လေးဆယ့်လေးဝါ ရတော်မူသောအခါ ပရိနိဗ္ဗာန်ဝင်စံတော်မူလိုသဖြင့် သာဝတ္ထိပြည်မှ မာဂဓရာဇ်တိုင်း နာဠကရွာ မယ်တော် ရူပသာရီ မီးရှူးသန့်စင် ဖွားမြင်ရာ တိုက်ခန်း၌ တန်ဆောင်မုန်းလပြည့်နေ့ ညဉ့်မိုးသောက်ယာမ်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်။

အရှင်မြတ်သည် လျင်မြန်သော ဇဝနဉာဏ်၊ ထက်မြက်သောတိက္ခဉာဏ်၊ နက်နဲသော ဂမ္ဘီရဉာဏ်၊ သိမ်မွေ့သော နိပုဏဉာဏ် စသည်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ပညာဉာဏ်တေဒဂ်ကို ရတော်မူသည်။

မြတ်မယ်တော်ကို မွေးကျေးဇူးဆပ်သောအားဖြင့် ဖွားသန့်ရာ တိုက်ခန်းသို့ကြွ၍ ပရိနိဗ္ဗာန်ဝင်စံခြင်းပင် ဖြစ်သည်။

ဘုရားရှင်အဆူဆူတို့၏ အဂ္ဂသာဝကတို့မည်သည် ဘုရားပရိနိဗ္ဗာန်မဝင်စံမီ ပရိနိဗ္ဗာန်ဝင်စံကြရလေသည်။ ပရိနိဗ္ဗာန်မဝင်စံမီ ခုနစ်ရက်အလို သာဝတ္ထိပြည်မှ နတ်ပြည်ခြောက်ထပ် ဗြဟ္မာနှစ်ဆယ်ထိ နှံ့သိထင်ပေါ် အလွန်အလွန် ကျော်ကြားလျက် နှစ်သက်မငြီး ကြည်ညိုမဆုံး အံ့သြမကုန်နိုင်သော တန်ခိုးတော်ဖြင့် ဘုရားမြတ်ကို အထပ်ထပ်အကြိမ်ကြိမ် ရှိခိုးကန်တော့ပူဇော်တော်မူသည်၊ ပထမအကြိမ် ထန်းပင်မြင့်ခန့် ကောင်းကင်သို့ ဈာန်ဖြင့်တက်၍ မြေသို့ သက်ခါ ဘုရားခြေတော်စုံကို မြတ်သော ဦးခေါင်းဖြင့် ဦးတိုက်ရှိခိုး၍ ဒုတိယအကြိမ် ထန်းနှစ်ဆင့်၊တတိယအကြိမ် ထန်းသုံးဆင့်စသည်ဖြင့် ခုနစ်ကြိမ် ဈာန်တန်ခိုးဖြင့် ထက်ကောင်းကင်သို့ ပျံတက်၍ ပူဇော်ကန်တော့ကာ ဘုရားကို လကျ်ာရစ် သုံးကြိမ်ပူဇော်ပြီးမှ ရာဇဂြိုဟ်ပြည် နာဠကရွာ မယ်တော့်ထံ ကျေးဇူးဆပ်ရန် ဇာတိချက်မြှုပ်သို့ ပြန်ကြွတော်မူလေသည်။

ဤအခဏ်း၌ မွေးကျေးဇူးဆပ်ရေးသည် အရှင်မြတ်၏ အလွန်အလွန် ကောင်းမွန်လှသော ရည်မှန်းဦးတည်ချက်ပင် ဖြစ်တော့၏။ "ကတုပကာရဿ နာမ ပစ္စုပကာရံ ကာတုံ ဝဋ္ဋတိ" ဒေသနာအရှိအတိုင်း ကျေးဇူးပြုဘူးသူကို ကျေးဇူးတုံ့ပြန်ပေးဆပ်ခြင်းငှါ သင့်၏ ဟု စည်းကမ်းတရပ်ကို မြတ်မြတ်နိုးနိုး လိုက်နာကြရန် ညွှန်ပြခြင်းပင် ဖြစ်၏၊ ဤမွန်မြတ်သော စည်းကမ်းကို ပညာအရာ ဒုတိယဗုဒ္ဓရတနာတဆူ ဖြစ်တော်မူသော အရှင်မဟာသာရိပုတ္တရာ မဟာထေရ်မြတ်ကြီးသည် နောင်လာနောက်သားများ နည်းယူကျင့်သုံးကြစေရန် စံပြ ကျင့်သုံးသွားခြင်းပင် ဖြစ်တော့၏၊ နှောင်းခေတ်၌ လူဖြစ်ကြကုန်သော ပုဂ္ဂိုလ်တို့သည် မိဘ ဘိုးဘွား ဆရာသမားတို့အား လေးလေးစားစား စေတနာသန့်သန့်ထား၍ ပြုစုလုပ်ကျွေးခြင်းစသော ကျေးဇူးတုံ့ပြန်ပေးဆပ်မှုကို ပြုသင့်ကြပေတော့သည်။

## အရှင်အာနန္ဒာ၏ အာယုဒီဃဂုဏ်

အရှင်အာနန္ဒာ ထေရ်မြတ်သည် ပဒုမုတ္တရာဘုရား လက်ထက်တော်က အလုပ်အကျွေး အရှင်သုမနမထေရ်ကို အလွန်နှစ်သက်လှ၍ နောင်တော်

ဘုရားအမှူးရှိသော သံဃာတော် တသိန်းတို့ကို အသက်ရှည်စေနိုင်သော ကျောင်း သင်္ကန်း ဆွမ်းစသော အလှူများကို လှူဒါန်းပြီး နောင်တော် ဘုရားထံ ဗဟုသုတ,သတိ, ဂတိ, ဓိတိ, ဥပဋ္ဌာက တေဒဂ်ဆုကို ပန်ဆင်ရာ ဂေါတမဘုရားလက်ထက်တော်မှာ ပန်ဆုအတိုင်း ပြည့်စုံလိမ့်မည်ဟု ဗျာဒိတ်ရ ပုဂ္ဂိုလ်ကျော်ပင် ဖြစ်၏။

ဗုဒ္ဓ၏သာသနာတော်တွင် တေဒဂ်ငါးမျိုးရသဖြင့် ပညာရှိ ပုဂ္ဂိုလ်ကျော်များ ရင်သပ်ရှုမောအံ့ဩရ၏၊ လေးစားရ၏၊ မြတ်နိုးရ၏၊ ဆည်းကပ်ကြရ၏၊ လက်ဖျစ်ခတ်တီး အံ့ချီးရ၏၊ ဓမ္မဘဏ္ဍာဂါရိက ဟူ၍ ဂုဏ်ဟိတ် ပြန့်ထင် ဘဝဂ်ထိအောင် ပေါ်လွင်ခဲ့၏၊ ယခုလည်း ပေါ်လွင်ထင်ရှားဆဲ ဖြစ်၏၊ နောင်လည်း ထင်ရှားလတ္တံ့ ဖြစ်၏။

အရှင်အာနန္ဒာသည် အကြား အမြင် ဗဟုသုတလည်း ပြည့်စုံပြီးဖြစ်၏၊ မမေ့မပျောက်သော သတိတော်လည်း ရှိ၏၊ ဖြစ်ဆဲဖြစ်လတ္တံ့ အပြစ်တို့ကို ကြိုတင်ကာကွယ်နိုင်စွမ်းရှိသော "ဂတိ" ဂုဏ် ပညာလည်း ရှိ၏၊ မတုန်လှုပ်သော "ဓိတိ" တည်ကြည်ခြင်း ဂုဏ်နှင့်လည်း ပြည့်စုံ၏၊ ဗုဒ္ဓကို ပြုစုလုပ်ကျွေးရာ၌ ပြည့်စုံသော ဥပဋ္ဌာက ဂုဏ်လည်း အပြည့်အဝရှိ၏၊ သို့အတွက် ပဌမ သင်္ဂါယနာတင်ရာ၌ အလွန်အရေးပါ အရာရောက် ပြောင်မြောက်လှသဖြင့် "ဓမ္မဘဏ္ဍာဂါရိက"ဟူ၍ ဘဝဂ်မဆံ့ ပြန့်ကျော်ခဲ့၏၊ အရှင်မြတ်၏ ပယ်ဆုလေးပါး တောင်းဆုလေးပါးတို့ကို ရှုခဲ့ပါက အရှင်မြတ်၏ သတိ, ဂတိ,ဓိတိစသော ဂုဏ်တို့မှာ အလွန့်အလွန်ပင် သကတ်နှင့် ဒြပ် အဟပ်ကြီးဟပ်မိပါပေသည်။

## တောင်းဆုလေးပါး

(၁) အရှင်ဘုရား အကျွန်ုပ်ဝန်ခံ၍ နိမန်အပ်သော ဆွမ်းကို ခံတော်မူပါသော်ရှင်း။

(၂) အနီးအဝေး မြို့ကျေးရွာက ရောက်လာကုန်သော ပရိသတ်လေးပါးသည် ဘုရားသခင်ကို ဖူးမြင်လို၍ အကျွန်ုပ်ကို ကပ်သဖြင့် လျှောက်လာလျှင် ဖူးမြင်ခွင့် ရပါသော်ရှင်း။

(၃) အကျွန်ုပ်သည် အကြင်အခါ၌ တစုံတခုသော တရား၌ ယုံမှားခြင်း ရှိသဖြင့် မြတ်စွာဘုရားထံ ဆည်းကပ်၍ မေးလျှောက်ခြင်းငှါ အလို ရှိ၏၊ ထိုအခါ ဆည်းကပ်ရပါသော်ငှင်း။

(၄) ကွယ်ရာ အခြားတပါး ဒေသ၌ ဟောတော်မူသမျှသော တရား စကားကို အကျွန်ုပ်အား သင်ကြားပေးတော်မူပါသော်ငှင်း။

## ပယ်ဆုလေးပါး

(၁) အရှင်ဘုရား ကိုယ်တော်မြတ်သည် ရအပ်သော မွန်မြတ်သော ဆွမ်း ကွမ်း ပစ္စည်းဖြင့် မချီးမြှောက်ခြင်းလည်းတပါး။

(၂) မွန်မြတ်သောသင်္ကန်း ပစ္စည်းဖြင့် မချီးမြှောက်ခြင်းလည်း တပါး။

(၃) ကိုယ်တော်မြတ် ကျိန်းဝပ်သော ဂန္ဓကုဋိသို့ ဝင်၍ မအိပ်ရခြင်း လည်းတပါး။

(၄) ဆွမ်းဘိတ်သော ဒါယကာတို့အိမ်သို့ အမြဲခေါ်၍ကြွတော်မမူခြင်း လည်းတပါး။

ဤတောင်းဆုလေးပါး ပယ်ဆုလေးပါးတို့ကို ကြိုတင် မြော်မြင် တွေး ဆ၍ တောင်းနိုင်စွမ်းရှိသည်ကို ထောက်ထား၍ ပရိသတ်လေးပါး လေး စားကြည်ညိုနိုင်ကြောင်း ထင်ရှားလှတော့၏။

ဤအရှင်အာနန္ဒာ၏ မြော်မြင် ဉာဏ်ကြီးခြင်းကို နည်းယူ၍ "သကေယျ သကိ တဗ္ဗံ ရက္ခေယျ အနာဂတံ ဘယံ" ဟူသော ဩဝါဒ အမှာစကားကို ရှုလျှက် ရှိရှားဘွယ်ကို ရှိရှားရမည်၊ အနာဂတ်၌ ဖြစ်ပေါ်လာမည့် ဘေးကို မဖြစ်ပေါ်ရလေအောင် ကာကွယ်စောင့်ရှောက်ကြရပေမည်၊ မည်သူမဆို အနာဂတ် ဖြစ်ပေါ်လာမည့် ဘေးကို မဖြစ်ပေါ်ရလေအောင် ကြိုတင် ကာကွယ်နိုင်သော စွမ်းရည်ရှိကြဘို့သည် လူတိုင်း လူတိုင်း အလွန်လိုအပ် လှသော မြော်မြင်ဉာဏ်ပင် ဖြစ်သည်၊ ထိုဉာဏ်မျိုးကို ရရှိလေအောင် အမြဲ အလေ့အလာပြု၍ ပြောဆိုသင့်ကြကြောင်းကို ဤအခဏ်း၌ တင်ပြလိုက်ရ ပေတော့သည်၊ အရှင်အာနန္ဒာ အကြောင်း အကျယ်ကို—

မနောရထပူရဏီ(ခ)အင်္ဂုတ္တိုရ်အဋ္ဌကထာ (ပ) ၂၂၃ မှ ၂၃၀ ထိရှု။

## ဘဝဂ်ပြန့်လိုင် တန်ခိုးဂုဏ်ကြိုင်သော
## အရှင်မဟာမောဂ္ဂလ္လာန် လက်ဝဲရံအဂ္ဂသာဝကထေရ်

ဤကမ္ဘာမှပြန်၍ ရေသော် တသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ဂဟပတိ မဟာသာလမျိုး၌ ဖြစ်သော အရှင်မောဂ္ဂလ္လာန်သည် သီရိဝစ္စနလုလင်ပျို ဖြစ်၏၊ သရဒလုလင်နှင့် ကစားဖော် ကစားဖက်ဖြစ်၍ အလွန်ချစ်ကျွမ်းဝင်ကြ၏။

သရဒလုလင် လောကီစည်းစိမ်ငြီးငွေ့၍ မိတ်ဆွေသီရိဝစ္စနကို ရသေ့ရဟန်းပြုရန် တိုင်ပင်စဉ်က သီရိဝစ္စနသည် မစွမ်းနိုင်ဖြစ်၍ ကျန်ခဲ့၏၊ သရဒရသေ့ အနောမဒဿီဘုရားထံ၌ ဗျာဒိတ်ပန်ဆင်ပြီး၍ မိတ်ဆွေ သီရိဝစ္စနအိမ်သို့ သွား၍ ပြောပြရာ သီရိဝစ္စနက ဘုရားကို ပင့်ပေးပါရန် တောင်းပန်သဖြင့် သရဒရသေ့က ဘုရားနှင့် သံဃာတော်တသိန်းတို့ကို ပင့်ဘိတ်ပေး၏၊ မွန်မြတ်သော ဆွမ်းအဖျော်စသည်တို့ကို ကပ်ပြီး ထီစိဝရိက်သင်္ကန်းစသည်တို့ကို ကပ်လှူပြီး တန်ခိုးကြီးသော အရှင်အနောမမထေရ် မြတ်ကဲ့သို့ ဆုပန်လေသည်၊ ထိုသီရိဝစ္စနသည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူ မြောက်ပွင့်တော်မူသော ဂေါတမဘုရားရှင် လက်ဝဲရံအဂ္ဂသာဝက အရှင် မောဂ္ဂလ္လာန် ဖြစ်တော်မူလေသည်။

အရှင်မောဂ္ဂလ္လာန်သည် ရာဇဂြိုဟ်ပြည်၏အနီးဖြစ်သော ဣသိဂိလိတောင်၏နံပါး ကာဠသိလာမည်သော ကျောက်ဖျာထက်၌ သီတင်းသုံးနေတော်မူ၏။ ထို အရှင်မောဂ္ဂလ္လာန်သည် ရံဖန်ရံခါ နတ်ပြည်ဗြဟ္မာပြည်၌နေ့သန့်၍ ရံဖန်ရံခါ ငရဲပြည်သို့ကြွ၍ နေ့သန့်နိုင်စွမ်းရှိသော တန်ခိုးတော်နှင့် ပြည့်စုံတော်မူသည် ကို တိတ္ထိတို့သည် မလိုမုန်းထားဖြစ်ကြ၍ အရှင်မောဂ္ဂလ္လာန်ကို သတ်ရန် သမဏဂုတ္တကခိုးသားကို အသပြာတထောင်ပေး၍ ငှါးရမ်းကာ သတ်စေ၏၊ ခိုးသားငါးရာတို့သည် အရှင်မောဂ္ဂလ္လာန်၏ ကိုယ်အားလုံးကို အရိုးကြေမွသည်ထိ ရိုက်၍ သတ်ကြလေသည်၊ ခိုးသားများ ပြန်ကြသောအခါ သတိရ တော်မူ၍ ဘုရားထံ ပရိနိဗ္ဗာန်ပြုခွင့်ပန်ကြားပြီး ထိုဣသိဂိလိတောင်၏ နံပါး ကာဠသိလာမည်သော ကျောက်ဖျာထက်၌ပင် ပရိနိဗ္ဗာန် ဝင်စံတော်မူလေသည်။

ဝိပါက်အကုသိုလ်တို့မည်သည် "အပြစ်ပေါ့မယောင်နှင့် အပြစ်ကြီးလေး လှ၏" မလိမ္မာသော မယားမိုက်၏ လှည့်ဖြားချောပစ် ကုန်းတိုက်ခြင်း ကြောင့် အနန္တဂုဏ်ရှင် မွေးသည့်မိခင် မွေးသည့်ဘခင် ကျေးဇူးရှင်ကြီး တွေကို စိတ်၏ငြိုငြင်မှုကိုမျှ မပြုစကောင်းသည်ကို အရှင်မဟာမောဂ္ဂလ္လာန် အလောင်းတော်မှာ တဏှာပြင်းသော အဝိဇ္ဇာလွှမ်းမိုးခြင်း ခံနေရချိန် ဖြစ်၍ ပြစ်မှားသင့်သော ညှဥ်းပန်းနှိပ်စက်သင့်သော အကုသိုလ်ဒုစရိုက်ဟု ကိုယ်ပိုင်အသိဉာဏ် မပေါ်ပေါက်နိုင်၊ မျက်စိအလင်းမရသော မိဘနှစ်ပါး ကို ခိုးသားဟန်ဆောင်၍ ဒဏ်ရာရရှိအောင် ရိုက်နှက်နှိပ်စက်ခဲ့ဘူးသော အကုသိုလ်မှုကြီးသည် နိဗ္ဗာန်ဝင်စံအံ့ဆဲဆဲ၌ ပြင်းပြင်းထန်ထန် ဝိပါက်ဒဏ် ကြီးကို ခံရရှာလေတော့၏။

သာသနာခေတ်၏ နောက်ပိုင်း၌ လူ့ဘဝရကြကုန်သော သူတို့သည် အထူးသတိချပ်သင့်ကြတော့၏။ တရားသဖြင့် သားသမီးကို မြတ်နိုးတတ် သောကြောင့် မိခင်၊သားသမီးကို စောင့်ရှောက်တတ်သောကြောင့် ဘခင်လို့ ဆိုသည့်အတိုင်း ကျေးဇူးကြီးမားလှသော မိဘနှစ်ပါးကို သားသမီးမြေးမြစ် တို့သည် မေတ္တာစစ်စစ်ဖြင့် အပြစ်ကင်းအောင် ယုယုယယ မြတ်မြတ်နိုးနိုး ကြိုးကြိုးပမ်းပမ်း ရွှင်ရွှင်လန်းလန်း ကျွေးမွေးလုပ်ကျွေးခြင်း၊ သာယာသော အသံဖြင့် ပြောဆိုခြင်း၊ စိတ်ချမ်းသာမှုရရှိအောင် ဆောင်ရွက်ခြင်း၊ မွန်မြတ် သော အစာအာဟာရ အိပ်ရာနေရာ စသည်တို့ကို စီမံခင်းကျင်းလုပ်ကျွေးခြင်း တို့ကို ပြုသင့်တော့၏။

## အရှင်အနုရုဒ္ဓါ၏ အာယုဒီဃဂုဏ်

အသက်တရာ့ငါးဆယ် ရှည်သော အရှင်အနုရုဒ္ဓါမထေရ်သည် ဒိဗ္ဗစက္ခု တေဒဂ်ရသော အရှင်မြတ်ဖြစ်၏၊ ထိုအရှင်မြတ်၏ ရှေးကုသိုလ်များမှာ ဤ ကမ္ဘာမှ ပြန်၍ ရေသော် ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရဘုရား ထင်ရှား ပွင့်တော်မူလေသည်။ ထိုအခါ ဟံသာဝတီပြည်၌ အပါကဋအမည်ရှိသော သူကြွယ်ကား အရှင်အနုရုဒ္ဓါမထေရ်၏ ပါရမီစဖြည့်ချိန် ဘဝပင်တည်း၊

အပါကဋ သူကြွယ်သည် ညအချိန်၌ ပန်းနံ့သာ ဆီမီးစသည်ယူဆောင်၍ တရားနာသွားလေ၏၊ နေရာမရ၍ ပရိသတ်အစွန်မှ နာရ၏၊ တရားပွဲပြီးဆုံး၍

ပရိသတ်စဲသောအခါ ဘုရားနှင့် သံဃာတော်မြတ်ဘို့ကို ခုနစ်ရက်ပတ်လုံး ဆွမ်း အဖျော် တိစီဝရိက်သက်န်းတို့ကို ကပ်လှူပြီးလျှင် ဒိဗ္ဗစက္ခုတေဒဂ်ရ ရဟန်းကို အသွန်နှစ်သက်၍ ဒိဗ္ဗစက္ခုတေဒဂ်ဆုကို ပန်ဆင်၏၊ ဒိဗ္ဗစက္ခု အလှူဟူသည် ဆီမီးအလှူပင် ဖြစ်၏၊ ပဒုမုတ္တရဘုရားရှင် ရွှေနှုတ်တော်မှ ဖွင့်ထုတ်ဟောကြားတော်မူသဖြင့် ဤဆီမီးအလှူကို အဓိကအဦးထား၍ လှူခဲ့လေသည်။

ပဒုမုတ္တရဘုရားကိုယ်တော်တိုင် ရွှေနှုတ်တော်မှ ဖွင့်ထုတ်ဟောကြား သြဝါဒ ပေးထားခဲ့သည်မှာလည်း ဆီမီးအလှူသည် ဒိဗ္ဗစက္ခုတေဒဂ်ရရှိနိုင် ခြင်း၏ အဆောက်အဦ အစစ်အမှန် ဖြစ်သည်ဟု ဟောတော်မူခဲ့သဖြင့် ပဒုမုတ္တရဘုရား ပရိနိဗ္ဗာန် ဝင်စံပြီးသည့်နောက် သရီရဓာတ်တော်မြတ်တို့ကို ပူဇော်ကိုးကွယ်စရာ ခုနစ်ယူဇနာမျှရှိသော ရွှေစေတီတော်မြတ်ကို လူနတ် တည်ထားတော်မူကြ၏။ ထိုစေတီတော်မြတ်ကို ဆီမီးတထောင် အမြဲ ပူဇော်ခဲ့၏။

ထို့နောက် စုတေ၍ ကဿပဘုရားလက်ထက်၌ သူဌေးမျိုးမှာ ဖြစ်ပြန်၍ ကဿပဘုရား၏ဓာတုစေတီတော်ကိုလည်း ထောပတ်ဆီမီးတထောင်ကို အမြဲ လှူခဲ့ဘူး၏၊ ထိုဘဝမှ စုတေပြန်သော် ဂေါတမဘုရား မပွင့်မီ ဗာရာဏသီပြည် သုမနသူဌေးကိုမှီ၍ နေရသော သူဆင်းရဲတဦး၏ အိမ်၌ လူ့ဘဝ ရပြန်၏၊ ထမင်းအိုးထမ်းသူ၏သားဖြစ်သောကြောင့် အန္နဘာရ အမည်မှည့်၏၊ သုမန သူဌေးသည် ဆင်းရဲနွမ်းပါးသူများကို နေ့စဉ် လှူဒါန်း ပေးကမ်း စွန့်ကြဲ၏။

တနေ့သ၌ အန္နဘာရသည် တောသို့သွား၍ ဟင်းရွက်ရှာ ထင်းခွေဆဲ ဖြစ်၏၊ ဂန္ဓမာဒနတောင်မှ ဥပရိဋ္ဌ အမည်တော်ရှိသော ပစ္စေကဗုဒ္ဓါ အရှင် မြတ်သည် သမာပတ်မှထ၍ အန္နဘာရ သူဆင်းရဲကို ချီးမြှောက်ရန် ကြွလာ၍ နေအိမ်ဝ၌ ဆွမ်းရပ်ခိုက်တွင် သူဆင်းရဲအန္နဘာရသည် အခန့်သင့် ဖူးတွေ့ ရသည်ရှိသော် သန့်စင်ကြည်လင်သော စေတနာဖြစ်၍ ရှင်မ၊ ဆွမ်း ကျက်ပြီလောဟု မေး၏၊ မောင်မင်း၊ အသင့်ကျက်ပါပြီ ဆိုသော် အရှင် ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါကို နေရာခင်းပြီး ပင့်ဘိတ် ဆွမ်းကပ်၏၊ ထို့နောက် အဆင့်အတန်းမြင့်မားသော မဟာဘောဂကုဏ်နှင့်ပြည့်စုံရန် ဆုမွန်ဆုမြတ်ကို

ပန်ဆင်၏၊ ပန်ဆင်ပြီး၍ အမျှပေးဝေလိုက်သောအခါ သုမန သူဌေးအိမ်၌ ထီးတော်စောင့် နတ်သမီးက သာဓုခေါ် ဆို၏။

ထိုသာဓုခေါ် သံကြားရသောအခါ အိမ်ရှင် သုမန သူဌေးက ကြားသိရ၍ အန္နဘာရ၏ ကုသိုလ်ကို အသပြာအဆင့်ဆင့်ပေး၍ ဝယ်ယူ၏၊ အန္နဘာရ ကုသိုလ်ရှင်က မရောင်းပေ၊ အမျှဝေရန်တောင်းပါမှ အမျှဝေ၏၊ သုမန သူဌေး သာဓုခေါ် ဆိုပြီး ညချမ်းအချိန်တွင် အန္နဘာရကိုခေါ် ၍ မင်းကြီး ထံ သုမနသူဌေး အခစားဝင်၏၊ သုမနသူဌေးက အကြောင်းစုံကို လျှောက်ထား၏။

မင်းကြီးသည် အန္နဘာရ၏ ကုသိုလ်ထူးမြတ်ပုံကိုသိရှိရလေလျှင် နေစရာ မြေကို ပေးအပ်၏၊ ပေးအပ်သောမြေမှ ရွှေအိုးများစွာ ပေါ်ပေါက်၏၊ အန္နဘာရ သူဆင်းရဲသည် မဟာသုမန သူဌေးကြီးအဖြစ်သို့ ရောက်ရှိလေ တော့၏၊ အကျယ်ကို စူဠဝဂ္ဂပါဠိ, အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာ၊ ဇိနတ္ထ ပကာသနီတို့၌ ရှုကြပါကုန်။

ထိုပြင် အခါတပါး ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ ဘေသကဠတော၌ ဘုရား ရှင် သီတင်းသုံးတော်မူ၏၊ ထိုအခါ အရှင်အနုရုဒ္ဓါသည် စေတီတိုင်း အရှေ့ ဝါးတောအရပ်၌ နေတော်မူလေသည်၊ ထိုသို့ ဆိတ်ငြိမ်ရာဖြစ်သော အရပ်၌ ပင် ဤသို့ စိတ်အကြံဖြစ်၏၊ လောကုတ္တရာတရား ဖြစ်ပေါ်နိုင်သော အကြောင်းရှစ်ပါးကို ကြံစည်ပုံမှာ ဤလောကုတ္တရာတရားသည်—

(၁) အလိုနည်းသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊

(၂) ရောင့်ရဲလွယ်သော–

(၃) ဆိတ်ငြိမ်မှုရှိသော–

(၄) ထက်သန်သော လုံ့လရှိသော–

(၅) ထင်သော သတိရှိသော–

(၆) တည်ကြည်သော စိတ်ရှိသော၊–

(၇) ပညာရှိသော–

(၈) ပပဉ္စတရားမရှိရာ နိဗ္ဗာန်၌ ပျော်ပိုက်သော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၏၊ ဤတရားရှစ်ပါး မရှိသူအား မပြည့်စုံနိုင်၊ အမှတ်(၈)သည် ဘုရားကိုယ်တော်တိုင် ကြွလာ၍ ဖြည့်သောတရားတည်း။

(အင်္ဂုတ္တိုရ်ပါဠိတော် ၆၃ နှင့် အဋ္ဌကထာ တ-၂၂၅ ၌ ရှုပါ။)

ဤတရားရှစ်ပါးသည် အရှင်အနုရုဒ္ဓါ၏ အာယုဒီဃဂုဏ်ကို အထောက်အပံ့ပေးသော တရားများပင် ဖြစ်၏၊ ထို့ပြင် အသက်ရှည်ကြောင်း အလှူများကိုလည်း အခါပေါင်းများစွာ လှူဒါန်းခဲ့ပေသည်၊ ထိုအလှူ အကျင့်များမှာ (၁) ရေစစ်အလှူ (၂) ဆေးအလှူ (၃) ကျောင်းအလှူ (၄) အဟောင်းကို ပြင်ဆင်သော အလှူ (၅) ငါးပါးသီလမြဲစွာ ကျင့်သုံးသောအလှူ - ၁၃ (၆) ရှစ်ရက်လပြည့်လကွယ် အဓိဋ္ဌာန်နေ့များ၌ ရှစ်ပါး, ဆယ်ပါးသီလ ကျင့်သုံးသော အကျင့်များပင် ဖြစ်ပါသည်။

အခါတပါး၌ မနာပကာယိကာ နတ်သမီးများသည် စေတီတိုင်း အရှေ့ဝါးတော၌ သီတင်းသုံးနေ စံပယ်သော အရှင်အနုရုဒ္ဓါမြတ်ထံ လာရောက်၍ အဆင်း အသံ ချမ်းသာ အလှူများကို လာရောက် ပေးလှူ ပူဇော်ကြဘူးသည်၊ ဤသို့ နတ်သမီးများ လာရောက် ပူဇော်ကြခြင်းသည် အရှင်မြတ်၏ သီလဂုဏ်ကြောင့်ပင် ဖြစ်၏၊ သီလအကျင့်သည် ကိုယ်စိတ်ချမ်းသာမှုကို ဆောင်၏၊ ကိုယ်စိတ် ချမ်းသာခြင်းသည် အသက်ရှည်ခြင်းကို ဆောင်၏၊ သီလအကျင့်သည် စိတ်အလိုဆန္ဒကို ပြည့်စုံစေ၏၊ အလိုဆန္ဒပြည့်စုံခြင်းသည် ဒီဃာယုကဂုဏ်ကို ဆောင်၏၊ သို့ဖြစ်သောကြောင့် အရှင်အနုရုဒ္ဓါသည် အသက်တော်တရာ့ငါးဆယ်ရှည်ခြင်း ဒီဃာယုကဂုဏ်နှင့် ပြည့်စုံတော်မူလေသည်။ (ရေစစ် ဆေး ကျောင်း၊အဟောင်းပြင်ခါ၊ငါးပါးသီလာ၊ရုံခါဥပုသ်ခြောက်ပါးတည်း)။အသက်ရှည်ကြောင်း ကုသိုလ် လက်ာအရ ဆောင်ရန်။

## အရှင်ဗာကုလ၏ အာယုဒီဃဂုဏ်

"အနာမရ-ဗာကုလ အနာမဲ့-ရှင်ဗာကူ"ဟု လူ့ရပ်နတ်ထံ ဘဝဂ်ညံမျှ စံပြစိုက်ထူ အောင်လံလှူခဲ့သူကား အရှင်ဗာကုလမဟာထေရ်ပင်ဖြစ်၏၊ ထို အရှင်မြတ်သည် သံယောဇဉ်ဖြတ်ရာ၌ နည်းယူစရာ ပုဂ္ဂိုလ်ကြီးပင် ဖြစ်၏၊

အနှစ်ရှစ်ဆယ် ပြည့်သည်အထိ သံယောဇဉ်ငြိခဲ့သူ ဖြစ်၏၊ မျောက်နှဲ စေးနှင့် တူသော ရာဂတဏှာကို ဖြတ်ရန်မှာ လွယ်ကူသည် မဟုတ်ပါ၊ ပြတ်ပြတ် သားသား ရှိသူ အလွန်နည်းလှ၏၊ အချစ်စိတ်သည် အပြစ်အဆိပ်ကို မမြင် နိုင် သောက်မျိုမိသူတွေသာ များကြ၏။

ယခုခေတ် ရဟန်းခံလိုသူ အိမ်ထောင်သည်တကာတွေ အတုယူစရာ အရှင် ဗာကုလ၏ ရင်သပ်ရှုမော အံ့ဩစရာ ကောင်းလှသော ဂုဏ်ထူးသုံးဆယ့် ခုနစ်ချက်မှာ လူ့ဘုံမှ ဘဝဂ်အထိ ပြန့်နှံ့ပေါ်လွင် နေလအသွင် အလွန့် အလွန် ထင်ရှားလှ၏၊ ခေတ်အဆက်ဆက်တွင် ထင်ရှားပြီး ထင်ရှားဆဲ ထင်ရှားလတ္တံ့ ရှိလေသည်။ ထိုကဲ့သို့ ရှိရသည်မှာ အရှင်မြတ်၏သမာဓိဂုဏ် ပင်ဖြစ်၏၊ အရှင်မြတ်၏ သမာဓိတော်သည် တုန်လှုပ်မှုမရှိသောကြောင့်ပင် ဖြစ်၏၊ အရှင်မြတ်၏ ဂုဏ်သုံးသုံးဆယ့်ခုနစ်ချက်ကို ရှုကြည့်သော် အရှင် မြတ်၏ သမာဓိတော်ကို ကြည်ညိုလို့မငြီးစရာပါပင်၊ သို့ကြောင့်လည်း အသက်တော်တရာ့ခြောက်ဆယ် ရှည်ခြင်း အာယုဒီဃဂုဏ်နှင့် ပြည့်စုံတော် မူလေသည်။

အဆင့်အတန်းမှီ ပညာရှင်တို့မည်သည် ပညာရှင်တိုင်း မစွမ်းဆောင်နိုင် သော နှလုံးသွင်းမှုကို ပြုစွမ်းနိုင်ပါမှ ထူးချွန်မြင့်မြတ်သော အောင်ပန်းကို ပန်ဆင်နိုင်ပေမည်။ "အနာမရ ဗာကုလ၊ အနာမဲ့ ရှင်ဗာကူ"ဟု ပညာရှိများ ပြောစမှတ်ပြုကြရသော အရှင်ဗာကုလမထေရ်ကြီးသည် သူ၏ဂုဏ်နှင့်ဒြပ် ထပ်မိသွန်းလှ၍ ခြီးကျူးပူဇော်ထိုက်လှပေ၏၊ ယနေ့တိုင်လည်း ရှင်လူ ရဟန်း* ပြောကြရ၏၊ နောင်ကိုလည်း ပြောမဆုံး ရှိရအုံးပေမည်၊ မဇ္ဈိမ နိကာယ ဥပရိပဏ္ဏာသပါဠိတော် ၁၆၅ မှ ၁၆၉ ထိ ရှုကြပါသော် ဤဂုဏ်ထူး ကြီး သုံးဆယ့်ခုနစ်ပါးကို တွေ့ကြပေမည်၊ တရံရောအခါ—

ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း တိုက်ကြီး၌ အရှင်ဗာကုလမထေရ် ကြီး သီတင်းသုံးနေတော်မူ၏၊ တနေ့သ၌ လူ့ဘဝက ရင်းနှီးသော အစေလကဿပသည် လာရောက်၍ မေးလျှောက် သည်မှာ—

"ငါ့ရှင် ဗာကုလ ရဟန်းပြုသည်မှာ အဘယ်မျှ ကြာပြီနည်း"ဟု မေး၏၊ ငါ့ရှင် ရဟန်းပြုသည်မှာ အနှစ်ရှစ်ဆယ်ရှိပြီဟု (ဆို၏)။ ငါ့ရှင် ဗာကုလ ဤအနှစ်ရှစ်ဆယ်အတွင်းမှာ ဘယ်နှစ်ကြိမ် မေထုန်မှီဝဲခြင်း အကျင့်ကို သင်မှီဝဲသနည်းဟု (မေး၏)။ ငါ့ရှင်ကဿပ ငါ့အား "ငါ့ရှင်ဗာကုလ ဤအနှစ်ရှစ်ဆယ်အတွင်းမှာ ဘယ်နှစ်ကြိမ် မေထုန်အကျင့်ကို သင်မှီဝဲသနည်းဟု မမေးသင့်၊ ငါ့ရှင် ကဿပ ငါ့အား "ငါ့ရှင် ဗာကုလ ဤအနှစ်ရှစ်ဆယ် အတွင်းမှာ ဘယ်နှစ်ကြိမ် ကာမဂုဏ်နှင့်စပ်သော သညာဖြစ်ဘူးသနည်း"ဟုသာ မေးသင့်၏ဟု ဆိုကာ အရှင်ဗာကုလ၏ ရင်သပ်ရှုမော အံ့ဩစရာကောင်းလှသော ဂုဏ်ထူး သုံးဆယ့်ခုနစ်ချက်ကို အစေလကဿပအား အောက်ပါအတိုင်း ပြောကြားသည်မှာ—

(၁) ငါ့ရှင်ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသောငါ့အား ကာမဂုဏ်နှင့်စပ်သော သညာဖြစ်ဘူးသည်ဟူ၍ မသိစဘူး။

(၂) ငါ့ရှင် ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသောငါ့အား သူတပါးအား ဖျက်ဆီးလိုမှုနှင့်စပ်သော သညာဖြစ်ဘူး၏ဟု မသိစဘူး။

(၃) သူတပါးအား ညှဉ်းဆဲလိုမှုနှင့်စပ်သော သညာဖြစ်ဘူး၏ဟူ၍ မသိစဘူး။

(၄) ငါ့ရှင်ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသော ငါ့အား ကာမဂုဏ်နှင့်စပ်သော ကြံစည်ခြင်း ကာမဝိတက် ဖြစ်ဘူး၏ဟူ၍ မသိစဘူး။

(၅) ငါ့ရှင်ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသောငါ့အား ဖျက်ဆီးလိုမှုနှင့်စပ်သော "ဗျာပါဒ"ဝိတက်ဖြစ်ဘူး၏ ဟူ၍ မသိစဘူး။

(၆) ငါ့ရှင်ကဿပ အနှစ်ရှစ်ဆယ်တို့ကာလပတ်လုံး ရဟန်းပြုသော ငါ့အား သူတပါးကို ညှဉ်းဆဲလိုမှုနှင့် စပ်သော "ဝိဟိံသာ" ဝိတက် ဖြစ်ဘူး၏ဟူ၍ မသိစဘူး။

(၇) ငါ့ရှင် ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသောငါသည် ဒါယကာတို့ လှူသော သင်္ကန်းကို သာယာဘူးသည်ဟူ၍ မသိစဘူး။

(၈) ငါ့ရှင် ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသော ငါ့အား သင်္ကန်းကို ဓားဖြင့် ဖြတ်ဘူးသည်ဟူ၍ မသိစဘူး။

(၉) ငါ့ရှင်ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသောငါသည် သင်္ကန်းကို အပ်ဖြင့် ချုပ်ဘူးသည်ဟူ၍ မသိစဘူး။

(၁၀) ငါ့ရှင် ကဿပ အနှစ်ရှစ်ဆယ်တို့ပတ်လုံး ရဟန်းပြုသော ငါသည် သင်္ကန်းကို ဆိုးရည်ဖြင့် ဆိုးဘူး၏ဟူ၍ မသိစဘူး။

(၁၁) ကထိန်သင်္ကန်းကို ချုပ်ဘူး၏ဟူ၍ မသိစဘူး။

(၁၂) သီတင်းသုံးဖော်တို့၏ သင်္ကန်းကို ချုပ်ရာ၌ စီရင်ဘူး၏ဟူ၍ မသိစဘူး။

(၁၃) ပင့်ဘိတ်သော ဆွမ်းကို သာယာဘူးသည်ဟူ၍ မသိစဘူး။

(၁၄) တစုံတယောက်သော ဒါယကာသည် ငါ့အား ပင့်ဘိတ်မူ ကောင်းလေစွဟု ဤသို့သဘောရှိသော စိတ်မဖြစ်စဘူး။

(၁၅) ရွာတွင်း၌ ထိုင်ဘူး၏ဟူ၍ မသိစဘူး။

(၁၆) ရွာတွင်း၌ စားဘူး၏ဟူ၍ မသိစဘူး။

(၁၇) မာတုဂါမကို မိန်းမဟူသော အမှတ်လက္ခဏာအားဖြင့် ကြည့်ဘူး၏ ဟူ၍ မသိစဘူး။

(၁၈) မာတုဂါမအား အယုတ်ဆုံးအားဖြင့် လေးပါဒရှိသော ဂါထာဖြင့် တရားကို ဟောဘူး၏ ဟူ၍ မသိစဘူး။

(၁၉) ဘိက္ခုနီမကျောင်းသို့ ချဉ်းကပ်ဘူး၏ဟူ၍ မသိစဘူး။

(၂၀) ဘိက္ခုနီမအား တရားဟောဘူး၏ ဟူ၍ မသိစဘူး။

(၂၁) သိက္ခမာန်အား တရားဟောဘူး၏ဟူ၍ မသိစဘူး။

(၂၂) သာမဏေမအား တရားဟောဘူး၏ဟူ၍ မသိစဘူး။

(၂၃) ဥပဇ္ဈာယ်ပြုလျက် ရဟန်းပြုဘူး၏ဟူ၍ မသိစဘူး။

(၂၄) ဥပဇ္ဈာယ်ပြုလျက် ရဟန်းခံဘူး၏ဟူ၍ မသိစဘူး။

(၂၅) နိဿယည်း ပေးဘူး၏ဟူ၍လည်း မသိစဘူး။

(၂၆) သာမဏေကို လုပ်ကျွေးစေဘူး၏ဟူ၍လည်း မသိစဘူး။

(၂၇) ရေချိုးဆိပ်၌ ရေချိုးဘူး၏ဟူ၍လည်း မသိစဘူး။

(၂၈) ရေချိုး က သယ်မှုန့်ဖြင့် ရေချိုးဘူး၏ဟူ၍လည်း မသိစဘူး။

(၂၉) သိဘင်းသုံးဖော်တို့၏ကိုယ်ကို ဆုပ်နယ်မှု၌ စီရင်ဘူး၏ဟူ၍ မသိစဘူး။

(၃၀) အယုတ်သဖြင့် နွားနို့တညှစ်ခန့်မျှလည်း အနာမဖြစ်စဘူး။

(၃၁) အယုတ်သဖြင့် သျှစ်သျှာသီးပိုင်းမျှလည်းဖြစ်သော ဆေးကို သုံးဆောင်ဘူး၏ဟူ၍လည်း မသိစဘူး။

(၃၂) တံကဲ ပျဉ်ကိုမှီ၍ အိပ်ဘူး၏ဟူ၍လည်း မသိစဘူး။

(၃၃) အိပ်ရာ၌ အိပ်ဘူး၏ဟူ၍လည်း မသိစဘူး။

(၃၄) ရွာနီးကျောင်း၌ ဝါကပ်ဘူး၏ဟူ၍လည်း မသိစဘူး။

(၃၅) ရဟန်းဖြစ်၍ ခုနစ်ရက်သာလျှင် ကိလေသာရှိသော ပုထုဇဉ် ဖြစ်၍ တိုင်းပြည်၏ ဆွမ်းကိုစားခဲ့ဘူး၏၊ ထို့နောက် ရှစ်ရက် မြောက်၌ အရဟတ္တဖိုလ်သည် ထင်ရှားဖြစ်၏။

(၃၆) အခါတပါး၌ (ပရိနိဗ္ဗာန်ဝင်စံခါနီးကို ဆိုလိုသည်) အရှင် ဗာကုလသည် သံကောက်ကိုယူ၍ တကျောင်းမှ တကျောင်း သို့ ချဉ်းကပ်ပြီးလျှင် အရှင်ဘုရားတို့ ရှေ့သို့ တက်ကုန်လော့– အရှင်ဘုရားတို့ ရှေ့သို့ တက်ကုန်လော့ – ယနေ့ အကျွန်ုပ်၏ ပရိနိဗ္ဗာန် ဝင်စံခြင်းသည် ဖြစ်လတ္တံ့ ဟု ပြောဆိုခြင်းသည် လည်း အရှင်ဗာကုလ၏ အံ့ဩဘွယ်ဟူ၍ရင်း၊ မဖြစ်စဘူး ထူးသော သဘောဟူ၍ရင်း ကျွန်ုပ်တို့ မှတ်ရပါကုန်၏။

(၃၇) ထိုနောက် အရှင်ဗာကုလသည် ရဟန်းအပေါင်း၏ အလယ်၌ ထိုင်လျက်သာလျှင် ပရိနိဗ္ဗာန် ဝင်စံ၏။ ဤဂုဏ်အင်္ဂါတို့သည် အရှင်ဗာကုလ၏ အသက် တရာ့ခြောက်ဆယ်ရှည်စေနိုင်ခြင်း၊ အာယုဒီဃဂုဏ်ကို ပေးခြင်းပင် ဖြစ်ပေ၏။ (မနောရထပူရဏီ (ခ) အင်္ဂုတ္တရ အဋ္ဌကထာ ၂၃၆-မှ ၂၄၀-ရှု။)

ပေါက္ခရသာတိ ပုဏ္ဏားနှင့် ဗာဝရီ ပုဏ္ဏားတို့၏ အာယုဒီဃဂုဏ်ကို ရတနာပီတိ အကျယ်၌ ရှုကြပါကုန်။

ဗုဒ္ဓ ဓမ္မ သံဃာ ရတနာသည် ကြည်ညိုနှစ်သက်သူကို ကေန် အကျိုး ပေး၏ "ပရိပက္ကဝေဒနိယ" ကုသိုလ်ဟူသည် ခုနစ်ရက်အတွင်း အကျိုး ပေးသော ကုသိုလ်ပင် ဖြစ်၏။ အလှူပစ္စည်းနှင့် အလှူပေးပုဂ္ဂိုလ် သန့်ရှင်းပါမူ ကေန်မလွဲ အကျိုးပေးမြဲပင် ဖြစ်၏၊ သမာပတ်မှ ထဆဲဖြစ်သော ရဟန္တာ ပစ္စေကဗုဒ္ဓါတို့ကို လှူဒါန်းပါက မုချ အကျိုးပေးမည်ပင်၊ ဘုရားကို လှူဒါန်းသူလည်း မချွတ်မလွဲ အကျိုးပေးမည်ပင် သက်တော် ထင်ရှား မြတ်ဘုရား၌ရင်း၊ ပရိနိဗ္ဗာန် ဝင်စံကြွသွား မြတ်ဘုရား၏ကိုယ်စား ထားတော်မူသော ဆံတော်, စွယ်တော်, ဓာတ်တော်, မွေရှင်တော်, စေတီ ဆင်းတုတော်တို့၌ ကြည်ညိုမှု တူမျှပါက တူမျှသော အကျိုးကို ပေးနိုင် ပါသည်။ ထို့ကြောင့် "ရတနာပီတိ" မိမိတို့၏ စေတနာ၌ အပြည့်အဝ ဖြစ်ပေါ်စေဘို့သည် အလွန် အရေးကြီးသော အကြောင်းရင်း တရပ် ဖြစ်ပါသည်။

ဥပမာ—မီးအလင်းရောင် တရောင်နှင့် တရောင် ရောယှက်သည်ကို မမြင် မတွေ့နိုင်သကဲ့သို့ အလွန် သန့်စင်သော (လောဘ, ဒေါသ, မောဟ စသော အညစ်အကြေး ကင်းဝေးသော) ဘုရားရှင်၏ မဟာကရုဏာ ဓာတ်ရောင် မေတ္တာ ဓာတ်ရောင်သည် ဖူးမြော် ကြည်ညိုသူတို့၏ အညစ် အကြေး ကင်းဝေးသော စေတနာဓာတ်ရောင်တို့နှင့်သာ အရောင်ယှက် သွယ် ကူးဆက်၍ အကျိုးပေးစေနိုင်ပေသည်၊ သို့ဖြစ်၍ ဘုရားစိတ်တော် နူးညံ့သိမ်မွေ့နေသလို ဖူးမြော်ကြည်ညိုသူတို့ကလည်း မိမိတို့၏ စိတ်ကို နူးညံ့သိမ်မွေ့စေဘို့ လိုပေသည်၊ သို့မှသာ စေတနာဓာတ် အလင်းရောင် ချင်း ကူးဆက်ကာ အကျိုးပေးစေနိုင်ပါသည်။

## ဖြဟ္မာယုပဏ္ဏိတ်၏ အာယုဒီဃဂုဏ်

ဗုဒ္ဓနှင့် ဗြဟ္မာယု(မဇ္ဈိမပဏ္ဏာသ ဗြဟ္မာယုသုတ်-၃၄၁)နှင့် တိကင်္ဂုတ္တိုရ်မှ သီလကို မြတ်နိုးပါမှ စည်းကမ်းကို လေးစားလိုက်နာကြမည်၊ ဗြဟ္မာယုပုရောဟိတ်ပဏ္ဏိတ်ကြီးသည် ပညာအရည်အချင်း ပြည့်မှီသလောက် သီလစရဏကို လေးစားသူ ဖြစ်၏၊ သူသည် စားဝတ်နေရေးစသည်၌ စည်းကမ်းကြီးလှ၏၊ ဆင်ခြင်တုံဉာဏ် ထက်သန်လှသူ ဖြစ်၏၊ နိဝါတကို အလွယ်တကူ မပြုလို၊ ဂါရဝကိုလည်း စေ့စေ့စပ်စပ် စုံစမ်းပြီးပါမှ ပြုလေ့ရှိ၏၊ ဣန္ဒြေရှိရှိ စားမှု၊ ရယ်မှု၊ ပြောမှု စသည်ကို ဆင်ခြင်အကဲခပ်ပြီးပါမှသာ ဆက်ဆံခြင်းကို ပြု၏၊ ဣန္ဒြေမဲ့ပေါ် လေ်လည်ခြင်း ရှိသူများကို သူ၏အာရုံ၌ ထည့်သွင်းခြင်းကို မပြုပေ။

ဂေါတမဘုရား၏ အကျင့်ဂုဏ် ပြည့်စုံခြင်း ရှိ-မရှိကို သိလိုလှ၍ ဥတ္တရလုလင်ကို ခုနစ်လ တိုင်တိုင် နှေ-ည မပြတ် အကဲခပ်စုံစမ်းစေ၏၊ ခုနစ်လပြည့်၍ ဥတ္တရ လုလင်က ဘုရား၏ အကျင့်ဂုဏ် အရပ်ရပ်ကို မြတ်နိုးမဆုံး ကြည်ညိုမဆုံးစရာ ပြန်ပြောင်းပြောပြသောအခါ အလွန် ကြည်ညိုလှ၍ ဘုရားရှိရာသို့ လက်အုပ်ချီ၍ ထိုကြည်ညိုစရာကောင်းလှသော မြတ်စွာဘုရားအား အကျွန်ုပ် ရှိခိုးပါ၏ဟု အဝေးမှ ရှိခိုး၏။

ဤဗြဟ္မာယု ပုရောဟိတ်ပဏ္ဏိတ်ကြီးသည် အသက်တန်း(၁၂၀)တရာ့နှစ်ဆယ် ရှည်၏၊ ဘုရားကို အထူးကြည်ညိုခြင်းကြောင့် အာယုဒီဃဂုဏ် ပြည့်စုံရလေသည်။ ဤအခဏ်း၌ အသက်တန်း ရှည်ကြကုန်သော အာယုဒီဃဂုဏ် စာရင်းဝင်ပုဂ္ဂိုလ်ကြီး ရှစ်ယောက်ကို ဗဟုသုတအဖြစ် ဖော်ပြလိုက်ပေ၏၊ ပုဂ္ဂိုလ်ကြီး ၈-ဦးမှာ——

(၁) အရှင်မဟာကဿပထေရ် အသက်တရာ့နှစ်ဆယ်(၁၂၀)ရှည်သည်။

(၂) အရှင်အာနန္ဒာထေရ် အသက်တရာ့နှစ်ဆယ် (၁၂၀) ၎င်း

(၃) ပေါက္ခရသာတိပုဏ္ဏားပုရောဟိတ် တရာ့နှစ်ဆယ်(၁၂၀) ၎င်း

(၄) ဗာဝရီပုဏ္ဏား ပုရောဟိတ် တရာ့နှစ်ဆယ် (၁၂၀) ၎င်း

(၅) ဗြဟ္မာယု ပုဏ္ဏား ပုရောဟိတ်-တရာ့နှစ်ဆယ် (၁၂၀) ရှင်း
(၆) ရှင်မဝိသာခါ ပုဗ္ဗာရုံ ကျောင်းအမကြီးတရာ့နှစ်ဆယ်(၁၂၀) ရှင်း
(၇) အနုရုဒ္ဓါမင်းသားအရှင်အနုရုဒ္ဓါထေရ်တရာ့ငါးဆယ် (၁၅၀) ရှင်း
(၈) အရှင်ဗာကုလထေရ်အသက်တရာ့ခြောက်ဆယ်(၁၆၀)ရှည်သည်။

## အရဆောင်ရန် လေးဆစ်ချိုး

### သက်တော်ရှည် ပုဂ္ဂိုလ်ကျော် (၈)ဦး လေးဆစ်ချိုး

မဟာကဿ ထေရ်မြတ်တဲ့အာနန္ဒာ။ ပေါက္ခရသာတီနှင့် ဗာဝရီ ဗြဟ္မာယုငဲ့ပြင်-ဆင်းနုပျိုတဂုဏ်သွင်းပါရ မင်းဝိသာခါ။ ခြောက်ယောက်မှာ တရာက နှစ်ဆယ်စွန်း။ နုရုဒ္ဓါ၊ ထေရ်မြတ်ဗာကုလာတို့၊ တရာမှာ ငါးဆယ်လျှောက်တဲ့ပြင်၊ ခြောက်ဆယ်တိုင် သက်ရှည်မြင့်တယ်လို့၊ မြတ်အဋ္ဌကထာ တိကာဂိုတ်မှာ၊ မိန့်ထုတ်ဖွင့်ညွှန်း။

"စိတ္တံ ဒန္တံ သုခါဝဟံ" (စိတ်ဓာတ် နူးညံ့သိမ်မွေ့သူသည် ရုပ်နာမ် ချမ်းသာမှုကို ဆောင်၏) ရုပ်နာမ်ချမ်းသာသောအခါ အသက်ကို ရှည်စေနိုင်၏၊ ဗြဟ္မာယု ပုရောဟိတ် ပဏ္ဍိတ်ကြီးသည် အရှင် ဂေါတမဘုရား ဖူးမြော်ရသည့်အချိန်မှစ၍ ဘုရား၏အဆင်းတော်, အသံတော်, အကျင့်တော့်တို့ကို ကြည်ညိုရသဖြင့် အသက်ရှည်မှု ကြံ့ခိုင်၏၊အရှင်မဟာကဿပ, အရှင်အာနန္ဒာ, အရှင့်အနုရုဒ္ဓါ, အရှင်ဗာကုလ မထေရ်မြတ်တို့ အသက်ရှည်ရာ၌ ကြံ့ခိုင်ခြင်းသည်လည်း ဘုရား၏ အစိန္တေယျ အနန္တဂုဏ်ကို နေ့ညဥ့် ပူဇော်ကြည်ညိုပွါးများ အောက်မေ့ခြင်းများကြောင့်ပင် ဖြစ်၏၊ ပေါက္ခရသာတိ ဗာဝရီ ပုရောဟိတ် ပဏ္ဍိတ်ကြီးများသည်လည်း ဘုရားကြည်ညိုခြင်း ဗုဒ္ဓပီတိဂုဏ်ကြောင့် အသက်ရှည်ပုံ ကြံ့ခိုင်၏။

## ရတနာ့ပိဋကရရှိသော ပေါက္ခရသာတိ ပုရောဟိတ်ပုဏ္ဏား၏ အာယုဒီဃဂုဏ်

အသက်တရာ့နှစ်ဆယ်ရှည်သော ပေါက္ခရသာတိပုရောဟိတ်ပဏ္ဍိတ်၏ ဗုဒ္ဓရတနာကို လေးလေးမြတ်မြတ် ကြည်ညိုပုံနှင့် ဒီဃာယုကဂုဏ်ကို အစုံအလင်တင်ပြရပါမူ—

အခါတပါး၌ မြတ်စွာဘုရားသည် ငါးရာမျှကုန်သော ရဟန်းသံဃာတို့နှင့် အတူတကွ ကောသလတိုင်း၌ ဒေသစာရီလှည့်လည်တော်မူလတ်သော် ဣစ္ဆာနင်္ဂလအမည်ရှိသော ပုဏ္ဏားရွာသို့ ရောက်တော်မူ၍ ထိုရွာအနီး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေတော်မူ၏။

ပေါက္ခရသာတိပုဏ္ဏား၏ ကြံဆချက်မှာ—

"နှိုင်းနှိုင်းချိန်ချိန် သုခမိန်"ဟူ၍၎င်း "ဆင်ခြင်နှိုင်းညှိ မြတ်ကဝိ" ဟူ၍၎င်း လောကီလောကုတ် မယုတ်ပွါးစီး ပညာရှိကြီးတို့၏ စကားအတိုင်း နှိုင်းချိန်တွေးဆ၍ စူးစမ်းဆင်ခြင်သည်မှာ— ထိုစဉ်အခါ၌ ပေါက္ခရသာတိပုဏ္ဏားသည် ဥက္ကဋ္ဌမြို့ကို အုပ်ချုပ်၍နေ၏။

(ပေါက္ခရသာတိပုဏ္ဏားသည် ဤသို့ ကြားသိလေ၏၊ "အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေတော်မူ၏"ဟု သိရ၏။)

### ပေါက္ခရသာတိပုဏ္ဏား ရတနာ့ပိဋက ဖြစ်ပုံ

ထိုပေါက္ခရသာတိပုဏ္ဏားသည် လောကီကျမ်းပေါင်းစုံတို့ကို ကုန်စင်အောင် သိမြင်တတ်ကျွမ်းလိမ္မာခြင်း ဗေဒင်သုံးပုံတို့ကို တဖက်ကမ်းခပ်တတ်မြောက်ခြင်းရှိ၏၊ မိမိကိုယ်တိုင်တတ်သိပြီးသောပညာစုံကို တပည့်ဖြစ်သူ အမ္ဗဋ္ဌလုလင်အား ချွင်းချန်ခြင်းမရှိ တတ်သိလိမ္မာအောင် သင်ကြားပြသပြီး ဖြစ်၏၊ သို့ဖြစ်၍ သာကီဝင်နွယ်ဘွား ဂေါတမဘုရား၏ လေးစားအပ် မြတ်နိုးအပ် ပူဇော်အပ်သော ဂုဏ်ကျေးဇူးသတင်းထူးကို ကြားသိရ

သောအခါ တပည့်ဖြစ်သူ အမ္ဗဋ္ဌလုလင်အား အထောက်အထား ရှိမရှိကို သိရှိနိုင်စေရန် ရွေးပြေးစေလွှတ်၍ အကဲခပ်စေ၏။ တပည့်ဖြစ်သူ အမ္ဗဋ္ဌ လုလင်ငယ်သည် သာကီဝင်နွယ်ဘွား ေါတမဘုရားကို သုံးဆယ့်နှစ်ပါး ကုန်သော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ကို သေချာစိစစ် ယောကျ်ားမြတ်ဖြစ် မဖြစ်ကို အမျိုးမျိုးအဖုံဖုံ နှုတ်ဖြင့်လည်း လျှောက်ထားမေးမြန်း၏၊ မျက်စိဖြင့်လည်း လျှိုဝှက်သောဌာနပါ မကျန် အောင် ကြည့်ရှုစိစစ်၏၊ နားဖြင့်လည်း သံတော်ရှစ်စုံ အင်္ဂါဂုဏ်နှင့် ပြည့်စုံသည်တို့ကိုလည်း စိစစ်ကြားနာ၏၊ ဝေနေယျအပေါင်းအား သားတော်ရာဟုလာမခြား သနားတော်မူခြင်း မဟာကရုဏာလုကဂုဏ်, အချွေအချွတ် ခက်ခဲသော ဝေနေယျတို့တို့ စိတ်ရှည်ရှည်သည်းခံတော် မူ၍ ဝေနေယျတို့၏ အဇ္ဈာသယအားလျော်စွာ သည်းခံ၍ တရားဟော ခြင်း ဒယာလုကဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသည်ကိုလည်း နှစ်သက် ကြည်နူးစွာ သိရှိပြီးသည့်နောက် ဥက္ကဋ္ဌမြို့သို့ ပြန်ရောက်ပြီး ပေါက္ခရသာတိ ဆရာထံအနီး၌ ဘုရားနှင့်အပြန်အလှန် စကားစစ်ထိုးခဲ့ပုံ အလုံးစုံနှင့်တကွ လျှောက်ထားလေလျှင် ဆရာပေါက္ခရသာတိပုဏ္ဏားသည် အမ္ဗဋ္ဌလုလင်ကို ခြေနှင့်ကန်၍ ဆုံးမပြီးလျှင် ဥက္ကဋ္ဌမြို့မှ ဣစ္ဆာနင်္ဂလတောအုပ်သို့ မြတ်စွာ ဘုရားကို ရှိခိုးခြင်း, ပူဇော်ခြင်း, ကန်တော့ခြင်း, ကြည်ညိုလေးစား မြတ်နိုးခြင်းအလို့ငှါ သွားရောက်၍ ဗုဒ္ဓခြေရင်း၌ ဝပ်စင်းကန်တော့ ပူဇော်ပြီး မဟာပုရိသလက္ခဏာတော်အစုံ စသည်တို့ကို ယုံယုံကြည်ကြည် လေးလေးမြတ်မြတ် အထပ်ထပ် အခါခါ ရှိခိုးပူဇော်၍ နေရှာ၏၊ မြတ်စွာဘုရားသည် ကာမဂုဏ်၏အပြစ် ဒုက္ခသစ္စာ၏ အဖြစ်ကိုရင်း, ဒုက္ခသစ္စာဖြစ်ကြောင်း သမုဒယသစ္စာကိုရင်း, ဒုက္ခသမုဒယချုပ်ငြိမ်းရာ နိရောဓသစ္စာကိုရင်း, နိဗ္ဗာန်ရောက်ကြောင်းအစစ်ဖြစ်သော မဂ္ဂသစ္စာကို ရင်း ရွေနှုတ်မြွက်ဖော် ဟောကြားတော်မူပြီးသည်၏အဆုံး၌ ပေါက္ခရ သာတိပုဏ္ဏားသည် သောတာပန်၌ တည်သည်ဖြစ်၍ ဤသို့ အထပ်ထပ် အခါခါ ရတနာပီတိဖြစ်လွန်းလှ၍ လျှောက်ထားသည်မှာ—

"အရှင်ဂေါတမမြတ်စွာဘုရား၊ တရားတော်သည် အလွန် နှစ်သက်ဖွယ်ရှိပါပေ၏။ အရှင်ဂေါတမမြတ်စွာဘုရား၊ တရားတော်

သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အရှင်ဂေါတမမြတ်စွာဘုရား၏ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အရှင်ဂေါတမမြတ်စွာဘုရား၊ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း၊ မျက်စိလည်သောသူအား လမ်းကိုပြောကြား ညွှန်းပြဘိသကဲ့သို့ရင်း၊ အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ညှိထွန်း၍ ပြသကဲ့သို့ရင်း၊ ရှင်ဂေါတမ၊ ဤအတူသာလျှင် အရှင်ဂေါတမသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အရှင်ဂေါတမ၊ အကျွန်ုပ်သည် သားမယားပရိသတ် အမတ်တို့နှင့်တကွ အရှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အရှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာဟု မှတ်တော်မူပါ။

အရှင်ဂေါတမသည် ဥက္ကဋ္ဌမြို့၌ အခြားဥပါသကာအိမ်တို့သို့ ကြွရောက်တော်မူသကဲ့သို့ တပည့်ဒကာ ပေါက္ခရသာတိပုဏ္ဏားအိမ်သို့လည်း ကြွရောက်တော်မူပါ၊ ထိုပေါက္ခရသာတိပုဏ္ဏားအိမ်၌ အကြင်လုလင်ပျို လုံမပျိုတို့သည် အရှင်ဂေါတမကို အရိုအသေ ရှိခိုးမှုလည်း ရှိခိုးလတ္တံ့၊ ခရီးဦးကြိုပြုမှုလည်း ပြုကုန်လတ္တံ့၊ နေရာကိုပေးလှူမှုလည်း ပေးလှူကုန်လတ္တံ့၊ ရေကိုပေးလှူမှုလည်း ပေးလှူကုန်လတ္တံ့၊မိမိတို့၏စိတ်ကို ကြည်လင်စေမှုလည်း ကြည်လင်စေကုန်လတ္တံ့၊ ထိုသို့ပြုခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး ထိုလုလင်ပျို လုံမပျိုတို့၏ စီးပွါးချမ်းသာအလို့ငှါ ဖြစ်ပါလတ္တံ့”ဟု လျှောက်၏။ “ပုဏ္ဏား ကောင်းသောစကားကို သင်ဆိုပေ၏”ဟု မိန့်တော်မူသတည်း။ (သုတ်သီလက္ခန် ဆဋ္ဌမူ မြန်မာပြန် ၉၂-မှ ၁၁၄)။

(မှတ်ချက်) အတိက္ကန္တာရုံတဆူဖြစ်တော်မူ၍ တုဘက် ယှဉ်ဘက်ပြိုင်ဘက်ကင်းမဲ့တော်မူသော ဇမ္ဗူလုံးကြိုင် ရှင်တော်ဗုဒ္ဓဟုဆိုအပ်သော မဋ္ဌူသကနတ်ပန်းခိုင်ကြီးကို မြိုင်မြိုင်ဆိုင်ဆိုင် ဖူးမြင်

ရသောကြောင့်၎င်း, ရှေးအခါက မကြားနာစဘူး ထူးထူး မြတ်မြတ် ရင်သပ်ရှုမောအံ့သြဖွယ်ဆုံး ပီတိဓာတ်အပြည့် ဖုံး၍ ကြားနာရသောကြောင့်၎င်း, လူ့ဘုံမှ ဘဝဂ်ဘုံအထိ ရှိရှိသမျှကုန်သောလူနတ်ဗြဟ္မာပညာရှိ ကဝိအမော် ပုဂ္ဂိုလ် ကျော်တို့ထက် ဆထက်လွန်ကဲ နက်နဲသော တရားတော် မြတ်ကို ဖွင့်လှစ်ထုတ်ဖော် ဟောတော်မူအပ်သည်ကို ကြား နာရသောကြောင့်၎င်း ပေါက္ခရသာတိပုရောဟိတ်ကြီးသည် ဘုရားကိုကြည်ညိုရခြင်း ဗုဒ္ဓပီတိ, မဂ်အရသာ ဖိုလ်အရသာ တို့ကို ခံစားရခြင်း ဓမ္မပီတိ, သုပ္ပဋိပန္နစသော ဂုဏ်အပေါင်း နှင့်ပြည့်စုံတော်မူသော သံဃာတော်အပေါင်းကို ကြည်ညို ရခြင်း သံဃပီတိ မဖြစ်စဘူး သူကိုယ်၌ ထူးကဲစွာဖြစ်ခြင်း ရှိ၍ ရတနာပီတိအရသာကို အပြည့်အဝ ရရှိခံစားကာ အသက်တရာ့နှစ်ဆယ် ရှည်ကြာစွာ သက်တော်ရှည်ဂုဏ်ထူး ကို ဆွတ်ခူးရရှိ ခံစားသွားနိုင်လေသည်။

## ရတနာစစ်တွေ့ရ၍ ပုရောဟိတ်ဗာဝရီ ရတနာပီတိဖြစ်ပုံ

ဝေဒကျမ်းတို့၌ တဖက်ကမ်းခပ် တတ်မြောက်ပြီးသော အသက် တရာ့နှစ်ဆယ်ရှည်သော ဗာဝရီပုရောဟိတ် ပဏ္ဍိတ်ပုဏ္ဏား ဆရာကြီးသည် စိုးရိမ်သောက ကြောင့်ကြမရှိမူကို လိုလားတောင့်တလျက် ကောသလ တိုင်းသူတို့၏ မွေ့လျော်ဖွယ်ရာဖြစ်သော သာဝတ္ထိပြည်မှ ဒက္ခိဏာပထတိုင်း သို့ သွားလေ၏။

ထိုဗာဝရီပုရောဟိတ်ပဏ္ဍိတ်ပုဏ္ဏား ဆရာကြီးသည် အဿကတိုင်းနှင့် အဠကတိုင်းတို့၏ အလယ်ဗဟိုအရပ် ဂေါဓာဝရီမြစ်လယ်ကျွန်း၌ ဆွမ်းခံ ခြင်းဖြင့်၎င်း သစ်သီးသစ်မြစ်မှီဝဲခြင်းဖြင့်၎င်း မျှတနေ၏။

ထိုကျွန်းကို အမှီပြု၍ ပြန့်ပြောကြီးကျယ်သော ရွာသည် ဖြစ်လေ၏၊ ထိုရွာကြီးမှ ထွက်သောအခွန်အတုတ်ဖြင့် အလှူပွဲကြီးကို လှူဒါန်းပြု လုပ်၏။

## ဗာဝရီဆရာကြီး စိတ်ဆင်းရဲခြင်း

ဗာဝရီပုရောဟိတ် ဆရာကြီးသည် အလှူပြီးမြောက်၍ ကျောင်းသခ်မ်းအတွင်း၌ တယောက်ထည်း ဆိတ်ဆိတ်နေစဉ် အကောက်ဉာဏ်ဝင်သော ခြေချိတ်သွားလေ့ရှိသော ပုဏ္ဏားတယောက် ရောက်ရှိလာ၏။

ထိုပုဏ္ဏားကား ဗာဝရီပုရောဟိတ်ဆရာကြီးအား ငါးရာကုန်သော ငွေအသပြာကို တောင်းခံ၏၊ ဆရာကြီးက မရှိ၍ မပေးနိုင်ကြောင်းကို ပြောသောအခါ ထိုပုဏ္ဏားက အကျွန်ုပ်တောင်းခံသော အသပြာငါးရာကို အကယ်၍ မပေးပါက ခုနစ်ရက်မြောက်သောနေ့၌ အသင်ဆရာကြီး၏ ဦးခေါင်းသည် ခုနစ်စိတ် ခုနစ်မွှာ ကွဲပါစေဟု ကျိန်ဆဲ၏၊ ထိုကျိန်ဆဲသော စကားကို ကြားသိရသောအခါမှစ၍ ကိုယ်စိတ်ဆင်းရဲလျက် မအိပ်စက်နိုင်ဘဲ ရှိ၏၊ ထိုအခါ သူတော်ကောင်း နတ်ကောင်းမဟူသော စကားအတိုင်း ကျွန်းစောင့်နတ်သည် လာရောက်၍ ဆရာကြီးအား ဂေါတမအနွယ်တော်မှ ပွင့်တော်မူသော ဂေါတမဘုရားရတနာသည်. လောကသုံးပါး၌ နေ လပမာ ထင်ရှားစွာ ပွင့်ပေါ်တော်မူလေပြီ၊ ယခုအခါ ပါသာဏကနတ်ကွန်း၌ သီတင်းသုံးလျက်ရှိ၏၊ ထိုဘုရားကို အသင်ဗာဝရီဆရာကြီးသည် ပူဇော်ရှိခိုးပါလော့၊ ဤပုဏ္ဏားမိုက် ကျိန်စာတိုက်သော်လည်း စိုးရိမ်ပူဆွေးစရာမရှိ၊အသင်ဆရာကြီးသည် အသက်တရာ့နှစ်ဆယ်ရှိပြီဖြစ်၍ မသွားရောက်မဖူးမြော်နိုင်ခဲ့သော် မဂဓတိုင်း ပါသာဏကနတ်ကွန်းသို့ သင်၏ တပည့်အဇိတစသောပုဏ္ဏားတဆယ့်ခြောက်ယောက်တို့ကို လွှတ်၍ ဖူးမြော်စေပါလော့၊ အရှင်ပုဏ္ဏားဆရာကြီးမှ အယူအဆ အတွေးအခေါ် တို့ကိုလည်း ရှင်းလင်းသိသာအောင် လျှောက်ထားပါချေလော့၊ ဤသို့ပြောဆိုပြီးနောက် နတ်သည် ပျောက်ကွယ်သွားတော့၏၊ ပုဏ္ဏားတဆယ့်ခြောက်ယောက်တို့သည် ဘုရားရှေ့တော်မှောက်သို့ အဖူးမြော်ရောက်ရှိပြီးနောက် စိတ်ဖြင့်အကြံပြု၍ စိတ်ဖြင့်မေးလျှောက်၏၊နတ်သားပြောကြားသည့်အတိုင်း မြတ်စွာဘုရားသည် ရွှေနှုတ်တော်ဖြင့် မိန့်တော်မူသည်မှာ အသင်ပုဏ္ဏားတဆယ့်ခြောက်ယောက်သည် အသက်တရာ့နှစ်ဆယ် အိုမင်းရင့်ကြွယ်ပြီဖြစ်သော ဗာဝရီပုဏ္ဏား၏ တပည့်များ ဖြစ်ကြ၏။ သင်တို့ဆရာဗာဝရီပုဏ္ဏားကို ပုဏ္ဏားတယောက် ကျိန်စာတိုက်ခြင်းကို ပြု၏၊

ဗာဝရီပုဏ္ဏား စိတ်မချမ်းသာဖြစ်၏၊ နတ်သားတဦး လာရောက်၍ စိတ်မချမ်းသာခြင်းကို ပယ်ဖျောက်၍ ပေး၏၊ ငါဘုရားအား သင်-ပုဏ္ဏားတို့ကို ဖူးမြော်ရန် မရှင်းလင်းသော အယူအဆ အတွေးအခေါ်များကို လျှောက်ထားရန် စေလွှတ်လိုက်ခြင်း ဖြစ်၏၊ ဗာဝရီဆရာကြီး၏ တပည့်ပုဏ္ဏား တဆယ့်ခြောက်ယောက်တို့သည် အသီးအသီး ရှိသေစွာ မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

## အဇိတလုလင် နှုတ်ဖြင့် မေးခဏ်း

အဇိတသည် ဤသို့ မေးလျှောက်၏။

၁။ လောကကို အဘယ်တရားက ဖုံးလွှမ်းထားပါသနည်း။

၂။ လောကသည် အဘယ်တရားကြောင့် မထင်ရှားပါသနည်း။

၃။ အဘယ်တရားကို လိမ်းကျံ ကပ်ငြိတတ်သောတရားဟု ဟောတော်မူပါသနည်း။

၄။ အဘယ်တရားသည် ထိုလောက၏ ဘေးကြီး ဖြစ်ပါသနည်း။

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

၁။ အဇိတ၊ လောကကို မသိမှုအဝိဇ္ဇာက ဖုံးလွှမ်းထား၏။

၂။ မိမိအားသာ ဖြစ်စေလို၍ သူတပါးအား မဖြစ်စေလိုမှုမစ္ဆရိယနှင့် မေ့လျော့မှု ပမာဒတရားကြောင့် လောကသည် မထင်ရှား။

၃။ မြည်တမ်းကြောင်း (တဏှာ) ကို လောကကို ကပ်ငြိလိမ်းကျံတတ်သော တရားဟု ငါဆို၏။

၄။ သံသရာဝဋ်ဒုက္ခသည် ထိုလောက၏ ဘေးကြီးဖြစ်၏။

အဇိတသည် ဤသို့ မေးလျှောက်၏။

အာယတနအားလုံးတို့၌ တဏှာအယဉ်တို့သည် စီးကုန်၏၊ တဏှာအယဉ်တို့ကို အဘယ်တရားသည် တားမြစ်ပိတ်ပင်နိုင်ပါသနည်း၊ တဏှာအယဉ်တို့ကို စောင့်စည်းပိတ်ဆို့နိုင်သောတရားကို ဟောတော်မူပါလော့၊ အဘယ်တရားက တဏှာအယဉ်တို့ကို စောင့်စည်း ပိတ်ဆို့နိုင်ပါသနည်း။

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊

အဇိတ၊ လောက၌ စီးသွားကုန်သော တဏှာအယဉ်တို့ကို အောက်မေ့မှုသတိသည် တားမြစ်ပိတ်ပင်နိုင်၏၊တဏှာအယဉ်တို့ကို စောင့်စည်းပိတ်ဆို့နိုင်သောတရားကို ငါဆိုအံ့။ ပညာကား ထိုတဏှာအယဉ်တို့ကို စောင့်စည်းပိတ်ဆို့နိုင်၏။

အဇိတသည် ဤသို့ မေးလျှောက်လေ၏။

အရှင်ဘုရား၊ ပညာသည်၎င်း သတိသည်၎င်း နာမ်ရုပ်သည်၎င်း ရှိပါ၏၊ဤပညာ သတိ နာမ်ရုပ်တရားသည် အဘယ်၌ ချုပ်ပါသနည်း၊ မေးအပ်သောအရှင်ဘုရားသည် ဤအကြောင်းကို အကျွန်ုပ်အား ဟောတော်မူပါလော့။

မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။

အဇိတ၊ သင်မေးအပ်သော အမေးပြဿနာကို ငါဖြေအံ့၊ . အကြွင်းနိဗ္ဗာန်၌ နာမ်သည်၎င်း ရုပ်သည်၎င်း အကြွင်းမဲ့ချုပ်၏၊ ကုသိုလ်ကံ အကုသိုလ်ကံဟူသော အဘိသင်္ခါရဝိညာဉ်၏ ချုပ်ရာနိဗ္ဗာန်၌ ဤနာမ်ရုပ်သည် ချုပ်၏။

အဇိတသည် ဤသို့ မေးလျှောက်၏။

မြတ်စွာဘုရား၊ ဤလောက၌ အကြင်ပုဂ္ဂိုလ်တို့သည်ကား တရားကို သိပြီးသော ရဟန္တာပုဂ္ဂိုလ် ဖြစ်ကုန်၏။ များစွာသော အကြင်ပုဂ္ဂိုလ်တို့သည်ကား ကျင့်ဆဲသော ပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၏အကျင့်ကို မေးအပ်သော ရင့်ကျက်သော ပညာရှိတော်မူသော အရှင်ဘုရားသည် အကျွန်ုပ်အား ဟောတော်မူပါလော့ဟု လျှောက်၏။

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

ရဟန်းသည် ကာမတို့၌ မတပ်မက်မတွယ်တာရာ၊ စိတ်ညစ်ညူးနောက်ကျုသူ မဖြစ်ရာ၊ တရားအားလုံးတို့၌ လိမ္မာသည် သတိရှိသည်ဖြစ်၍ နေထိုင်ရာ၏ဟု ဟောတော်မူ၏။

## တိဿမေတ္တေယျလုလင် နှုတ်ဖြင့် မေးခဏ်း

တိဿမေတ္တေယျသည် ဤသို့ မေးလျှောက်၏။

ဤလောက၌ အဘယ်သူသည် ရောင့်ရဲလွယ်သူ ဖြစ်ပါသနည်း။ အဘယ်သူအား တုန်လှုပ်မှုတို့ မရှိပါကုန်သနည်း၊ အဘယ်သူသည် အစွန်းနှစ်ဖက်ကိုရင်း အလယ်ကိုရင်း ပညာဖြင့်သိ၍ မလိမ်းကျံ မကပ်ငြိပါသနည်း၊ အဘယ်သူကို မဟာပုရိသဟူ၍ ဟောတော်မူပါသနည်း။ ဤလောက၌ အဘယ်သူသည် ချုပ်စပ်တတ်သော တဏှာကို လွန်မြောက်ပါသနည်း။

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

မေတ္တေယျ၊ အကြင်ရဟန်းသည် ကာမတို့၌ အပြစ်ကိုမြင်၍ မဂ်အကျင့်မြတ်ကို ကျင့်သုံးသူ တပ်မက်မှုတဏှာကင်းသူ အခါခပ်သိမ်း အောက်မေ့မှု သတိရှိသူ ပညာဖြင့်ဆင်ခြင်၍ ငြိမ်းအေးသူ ဖြစ်၏၊ ထိုရဟန်းအား တုန်လှုပ်သော တဏှာဒိဋ္ဌိတို့ မရှိကုန်၊ ထိုရဟန်းသည် ဒုက္ခသစ္စာ သမုဒယ-သစ္စာဟူသော အစွန်းနှစ်ဘက်ကိုရင်း နိရောဓသစ္စာဟူသော အလယ်ကိုရင်း မဂ်ပညာဖြင့်သိ၍ တဏှာဒိဋ္ဌိတို့ဖြင့် မလိမ်းကျံမကပ်ငြိတော့ပေ။ ထိုရဟန်းကို မဟာပုရိသဟူ၍ ငါဆို၏။ ထိုရဟန်းသည် ဤလောက၌ ချုပ်စပ်တတ်သောတဏှာကို လွန်မြောက်လေပြီ။

## ပုဏ္ဏကလုလင် နှုတ်ဖြင့် မေးခဏ်း

ပုဏ္ဏကသည် ဤသို့ မေးလျှောက်၏—တုန်လှုပ်မှုတဏှာကင်းတော်မူပြီးသော အကုသိုလ်အမြစ်အရင်းကို မြင်တော်မူသော အရှင်ဘုရားကို ပြဿနာမေးရန် အလိုရှိသည်ဖြစ်၍ အကျွန်ုပ် ရောက်လာခဲ့ပါ၏။ ဤလောက၌ ရသေ့တို့သည်ရင်း လူတို့သည်ရင်း မင်းတို့သည်ရင်း ပုဏ္ဏားတို့သည်ရင်း အဘယ်ကိုမှီကုန်၍ နတ်တို့အား ယဇ်ပူဇော်မှုကို အများအပြား ပြုကြပါကုန်သနည်း မြတ်စွာဘုရား။

(ဘုရားအဖြေ) ပုဏ္ဏက၊ ဤလောက၌ ရသေ့တို့သည်ရင်း လူတို့သည်ရင်း မင်းတို့သည်ရင်း ပုဏ္ဏားတို့သည်ရင်း ဤသူအားလုံးတို့သည် လူနတ်

ဖြဟ္မာအဖြစ်ကို တောင့်တကြကုန်လျက် နတ်တို့အား ပူဇော်မှုကို အများအပြားပြုကြကုန်၏၊ ထိုသူအားလုံးတို့သည် ဇရာစသော ဝဋ်ဆင်းရဲကို မှီကုန်လျက် ပူဇော်မှုကို ပြုကြကုန်၏။

(ပုဏ္ဏကအမေး) မြတ်စွာဘုရား၊ ရသေ့, လူ, မင်း, ပုဏ္ဏားတို့သည် နတ်တို့အား ပူဇော်မှုကို အများအပြား ပြုကြပါကုန်၏။ ထိုသို့ပြုခြင်းသည် ပဋိသန္ဓေနေမှုကိုဂေင်း အိုမှုကိုဂေင်း လွန်မြောက်နိုင်ပါသလော။

(မြတ်စွာဘုရား) ပုဏ္ဏက၊ အကြင်သူတို့သည် လူနတ်ဖြဟ္မာအဖြစ်ကို တောင့်တကြကုန်၏ လျှုဘွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ် အလှူ၏အကျိုးအာနိသင်ကို ချီးမွမ်းကုန်၏။ မြွက်ဆိုတမ်းတကုန်၏၊ ပူဇော်ပသကြကုန်၏၊ လူနတ်ဖြဟ္မာအဖြစ်ရမှုကို စွဲ၍ ကာမတို့ကို တမ်းတကုန်၏၊ ထိုသူတို့သည် ပူဇော်မှုကို အားထုတ်ကြကုန်သော်လည်း ဘဝကို တပ်စွန်းမှုတဏှာဖြင့် တပ်မက်ကုန်သောကြောင့် ပဋိသန္ဓေနေမှု အိုမှုစသော ဝဋ်ဆင်းရဲကို မလွန်မြောက်နိုင်ကုန်။

(ပုဏ္ဏက) မြတ်စွာဘုရား၊ ထိုသူတို့သည် ပူဇော်မှုကို အားထုတ်ကြပါကုန်သော်လည်း ပူဇော်မှုတို့ဖြင့် ပဋိသန္ဓေနေမှု အိုမှုစသော ဝဋ်ဆင်းရဲကို အကယ်၍ မလွန်မြောက်နိုင်ကုန်ပါမူ အဘယ်သူသည် နတ်လောက လူ့လောက၌ ပဋိသန္ဓေနေမှု အိုမှုစသော ဝဋ်ဆင်းရဲတို့ကို လွန်မြောက်နိုင်ပါသနည်း။

(မြတ်စွာဘုရား) ပုဏ္ဏက၊ လောက၌ အကြင်သူအား မိမိအတွင်းအပ သဘောတရားတို့ကို ပညာဖြင့်ဆင်ခြင်၍ တစုံတခုသောလောက၌ တုန်လှုပ်တတ်သော တဏှာမရှိ၊ ထိုသူသည် ကိလေသာငြိမ်းအေးသူ ဒုစရိုက်အခိုးကင်းသူ ဆင်းရဲကြောင်း ကိလေသာကင်းပြီးသူ" တဏှာကင်းပြီးသူဖြစ်၍ ပဋိသန္ဓေနေမှု အိုမှုစသော ဝဋ်ဆင်းရဲကို ကူးမြောက်နိုင်၏။

## မေတ္တဂူလုလင် နှုတ်ဖြင့် မေးခဏ်း

(မေတ္တဂူ) မြတ်စွာဘုရား၊ အရှင်ဘုရားကို မဂ်လေးပါးတို့ဖြင့် အဆုံးသို့ ရောက်ပြီးသူ, ပွါးများပြီးသော စိတ်ရှိသူဟူ၍ အကျွန်ုပ် အောက်မေ့

မှတ်ထင်ပါ၏။ လောက၌ ဆင်းရဲဟူသမျှတို့သည် အများအပြား ရှိပါကုန်၏။ ဤဆင်းရဲတို့သည် အဘယ့်ကြောင့် ဖြစ်ပေါ်လာပါကုန်သနည်း။

(မြတ်စွာဘုရား) မေတ္တဂူ၊ ဆင်းရဲ၏ဖြစ်ကြောင်းအစကို ငါ့အား သင်မေး၏၊ ထိုဆင်းရဲဖြစ်ကြောင်းအစကို ငါသိသည့်အတိုင်း သင့်အား ဟောကြားအံ့။ လောက၌ အများအပြားအားဖြင့် ဖြစ်ကုန်သော ဆင်းရဲအားလုံးတို့သည် ကိလေသာစသော ဥပဓိဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်၏၊ အကြင်သူသည် ပညာမဲ့သည်ဖြစ်၍ ကိလေသာစသော ဥပဓိကိုပြုလုပ်၏။ပညာမဲ့သောထိုသူသည် အဖန်တလဲလဲ ပဋိသန္ဓေနေခြင်းစသော ဆင်းရဲသို့ ရောက်ရာ၏။ ထို့ကြောင့် ဇာတိစသောဝဋ္ဋဆင်းရဲ၏ ဖြစ်ကြောင်းကို အဖန်ဖန်ရှုဆင်ခြင်လျက် အနိစ္စစသည်ကို ပိုင်းခြားသိသည်ဖြစ်၍ ကိလေသာစသော ဥပဓိကို မပြုလုပ်ရာ။

(မေတ္တဂူ) အကြင်ပုစ္ဆာကို အကျွန်ုပ် မေးခဲ့ပါကုန်၏၊ အရှင်သည် ထိုပုစ္ဆာကို အကျွန်ုပ်အား ဖြေကြားတော်မူခဲ့ပြီ၊ အရှင်ဘုရားအား အခြားသောပုစ္ဆာကို မေးပါကုန်အံ့၊ တိုက်တွန်းပါ၏၊ ထိုပုစ္ဆာကို ဖြေကြားတော်မူပါလော့၊ပညာရှိတို့သည် သံသရာအယဉ်ကိုင်း ပဋိသန္ဓေနေမှု နာမှု အိုမှု ပူဆွေးမှု ငိုကြွေးမှုတို့ကိုင်း အဘယ်သို့ လွန်မြောက်ကုန်သနည်း။

(မြတ်စွာဘုရား) မေတ္တဂူ၊ ယခုဘဝ၌ပင် ကိုယ်တိုင်မျက်မှောက်ပြုနိုင်သော နိဗ္ဗာန်ရောက်ကြောင်းတရားကို သင့်အား ငါဟောကြားပေအံ့၊ ယင်းသို့သောတရားကို သိ၍ အောက်မေ့မှုသတိရှိလျက် ကျင့်ကြံအားထုတ်သူသည် လောက၌ ကပ်ငြိတွယ်တာမှုတဏှာကို လွန်မြောက်နိုင်ရာ၏။

မြတ်စွာဘုရား၊ အကြင်တရားကိုသိ၍ အောက်မေ့မှုသတိရှိလျက် ကျင့်ကြံအားထုတ်သူသည် လောက၌ ကပ်ငြိတွယ်တာမှုတဏှာကို လွန်မြောက်နိုင်ရာ၏၊ မြတ်သောထိုတရားကို အကျွန်ုပ် နှစ်သက်လှပါ၏။

မေတ္တဂူ၊ ပစ္စုပ္ပန် အတိတ် အနာဂါတ်စသော တရားအားလုံးကို အနိစ္စစသော အပြားအားဖြင့် သင်သိ၏၊ ထိုတရားအားလုံးတို့၌ နှစ်သက်မှုကိုင်း တဏှာဒိဋ္ဌိဟူသော တည်ရာအိမ်ကိုင်း အဘိသင်္ခါရဝိညာဉ်ကိုင်း နုတ်ပယ်လေလော့၊ ဤသို့နုတ်ပယ်နိုင်သည်ရှိသော် ဘဝ၌မတည်ရာ၊ ဤသို့

ဆိုခဲ့ပြီးသည့်အတိုင်း နေလေ့ရှိသော ပညာရှိရဟန်းသည် အောက်မေ့မှု သတိရှိလျက် မမေ့မလျော့ကျင့်ကာ တဏှာဒိဋ္ဌိအားဖြင့် မြတ်နိုးမှုတို့ကို ပယ်စွန့်သည်ရှိသော် ဤဘဝ၌ပင်လျှင် ပဋိသန္ဓေနေမှု နာမှု အိုမှု စိုးရိမ်မှု ပူဆွေးမှု ငိုကြွေးမှုဟူသော ဆင်းရဲကို ပယ်စွန့်နိုင်ရာ၏။

ဂေါတမနွယ်ဘွား မြတ်စွာဘုရား၊ မြတ်စွာဘုရား၏ ကောင်းစွာဟော ကြားတော်မူအပ်သော သံကိလေသစသော ဥပဓိကို ပယ်တတ်သည့် ထို စကားကို အကျွန်ုပ် နှစ်သက်ပါ၏၊ ထိုတရားကို အရှင်ဘုရားသိတော်မူပြီး ဖြစ်သောကြောင့် မြတ်စွာဘုရားသည် မချွတ်ကေန်ပင် ဆင်းရဲကို ပယ် တော်မူနိုင်ပါ၏။

မြတ်စွာဘုရား၊ အကျွန်ုပ်ကြံစည်မိသည်ကား– အရှင်ဘုရားသည် အကြင်သူတို့ကို မပြတ်ခါခါ ဆုံးမတော်မူရာ၏၊ ထိုသူတို့သည်လည်း ဆင်း ရဲကိုပယ်နိုင်ကုန်ရာ၏၊ မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား၊ ထို ကြောင့် အရှင်ဘုရားသို့ ချဉ်းကပ်၍ အကျွန်ုပ် ရှိခိုးပါ၏၊ မြတ်စွာဘုရား သည် အကျွန်ုပ်ကို မပြတ်ခါခါ ဆုံးမတော်မူတန်ရာပါ၏။

မေတ္တဂူ၊ အကြင်သူကို သင်သည် မကောင်းမှုမှ အပပြုပြီးသူ၊ မဂ်ဉာဏ် လေးပါးတို့ဖြင့် အဆုံးသို့ရောက်ပြီးသူ၊ ကြောင့်ကြမှုမရှိသူ၊ ကာမဘဝ၌ ကပ်ငြိခြင်းမရှိသူဟူ၍ သိရာ၏၊ ထိုသူသည် မချွတ်လျှင် ဤသံသရာအယဉ် ဝဲသြဃကို လွန်မြောက်ပြီးသူ၊ တဖက်ကမ်းနိဗ္ဗာန်သို့ ကူးမြောက်ပြီးသူ၊ ကိ လေသာဆူးငြောင့်မရှိသူ၊ ယုံမှားကင်းသူ ဖြစ်နိုင်လေတော့၏၊ ဤလောက၌ အကြင်သူသည် ပညာရှိ၏၊ လေးပါးသောမဂ်ဉာဏ်တို့ဖြင့် အဆုံးသို့ ရောက် ၏၊ ထိုသူသည် ဘဝငယ် ဘဝကြီး၌ ဤရာဂစသော ကပ်ငြိတွယ်တာမှုကို ပယ်စွန့်သောကြောင့် တဏှာကင်းပြီးသူ၊ ဆင်းရဲကြောင်း ကိလေသာ ကင်းပြီးသူ၊ တွယ်တာမှုကင်းပြီးသူဖြစ်၍ ပဋိသန္ဓေနေမှု အိုမှုစသော ဝဋ်ဆင်းရဲကို ကူးမြောက်နိုင်၏။

## ဓောတကလုလင် နှုတ်ဖြင့် မေးခန်း

(ဓောတက) အမြတ်တရားကို ရှာမှီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားကို မေးလျှောက်ပါ၏။ ထိုစကားကို အကျွန်ုပ်အား ဟော

တော်မူပါလော့၊ အရှင်ဘုရား၏ စကားတော်ကို အလွန်ကြားနာလိုပါ၏၊ အရှင်ဘုရား၏ မြွက်ဆိုသံကို ကြားနာရ၍ မိမိ၏ ရာဂစသည် ငြိမ်းအေးခြင်းငှါ ကျင့်နိုင်ရာပါ၏။

(မြတ်စွာဘုရား) ဓောတက၊ ထိုသို့ဖြစ်လျှင် ပြင်းစွာအားထုတ်မှုကို ပြုလော့၊ ဤငါဘုရားအထံမှ တရားသံကို ကြားနာရ၍ ငါဘုရားသာသနာတော်၌သာလျှင် ရင့်ကျက်သော ပညာရှိသည် အောက်မေ့မှု သတိရှိသည် ဖြစ်၍ မိမိ၏ ရာဂစသည် ငြိမ်းအေးခြင်းငှါ ကျင့်ရာ၏။

ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ပညာစက္ခု ရှိတော်မူသော မြတ်စွာဘုရား၊ နတ်လောက လူလောက၌ ရာဂစသော ကြောင့်ကြမှု မရှိသော မကောင်းမှုကို အပပြုပြီး၍ လှည့်လည်ကြွသွားတော်မူသော အရှင်ဘုရားကို အကျွန်ုပ် ဖူးမြင်ရပါ၏၊ ထိုအရှင်ဘုရားကို အကျွန်ုပ် ရှိခိုးပါ၏၊ သာကီနွယ်ဘွား မြတ်စွာဘုရား၊ အကျွန်ုပ်ကို ယုံမှားမှုတို့မှ လွတ်မြောက်စေတော်မူပါလော့။

ဓောတက၊ လောက၌ ယုံမှားမရှိသူတဦးတယောက်ကိုမျှ လွတ်မြောက်စေခြင်းငှါ ငါဘုရား တတ်နိုင်မည်မဟုတ်၊ သင်သည် မြတ်သော နိဗ္ဗာန်တရားကို သိလတ်သော် ဤနည်းဖြင့် ဤသံသရာ အယဉ်ဩဃကို လွန်မြောက်နိုင်ရာ၏။

ဗြဟ္မာမင်းသဘွယ် ဖြစ်တော်မူသော မြတ်စွာဘုရား၊ အကြင်သခၤါရတို့မှ ကင်းဆိတ်သော နိဗ္ဗာန်တရားကို အကျွန်ုပ် သိရာပါ၏၊အကျွန်ုပ်အားသနားသည်ဖြစ်၍ ထိုတရားဖြင့် ဆုံးမတော်မူပါလော့၊ အကျွန်ုပ်သည် ကောင်းကင်ကဲ့သို့ အစူးထူး အထွေထွေ ရှိသည်အဖြစ်သို့ မရောက်မူ၍ ဤသာသနာတော်၌ သာလျှင် ကိလေသာတို့မှ ငြိမ်းအေးသည်ဖြစ်၍ တဏှာဒိဋ္ဌိတို့ကို မမှီးဘဲ ကျင့်ကြံ အားထုတ်လိုပါ၏။

(မြတ်စွာဘုရား) ဓောတက၊ ယခုဘဝ၌ပင် တဆင့်ကြား မဟုတ်၊ ကိုယ်တိုင်မျက်မှောက်ပြုနိုင်သော ကိလေသာ ငြိမ်းအေးမှု နိဗ္ဗာန်တရားကို သင့်အား ငါဟောကြားပေအံ့၊ ယင်းတရားကို သိ၍ အောက်မေ့မှု သတိ

ရှိလျက် ကျင့်ကြံအားထုတ်သူသည် လောက၌ ကပ်ငြိတွယ်တာမှု တဏှာကို လွန်မြောက်နိုင်ရာ၏။

အမြတ်တရားကို ရှာမှီးတော်မူသော မြတ်စွာဘုရား၏ အကြင်ကိလေသာမှ ငြိမ်းအေးမှု နိဗ္ဗာန်တရားမြတ်ကို သိ၍ အောက်မေ့မှု သတိရှိလျက် ကျင့်ကြံအားထုတ်သူသည် လောက၌ ကပ်ငြိ တွယ်တာမှု တဏှာကို လွန်မြောက်နိုင်ရာ၏၊ ထိုကိလေသာမှ နိဗ္ဗာန်တရားမြတ်ကို အကျွန်ုပ် နှစ်သက်လှပါ၏။

(မြတ်စွာဘုရား) ဓောတက၊ ပစ္စုပ္ပန် အတိတ် အနာဂတ် စသော တရားအားလုံးကို အနိစ္စ စသော အပြားအားဖြင့် သင်သိ၏၊ လောက၌ ထိုတရားအားလုံးကို ကပ်ငြိတတ်သော တရားဟု သိ၍ ဘဝကြီးငယ်၌ ဖြစ်ခြင်းငှါ တတ်မက်တွယ်တာမှုတဏှာကို မပြုလေလင့်။

ဥပသီဝလုလင် အမေး

ဥပသီဝသည် ဤသို့ မေးလျှောက်၏။ – သာကီနွယ်ဘွား မြတ်စွာဘုရား၊ အကျွန်ုပ်သည် တယောက်ထည်း အမှီမရှိဘဲ ကြီးကျယ်သော သြဃသံသရာအယဉ်ကို ကူးမြောက်ခြင်းငှါ မတတ်နိုင်ပါ၊ ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ပညာစက္ခုရှိသော မြတ်စွာဘုရား၊ အကြင်တရားကိုမှီ၍ ဤသံသရာအယဉ် သြဃကို ကူးမြောက် နိုင်ရာ၏၊ ထိုမှီရာ တရားကို ဟောတော်မူပါလော့။

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။ – ဥပသီဝ၊ အောက်မေ့မှု သတိရှိလျက် အာကိဉ္စညာယတန သမာပတ်ကို အနိစ္စ စသောအားဖြင့် ရှုသည် ဖြစ်၍ တစုံတခုမျှ မရှိဟူသော အာကိဉ္စညာယတနသမာပတ်ကို မှီ၍ သံသရာအယဉ်သြဃကို ကူးမြောက်လေလော့၊ ကာမတို့ကို ပယ်လျက် ယုံမှားခြင်းတို့မှ ကင်းပျောက်သည်ဖြစ်၍ တပ်မက်မှုတဏှာကုန်ရာ နိဗ္ဗာန်ကို နေ့ရောညဉ့်ပါ ထင်စွာရှုလေလော့။

ဥပသီဝ—

ဥပသီဝသည် ဤသို့ မေးလျှောက်၏၊ မြတ်စွာဘုရား၊ အကြင်သူသည် အလုံးစုံသောကာမတို့၌ တပ်မက်မှုကင်း၏၊ အာကိဉ္စညာယတနသမာပတ်ကို အမှီပြုလျက် တပါးသော သမာပတ်ကိုစွန့်၍ မြတ်သော အာကိဉ္စညာယတန သမာပတ် ဟူသော သညာဝိမောက္ခ၌ နှလုံးသွင်း၏၊ ထိုသူသည် အာကိဉ္စညာယတန ပြဟ္မာဘုံ၌ ရောက်သည်ဖြစ်၍ တည်ရာသလော။

မြတ်စွာဘုရား—

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ ဥပသီဝ၊ အကြင်သူသည် အလုံးစုံသော ကာမတို့၌ တပ်မက်မှုကင်း၏၊ အာကိဉ္စညာယတနသမာပတ်ကို အမှီပြုလျက် တပါးသော သမာပတ်ကိုစွန့်၍ မြတ်သော အာကိဉ္စညာယတန သမာပတ်ဟူသော သညာဝိမောက္ခ၌ နှလုံးသွင်း၏၊ ထိုသူသည် အာကိဉ္စညာယတန ပြဟ္မာဘုံ၌ ရောက်သည်ဖြစ်၍ တည်ရာ၏။

ဥပသီဝ—

ဥပသီဝသည် ဤသို့မေးလျှောက်၏၊ ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ပညာစက္ခုရှိတော်မူသော မြတ်စွာဘုရား၊ ထိုသူသည် ထိုအာကိဉ္စညာယတန ပြဟ္မာဘုံ၌ ရောက်သည်ဖြစ်၍ တည်ခဲ့မူ ထိုဘုံ၌ပင်လျှင် နှစ်ပေါင်းများစွာ ငြိမ်းအေးသည်ဖြစ်၍ ဆင်းရဲတို့မှ လွတ်မြောက်သည် ဖြစ်ရာသလော၊ သို့မဟုတ်မူ ထိုသို့ သဘောရှိသောသူ၏ ဝိညာဏ်သည် ရွေ့လျောရာသေးသလော။

မြတ်စွာဘုရား—

ဥပသီဝ၊ လေဟုန်ဖြင့်လွှင့်သော မီးလျှံသည် ချုပ်ပျောက်ခြင်းသို့ ရောက်သကဲ့သို့၊ တစုံတခုခေါ်ဝေါ်အပ်သောအဖြစ်သို့ မရောက်သကဲ့သို့ ဤအတူ ရဟန်းသည် နာမကာယမှ လွတ်သည်ဖြစ်၍ ချုပ်ပျောက်ခြင်းသို့ ရောက်၏၊ တစုံတခု ခေါ်ဝေါ်အပ်သော အဖြစ်သို့မရောက်။

ဥပသီဝ—

ဥပသီဝသည် ဤသို့ မေးလျှောက်၏၊ ထိုသူသည် ချုပ်ပျောက်ခြင်းသို့ ရောက်သွားသလော၊ သို့မဟုတ် မရှိတော့ပြီလော၊ သို့မဟုတ်မူ စင်စစ် မြဲသောသဘောဖြင့် မဖောက်ပြန်တော့ပြီလော၊ မြတ်စွာဘုရား၊ တောင်းပန်ပါ၏၊ထိုတရားကို အရှင်ဘုရားသိပြီးဖြစ်သောကြောင့် ထိုအကြောင်းကို အကျွန်ုပ်အား ဟောကြားတော်မူပါလော့။

မြတ်စွာဘုရား—

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ ဥပသီဝ၊ပရိနိဗ္ဗာန် ပြုခြင်းသို့ ရောက်သူအား ရုပ်စသော အတိုင်းအရှည်ပမာဏ မရှိ၊ အကြင်ရာဂစသော အကြောင်းဖြင့် ထိုသူကို တပ်မက်သူ စသည်ဖြင့် ဆိုကုန်ရာ၏။ ထိုသူအား ထိုအကြောင်းမျိုး မရှိတော့ပြီ၊ ခန္ဓာစသော တရားအားလုံးတို့ကို ပယ်နုတ်ပြီးကုန်သည်ရှိသော် အလုံးစုံသော ခေါ်ဆိုရာ အကြောင်းမျိုး ကိုလည်း ပယ်နုတ်ပြီး ဖြစ်ကုန်၏။

## နန္ဒလုလင် အမေး

(နန္ဒ) နန္ဒသည် ဤသို့ မေးလျှောက်၏၊ လောက၌ မုနိအမည်ခံ အာဇီဝက စသည်တို့ ရှိကုန်၏ဟု လူတို့ ပြောဆိုကုန်၏၊ ထိုစကားကို အဘယ့်ကြောင့် ဆိုကုန်သနည်း၊ သမာပတ်ဉာဏ်စသည်နှင့် ပြည့်စုံသော သူကို မုနိဟု ဆိုကုန်ပါသလော၊ သို့မဟုတ် ခေါင်းပါးသော အသက် မွေးမှုနှင့်ပြည့်စုံသောသူကို မုနိဟု ဆိုကုန်ပါသလော။

(မြတ်စွာဘုရား) နန္ဒ၊ ဤသာသနာတော်ဝယ် ခန္ဓာ စသည်တို့၌ လိမ္မာသူတို့သည် အမြင်စင်ကြယ်မှုဖြင့် မုနိဟူ၍ မဆိုကုန်၊ အကြား စင်ကြယ်မှုဖြင့် မုနိဟူ၍ မဆိုကုန်၊ သမာပတ်စသော ဉာဏ်ဖြင့် မုနိဟူ၍ မဆိုကုန်၊ အကြင်သူတို့သည် ကိလေသာစသော မာရ်စစ်သည် ကင်းအောင် ပြုပြီး၍ ဆင်းရဲမရှိကြကုန်၊ ကပ်ငြိတွယ်တာမှု အာသာမရှိကြကုန်ဘဲ ကျင့်ကြံကုန်၏၊ ထိုသူတို့ကို မုနိဟူ၍ ဆို၏။

(နန္ဒ) နန္ဒသည် ဤသို့ မေးလျှောက်၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤ သမဏ ဗြာဟ္မဏ အားလုံးတို့သည် မြင်မှု ကြားမှုဖြင့်လည်း စင်ကြယ်၏ဟု ဆိုကုန်၏၊ စောင့်ထိန်းမှုသီလ ဆောက်တည်မှု ဝတဖြင့်လည်း စင်ကြယ်၏ဟူ၍ ဆိုကုန်၏၊ များသောအပြားရှိသော ကောတူဟလ မင်္ဂလာဖြင့်လည်း စင်ကြယ်၏ဟု ဆိုကုန်၏။ မြတ်စွာဘုရား၊ အသို့ပါနည်း၊ ထိုသမဏဗြာဟ္မဏအားလုံးတို့သည် ထိုမိမိအယူ၌စောင့်စည်း နေထိုင်ကြကုန်သည်ရှိသော် ပဋိသန္ဓေနေမှု အိုမှုကို လွန်မြောက်နိုင်ပါကုန်သလော၊ မြတ်စွာဘုရား၊ ထိုအကြောင်းကို မေးလျှောက်ပါ၏၊ အကျွန်ုပ်အား ထိုအကြောင်းကို ဟောတော်မူပါလော့။

(မြတ်စွာဘုရား) မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ နန္ဒ၊ ဤသမဏဗြာဟ္မဏအားလုံးတို့သည် မြင်မှုကြားမှုဖြင့်လည်း စင်ကြယ်၏ဟု ဆိုကြကုန်၏၊ စောင့်ထိန်းမှုသီလ ဆောက်တည်မှုဝတဖြင့်လည်း စင်ကြယ်၏ဟု ဆိုကြကုန်၏၊ များသော အပြားရှိသော ကောတူဟလ မင်္ဂလာဖြင့်လည်း စင်ကြယ်၏ဟု ဆိုကြကုန်၏၊ ထို သမဏဗြာဟ္မဏတို့သည် မိမိအယူ၌ယူ၍ စောင့်စည်းနေထိုင်ကြစေကာမူ ထိုသမဏဗြာဟ္မဏတို့သည် ပဋိသန္ဓေနေမှု အိုမှုကို မကူးမမြောက်နိုင်ကြကုန်ဟု ငါဆို၏။

(နန္ဒ) နန္ဒသည် ဤသို့ မေးလျှောက်၏၊ မြတ်စွာဘုရား၊ ဤသမဏဗြာဟ္မဏအားလုံးတို့သည် မြင်မှု ကြားမှုဖြင့်လည်း စင်ကြယ်၏ဟု ဆိုကြကုန်၏၊ စောင့်ထိန်းမှု သီလ ဆောက်ဘည်မှု ဝတဖြင့်လည်း စင်ကြယ်၏ဟု ဆိုကြကုန်၏၊ များသောအပြားရှိသော ကောတူဟလ မင်္ဂလာဖြင့်လည်း စင်ကြယ်၏ဟု ဆိုကြကုန်၏။ ထိုသမဏ ဗြာဟ္မဏအားလုံးတို့ကို သံသရာအယဉ်ဩဃမှ မကူးမြောက်နိုင်ကြသူတို့ဟု အကယ်၍ ဟောတော်မူခဲ့မူ-မြတ်စွာဘုရား၊ နတ်လောက လူလောက၌ အဘယ်သူသည် ပဋိသန္ဓေနေမှု အိုမှုကို ကူးမြောက်နိုင်ပါသနည်း၊ မြတ်စွာဘုရား ထိုအကြောင်းကို မေးလျှောက်ပါ၏၊ အကျွန်ုပ်အား ထိုအကြောင်းကို ဟောတော်မူပါလော့။

(မြတ်စွာဘုရား) မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ နန္ဒ၊ သမဏဗြာဟ္မဏအားလုံးတို့ကို ပဋိသန္ဓေနေမှု အိုမှုသည် ပိတ်ဖုံးအပ်ကုန်၏ဟု ငါမဆို၊ ဤလောက၌ အကြင်သူတို့သည် မြင်ရသော ရူပါရုံ၊ ကြားရ

သော သဒ္ဒါရုံ၊ ရောက်ရသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာရုံဖြင့် စင်ကြယ်၏ဟူသော အယူ စောင့်ထိန်းမှု သီလ, ဆောက်တည်မှု ဝတဖြင့် စင်ကြယ်၏ဟူသောအယူအားလုံးကို ပယ်စွန့်၍ များသော အပြားရှိသော ကောတူဟလ မင်္ဂလာ အားလုံးကိုလည်း ပယ်စွန့်နိုင်၍ တပ်မက်မှု တဏှာကို ပိုင်းခြားသိလျက် အာသဝကင်းကုန်၏။ ထိုသူတို့ကို သံသရာအယဉ် ဩဃမှ လွန်မြောက်ကုန်ပြီဟု ငါဆို၏။

ဂေါတမနွယ်ဘွား မြတ်စွာဘုရား၊ မြတ်စွာဘုရား၏ ကောင်းစွာဟောကြားတော်မူအပ်သော ကံ ကိလေသာစသော ဥပဓိကို ပယ်တတ်သည့် ထိုစကားကို အကျွန်ုပ် နှစ်သက်ပါ၏၊ လောကဌ် အကြင်သူတို့သည် မြင်ရသော ရူပါရုံ, ကြားရသော သဒ္ဒါရုံ, ရောက်ရသော ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာရုံဖြင့် စင်ကြယ်၏ဟူသော အယူ စောင့်ထိန်းမှုသီလ, ဆောက်တည်မှု ဝတဖြင့် စင်ကြယ်၏ဟူသော အယူအားလုံးကို ပယ်စွန့်နိုင်၍ များသော အပြားရှိသော ကောတူဟလ မင်္ဂလာ အားလုံးကိုလည်း ပယ်စွန့်နိုင်၍ တပ်မက်မှုတဏှာကို ပိုင်းခြားသိလျက် အာသဝကင်းကုန်၏၊ ထိုသူတို့ကို သံသရာအယဉ် ဩဃမှ လွန်မြောက်ကုန်၏ဟု အကျွန်ုပ်လည်း ဆိုပါ၏။

## ဟေမကလုလင် အမေး

ဟေမကသည် ဤသို့ မေးလျှောက်၏၊ ဂေါတမဘုရား၏ သာသနာတော်မပေါ်သေးမီ ရှေးအခါက အကြင်ဆရာတို့သည် ဤသို့ ဖြစ်ခဲ့ပြီ၊ ဤသို့ ဖြစ်လိမ့်မည်ဟု အကျွန်ုပ်အား မိမိတို့အယူအဆကို ပြောကြပါကုန်၏။ ထိုသူတို့၏ ထိုအလုံးစုံသော စကားသည် တဆင့်ကြားကာမျှသာတည်း၊ ထိုအလုံးစုံသည် ကာမဝိတက် စသည်ကိုသာ ပွါးစေနိုင်၏။ အကျွန်ုပ်သည် ထိုအယူတို့၌ မနှစ်သက်နိုင်ပါ။ မြတ်စွာဘုရား၊ အကြင်တရားကို သိ၍ အောက်မေ့မှု, သတိရှိလျက် ကျင့်သူသည် လောကဌ် ကပ်ငြိမှု တဏှာကို လွန်မြောက်ရာ၏။ တပ်မက်မှုတဏှာကို ဖျက်စီးတတ်သော ထိုတရားကို အရှင်ဘုရားသည် အကျွန်ုပ်အား ဟောကြားတော်မူပါလော့။

မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။ ဟေမက၊ ဤလောက၌ ချစ်ဘွယ်သဘောရှိကုန်သော မြင်ရ, ကြားရ, ရောက်ရ, သိရသော အာရုံ ခြောက်ပါးတရားတို့၌ အလွန်တပ်စွမ်းမှု ဆန္ဒရာဂကို ပယ်ဖျောက်နိုင်သော ငြိမ်းအေးရာ နိဗ္ဗာန်သည် ရွေ့လျောခြင်း မရှိ။

အောက်မေ့မှု သတိရှိကြသော အကြင် သူတို့သည် ထို နိဗ္ဗာန်ကို သိသောကြောင့် တရားကိုမြင်ပြီးသူ ကိလေသာမီး ငြိမ်းအေးပြီးသူတို့ ဖြစ်ကုန်၏၊ ထိုသူတို့သည် အခါခပ်သိမ်း ကိလေသာမှ ငြိမ်းကုန်သည်ဖြစ်၍ လောက၌ ကပ်ငြိမှုတဏှာကို လွန်မြောက်ကုန်၏။

## တောဒေယျလုလင်၏ အမေး

(တောဒေယျ) တောဒေယျသည် ဤသို့ မေးလျှောက်၏၊ အကြင် ပုဂ္ဂိုလ်၌ ကာမတို့ မကိန်းအောင်းကုန်၊ အကြင်သူအား တပ်မက်မှုတဏှာ မရှိ၊ အကြင် ပုဂ္ဂိုလ်သည် သို့လော သို့လော တွေးတောမှု ဝိစိကိစ္ဆာကို လွန်မြောက်၏၊ ထိုပုဂ္ဂိုလ်အား အဘယ်သို့သော လွတ်မြောက်မှု ဝိမောက္ခကို အလိုရှိအပ်ပါသေးသနည်း။

(မြတ်စွာဘုရား)မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏၊တောဒေယျ၊ အကြင်ပုဂ္ဂိုလ်၌ ကာမတို့ မကိန်းအောင်းကုန်၊ အကြင်ပုဂ္ဂိုလ်အား တပ်မက်မှု တဏှာမရှိ၊ အကြင်ပုဂ္ဂိုလ်သည် သို့လော သို့လော တွေးတောမှု ဝိစိကိစ္ဆာကို လွန်မြောက်၏၊ ထိုပုဂ္ဂိုလ်အား အခြားတပါးသော လွတ်မြောက်မှု ဝိမောက္ခကို အလိုမရှိအပ်တော့ပြီ။

(တောဒေယျ) သာကီနွယ်ဘွား မြတ်စွာဘုရား၊ ထိုသူသည် တွယ်တာမှု အာသာကင်းပြီးလော၊ သို့မဟုတ် တွယ်တာမှု အာသာရှိသေးသလော၊ ထိုသူသည် ပညာရှိသူ ဖြစ်ပါသလော၊ သို့မဟုတ် သမာပတ္တိစသော ဉာဏ်ဖြင့် တဏှာကပ္ပ ဒိဋ္ဌိကပ္ပကို ဖြစ်စေသူပါလော၊ ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ပညာစက္ခု ရှိတော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ် သိနိုင်လောက်အောင် ထိုမုနိကို အကျွန်ုပ်အား ဟောကြားတော်မူပါလော့။

(မြတ်စွာဘုရား) တောဒေယျ၊ ထိုသူသည် တွယ်တာမှု အာသာကင်းပြီ၊ တွယ်တာမှု အာသာမရှိတော့ပြီ၊ ထိုသူသည် ပညာရှိသူ ဖြစ်၏၊ သမာပတ္တိစသောဉာဏ်ဖြင့် တဏှာကပ္ပ ဒိဋ္ဌိကပ္ပကို ဖြစ်စေသူမဟုတ်တော့ပြီ၊ ဤသို့လျှင် ကြောင့်ကြ မရှိသူ၊ ကာမဘ၀ရှင်း ဘ၀ရှင်း ကပ်ငြိမှုတဏှာ မရှိသူကို မုနိဟူ၍ သိလော့။

## ကပ္ပလုလင်၏ အမေး

(ကပ္ပ) ကပ္ပသည် ဤသို့ မေးလျှောက်၏၊ မြတ်စွာဘုရား၊ ဖြစ်ပေါ်နေသော များသော ဘေးရှိသော ကြီးလေးဖြာ သံသရာအလယ်၌ တည်ကုန်သော အိုခြင်း သေခြင်းသည် နှိပ်စက်အပ်ကုန်သော သူတို့၏ မှီခိုရာကျွန်းကို ဟောတော်မူပါလော့။ အရှင်ဘုရားသည် ဆင်းရဲတဖန် မဖြစ်နိုင်ရာသော ဤကျွန်းကို အကျွန်ုပ်အား မိန့်ကြားတော်မူပါလော့။

(မြတ်စွာဘုရား) မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ ကပ္ပ၊ ဖြစ်ပေါ်နေသော များသော ဘေးရှိသော ကြီးလေးဖြာ သံသရာအလယ်၌ တည်ကုန်သော အိုခြင်း သေခြင်းသည် နှိပ်စက်အပ်ကုန်သော သူတို့၏ မှီခိုရာကျွန်းကို သင့်အား ငါဘုရား ဟောအံ့။

မှီခိုရာကျွန်းသည် ကြောင့်ကြမှုမရှိ၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းယူရာ မဟုတ်၊ ဤကျွန်းမှတပါး အခြားကျွန်းမရှိ၊ အိုခြင်း သေခြင်း၏ ကုန်ရာဖြစ်သော ထိုကျွန်းကို နိဗ္ဗာန်ဟူ၍ ငါဆို၏။

## ဇတုကဏ္ဏိလုလင်၏ အမေး

ဇတုကဏ္ဏိသည် ဤသို့ မေးလျှောက်၏၊ လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ အကျွန်ုပ်တို့သည် ကာမကို လိုလားခြင်းကင်းတော်မူသော အရှင်ဘုရားကို အရဟံစသော ဂုဏ်နှင့် ပြည့်စုံ၏ဟု ကြားသိရ၍ ကြီးလေးဖြာ သံသရာမှ လွတ်မြောက်ပြီးသော လိုလားမှုကာမ ကင်းတော်မူသော အရှင်ဘုရားကို မေးလျှောက်ခြင်းငှါ လာရောက်ခဲ့ပါ၏၊ ဘုရားဖြစ်သည်နှင့် တပြိုင်နက် သဗ္ဗညုတဉာဏ်ကို ရတော်မူသော မြတ်စွာဘုရားသည်

ငြိမ်းအေးမှု နိဗ္ဗာန်ကို ဟောတော်မူပါလော့၊ ဟုတ်မှန်တိုင်းသော ထိုနိဗ္ဗာန်ကို မြတ်စွာဘုရားသည် အကျွန်ုပ်အား ဟောကြားတော်မူပါလော့၊ တန်ခိုးရှိသော နေမင်းသည် တန်ခိုးဖြင့် မြေကိုလွှမ်းမိုး၍ ဖြစ်သကဲ့သို့ ဤအတူ မြတ်စွာဘုရားသည် ကာမတို့ကို လွှမ်းမိုး၍ ဖြစ်တော်မူ၏၊မြေကြီးကဲ့သို့ ကျယ်ပြန့်သော ပညာရှိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ဤသာသနာတော်၌ ပဋိသန္ဓေနေမှု, အိုမှုကို ပယ်ဖျက်နိုင်သော အကြင်တရားကို အကျွန်ုပ် သိရာ၏၊ထိုတရားကို ပညာနည်းသော အကျွန်ုပ်အား ဟောကြားတော်မူပါလော့။

(မြတ်စွာဘုရား) မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ဇတုကဏ္ဏိ၊ ကာမမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို ဘေးကင်းရာဟု ရှုမြင်၍ ကာမတို့၌ တပ်မက်မောမှုကို ပယ်ဖျောက်လော့၊ တဏှာဒိဋ္ဌိဖြင့် စွဲယူအပ်သော ပယ်စွန့်သင့် ပယ်စွန့်ထိုက်သော ရာဂစသော ကြောင့်ကြမှုသည် သင့်အား မဖြစ်စေလင့်။

အတိတ်သင်္ခါရတို့ကို အာရုံပြု၍ဖြစ်သော ကိလေသာမျိုးကို ခြောက်ခန်းစေလော့၊ အနာဂတ် သင်္ခါရတို့ကို အာရုံပြု၍ဖြစ်သော ရာဂစသော ကြောင့်ကြမှု သင့်အား မဖြစ်စေလင့်၊ ပစ္စုပ္ပန်ခန္ဓာ ငါးပါးတို့ကို တဏှာဒိဋ္ဌိအားဖြင့် သင်မစွဲယူခဲ့မူ ကိလေသာ ငြိမ်းအေးသည်ဖြစ်၍ နေရလတ္တံ့။

ဇတုကဏ္ဏိ၊ အကြင် အာသဝတို့ဖြင့် သေမင်း၏ အလိုသို့ လိုက်ရ၏၊ နာမ်တရား ရုပ်တရားအားလုံး၌ ငါ ငါ၏ဥစ္စာဟု မြတ်နိုးစွဲလမ်းမှု ကင်းပြီးသော ထိုရဟန္တာ ပုဂ္ဂိုလ်အား ထိုအာသဝတို့ မရှိတော့ကုန်။

## ဘဒြာဝုဓလုလင်၏အမေး

ဘဒြာဝုဓသည် ဤသို့ မေးလျှောက်၏၊ ခန္ဓာအိမ်၌ တပ်စွန်းမှုရာဂကို စွန့်တော်မူပြီးသော, တပ်မက်မှုတဏှာကို ဖြတ်တောက်တော်မူပြီးသော, တုန်လှုပ်မှုတဏှာကင်းတော်မူပြီးသော, နှစ်သက်မှုတဏှာကို စွန့်တော်မူပြီးသော, ဩဃလေးဖြာ သံသရာကို လွန်မြောက်တော်မူပြီးသော, ကိလေသာတို့မှ လွတ်မြောက်တော်မူပြီးသော, တဏှာကပ္ပ ဒိဋ္ဌိကပ္ပကို စွန့်တော်

မူပြီးသော ကောင်းသောပညာရှိတော်မူသော မြတ်စွာဘုရားကို ရှိသေစွာ တောင်းပန်ပါ၏၊ မကောင်းမှုရှိတော်မမူသော အရှင်ဘုရား၏ စကားတော်ကို ကြားနာရပြီးသော် ဤပါသာဏကနတ်ကွန်းမှ ဖယ်သွားကြရပါကုန်လတ္တံ့။

လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရား၏စကားတော်ကို အလွန်လိုလားကုန်သော လူအမျိုးမျိုးတို့သည် အင်္ဂ မဂဓစသော ဇနပုဒ်တို့မှ အညီအညွတ်ရောက်လာကြကုန်၏၊ တောင်းပန်ပါ၏၊ အရှင်ဘုရားသည် ဤတရားကို ဟုတ်မှန်သည့်အတိုင်း သိတော်မူပြီးဖြစ်ပါသောကြောင့် ထိုသူတို့အား အရှင်ဘုရား ဟောကြားတော်မူပါလော့။

(မြတ်စွာဘုရား) မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ ဘဒြာဝုဓ အနာဂတ်၌၎င်း, အတိတ်၌၎င်း, ပစ္စုပ္ပန်၌၎င်း စွဲယူမှုတဏှာအားလုံးကို ပယ်ဖျောက်ရာ၏။ မှန်၏၊ လောက၌ အကြင် အကြင် ရုပ်ဝေဒနာစသော တရားကို စွဲယူကုန်၏၊ ထိုထိုတရားဖြင့်သာလျှင် မာရ်သည် သတ္တဝါသို့ အစဉ်လိုက်၏။

ထို့ကြောင့် သခါရတို့၏ အနိစ္စစသော အခြင်းအရာကိုသိသော အောက်မေ့မှုသတိရှိသူ ရဟန်းသည် သေခြင်းတရား၏တည်ရာ ကိလေသာခန္ဓာစသည်၌ ကပ်ငြိတတ်သော ဤသတ္တဝါအပေါင်းကို စွဲယူတတ်သော သတ္တဝါတို့ဟူ၍ ရှုလျက် လောကအားလုံး၌ ရုပ်ဝေဒနာစသည် တစုံတခုကိုမျှ မစွဲယူရာ။

## ဥဒယလုလင်၏ အမေး

ဥဒယသည် ဤသို့ မေးလျှောက်၏။ ဈာန်ဝင်စားလေ့ ရှိတော်မူသော ကိလေသာမြူကင်းလျက်နေတော်မူသော မင်္ဂကိစ္စကို ပြုတော်မူပြီးသော အာသဝကင်းတော်မူသော တရားအားလုံးတို့၏ ကမ်းတဖက်သို့ရောက်တော်မူပြီးသော အရှင်ဘုရားကို ပြဿနာမေးလိုသဖြင့် ရောက်လာပါ၏၊ အဝိဇ္ဇာကိုဖျက်ဆီးတတ်သော ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ် ဝိမောက္ခကို ဟောတော်မူပါလော့။

(မြတ်စွာဘုရား) မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ ဥဒယ၊ ကာမဂုဏ်ကိုလိုလားသော ကာမစ္ဆန္ဒ နှလုံးမသာမှု ဒေါမနဿနှစ်ပါးစုံကို ပယ်ခြင်းကိုရင်း, ထိုင်းမှိုင်းမှု ထိနကို ပယ်ဖျောက်ခြင်းကိုရင်း, နောင်တ တဖန် ပူပန်မှုကုက္ကုစ္စကို တားမြစ်ခြင်းကိုရင်း, လျစ်လျူရှုမှု စတုတ္ထဈာန် ဥပေက္ခာကြောင့်ဖြစ်သော အောက်မေ့မှုသတိ၏ စင်ကြယ်ခြင်းရှိသော တရားကို ကြံစည်မှုဓမ္မဝိတက်လျှင် ရှေ့သွားရှိသော အဝိဇ္ဇာကို ဖျက်ဆီး တတ်သောတရားကို ထွက်မြောက်မှု အရဟတ္တဖိုလ်ဝိမောက္ခဟူ၍ ဆို၏။

(ဥဒယ) လောကသည် အဘယ်နှောင်ကြိုး သံယောဇဉ်ရှိပါသနည်း၊ ထိုလောကကို သုံးသပ်ခြင်းကား အဘယ်ပါနည်း၊ အဘယ်တရားကို အထူးစွန့်ပယ်ခြင်းဖြင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်ပါသနည်း။

(မြတ်စွာဘုရား) လောကသည် နှစ်သက်မှုတဏှာလျှင် နှောင်ကြိုး သံယောဇဉ်ရှိ၏၊ ထိုလောကကို သုံးသပ်ခြင်းကား ကြံစည်မှုဝိတက်တည်း၊ တပ်မက်မှုတဏှာကို ပယ်ခြင်းဖြင့် နိဗ္ဗာန်ဟူ၍ ဆိုအပ်၏။

(ဥဒယ) အောက်မေ့မှုသတိရှိသည်ဖြစ်၍ အဘယ်သို့ နေသောသူ အား ကုသိုလ်, အကုသိုလ်ကံနှင့်တကွ ဖြစ်သော ဝိညာဏ်သည် ချုပ်ပါ သနည်း၊ မြတ်စွာဘုရားကိုမေးရန် အကျွန်ုပ်တို့ လာရောက်ပါကုန်၏၊ အရှင်ဘုရား၏ ထိုစကားတော်ကို ကြားနာလိုပါကုန်၏။

(မြတ်စွာဘုရား) အောက်မေ့မှုသတိ ရှိသည်ဖြစ်၍ အတွင်းအဇ္ဈတ္တ သန္တာန်၌ရင်း၊ အပဗဟိဒ္ဓသန္တာန်၌ရင်း ခံစားမှုဝေဒနာကို မနှစ်သက်မူ၍ ဤသို့နေသောသူအား ကုသိုလ်,အကုသိုလ်ကံနှင့် တကွဖြစ်သော ဝိညာဏ် သည် ချုပ်၏။

## ပေါသာလလုလင်၏အမေး

ပေါသာလသည် ဤသို့ မေးလျှောက်၏၊ အကြင် မြတ်စွာဘုရားသည် လွန်ပြီးအတိတ်ဘဝကို ညွှန်ပြတော်မူ၏၊ တုန်လှုပ်မှုတဏှာ ကင်းတော် မူ၏၊ ယုံမှားမှုကို ပယ်ဖြတ်ပြီးဖြစ်၏၊ တရားအားလုံးတို့၏ ကမ်းတဖက်သို့ ရောက်တော်မူပြီးသော ထိုမြတ်စွာဘုရားကို ပြဿနာမေးလိုသဖြင့် ရောက် လာပါ၏။

သာကီနွယ်ဘွား မြတ်စွာဘုရား၊ ရုပ်အမှတ်သညာရှိသော ရူပါဝစရ သမာပတ်ကို လွန်မြောက်ပြီးသော ရုပ်ပဋိသန္ဓေအားလုံးကို တဒင်္ဂဝိက္ခမ္ဘန အားဖြင့် ပယ်ပြီးသော အတွင်းအဇ္ဈတ္တသန္တာန်၌ရင်း၊ အပဗဟိဒ္ဓသန္တာန်၌ ရင်း တစုံတခုမျှမရှိဟုရှုသော အာကိဉ္စညာယတနစျာန်ရပုဂ္ဂိုလ်၏ဉာဏ်ကို မေးလျှောက်ပါ၏။ ထိုသို့သဘောရှိသောသူကို အဘယ်သို့ သိအပ်ပါ သနည်း။

(မြတ်စွာဘုရား) မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ ပေါသာလ၊ အလုံးစုံသော ဝိညာဏ်၏တည်ရာ ဝိညာဏဋ္ဌိတိတို့ကို အမှန်သိသော ငါဘုရားသည် ကံ၏အစွမ်းအားဖြင့်တည်သော အာကိဉ္စညာယတနစသည် တို့၌ညွတ်သော ထိုအာကိဉ္စညာယတနလျှင် လည်းလျောင်းရာရှိသော ထိုသတ္တဝါကို သိ၏။ အကြင် အာကိဉ္စညာယတနစျာန်ရ ပုဂ္ဂိုလ်သည် အာကိဉ္စညာယတနဘုံ၌ ဖြစ်စေတတ်သော အာကိဉ္စညာယတနကုသိုလ် ကံကို ပလိဗောဓဟုသိ၍ အရူပရာဂဟုဆိုအပ်သော နှစ်သက်မှုနန္ဒီကိုလည်း ဘဝရာဂသံယောဇဉ်ဟု သိ၍ ဤသို့ ထိုအာကိဉ္စညာယတနသမာပတ်ကို ထူးသောဉာဏ်ဖြင့် သိပြီးလျှင် ထိုအာကိဉ္စညာယတနသမာပတ်မှထလျက် ထိုသမာပတ်ကို အနိစ္စစသောအားဖြင့် ရှု၏၊ မဂ်အကျင့်ကို ကျင့်သုံးပြီး သော ထိုအာကိဉ္စညာယတနစျာန်ရ ရဟန္တာပုဂ္ဂိုလ်၏ ဤအရဟတ္တဖိုလ် ဉာဏ်သည် မဖောက်မပြန် မှန်ကန်သောဉာဏ်ပေတည်း။

## မောဃရာဇလုလင်၏ အမေး

မောဃရာဇသည် ဤသို့ မေးလျှောက်၏၊ အကျွန်ုပ်သည် သာကီနွယ် ဘွား မြတ်စွာဘုရားကို နှစ်ကြိမ်တိုင် မေးလျှောက်ခဲ့ပါပြီ၊ စက္ခုငါးပါး ရှိတော်မူသော မြတ်စွာဘုရားသည် အကျွန်ုပ်အား ဖြေကြားတော်မမူခဲ့ပါ၊ ဝိသုဒ္ဓိနတ် ရဟန်းမြတ်ဖြစ်တော်မူသော အရှင်ဘုရားသည် သုံးကြိမ်တိုင် မေးမှသာလျှင် ဖြေကြားတော်မူ၏ဟု အကျွန်ုပ် ကြားရဘူးပါသည်။

ဤလောကသည်ရင်း အခြားလောကသည်ရင်း နတ်နှင့်တကွသော ဗြဟ္မာလောကသည်ရင်း ဂေါတမနွယ်ဖြစ်တော်မူသော အခြံအရံ အကျော် အစောရှိတော်မူသော အရှင်ဘုရား၏အယူကို မသိပါ။

ဤသို့ အလွန်မြတ်သည်ကို သိမြင်တော်မူလေ့ရှိသော မြတ်စွာဘုရား ထံသို့ ပြဿနာမေးလိုသဖြင့် အကျွန်ုပ် လာရောက်ပါ၏၊ လောကကို အဘယ်သို့ ရှုသူကို သေမင်းသည် မမြင်နိုင်ပါသနည်း။

(မြတ်စွာဘုရား) မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ မောဃ ရာဇ၊ အခါခပ်သိမ်း အောက်မေ့မှုသတိရှိလျက် မိမိကိုယ်ဟု စွဲလမ်းယူမှု အတ္တာနုဒိဋ္ဌိကိုနုတ်၍ လောကကိုဆိတ်သုဉ်းသောအားဖြင့် ရှုလော့၊ ဤသို့ ရှုသည်ရှိသော် သေမင်းကို လွန်မြောက်နိုင်ရာ၏၊ ဤသို့ လောကကိုရှုသော သူကို သေမင်းသည် မမြင်နိုင်။

## ပိင်္ဂိယလုလင်၏ အမေး

ပိင်္ဂိယသည် ဤသို့ မေးလျှောက်၏၊ အကျွန်ုပ်သည် အိုမင်းပါပြီ၊ အားနည်းပါပြီ၊ရုပ်အဆင်းယုတ်လျော့ပါပြီ၊ မျက်စိများ မကြည်လင်တော့ ပါ၊နားကောင်းကောင်းမကြားတော့ပါ၊ အကျွန်ုပ်သည် အရှင်ဘုရားတရား ကို မျက်မှောက်မပြုရမီအကြားဥ္စာ၌သာလျှင် တွေဝေလျက် မပျက်စီးလိုပါ၊ ဤနေရာ၌ ပဋိသန္ဓေနေမှု, အိုမှုကို ပယ်ဖျောက်နိုင်သော အကြင်တရားကို အကျွန်ုပ် သိလိုပါ၏၊ ထိုတရားကို ဟောကြားတော်မူပါလော့။

(မြတ်စွာဘုရား) မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ ပိင်္ဂိယ၊ မေ့လျော့ကုန်သော လူတို့သည် ရုပ်တို့ကြောင့် ပင်ပန်းသည်တို့ကိုမြင်၍ ရုပ်တို့ကြောင့်ပင် ဖောက်ပြန်ပျက်စီးရကုန်၏၊ ထို့ကြောင့် သင်သည် မမေ့လျော့မှု၍ တဖန် ဘဝသစ်၌ မဖြစ်ခြင်းငှါ ရုပ်ကို စွန့်ပယ်လေလော့။

(ပိင်္ဂိယ) လောကဝယ် တူရူအရပ်လေးမျက်နှာ ထောင့်အရပ် လေးမျက်နှာ အထက်အရပ် အောက်အရပ်မျက်နှာဟူသော ဤအရပ် ဆယ်မျက်နှာတို့၌ အရှင်ဘုရားသည် မမြင်ရ, မကြားရ, မရောက်ရ, မသိရ သောတရား တစုံတခုမျှ မရှိပါ၊ ပဋိသန္ဓေနေမှု အိုမှုကို ပယ်စွန့်ရာဖြစ်သော အကြင်တရားကို အကျွန်ုပ် သိရပါ၏၊ ထိုတရားကို ဟောကြားတော်မူ ပါလော့။

(မြတ်စွာဘုရား) မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ ပိင်္ဂိယ၊ တဏှာသည် နှိပ်စက်ဖျက်ဆီးအပ်ကုန်သောကြောင့် ဇာတိစသည်ဖြင့် ပူပန်ခြင်းရှိကုန်သော အိုခြင်းဖြင့် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့ကို သင်တွေ့မြင်နေရ၏၊ ပိင်္ဂိယ ထို့ကြောင့် သင်သည် မမေ့လျော့မူ၍ ဘဝသစ်၌ တဖန် မဖြစ်ခြင်းငှါ တဏှာကို စွန့်ပယ်လေလော့။

## ပါရာယနမည်ခြင်း အကြောင်း

ဤပါရာယနသုတ်ကို မြတ်စွာဘုရားသည် မဂဓတိုင်း ပါသာဏက နတ်ကွန်း၌ နေတော်မူစဉ် တကျိပ်ခြောက်ယောက်သော ဗာဝရီ၏ အလုပ်အကျွေးပုဏ္ဏားတို့သည် တောင်းပန်အပ်သည်ဖြစ်၍ မေးတိုင်း မေးတိုင်းပင် ပြဿနာကို ဖြေကြားတော်မူ၏၊ တခုတခုသော ပြဿနာ၏ အနက်ကို သိ၍ငှင်း၊ ပါဠိကို သိ၍ငှင်း လောကုတ္တရာတရားနှင့် လျော်သော အကျင့်ကို အကယ်၍ ကျင့်ကြံ အားထုတ်ခဲ့မူ အိုခြင်း သေခြင်း၏ ကမ်းတဖက်ဖြစ်သော နိဗ္ဗာန်သို့ ရောက်နိုင်ရာသည်သာတည်း။ ဤတရားတို့သည် နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ရောက်စေတတ်ကုန်၏။ ထို့ကြောင့် ဤတရားဒေသနာ၏အမည်သည် ပါရာယနမည်သည်သာတည်း။

အဇိတ, တိဿမေတ္တေယျ, ပုဏ္ဏက, မေတ္တဂူ, ဓောတက, ဥပသီဝ, နန္ဒ, ဟေမက, တောဒေယျ, ကပ္ပ, ဇတုကဏ္ဏိပညာရှိ, ဘဒြာဝုဓ, ဥဒယ, ပေါသာလပုဏ္ဏား, မောဃရာဇ, ပိင်္ဂိယရသေ့ကြီး ဟူကုန်သော ဗာဝရီ၏ တပည့်ပုဏ္ဏား တဆယ့်ခြောက်ယောက်တို့သည် အကျင့်စရဏနှင့် ပြည့်စုံသော ဣသိတဆူဖြစ်တော်မူသော မြတ်စွာဘုရားသို့ ဆည်းကပ်ကုန်၏၊ သိမ်မွေ့သော ပြဿနာရပ်တို့ကို မေးလိုကုန်၍ ဘုရားမြတ်သို့ ဆည်းကပ်ကုန်၏။

ထိုပုဏ္ဏားတို့ မေးအပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် ပြဿနာကို ဟုတ်မှန်သောအတိုင်း ဖြေကြားတော်မူ၏၊ မုနိဖြစ်တော်မူသော မြတ်စွာဘုရားသည် ပြဿနာတို့ကို ဖြေကြားခြင်းဖြင့် ပုဏ္ဏားတို့ကို နှစ်သက်စေ၏။

ပညာမျက်စိရှိတော်မူသော နေမင်း၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရားက နှစ်သက်စေအပ်ကုန်သော ထိုပုဏ္ဏားတို့သည် မြတ်သောပညာ

ရှိတော်မူသော မြတ်စွာဘုရား၏အထံတော်၌ မြတ်သောမဂ်အကျင့်ကို ကျင့်သုံးကြကုန်၏။

အကြင်သူသည် တစုံတခုသော အမေးပြဿနာကို မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ကျင့်ရ၏၊ ထိုသူသည် သံသရာတည်း ဟူသော ဤမှာဖက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဖက်ကမ်းသို့ ရောက်ရာ၏။

မြတ်သောမဂ်ကို ပွါးများသောသူသည် သံသရာတည်းဟူသော ဤမှာ ဖက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဖက်ကမ်းသို့ ရောက်ရာ၏၊ မဂ်သည် နိဗ္ဗာန်ဟူသော ထိုမှာဖက်ကမ်းသို့ သွားခြင်းငှါ ခရီးလမ်းဖြစ်၏၊ ထို့ကြောင့် ပါရာယနဟု မည်သတည်း။

## ဗာဝရီဆရာကြီးအား ပိင်္ဂိယ၏ ပြောကြားခဏ်း

ပိင်္ဂိယသည် ဤသို့ ပြောဆို၏၊ မြတ်စွာဘုရားဟောတော်မူသော ပါရာယနသုတ်ကို အတုယူ၍ ဟောပြပါအံ့၊ အညစ်အကြေး ကင်းတော်မူသော မြေကြီးကဲ့သို့ ကျယ်ပြန့်သော ပညာရှိတော်မူသော ကာမမှ ထွက်မြောက်ပြီးသော ကိလေသာတောကင်းတော်မူပြီးသော ရဟန္တာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အကြင်ဉာဏ်တော်ဖြင့် မြင်တော်မူ၏၊ ထိုဉာဏ်ဖြင့် ဟောကြားတော်မူ၏၊ အဘယ့်ကြောင့် ချွတ်ယွင်းသော စကားကို မြတ်စွာဘုရား ဟောကြားလိမ့်မည်နည်း။

တွေဝေမှုမောဟ အညစ်အကြေးကို ပယ်ပြီးသော် ထောင်လွှားမှုမာန ကျေးဇူးချေဖျက်မှုမက္ခကို ပယ်ပြီးသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူး နှင့် စပ်ယှဉ်သော တရားစကားကို ယခုအခါ အကျွန်ုပ် ပြောကြားပါအံ့။

ဗာဝရီမည်သော ဆရာပုဏ္ဏား၊ မြတ်စွာဘုရားသည် အမိုက်တိုက်ကို ပက်ဖျက်ပြီး ဖြစ်၏၊ ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ဉာဏ်မျက်စိရှိတော် မူ၏၊ လောကအဆုံးသို့ ရောက်တော်မူ၏၊ ဘဝအားလုံးကို လွန်မြောက် တော်မူ၏၊ အာသဝကင်းတော်မူ၏၊ ဆင်းရဲအားလုံးကိုပယ်ပြီးသူ ဖြစ်၏၊ ဗုဒ္ဓဟူသော အမည်မှန် ရှိတော်မူ၏၊ ထိုမြတ်စွာဘုရားကို အကျွန်ုပ်သည် ဆည်းကပ်ခဲ့၏။ ငှက်သည် အသီးနဲပါးသော စက်ဆုပ်ဖွယ်သော တောကို

ပယ်စွန့်ကာ အသီးများစွာရှိသော တောကိုမှီလျက် နေသကဲ့သို့ ဤအတူ အကျွန်ုပ်သည် ဉာဏ်အမြင်နဲ့သူတို့ကို ပယ်စွန့်၍ ဟသာသည် ရေများသော အိုင်သို့ သက်ဆင်းသကဲ့သို့ သက်ဆင်းခဲ့ပြီ။

ဂေါတမမြတ်စွာဘုရား၏ သာသနာတော် မပေါ်ပေါက်သေးမီ ရှေးအခါက အကြင်ဆရာတို့သည် ဤသို့ဖြစ်ခဲ့သည်၊ ဤသို့ဖြစ်လိမ့်မည်ဟု မိမိတို့အယူအဆကို အကျွန်ုပ်အား ပြောကြားကြပါကုန်၏၊ ထိုဆရာတို့၏ ထိုအလုံးစုံသော စကားသည် ပြောဆိုသံကြားခါမျှသာတည်း။ ထိုအလုံးစုံသည် ကာမဝိတက်စသည်ကိုသာ ပွါးစေ၏။

ဂေါတမအနွယ်ဖြစ်သော ထိုမြတ်စွာဘုရားသည် ပြိုင်ဘက်မပြူ တဆူတည်းဖြစ်တော်မူ၏၊ အမိုက်တိုက်ကို ဖျက်ဆီး၍ နေတော်မူတတ်၏၊ တန်ခိုးရှိတော်မူ၏၊ ပညာအရောင်ကို ပြုတော်မူတတ်၏၊ ဂေါတမအနွယ်ဖြစ်တော်မူ၏၊ ပညာတံခွန်ရှိတော်မူ၏၊ မြေကြီးအထုနှင့်တူသော ပညာရှိတော်မူ၏။

အကြင်မြတ်စွာဘုရားသည် ကိုယ်တိုင်သိမြင်အပ်သော အခါမလင့် အကျိုးပေး၍ တပ်မက်မှုတဏှာ၏ ကုန်ရာဖြစ်သော ဘေးရန်မရှိသော တရားကို အကျွန်ုပ်အား ဟောတော်မူ၏၊ ယင်းနိဗ္ဗာန်တရားအား တစုံတခုသော နှိုင်းယှဉ်စရာ ဥပမာ မရှိ။

ပိင်္ဂိယ၊ အကြင်ဘုရားသည် ကိုယ်တိုင်သိမြင်အပ်သော အခါမလင့် အကျိုးပေး၍ တပ်မက်မှုတဏှာ၏ ကုန်ရာဖြစ်သော ဘေးရန်မရှိသော တရားကို သင့်အား ဟောကြား၏၊ ယင်းနိဗ္ဗာန်တရားအား တစုံတခုသော နှိုင်းယှဉ်စရာ ဥပမာ မရှိ၊ ဂေါတမအနွယ်ဖြစ်တော်မူသော ပညာတံခွန်ရှိတော်မူသော မြေကြီးအထုနှင့်တူသော ပညာရှိတော်မူသော ဂေါတမမြတ်စွာဘုရားမှ တမုဟုတ်မျှပင်ကင်း၍ အဘယ်ကြောင့် နေဘိသနည်း။

ဆရာပုဏ္ဏား၊ အကြင်ဂေါတမမြတ်စွာဘုရားသည် ကိုယ်တော်တိုင်သိမြင်အပ်သော အခါမလင့် အကျိုးပေး၍ တပ်မက်မှုတဏှာ၏ကုန်ရာဖြစ်သော ဘေးရန်မရှိသောတရားကို အကျွန်ုပ်အား ဟောကြားတော်မူ၏။ ယင်းနိဗ္ဗာန်တရားအား တစုံတခုသော နှိုင်းယှဉ်စရာ ဥပမာ မရှိ၊

ဂေါတမအနွယ်ဖြစ်တော်မူသော ပညာတံခွန်ရှိတော်မူသော မြေကြီးအထု နှင့်တူသော ပညာရှိတော်မူသော ထိုဂေါတမမြတ်စွာဘုရားမှ တမဟုတ် မျှပင်ကင်း၍ အကျွန်ုပ် မနေနိုင်ပါ။

ဆရာပုဏ္ဏား၊ ထိုမြတ်စွာဘုရားကို ပြကတေ့မျက်စိဖြင့် မြင်ရသကဲ့သို့ မမေ့မလျော့မူ၍ နေ့ရောညဉ့်ပါ အကျွန်ုပ် စိတ်ဖြင့် မြင်နေပါ၏၊ ညဉ့် အခါ၌ ရှိခိုးလျက် နေပါ၏၊ ထို့ကြောင့်သာလျှင် ကင်း၍မနေဟု အကျွန်ုပ် ထင်ပါ၏။

အကျွန်ုပ်၏ ယုံကြည်မှု သဒ္ဓါသည်၎င်း၊ နှစ်သိမ့်မှု ပီတိသည်၎င်း၊ သိမှု မနသည်၎င်း၊ အောက်မေ့မှု သတိသည်၎င်း ဂေါတမသာသနာမှ မဖဲ မရှောင်ကြပါကုန်။ မြေကြီးနှင့်တူသော ကျယ်ပြန့်သော ပညာရှိသော မြတ်စွာဘုရားသည် အကြင် အကြင် အရပ်သို့ ကြွတော်မူ၏။ ထိုအကျွန်ုပ် သည် ထိုထို မြတ်စွာဘုရားရှိရာ အရပ်သို့သာလျှင် ညွတ်ကိုင်းသူ ဖြစ်ပါ၏။

ဗာဝရီမည်သော ဆရာပုဏ္ဏား၊ အိုမင်း၍ ခွန်အားနဲသော အကျွန်ုပ်၏ ကိုယ်သည် ထိုသို့ ခွန်အားနဲသောကြောင့်သာလျှင် ထို မြတ်စွာဘုရားရှိရာ သို့ မသွားရောက်နိုင်ပါ၊ စိတ်အကြံဟူသော သွားခြင်းဖြင့်သာလျှင် အကျွန်ုပ်သည် အမြဲသွားရောက်ပါ၏။ အကျွန်ုပ်၏စိတ်သည် ထိုမြတ်စွာ ဘုရားနှင့် ယှဉ်စပ်နေပါ၏။

အကျွန်ုပ်သည် ကာမဂုဏ် ညွန်ထဲ၌ အိပ်လျက် ထက်ဝန်းကျင် တုန်တုန်လှုပ်လှုပ် မှီခိုရာ ကျွန်းတခုမှ မှီခိုရာ ကျွန်းတခုသို့ မျောပါနေပါ၏၊ ထိုအခါ သံသရာအယဉ် ဩဃကို လွန်မြောက်တော်မူပြီးသော အာသဝ ကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရပါ၏။

ပိင်္ဂိယနှင့် ဝက္ကလိသည်၎င်း၊ ဘဒြာဝုဓသည်၎င်း၊ အာဠဝီပြည်သား ဂေါတမသည်၎င်း ယုံကြည်မှု သဒ္ဓါတရားကို စေလွှတ်၍ အရဟတ္တဖိုလ်ကို ရသူဖြစ်သကဲ့သို့ ဤအတူသာလျှင် သင်သည်လည်း ယုံကြည်မှု သဒ္ဓါတရား ကို နိဗ္ဗာန်သို့ စေလွှတ်လော့၊ ဤသို့ စေလွှတ်သည်ရှိသော် သင်သည် သေမင်းတည်ရာ သံသရာ၏ တဖက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ ရောက်ရ လတ္တံ့ဟု မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ကြွလာ၍ ဟောတော်မူ၏။

ထို အကျွန်ုပ်သည် မုနိဖြစ်တော်မူသော မြတ်စွာဘုရား၏ စကားတော်ကို ကြားရ၍ အလွန်ကြည်လင်ပါ၏။ ဝဋ်ဟူသော အမိုးကို ဖွင့်ပြီးသော ပြောင့်ကင်းတော်မူပြီးသော ဆင်ခြင်ဉာဏ် ပဋိဘာန်ရှိတော်မူသော အမေး ပြဿနာ၏ အဆုံးကို ပြုတော်မူသော ယုံမှားခြင်းရှိသည် ဖြစ်ကုန်လျက် ယုံမှားကင်း၏ဟု ဝန်ခံသူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် သမုတိနတ် ဥပပတ္တိနတ်တို့ထက် လွန်ကဲထူးမြတ်သော ဝိသုဒ္ဓိနတ်တို့ကို ထူးသောဉာဏ်ဖြင့် သိတော်မူ၍ မိမိသူတပါးနှစ်ပါးစုံ၏ ဝိသုဒ္ဓိနတ်အဖြစ်ကို ပြုတတ်သော တရားအားလုံးကိုလည်း သိတော်မူပြီ။

အကြင် နိဗ္ဗာန်တရားအား တစုံတခု နှိုင်းယှဉ်စရာ ဥပမာ မရှိ။ မရွေ့လျား မပျက်စီးနိုင်သော ထိုနိဗ္ဗာန်သို့ မချွတ်သွားရတော့အံ့၊ ဤနိဗ္ဗာန်သို့ သွားရာ၌ အကျွန်ုပ်အား ယုံမှားမှု မရှိတော့ပါ၊ အကျွန်ုပ်ကို ကိလေသာမှ လွတ်မြောက်သောစိတ်ရှိသူဟူ၍ မှတ်တော်မူပါလော့။

(သုတ္တန္တ ပိဋက ခုဒ္ဒကပါဌ ပါဠိတော် ပါရာယနဝဂ် စာမျက်နှာ ၄၆၀-ဆဋ္ဌမူ မြန်မာပြန်။)

## ဗြဟ္မာယု ပုရောဟိတ်ပုဏ္ဏား၏ ရတနာပီတိဖြစ်ပုံ

အခါတပါး၌ မြတ်စွာဘုရားသည် ငါးရာမျှလောက်သော ရဟန်းသံဃာနှင့်အတူ ဝိဒေဟတိုင်း၌ ဒေသစာရီ ကြွချီတော်မူ၏၊ ထိုအခါ ရက်ချုပ်အားဖြင့် အသက်တရာ့နှစ်ဆယ်ရှိ၍ အိုမင်းကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့်လွန်မြောက် နောက်ဆုံးအရွယ်သို့ ရောက်သော ဗြဟ္မာယုပုဏ္ဏားသည် မိထိလာပြည်၌ နေ၏၊ နိဃဏ္ဍုစသော ကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့၏ ကမ်းတဖက်သို့ ရောက်၏၊ လောကာယတကျမ်း (မျက်မြင်လောက အကြောင်းကိုသာပြသော ရုပ်ဝါဒကျမ်း) မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏။ ထိုဗြဟ္မာယုပုဏ္ဏားသည် ဤသို့ ကြားသိလေ၏။ အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် ငါးရာမျှလောက်သော များစွာသော ရဟန်းသံဃာနှင့်အတူ ဒေသစာရီ ကြွချီတော်မူရာ ဝိဒေဟတိုင်းသို့ ရောက်လာ

သတတ်။ အရှင်ဂေါတမ၏ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ထွက်၏။ ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံဂုဏ်ရည် မည်တော်မူ၏-စသော ဂုဏ်တော် ၉-ပါးကြောင့် ပြန့်နှံ့ပေါ်လွင် ထင်ရှားတော်မူ၏။

ထို မြတ်စွာဘုရားသည် လူသုံးပါးတို့ နှစ်သက်လိုလားဘွယ် ထင်ရှားသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏။ ထိုသို့ သဘောရှိသော ရဟန္တာပုဂ္ဂိုလ်တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း ဟု ကြားသိလေ၏။ ထိုစဉ်အခါ၌ ဗြဟ္မာယုပုဏ္ဏား၏ တပည့်ဖြစ်သော ဥတ္တရလုလင်သည် ရှိ၏။ ထိုလုလင်သည် သူ၏ဆရာ ဗြဟ္မာယုပုရောဟိတ်ပုဏ္ဏားနှင့် အရည်အချင်းတူ တတ်မြောက်သူ ဖြစ်၏။ ထိုဥတ္တရလုလင်ကို သာကီဝင်မင်းမျိုးမှဖြစ်သော ဂေါတမဘုရားထံသို့ ကြားသည့်အတိုင်း ဟုတ်-မဟုတ်၊ မှန်-မမှန်ကို စူးစမ်းရန် စေလွှတ်လိုက်၏။ ကျော်စောသည့်အတိုင်း အမှန်ဖြစ်သလော၊ အမှန်မဖြစ်သလော စသည်ကို အနီးသို့ ချဉ်းကပ်၍ စုံစမ်းချေလော့၊ မဟာပုရိသကျမ်းလာ ယောကျ်ားမြတ်တို့၏ အင်္ဂါလက္ခဏာနှင့် ပြည့်စုံခြင်း ရှိ-မရှိကို မူလည်း သိအောင် စုံစမ်းချေလော့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော ဂုဏ်ထူးစသော ဂုဏ်တော်ကိုးပါးတို့နှင့် အမှန်ပင် ပြည့်စုံ၏လော၊ မပြည့်စုံ၏လော စုံစမ်းချေလော့ ဟု ပြောဆိုမှာကြားကာ မြတ်စွာဘုရားထံသို့ စေလွှတ်လိုက်လေ၏။

ချစ်သားဥတ္တရ ထိုအရှင်ဂေါတမသည် အကယ်၍ စကြာမင်းဖြစ်ခဲ့ပါမူ ရတနာ့မြတ်ခုနစ်ပါး ခြံရံလျက်သား ရှိရမည်ဖြစ်၏။ ထိုရတနာမြတ်ခုနစ်ပါး ထင်ရှားရှိ မရှိကိုလည်း စိစစ်ထောက်သှမ်း စုံစမ်းခဲ့လော့။ အရှင်၊ ကောင်းပါပြီဟု ဥတ္တရလုလင်သည် ဗြဟ္မာယုပုဏ္ဏားအား ဝန်ခံပြီးလျှင် နေရာမှထ၍ ဗြဟ္မာယုပုဏ္ဏားကို ရှိခိုးလျက် အရိုအသေပြုကာ ဝိဒေဟတိုင်း မြတ်စွာဘုရားရှိရာသို့ ဖဲသွားလေ၏။ အစဉ်အတိုင်းဖဲသွားပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ဝမ်းမြောက်ဘွယ် အမှတ်ရဘွယ်စကားကိုပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ထိုင်နေ၏။

ထို့နောက် ဘုရားရှင်၏ သုံးဆဲ့နှစ်ပါးကုန်သော မဟာပုရိသလက္ခဏာ တော်မြတ်တို့ကို အထပ်ထပ်ကြည့်ရှုစုံစမ်း၏။ လက္ခဏာတော်ကြီးသုံးဆယ်ကိုသာ မြင်တွေ့ရ၍၊ အအိမ်ဖြင့်ဖုံးလွှမ်းသော ပုရိသနိမိတ်နှင့် ရွှေခံတွင်းမှ ပြည့်တင်းကျယ်ပြန့်သော လျှာတော်နိမိတ်ကို သံသယဖြစ်၏။ ယုံမှားရှိ၏။ ဥတ္တရလုလင်၏ သံသယနှင့်ယုံမှားကို ဖယ်ရှားတော်မူလိုသော မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ထိုလက္ခဏာတော်နှစ်ပါးကို ထင်ရှားပြတော်မူလေ၏။ ထို့နောက် ဥတ္တရလုလင်သည် ခုနစ်လပတ်လုံး လူတို့၏ အရိပ်ပမာ မြတ်စွာဘုရား၏ နောက်သို့ ထက်ချပ်မကွာ ခုနစ်လပတ်လုံး စုံစမ်းပြီးသောအခါ မိမိ၏ဆရာဖြစ်သော ဗြဟ္မာယုပုဏ္ဏားထံသို့ ပြန်ခဲ့ပြီးလျှင် ဆရာပုဏ္ဏား၏အပါးသို့ ချဉ်းကပ်၍ လောကသုံးပါးတွင် အတုမရှိသော မြတ်စွာဘုရား၏ ဘုန်းတော် ကံတော် ဉာဏ်တော်စသည်တို့၏ ရှေးရှေးကမမြင်စဘူး ထူးခြားလှသော ရူပကာယအဆင်းတော်, မကြုံစဘူး ထူးခြားလှသော အကျင့်တော်,မကြားစဘူး ထူးခြားလှသောအသံတော်, ညဉ့်ဦးယံ၌ လူပရိသတ် နတ်ပရိသတ်တို့ ပူဇော်အထူးကို ခံယူတော်မူပုံ စတုမဟာရာဇ်နတ်မင်းကြီးလေးပါး သိကြားမင်း ဗြဟ္မာမင်း စသည်တို့ အလှည့်ကြ အလှည့်ကြ ပူဇော်အထူးကို ခံယူတော်မူပုံစသော မြတ်စွာဘုရား၏ ဂုဏ်တော်အဖုံဖုံ တန်ခိုးတော်အစုံအစုံတို့ကို တွေ့ခဲ့ရသမျှ ပြန်ပြောင်း၍ ပြောကြားသောအခါ ဗြဟ္မာယုပုဏ္ဏားသည် နေရာမှထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စံပယ်တင်လျက် မြတ်စွာဘုရား ရှိတော်မူရာသို့ လက်အုပ်ချီကာ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟူ၍ သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်လေ၏။ "ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏" ဤအနက်စကားသည် နမော တဿ ဂါထာ၏အနက်စကား ဖြစ်သည်။ ထိုအခါ မြတ်စွာဘုရားသည် ဝိဒေဟတိုင်း၌ အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူသည်ရှိသော် မိထိလာပြည်သို့ ရောက်၏။ မြတ်စွာဘုရားသည် ထိုမိထိလာပြည် မဃဒေဝသရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။ မိထိလာပြည်နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် ဤသို့ ကြားသိကြကုန်၏။

ထိုသို့မဖြစ်စဘူး ထူးမြတ်သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ငါတို့သည် သွားရောက်၍ ဖူးမြော်ကြပါကုန်စို့ဟု ပြောဆိုကာ အသက်တရာ့နှစ်ဆယ်ရှည်သော ပြဟ္မာယုပုဏ္ဏားသည် နောက်ပါ ပရိသတ်နှင့်တကွ ဘုရားရှိရာသို့ ဖူးမြော်ရန် သွားရောက်ကြကုန်၏။ ရောက်ရှိပြီးနောက် လောကသုံးပါး ကိုးကွယ်အားထားရာအစစ် ဖြစ်တော်မူသော အံ့ဘွယ်ရှစ်ပါးနှင့်ပြည့်စုံသောသာသနာတော်မြတ်ကြီးကို အကြွင်းမဲ့သက်ဝင်ယုံကြည်ခြင်းရှိသော ပြဟ္မာယုပုဏ္ဏားသည် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏။ "ဂေါတမအနွယ်တော် ဖြစ်တော်မူသော မြတ်စွာဘုရား၊တရားတော်မြတ်သည် အလွန်နှစ်သက်ဘွယ်ရှိပါ၏။တရားတော်မြတ်သည် အလွန်နှစ်သက်ဘွယ်ရှိပါ၏။ဘုရားတပည့်တော်သည် ဥပမာအားဖြင့် လျှောက်ထားခြင်းကို ပြုရပါတော့အံ့။ မှောက်ထားသော ဝတ္ထုကို လှန်၍ ပြဘိသကဲ့သို့ငှင်း၊ မျက်စိလည်လမ်းမှား ခရီးဆက်၍မသွားတတ်သော ယောကျ်ားအား လမ်းကို ညွှန်ကြားပြသဘိသကဲ့သို့ငှင်း၊ အမှောင်အုပ်ဖုံး၍ လုံးလုံးမမြင်နိုင်သော တိုက်ခန်းအတွင်းကို ဆီမီးတန်ဆောင် နေအရောင်တို့ဖြင့် ထွန်းလင်း၍ ပြဘိသကဲ့သို့ငှင်း အရှင်ဂေါတမ မြတ်စွာဘုရား၊ အရှင်မြတ်သည် ဤအတူသာလျှင် တရားအမျိုးမျိုးတို့ကို ရွှေနှုတ်တော်ဖြင့် ဟောကြား မြွက်ကြား ဖော်ပြတော်မူပါပေ၏။ ရှင်ဂေါတမမြတ်စွာဘုရား၊ အကျွန်ုပ်သည် ဂေါတမအနွယ်တော်ဖြစ်တော်မူသော အရှင်မြတ်ဘုရားကို ကိုးကွယ်လည်းလျှောင်း ပုန်းအောင်းမှီခိုရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်မြတ်ကိုငှင်း သံဃာတော်မြတ်ကိုငှင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"။

ပြဟ္မာယုပုဏ္ဏားသည် မြတ်စွာဘုရားနှင့်တကွ နောက်ပါ သံဃာတော်အပေါင်းအား ခုနစ်ရက်တိုင်တိုင် ဆွမ်းကပ်လှူပူဇော်၏၊ ပြည့်စုံလုံလောက်ပါပြီဟူ၍ အကြိမ်ကြိမ်တားယူရအောင်ပင် သဒ္ဓါစိတ်ယှဉ် ဆွမ်းခဲဘွယ်ဘောဇဉ်ရသာအထူးထူးတို့ကို ကပ်လှူခြင်းကို ပြု၏။ ဘုရားနှင့် သံဃာတော်များ ဆွမ်းကိစ္စပြီးဆုံးပြီးနောက် ပြန်၍ကြွသည်ရှိသော် အသက်တရာ့နှစ်ဆယ်ရှည်သော ပြဟ္မာယုပုရောဟိတ်ပဏ္ဍိတ်ပုဏ္ဏားကြီးသည် ရတနာပိတိဂုဏ်ကို အာရုံပြု၍ စုတိပျက်ကြွေ သေလွန်လေ၏။ ပြဟ္မာယုပုဏ္ဏား

လားရာဂတိကို သိလိုကြကုန်သော ရဟန်းသံဃာအပေါင်းသည် မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ ချစ်သားရဟန်းတို့ ပြဟ္မာယုဥပါသကာပုဏ္ဏားသည် ငါဘုရားအမှူးရှိသော ရတနာသုံးပါးကို လေးစားယုံကြည်ပူဇော်၏။ သူ၏ဥပမိသည် အောက်ပိုင်း သံယောဇဉ်ငါးပါးကင်းရှင်း၏။ နူးညံ့သိမ်မွေ့သော လေးနက်တည်ကြည်သော ဖြူစင်သန့်ရှင်းသော စိတ်ထားရှိပြီးသူ ဖြစ်၏။ သို့ဖြစ်၍ အရိယာတို့၏ ပျော်စံရာဖြစ်သော ပြဟ္မာဘုံ၌ သွားရောက်လေပြီဟူ၍ ဟောတော်မူလေ၏။

ဤလောက၌ လေးနက်သော ပညာဉာဏ်ရှိသူသည် အံ့ဩစရာကို တွေ့မြင်ကြားသိရပါသော်လည်း အလွယ်တကူနှင့် အံ့ဩခြင်းကို မပြုပေ။ ဝမ်းမြောက်ဝမ်းသာ ဖြစ်စရာကို ကြုံရတွေ့ရပါသော်လည်း လွယ်လင့်တကူ ဝမ်းမြောက်ဝမ်းသာခြင်းကို မပြုပေ။ ရယ်ရွှင်ဘွယ်ရာကို တွေ့မြင်ကြားသိရသော်လည်း လွယ်လွယ်ကူကူရယ်ရွှင်ခြင်းကို မပြုမူ။ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကြေကွဲဘွယ်ရာကို တွေ့ရသော်လည်း ဝမ်းနည်းခြင်းကို လွယ်လွယ်နှင့်မဖြစ်စေပဲ သတိလွန်ကဲစွာ နေလေ့ရှိ၏။ ဤပြဟ္မာယုပုံရောဟိတ်ပဏ္ဍိတ်ကို အတုယူ၍ ပြုမူနေထိုင်သင့်၏။ ရတနာသုံးပါး လေးစားမြတ်နိုးပုံကို နည်းယူ၍ ကျင့်ဆောင်လိုက်နာသင့်၏။ ယခုခေတ်၌ အပြောကောင်းလျှင် ယုံကြည်လွယ်၏။ အသင့်ယုတ္တိမရှိသော ဒဏ္ဍာရီလုပ်ထုံးတို့ကိုလည်း တအံ့တဩ ယုံကြည်လွယ်၏။ "သူချောပစ်လည်း စင်စစ်ဟုတ်ရာ မဟုတ်ရာကို ယုတ္တာယုတ္တိ လေးပါးညှိ၍ တစိမမှား ကျင့်ရစ်ငြားက ငါ့သား ငါ့နယ် နိုင်ငံကျယ်လိမ့်"ဟူသော ဩဝါဒလင်္ကာစကားကို ကိုယ်တွင်း၌ သိမ်းဆည်းထားပြီးကာ မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဝေဘန်ကာ အသုံးချကြကုန်ရာ၏။

(မဇ္ဈိမနိကာယ် သုတ္တန္တပိဋက၊ မဇ္ဈိမပဏ္ဏာသပါဠိတော် ဗြာဟ္မဏဝဂ် ပြဟ္မာယုသုတ် စာမျက်နှာ (၃၃၈) ဆင့်မှု မြန်မာပြန်။)

### ခေမာအမျိုးသမီး မင်္ဂဖိုလ်ရပုံ အထူး

၁။ ခေမာ အမျိုးသမီးကြီးသည် မိမိ၏ အဆင်းကို စုံမက်၏၊ မာနတက်နေသူပင် ဖြစ်သည်၊ ပတ္တမြား နွံနစ်နေဘိသကဲ့သို့ မိမိရရှိမည့် မဂ်

ပညာ ပတ္တမြားကို အဆင်းအရောင် တည်းဟူသော မာန်မာနန့်က ဖုံးအုပ်နေခြင်းပင် ဖြစ်၏၊ သို့အတွက် နုပျိုစဉ် အချိန် အရွယ်က မဂ်ဉာဏ်မပေါ်ဘဲရှိရ၏၊ သူမ၏ အဆင်းမာန်သည် ပြင်းထန်ပုံရ၏၊ သို့အတွက် မဂ်ဉာဏ်ကို ပေးစွမ်းနိုင်သော ဘုရားမြတ်ကို မဖူးမြော်ဘဲ ရှောင်လွှဲ၍နေခြင်းဖြစ်၏။

မာန်မာန လျော့နဲချိန့် လာသောအခါ မဂ်ပညာ အဖူးသည် ဗုဒ္ဓကိုဦးတည်၍ ညွတ်ကိုင်းကာ ပေါ်လာချိန်တွင် မာန်မာနကိုစွဲကပ်၍နေသော မောဟနှင့် ယင်းမာနတို့သည် ပျောက်ကွယ်၍ သွားရှာတော့၏၊ မိမိခန္ဓာအိမ်၏ ကိုးစုကုန်သော ဒွါရပေါက်တို့မှ မပြတ်ယိုစီး၍ ထွက်ပေါ်နေကြကုန်သော ခာတ်ရေခာတ်ဟောင်း အညစ်အကြေး အပေါင်းတို့ကိုလည်းရှုံဆိုးတွေ့မြင် ဉာဏ်ခုံထင်၏၊ မိမိ၏ ခန္ဓာအိမ်အပြစ်ကိုလည်း ပြက်ပြက်ထင်ထင် တွေ့မြင်တော့၏၊လူမိုက်ကျား,မတို့သည်သာလျှင်အလွန်နှစ်သက်ကြသော, အာရုံဟူ၍ ဟောတော်မူအပ်သော ဘုရား တရားတော်ကိုသူမ၏ဉာဏ်၌ သံယောဇဉ် အငြိအတွယ်မရှိလေဘဲ မြင်၏၊ ထိုမြင်သောခဏ၌ပင် သောတာပန် သကဒါဂါမ် အနာဂါမ် မဂ်ဉာဏ် ဖိုလ်ဉာဏ် တဆက်တည်း ပေါ်၏၊ ဤအမျိုးသမီးကြီး၏ မဂ်ဖိုလ်ရခြင်းသည် သောက ပရိဒေဝမီး ပြင်းပြင်းထန်ထန်မရှိဘဲ ရရှိခြင်းပင်ဖြစ်၏၊ ဤသည်လျှင် ခေမာထေရီ၏ အာသဝေါကင်းကွာ ရဟန္တာ ဖြစ်ခြင်း အကြောင်းတည်း။

## တမူထူးခြား အလှကျက်သရေများလှသော ဥပ္ပလဝဏ်

၂။ ကမ္ဘာ့ အလှမယ်တို့တွင် လူလည်းမက နတ်မိမယ်တမျှ လှပသူဖြစ်၏၊ ရေနတ် နဂါးပြည်၌ ရှန်းရှန်းတင့်တင့် ပွင့်သော ကြာညိုပန်း၏ ပန်းရစ်အတွင်း အဆင်းပမာ ရှုမောစရာပင်လှသည်၊သို့ဖြစ်၍ အပြည်ပြည်သော သူဌေး သူကြွယ်တို့က လက်ဆောင်မွန် လက်ဆောင်မြတ် လက်ဆောင်ဆန်းတို့ဖြင့် ကမ်းလှမ်းပေးဆက် နှစ်သက်တပ်မောဲ ချစ်တင်းနှော လို၍ သူဌေးကြီးထံသို့ ထိမ်းမြားပေးရန် တောင်းခံကြ၏။

'သမီးအလှ မွေး-ဘေးရန်များ' ဟူသော စကားပုံကဲ့သို့ သမီးချော သမီးလှ မွေးဖွားမိသော မိဘတို့မှာ ဖြစ်ပေါ်လာမည့် ဘေးရန်ကို ကာကွယ်ရန် ဗုဒ္ဓမြတ်စွာ သာသနာတော်သို့ ရဟန်းပြုရန် အကြံသစ် ဖြစ်ပေါ်၍ ချစ်မည်းသော သမီးကို ဒုက္ခမြားမြောင် ဤ လူ့ဘောင်ကို စွန့်ခွါ၍ သာသနာတော်၌ တရားအားထုတ်ရန် တိုက်တွန်းလေသည်။

အလှမာန်ကင်း ဂုဏ်ချင်းယှက်သန်း ရတနာပန်းမွှန် ဥပ္ပလဝဏ်သည် မိမိ၏အလှကိုလည်းမမက်၊ဘဝကိုလည်းမနှစ်သက်၊ငါးဖြာအာရုံ ကာမဂုဏ် ကိုလည်း မတပ်မက်တော့ဘဲ နှစ်နှစ်သက်သက် မဂ်ဉာဏ်ဖိုလ်ဉာဏ် အမြင် မှန် ပညာကိုထင်ကာ မြင်လာတော့၏၊ ထိုခဏ၌ပင် သာသနာတော်သို့ ဝင်၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အဘိညာဉ်ခြောက်ပါးကို ရရှိကာ ရဟန္တာမကြီး ဖြစ်သွားလေတော့၏။

သူမသည် သေ:ကကင်းဝေး အပူဘေးမရှိဘဲ နေအာရုံကို အတွေ့ထူး သော ကြာညိုဖူးပမာ အရဟတ္တမဂ်ဉာဏ် ပေါ်ပုံသည် နက်နဲသိမ်မွေ့ လှ၏၊ လောကအာရုံ ကာမဂုဏ်၏ အပြစ်ကိုမြင်၍ ဆင်ခြင်မိသောခဏ၌ မဂ်ဖိုလ် ရသူဖြစ်၏။ (ဤသည်လျှင် ယခုခေတ် အမျိုးသမီးတို့ ဥပ္ပလဝဏ် ထေရီမ၏ မဂ်ဖိုလ်ရပုံ နည်းယူစရာတည်း။)

## ပဋာစာရာသူဌေးသမီး အကြောင်း

၃။ ပဋာစာရာသူဌေးသမီး၏ အပူမီးကြီးကြီးမားမားတောက်လောင် နေဆဲတွင် ထွက်ပေါ်လာသော မဂ်ဉာဏ်ထူးခြားချက်မှာ ကာမတဏှာ အရင်းခံ၍ လင်-မြွေကိုက်၍ သေသော ဥပါဒါန်သောက, သားငယ်စွန်ချီ သားကြီးရေနစ်သေရခြင်း ဥပါဒါန်သောက, မိဘနှစ်ပါးနှင့် မောင်ဖြစ်သူ တိုက်ပြို၍ သေရခြင်း ဥပါဒါန်သောကတို့, သောကသည်ပင်လျှင် ပြင်းစွာ သော ဒေါသ, ထိုဒေါသကြောင့် ကြီးစွာသော ပရိဒေဝမီးတို့သည် အရူးမ ဘဝဖြစ်အောင် တောက်လောင်နေဆဲ၌ ခွဲထွက် ပေါ်ပေါက်လာသော မဂ်ဉာဏ်ကြောင့် အာသဝေါကုန်ခန်းပြီး ရဟန္တာမဖြစ်ရ၏။

သူမ၏ရရှိသော မဂ်ပညာသည် ထက်မြက်သော မဂ်ဉာဏ်ပင် ဖြစ်၏၊ အဘယ်ကြောင့်ဆိုသော် အလွန့်အလွန်ပြင်းထန်နေဆဲဖြစ်သော အပူမီး

ကြားထဲမှ ခွဲထွက်လာနိုင်သောကြောင့်ပင်တည်း၊ ဗုဒ္ဓသာသနာတော်၌ အာသဝေါကုန်ခန်းကြသော ရဟန္တာမတို့တွင် ဖြစ်ပျက်မှု ပုံတမျိုးဆန်းသော ရဟန္တာမပင် ဖြစ်၏၊ယခုခေတ်သစ်အပူမီးများကြကုန်သောအမျိုးသမီးကြီးများ တရားအားထုတ်ရာ၌ နည်းယူစရာပင်ဖြစ်၏။ (ဤသည်လျှင် ပဋ္ဌာစာရာထေရီမ၏ ရဟန္တာဖြစ်ပုံအထူးတည်း။)

## ကုဏ္ဍလကေသာ၏ နိဝရဏအဆန်းနှင့် ဉာဏ်လျင်မြန်ပုံ

၄။ ကုဏ္ဍလကေသာသည် ပစ္စည်းဥစ္စာ ပြည့်စုံသော သူဌေးသမီးဖြစ်သည်၊ သူနှစ်သက်လျှင် အရှက်ကို အလေးမထား မလေးစားဘဲ ပြောင်ကျကျအရယူသူဖြစ်၏။သူမ၏ကာမဆန္ဒနီဝရဏသည် ကြမ်းလွန်း၏၊ ကြိုက်လျှင်မရှက်၊ နှစ်သက်မိလျှင် မပျက်သော အစွဲအလမ်း စိတ်ရှိ၏။မိဘစကားနားမထောင်ဘဲ ဇွတ်ကျဲလိုသော စိတ်ရှိ၏၊ ဂုဏ်ကိုမမက်၊ အချစ်ကို မက်သူဖြစ်၏။

ဒါပေမဲ့ သူ၌ နှစ်သက်စရာ ကောင်းသော အလွန်လျင်မြန်သော ဉာဏ်ရှိ၏၊ များသောအားဖြင့် သေဘေးနှင့် တွေ့ကြုံခါနီး အချိန်တွင် အကြံဉာဏ်တုံးတတ်၏၊ သူမ၏အကြံဉာဏ်ကား မတုံးပေ၊ တဟုန်ထိုး ပေါ်ထွက်လာကာ လင်ခိုးသားကို ပရိယာယ်မာယာဆင်၍ အလျှင်အမြန် ခိုးသားသတ်သော တောင်ချောက်သို့ တွန်းချ၍ သတ်ဖြတ်နိုင်စွမ်းရှိသူ ဖြစ်၏။ သို့အတွက် စောရဃာတကတောင်စောင့်နတ်သည် ဤသို့ ချီးကျူးစကား ဆို၏၊ "အလုံးစုံသော ကိစ္စအဝဝတို့၌ ယောကျ်ားများသာလျှင် ဉာဏ်ရှိကြသည်မဟုတ်၊မိန်းမများသည်လည်းဉာဏ်ရှိကြသည်သာတည်း။" (ဤသည်လျှင် ခေတ်အမျိုးသမီးတို့ နည်းယူစရာပင်ဖြစ်၏။)

တခုသော ဘဝက ဤကုဏ္ဍလ ကေသာသည် အနာထပိဏ် သူဌေးကတော် ပဒုမ္မစန္ဒာ၏အလုပ်အကျွေးဖြစ်ဘူး၏၊ ထိုစဉ်က လက်ဝတ်တန်ဆာဒွါဒရာတို့ကို ဝတ်ဆင်လျက် ပွဲသဘင်ကြည့်ရှုရန် ပရိသတ် အလယ်၌ ရှိစဉ် လုလင်ယောကျ်ားတဦး၏ ပရိယာယ်ဖြင့် ခေါ်ဆောင်ခြင်းကို ယုံကြည်ကာ လိုက်ပါမိခဲ့၏။ လူသူကင်းမဲ့သော ရေတွင်းအနီးသို့ ရောက်ရှိသောအခါ လည်ဆယ်၍ ခေါ်လာသော ယောကျ်ားက ဤသို့ ဆို၏၊

မယ်မင်းကို တကယ်ချစ်၍ ခေါ်လာသည်မဟုတ် ဝတ်ဆင်လာသော လည်ရွဲတန်ဆာ ပုတီးနားဒွောင်း သွယ်ပြောင်းလက်ကောက် စသည်တို့ကို အလိုရှိ၍ ခေါ်လာခြင်းပင် ဖြစ်၏၊ သို့အတွက် မယ်မင်းကို သတ်တော့အံ့ဟု ဆို၏။

ထိုခဏတွင် မိန်းမငယ်သည် လျှင်မြန်လှသော ပရိယာယ်မာယာဖြင့် လှည့်စားသည်မှာ ခေတ်အမျိုးသမီးတို့ နည်းယူစရာ ကောင်းလှ၏၊ မောင်မင်းကို အသက်ပုံအပ်၍ မောင်မင်းနောက်သို့ လိုက်လာခဲ့ခြင်းပင် ဖြစ်ပါသည်၊ အလိုရှိသော အဆင်တန်ဆာတို့ကို ယူလိုလည်း ယူပါ၊ သတ်လိုလည်း သတ်ပါ၊ မောင်မင်းခေါ်လာသည်ကို အပင်ပန်းခံ၍ လိုက်ပါလာခဲ့ခြင်းကြောင့် ကျွန်တော်မမှာ ရေမွှတ်သိပ်ဆာလောင်လှပါသည်၊ မသေမီ ရေကလေးတပေါက်သောက်ပြီးမှသာ သေပါရစေဟုဆိုကာ ရေပုံးနှင့်ကြိုးကို ပေးအပ်ကာ ရေငင်စေ၏၊ လုလင်ယောကျ်ား ငုံ့၍ ရေတွင်း၌ ရေငင်နေဆဲ ခြေနှစ်ချောင်းကိုဆွဲ၍ ရေတွင်းထဲသို့ တွန်းချလိုက်တော့၏။

ဤ လျင်မြန်သည့်အကြံဉာဏ်ရှိသော အမျိုးသမီးသည်လည်း ကုဏ္ဍလကေသာထေရီမယ်၏ ဘဝဟောင်းပင် ဖြစ်၏၊ သူမသည် တဘဝတည်းသာ ဉာဏ်ထက်မြက်လျင်မြန်သူမဟုတ် တခုသောဘဝကလည်း ဉာဏ်ထက်မြက်လျင်မြန်သူပင် ဖြစ်၏။ (ဤသည်လျှင် ကုဏ္ဍလကေသာထေရီမယ်၏ ထူးခြားချက်တည်း။)

## ကိသာဂေါတမီ

၅။ ကိသာဂေါတမီအမျိုးသမီးသည် စိန်ရွှေစသော လောကီရတနာတို့နှင့် ထိုက်တန်သော အမျိုးသမီးပင်ဖြစ်၏၊ တပါးသောသူတို့၏ အမြင်နှင့်မတူ၊ သူမ၏အမြင်သည် ဘုန်းရှိသူ၏ အမြင်ပင်တည်း။ ကုဋေလေးဆယ်ကျော် ထိုက်တန်သော ရတနာတို့၏ပိုင်ရှင်မပင် ဖြစ်၏၊ သူမသည် အစွဲအလမ်းကြီးသူ ဖြစ်၏၊ 'ရင်သွေးဟူက ချစ်မဝတည့် မိဘမျက်နှောင်သားရွှေတောင်'ဟူသော စကားသည် ကိသာဂေါတမီကဲ့သို့သော မိခင်မျိုးပင်ဖြစ်၏။

“သားဏ်ရုပ်ရည် သီဒါမည်သား ရေကြည်ချမ်းမြ တပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်းဖြင့်”ဟူသော ကိုးခန်းပျို့ စကားသည်ငှင်း, “မောင့်မျက်နှာကို မာတာမိခင် မြင်ရသောခါ ဥပမာမူ ရတနာမျိုး ရွှေအိုးပဒေသာ ပေါ်ပေလာသည် ပမာမမျှ မောင်သားလှကြောင့် ဝသည်ပီတိ ရှိသည်ရိုးတွင်း ခြင်ဆီချဉ်းမျှ ချစ်မောလှလျက် သန်းပျ ကြမ်းပိုး မှက်ခြင်မျိုးက ဟူသမျှလည်း ကိုက်ရမဲ့သာ မောင့်ကိုသာလျှင် ချမ်းသာစိမ့်ကြောင်း သမားကောင်းနှင့် ဆေးကောင်းစားစား ရှောင်ရှား အစာ ဤသာကျန်းတော ရှိစေသောဟု စိတ်ဇောကြည်သာ ဆုတောင်း ကာနှင့် တဖြာညောင်ရေ စထွေနှေ့ည သွန်းချမယွန်း ဖန်ဖန်ပွန်းသည် ရှန်းရှန်းနေ့တိုင်း စို၏တည်း”ဟူသော ပုတ္တောဝါဒ ပျို့စကားသည်ငှင်း ကိသာဂေါတမီ မိခင်တို့လို ပုဂ္ဂိုလ်မျိုးအတွက်ပင် ဖြစ်၏။

ဤအမျိုးသမီးသည် ရင်၌ဖြစ်သော သားချစ်ရတနာကို အချစ် မေတ္တာစေတ် ကြီးလွန်းလှ၏၊ ထို့ကြောင့်ပင် သားသေကိုပိုက်၍ ရှူးရ၏၊ ထိုသို့ပြင်းထန်သော ပရိဒေဝအပူမီး အစုအပုံတွင်းသို့ ထိုးဖောက်၍ ပေါ်ပေါက်လာသော အနိယာမဂ်ဉာဏ်ရှိသူ ဖြစ်၏၊ ဤအဖြစ်သည် ဖြစ်နိုင်ခဲသော အဖြစ်ကို ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက် သောကမီး ပြတ်၍ အရိယာစေတ်ထဲသို့ ဝင်တော့၏။

ထိုသို့ဝင်သောအခါမှသာ သားသေအလောင်းကို စွန့်လွှတ်ခွဲခွါနိုင် တော့၏၊ ဤသည်လျှင် သောတာပန်ဖြစ်ခြင်း၏ ထူးခြားချက်အရသာ ပေတည်း။ ဒိဋ္ဌာနုသယစသော အနုသယသံယောဇဉ် ကင်းစင်လာသော အခါ အစွဲအလမ်း ဥပါဒါန်ပြတ်၏၊ ပုထုဇဉ်ဘဝမှ ဖြစ်ပေါ်သော အပူမီး သည် ကင်းပြတ်၏၊ ရှေးကမဖြစ်ဘူးမြဲ ထူးကဲသော ချမ်းသာစစ်ကို ရရှိ သောအခါ ထူးကဲသည်ထက် ထူးကဲသော ချမ်းသာစစ်ကို ဆက်ကာ ဆက်ကာ ပွါးများရှာဖွေလိုသော စိတ်စေတ်ဖြစ်ပေါ်လာ၏၊ ဖြစ်ပေါ် လာသည့်အတိုင်း ကြိုးစားအားသစ် ပွါးများ၏၊ ပွါးများသည့်အတိုင်း အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်၏၊ ဤအမျိုးသမီးကြီး၏ အရဟတ္တဖိုလ် ဉာဏ်တည်ပုံကိုလည်း ခေတ်အမျိုးသမီးများ နည်းယူစရာပင် ဖြစ်၏။ (ဤသည်လျှင် ကိသာဂေါတမီထေရီမ၏ ထူးခြားချက်တည်း။)

## ဓမ္မဒိန္နာအမျိုးသမီး၏ ပညာဉာဏ်ကြီးပုံနှင့် ရဟန္တာဖြစ်ပုံ

၆။ ဓမ္မဒိန္နာသည် တထွာပြ တတောင်မြင်သော ဉာဏ်ရည်ဉာဏ်သွေး ရှိသူ ဖြစ်၏၊ သူမသည် ရုပ်ရည်လည်း သန့်ရှင်း၏၊ စိတ်နှလုံးထားလည်း မွန်မြတ်၏၊ လင်သားကိုလည်း ယုယုယယ ပြုတတ်လှသူဖြစ်၏၊ အိမ်ရှင်မ ပီသသောသူလည်း ဖြစ်၏၊ အမြော်အမြင်ဉာဏ်ကြီး၍ သည်းခံသော စိတ်လည်း ရှိ၏၊ အတိတ်ဆုတောင်း အကြောင်းလှလွန်း၍ ရဟန္တာဘဝကို မပင်မပန်းဘဲ ချမ်းချမ်းသာသာ တရားကိုရှုကာမျှဖြင့် ရဟန္တာမ ဖြစ်ရပေသည်။

ဗုဒ္ဓဘာသာ သာသနာတော်တွင် ပေါ်လွင်ထင်ရှားသော မျက်နှာကြီး သော ထေရီမပင် ဖြစ်၏၊ အဝိဇ္ဇာမှောင်တည်းဟူသော နီဝရဏတဏှာ သံယောဇဉ်စသော အပူအမျိုးမျိုး အနှောင်အဖွဲ့အမျိုးမျိုးတို့ကို အလွယ် တကူဖြတ်နိုင်စွမ်းရှိသူ ဖြစ်၏။ အဝိဇ္ဇာနှင့် တဏှာသည် သံသရာကိုရှည် စေနိုင်သော တရား ၂-ပါး ဖြစ်၏၊ သံသရာ၏ ရှေ့အစွန်းကိုလည်း မမြင် နိုင်အောင် ဖုံးအုပ်လွှမ်းမိုးနေ၏၊ သတ္တဝါတွေကို တဘဝမှ တဘဝသို့ ကူးပြောင်းပေးနေသော တရားများပင် ဖြစ်၏၊ သတ္တဝါတွေကို ထိုဘဝမှ ဤဘဝသို့ ရွှေ့လျောအောင် ဖန်တည်းပေးနေသော တရားများလည်း ဟုတ်၏၊ ထိုတရား ၂-ပါးကို လွယ်လွယ်နှင့် တိကနဲနေအောင် ဖြတ်စွမ်းနိုင် သော အဝိဇ္ဇာဉာဏ်စက် သံလျက်ပိုင်ရှင် ထေရီခင်ကား ဓမ္မဒိန္နာထေရီမ ပင် ဖြစ်၏၊ ခေတ်အမျိုးသမီးတို့သည် ဤထေရီမရဟန္တာကို နည်းယူကာ အဝိဇ္ဇာနှင့်တဏှာကို ပယ်ခွါနိုင်အောင် ကြိုးစားကြကုန်ရာ၏။ (ဤသည် လျှင် ဓမ္မဒိန္နာထေရီမ၏ မြတ်နိုးဘွယ်ရာ ဂုဏ်ပညာအထူးပေတည်း။)

## "ဝိနယ တေဒဂ်"ရ-ပဋာစာရာ ထေရီ၏ ပရိဒေဝမီးကို ဗုဒ္ဓဖယ်ရှားပေးပုံ

ပဋာစာရာသည် သာဝတ္ထိပြည်သူဖြစ်၏၊ ကုဋေလေးဆယ်ကြွယ်ဝသော သူဌေးသမီး ဖြစ်သည်၊ ကြိုက်မရှက် ငိုက်မရှက် တော်မရှက် ဟူ၍ ဆိုရိုးစကားရှိရာ ပစ္ဆိမဘဝိကမယ်ပဋာအတွက် ဤခန္ဓာအိမ်သည် သံသရာ

၏ နောက်ဆုံးခန္ဓာအိမ်ပင် ဖြစ်၏၊ ဒါပေမဲ့ ရာဂမီးကတော့ တောက်လောင်ခြင်းပြင်းပြနေဆဲ နေလျက်ရှိ၏၊ သို့အတွက် တဆယ့်ခြောက်နှစ်အရွယ်မှာ ဒါသဆိုတဲ့သူကို ယူမိ၏။

“သမီးမိန်းမ မွေးပါရ မိဘမောင်ဘွား အသရေပျက်လို့ အရှက်ပွါး” ဆိုတဲ့စကားအတိုင်း မိဘများကို အသိမပေးဘဲ တရပ်တကျေးသို့ ပြေးခဲ့ကြ၏၊ နောက်ဆုံး လင်မြွေကိုက်လို့သေ၊ သားငယ်စွန်ချီ၊ သားကြီး ရေနစ်သေ၊ မိဘနှင့်မောင် တိုက်ပိသေကြသဖြင့် ပရိဒေဝမီးတွေ ဆက်ကာဆက်ကာ တွေ့ကြုံရတဲ့ မယ်ပဋ္ဌာမှာ အရူးမကြီး ဖြစ်ရရှာတော့သည်၊ အသနားကင်းမဲ့ကြသောသူတို့ကလည်း အဝတ်ကင်းကွာ မယ်ပဋ္ဌာကို အမှိုက် သရိုက် ဖုတ် ခဲစသည်တို့ဖြင့် ပစ်ကြ ခတ်ကြ၏၊ ဦးတည့်ရာ ပြေးရရှာသော ပဋ္ဌာသည် ဘဝဟောင်းက ဘခမည်းတော်မြတ်ဖြစ်ဘူးသော ဇေတဝန်ကျောင်းတော် တရားဟောမဏ္ဍပ်အတွင်း ဘုရားရှေ့မှောက်ရောက်ရှိသွားတော့၏။

“ခန္ဓာငါးပါး၏ အပြစ်ကို မရှုဘဲ အသက်တရာရှည်၍ နေရသည်ထက် ခန္ဓာငါးပါး၏ အပြစ်ကို ရှု၍နေသော တရက်သည် မြတ်၏”ဟူ၍ ဩဝါဒပေးတော်မူသည့်အတိုင်း ခန္ဓာငါးပါး၏အပြစ်ကို ရှုမိသောခဏ၌ ပဋိသမ္ဘိဒါလေးပါး အဘိညာဥ်ခြောက်ပါးတို့နှင့် ပြည့်စုံသော “ဝိနယ” တေဒဂ်ရ ရဟန္တာမ ဖြစ်သွားတော့၏။

“ဝဋ်ဆင်းရဲသည် ဝဋ်မှလွတ်အံ့ဆဲဆဲ၌ ကပ်၍ မကောင်းကျိုးပေး၏။ ကံ၏အကျိုးဆန်းကြယ်ပုံကို စာရှုသူများ ဆင်ခြင်ကြရန် ဖြစ်၏၊ ဘဒ္ဒကာပိလာနိ ထေရီမနှင့် ပဋ္ဌာစာရာထေရီမတို့၏ အရွယ်ရောက်ချိန်၌ အကျိုးပေးပုံနှင့် စိတ်ထားသိမ်မွေ့ပုံ ယှဉ်ကြည့်ရန်ပင် ဖြစ်၏။

တဏှာ ဥပါဒါန် ဘဝ ဤတရားသုံးပါးသည် အကြောင်းအကျိုးဆက်စပ်ကြ၏၊ ကာမတဏှာကြောင့် ကာမုပါဒါန်ဖြစ်ရ၏၊ ကာမုပါဒါန်ကြောင့် ဘဝဖြစ်ရ၏ဟု ဆို၏၊ ဤပဋ္ဌာစာရာ၏ ပညာဉာဏ်မင် ပေါ်ထွက်ပုံမှာ ကာမတဏှာ ကာမုပါဒါန်အပြီး၌ မင်ဉာဏ်ပေါ်လာခြင်းပင် ဖြစ်၏၊ ပရိဒေဝမီး အစွမ်းကုန်တောက်လောင်၍ ရုပ်နာမ်ရိန္ဒမ်းဆဲမှာ ပေါ်လာသော

မဂ်ဉာဏ်ပင် ဖြစ်သည်၊ ပဒုမုတ္တရ ဘုရားလက်ထက် ကဿပဘုရား လက်ထက်က ပြုခဲ့သောကုသိုလ်သည် ဤအချိန်၌ ဆိုက်ဆိုက်မြိုက်မြိုက် အကျိုးပေးခြင်းပင် ဖြစ်၏၊ ဗုဒ္ဓစသော ရတနာစစ်ပီတိသည် ပရိဒေဝမီး တောက်လောင်နေသော ပဋာစာရာထေရီမအား အပြည့်အဝပေးခြင်းပင် ဖြစ်သည်၊ သို့အတွက် ဝဋ်မှပြတ်သွားခြင်း ဖြစ်၏။ (ဓမ္မပဒ (ပ) ၅၂၅ စသည်။)

## ကုဏ္ဍလကေသာထေရီမ၏ ဉပါယ်ဉာဏ် ဆုပန်ပုံနှင့် ရတနာပီတိဖြစ်ခဲ့ပုံ အကြောင်း

ကုဏ္ဍလကေသာသည် ရာဇဂြိုဟ်ပြည်သူ ဖြစ်၍ သူဌေးသမီး ဖြစ်၏၊ ဘုံခုနစ်ဆင့်အမြင့်ရှိသော ပြာသာဒ်မှာ အစောင့်အရှောက် အလုပ်အကျွေး များနှင့် ထား၏၊ အသက်တဆယ့်ခြောက်နှစ် အရွယ်အရောက်တွင် လမ်း လေးခွ၌ သတ်ရန် ခေါ်ဆောင်ရိုက်နှက် နှိပ်စက်နေသော သူခိုးကို လေသာပြတင်းမှ ကြည့်၍ မြင်သော် သနားခြင်းကရုဏာယှဉ်သော အချစ်မေတ္တာ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာ၍ အစာမစား ရာဂမီး ပွါးကာနေ၏၊ ဂုဏ်ရည်တူသတိုးသားကို မလိုလား၊ သူခိုးကို လိုလား၏၊ မိခင်သူဌေးကတော်သည် အသပြာတထောင်ပေး၍ သူခိုးကို ဆောင်ယူ ပေးရ၏၊ သူခိုးလင်နှင့် အတူ အိမ်ထောင်ပြု၍ မကြာမြင့်မီ သူခိုးက လှည့်စား၍ ခိုးသားသတ်သော တောင်ထိပ်သို့ရောက်ကြ၏၊လင်-ခိုးသားက ပရိယာယ်ဖြင့် ခေါ်လာကြောင်း, သတ်ရမည့်အကြောင်း ပြောပြလေလျှင် အလွန်လျင်မြန်သော ဉာဏ်ဖြင့် မိန်းမတို့၏ ပရိယာယ်ကို အသုံးပြုပြီး လင်သူခိုးကို တောင်ချောက်သို့ တွန်းချတဲ့ပြီး လူ့ ဘဝငြီးငွေ့ သာသနာ ပျော်မွေ့တော့အံ့ ဟူသော စိတ်အကြံဖြင့် အိမ်သို့မပြန်ဘဲ ဘုရားကျောင်း တော်သို့ သွား၏၊ ဘုရားနှင့်တွေ့၍ တရားနာရသည်ရှိသော် အာသဝေါ ကုန်ခန်း ရဟန္တာမ ဖြစ်၏၊ လျင်မြန်သောအသိဉာဏ်ရှိသည်ဖြစ်၍ မဂ်ဖိုလ် အသိဉာဏ်ကိုသိသော ရဟန်းမိန်းမအပေါင်းတို့တွင် အကြင်ဘဒ္ဒါမည်သော ကုဏ္ဍလကေသာသည် ရှိ၏၊ ထိုကုဏ္ဍလကေသာသည် အမြတ်ဆုံးဖြစ်၏ဟု ဧတဒဂ်ဘွဲ့ကို ရယူသူဖြစ်၏။(ဓမ္မပဒ (ပ) ၄၉၈-နှင့် အင်္ဂုတ္တိုရ်ပါဠိတော်။)

## ကိသာဂေါတမီထေရီမ၏ ပါရမီကုသိုလ်နှင့် ဆုပန်ဆင်ပုံ

ကိသာဂေါတမီ ထေရီမသည် သာဝတ္ထိပြည်သူဖြစ်၏၊ ကုဋေလေးဆယ်ကြွယ်ဝသော သူဌေးကြီးတဦးသည် သူ၏စည်းစိမ် ရတနာတွေ မီးသွေးဖြစ်ကုန်သဖြင့် အစာမစားဘဲ အိပ်ရာညောင်စောင်း၌ အိပ်၏၊ သူငယ်ချင်း သူဌေးတဦးသည် အကြောင်းစုံ မေး၍ တခုသော ပရိယာယ်အကြံကို ပေး၏၊ သင်၏ မီးသွေးဖြစ်ကုန်သော ရတနာတွေကို ဖျာခင်းပုံပြီး ရောင်းကုန်ပမာ အိမ်ခြေမှာပြ၍ ထားပါလေ၊ ထို အလိုက် ကိသာဂေါတမီသည် ဥစ္စာပျက်သော သူဌေးကို မေး၏၊ ဘခင် ဤရွှေငွေတွေကို အဘယ်အကျိုးငှါ ထားပါသနည်းဟု မေး၏၊ ချစ်သမီး သင် မြင်တွေ့သော ရွှေငွေတို့ကို ဖခင်လက်သို့ ထည့်လော့ဟု ဆို၏။ ကိသာ ဂေါတမီသည် ရွှေငွေတို့ကို လက်ခုပ်ဖြင့် ယူ၍ သူဌေး၏ လက်သို့ ပေးအပ်၏၊ သူဌေး၏လက်ထဲသို့ ရောက်သောအခါ ရွှေငွေပင် ဖြစ်၏။

ထိုအခါ သူဌေးသည် ချစ်သမီး သင်၌ လင်ရှိသလောဟု မေး၏၊ ဘခင် မရှိပါဟု ဖြေ၏၊သူဌေးသည် ကိသာဂေါတမီကို သားနှင့် ထိမ်းမြား၍ ကုဋေလေးဆယ်သော ဥစ္စာတို့ကို အပ်နှံ၏၊ မကြာမီ သားဦးရတနာ ဖွားမြင်လေ၏၊ ထိုသားငယ် လမ်းလျှောက်နိုင်သော အရွယ်တွင် သေဆုံး၏၊ သားသေရသော အပူသောက မတွေ့ဘူးသော ကိသာဂေါတမီသည် သားသေကို ပွေ့ပိုက်၍ အိမ်ပေါက်စေ့ အသက်ရှင်ဆေးကို မေး၏၊ ပညာရှိသော ပုဂ္ဂိုလ်တဦးက ဘုရားထံသို့ စေလွှတ်၏၊ ဘုရားနှင့်တွေ့သော အခါ သားသေ ရှင်စေသော ဆေးကို တောင်း၏၊ ဘုရားက သားသမီး မသေဘူးသော အိမ်မှရသော မုံညင်းစေ့ကို ရရှိလျှင် ရှင်အောင်ကုသ ပေးနိုင်သည်ဟု ဆို၏။ ထိုအခါ ကိသာဂေါတမီသည် အိမ်ပေါက်စေ့လိုက်၍ မေး၏။ သားသမီး မသေဘူးသောသူကို မတွေ့ရသဖြင့် ဘုရားထံပြန်၍ လျှောက်ထား လေလျှင် သေခြင်း မကင်းသော တရားကို ဟော၏၊ သောတာပန် တည်၏။

ဤ ကိသာဂေါတမီထေရီမသည် ကဿပဘုရား လက်ထက်တော်က ကိကီမင်း၏ ပဉ္စမမြောက် သမီးတော် ဓမ္မာမင်းသမီးဖြစ်၏၊ ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းစသော အလှူ လှူခဲ့ခြင်း စသော

ကောင်းမှုကိုပြု၍ နှမ်းပါးသော အဝတ်သက်နန်း ဝတ်လေ့ရှိသောကြောင့် တေဒဂ်ရသော ဘိက္ခုနီမကို အတုပြု၍ ဆုပန်ခဲ့၏၊ သို့အတွက် သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင်ဘဲ အနှစ်တရာပတ်လုံး အသက်ရှင်စေရခြင်းထက် သေခြင်းကင်းသော နိဗ္ဗာန်ကို မြင်၍ တရက်မျှ နေရခြင်းက မြတ်၏ဟု ဘုရားဟောတော်မူလျှင် သောတာပန် တည်၏၊ ခေါင်းပါးသော သက်န်းကို ဆောင်သော ငါ၏တပည့်မ ရဟန်း မိန်းမအပေါင်းတို့တွင် အကြင် ကိသာဂေါတမီသည် ရှိ၏၊ ထို ကိသာဂေါတမီသည် အမြတ်ဆုံးဖြစ်၏ဟု တေဒဂ်ပေးတော်မူသည်၊ကြုံလှီသောကိုယ်ရှိ၍ ကိသာဂေါတမီဟု တွင်၏။ (ဓမ္မပဒ (ပ) ၅၁၁-နှင့် အင်္ဂုတ္တိုရ် ပါဠိတော် စသည်။)

## "မဟာပညာ" တရားပြ-တေဒဂ်ရ ဓမ္မဒိန္နာထေရီမ၏ ကုသိုလ်ပါရမီနှင့် ဆုပန်ဆင်ပုံ

ဓမ္မဒိန္နာထေရီမသည် ရာဇဂြိုဟ်ပြည်သူ ဖြစ်၏၊ ဘုရားရှင်၏ ဆဋ္ဌမသမီးရတနာပင် ဖြစ်သည်၊ အမည်မှာ သုဓမ္မာ ဖြစ်၏၊ ဗိမ္ဗိသာရ မင်းကြီး၏ သူငယ်ချင်း "ဝိသာခ" သူဌေးနှင့် ထိမ်းမြား၍ စည်းစိမ်ချမ်းသာများစွာကိုလုံးကြွယ်ဝ၏၊ ဝိသာခ သူဌေးသည် တနေ့သောအခါ ဗိမ္ဗိသာရမင်းကြီးနှင့်အတူ ဝေဠုဝန်ကျောင်းသို့ သွား၍ တရားနာရင်း သောတာပတ္တိဖိုလ်ကို ရရှိခဲ့၏၊ ဒုတိယအကြိမ် တရားနာရသောအခါ အနာဂါမိဖိုလ်၌ တည်ပြန်၏၊ နေအိမ်သို့ ပြန်လာသောအခါ သူဌေးကတော်ဓမ္မဒိန္နာသည် လက်ကို ကမ်း၏၊ ဝိသာခ သူဌေးသည် ခါတိုင်းကဲ့သို့ လက်တို့မကမ်းဘဲ ပြာသာဒ်သို့ တက်၏၊ ဓမ္မဒိန္နာသည် မှန်မြတ်သော ထမင်းပွဲကိုပြင်၍ ကျွေးပြီး နှမ-ချစ်လင် အိမ်ကြီးရှင်၊ မျက်နှာတော် မရွှင်သည်ကား မည်သို့သော အကြောင်းကြောင့်ပါနည်းဟု မေး၏၊ ထိုအခါ ဝိသာခ သူဌေးသည် သာသနာတော်ဝင်နိုင်ရေး အခွင့်ပေးရန် ပြောကြားလေသည်၊ သူဌေးကတော် ဓမ္မဒိန္နာက ပြန်၍ အခွင့်တောင်းပြန်၏၊ သူဌေးသည် နှစ်သိမ့်လှစွာ သာသနာဝင်ခွင့် ပြု၏။

ဓမ္မဒိန္နာသည် ဆိတ်ငြိမ်သော တောကျောင်းသို့သွား၍ ဥပဇ္ဈာယ် ဆရာများနှင့်အတူ တရားအားထုတ်လေရာ ပဋိသမ္ဘိဒါလေးပါးအဘိညာဉ် ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်တည်၍ ရဟန္တာ ဖြစ်လေ၏။ ထို့နောက် ရာဇဂြိုဟ်သို့ ပြန်နစ်ခဲ့ရာ ဝိသာခသူဌေး ကြားသိ၍ ဓမ္မဒိန္နာကို ခန္ဓာငါးပါးဝယ် တဆယ့်ခြောက်ပါးသော ကိစ္စဖြင့် သိထိုက်သမျှသော လက္ခဏာတို့ကို မေး၏၊ထေရီမလည်း မေးသမျှသော ပြဿနာ၌ ကြာရိုးကို သံလျက်ဖြင့် ပိုင်းသကဲ့သို့ မဆိုင်းမရပ်ဘဲ ပြတ်ပြတ်သားသား ဖြေပေ၏။

ယင်းသို့ ဖြေပြီးမှ ဝိသာခ ဒါယကာ တရားတော် မည်သည်ကား လေးပါးသော ဂမ္ဘီရဂုဏ်နှင့် ပြည့်စုံချေသည်၊ ငါဖြေသောတရားကို ဘုရားသခင်အား လျှောက်ကြား၍ သဗ္ဗညုတဉာဏ်နှင့် ဆက်ဆံညီညွတ်မှုကား မှတ်သားပိုက်ကျုံး နှလုံးသွင်းလေလောဟု မှာဆို၏၊ သူဌေးသည် ဖြေဆိုသော အတိုင်း မှတ်သား၍ ဘုရားရှင်အထံ၌ လျှောက်လေလျှင် ဘုရားသခင်ကလည်း ဒါယကာ ငါ၏သမီးတော်ဖြစ်သော ဓမ္မဒိန္နာသည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော ခန္ဓာတို့၌ မှေးယှက် လွှမ်းကာသော အဝိဇ္ဇာကွန်ရက်ကို ပယ်ဖျက်စွန့်ခွါလေပြီ၊ တဏှာဟူသော အကြောင်းဖြင့် တပြောင်းပြန်ပြန် သံသရာ၌ ကျင်လည်ခြင်းမရှိပြီ၊ ဤပုစ္ဆာကို ငါဘုရားအား လျှောက်ပန်ငြားသော်လည်း ဤအတိုင်းသာ ငါဖြေလတ္တံ့ဟု မိန့်တော်မူ၍ "အကြင် ပုဂ္ဂိုလ်အား အတိတ်ခန္ဓာ၌၎င်း၊ အနာဂတ်ခန္ဓာ၌၎င်း၊ ပစ္စုပ္ပန်ခန္ဓာ၌၎င်း ကြောင့်ကြမှုမရှိ၊ ကြောင့်ကြမှုမရှိသော စွဲလမ်းမှုကင်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏ"ဟု ငါဘုရား ဟော၏။ ဤဓမ္မဒိန္နာထေရီမကို ဘုရားရှင်သည် "မဟာပညာတေဒဂ်"ဘွဲ့ ပေးတော်မူလေသည်။

ဤသည်ကား ဓမ္မဒိန္နာ၏ ပဒုမုတ္တရဘုရား လက်ထက်နှင့် ကဿပ ဘုရား လက်ထက်တော်က ပညာကြီးမြတ်သော ဘိက္ခုနီမကို အတုပြု၍ ဆုပန်ဆင်ခဲ့ရာ ငါတို့ဘုရားလက်ထက်တော်တွင် တောင်းသည့်ဆုအတိုင်း ပြည့်စုံရလေသည်၊ အလှူပြုက ဆုတောင်းအမျှဝေပါ၊ သို့မှသာ ကုသိုလ် ပွါးသည်ဟူလို။ (ဓမ္မပဒ(ဒု)၄၅၁-နှင့် အင်္ဂုတ္တိုရ် ပါဠိတော်။)

## မိဂါရမာတာ ဝိသာခါ၏ အာယုဒီဃဂုဏ်

ဂေါတမဘုရားအလောင်းတော် ကိကီမင်းကြီးဖြစ်ခဲ့စဉ်က သမီးတော် ခုနစ်ယောက်ရှိရာ အထွေးဆုံး သမီးရတနာမှာ ဝိသာခါပင်ဖြစ်၏၊ ဘယ်မိသားစုမဆို သမီးမိန်းကလေးသည် ဖခင်ကို အချစ်ပိုတတ်ကြ၏၊ "အဖေတူသမီး ဘုန်းကြီး" ဆိုတဲ့အတိုင်း သမီးမိန်းကလေးများသည် အဖေတူမှ ပို၍ ဘုန်းကြီးကြ၏၊ "သားအမေတူ-ဘုန်းကံလူ" ဟု ဆိုကြ၏၊ အမေတူတဲ့သားများလည်း ဘုန်းကံကြီးကြ၏၊ မိဘမည်သည် ဘဝခြားနေသော သားသမီးများပင်ဖြစ်ပါစေ မေတ္တာရေကိုတော့ ပေးဝေမြဲပင်၊ ဒါကြောင့် အတိတ်ဘဝပေါင်းများစွာက တော်ခဲ့ဘူးသော နတ်လူ ဘဝ မိဘများကို မေတ္တာလည်း ပို့သရမည်၊ မေတ္တာရေကိုလည်း ခံယူရမည်။

နေမိမင်းကြီးကို အတိတ်ဘဝက မိခင်တော်သူ ထီးချက်စောင့် နတ်သမီး စောင့်ရှောက်သည့် သာဓကကို ရှု၍ အတိတ်ဘဝကတော်ဘူးသော မိခင်မေတ္တာသည် ဘဝခြားသော်လည်း မေတ္တာမပျက် အမြဲသက်လျှက်ရှိကြောင်း ထင်ရှားလှ၏၊ မယ်တော် မာယာ အလောင်း သန္တုသိတနတ်သားနှင့် သားတော် မြတ်ဘုရားတို့ တရားဦးဟောခြင်းအစရှိသော မေတ္တာကြီးမှု ကျေးဇူးပြုမှုတို့သည်လည်း မိဘနှင့်သားသမီး ဘဝခြားနေသော်လည်း မေတ္တာမကင်း ဆက်သွယ် နေခြင်းတို့မှာ များစွာ ထင်ရှားလှ၏။

သို့ဖြစ်၍ မိဂါရမာတာနှင့် ဘုရား သားအဖနှစ်ဦး အကြားမှာ မေတ္တာမကင်းကွာကြောင်းထင်ရှားပေသည်၊ဘခမည်းတော်မြတ်၏ မေတ္တာတော်မြတ်ကြောင့် ဝိသာခါ အသက်တရာ့နှစ်ဆယ်ရှည်သည်ဟု ဆိုလည်း လွဲမည်မဟုတ်ပေ၊ ထို့ပြင် ဘုရားနှင့် သံဃာတော် ငါးရာတို့ကို ယာဂုဆွမ်း သားပြွမ်းဆွမ်းစသော အလှူများကို ကပ်လှူသည့် ကုသိုလ်များကြောင့် အသက်တရာ့နှစ်ဆယ် ရှည်သည်ဟုလည်း ဆိုရပေမည်။

ယာဂုအလှူ၏ အကျိုးဆယ်ပါး၊ ဆွမ်းအလှူ၏ အကျိုးငါးပါးတို့တွင် အသက်ရှည်ခြင်းအကျိုးပါရှိသည်ဖြစ်၍ ဝိသာခါကဲ့သို့အသက်ရှည်လိုသော အမျိုးသမီးတိုင်း ဝိသာခါ၏ ကျင့်ထုံးကို လိုက်နာပြုကျင့်သင့်တော့၏။

ဝိသာခါသည် အသက်ရှည်ရုံသာမဟုတ် ဘုန်းကံ ကြီးသော မိန်းမမြတ်တို့၌ ရသင့်ရထိုက်သော ဆံပင်, အသား, အရိုး, အရေ, အရွယ်၏ ကောင်းခြင်းတို့နှင့်လည်း ပြည့်စုံ၏၊ သားသမီးနှစ်ဆယ် ဖွားမြင်ထားသော်လည်း အရွယ်မပျက်ရှာ၊ အမယ်အို လက္ခဏာမဝင် အပျိုစင်အလား အလှကျက်သရေ တိုးပွါးဆဲပင်ရှိ၏။

ဤသို့ အကျိုးပေးထက်သန် မြင့်မားခြင်း၏ အကြောင်းများမှာ ကဿပဘုရားလက်ထက် ကိကီမင်းကြီး၏ သမီးထွေးဖြစ်စဉ် သံဃဒါယိကာ အမည်ဖြင့် ငါးပါးသော အရသာနှင့် ပြည့်စုံသော နို့အလှူကို ဘုရားနှင့် သံဃာတော် နှစ်သောင်းတို့ကို ကပ်လှူ ခဲ့ဘူးသော ကုသိုလ်ကြောင့် အသက်တရာ့နှစ်ဆယ်ရှည်သော အာယုဒီဃဂုဏ်စသည်တို့နှင့် ပြည့်စုံရလေသည်၊ သာမန်အမျိုးသမီးတို့ မဆင်မြန်းနိုင်သော မဟာလတာတန်းဆာကို ဆင်မြန်းနိုင်လေသည်။

ကဿပဘုရားနှင့်တရားသံဃာတော်တို့ကို ရတနာပီတိအပြည့် နှစ်သက်ကြည်ညိုခဲ့ခြင်းကြောင့် လှူလို့မကုန် ပေးလို့မခန်း ပြည့်လျှမ်းသော ရတနာများ ကုံလုံကြွယ်ဝရလေသည်၊ သက်ရှိ သက်မဲ့ ရတနာတွေ လျှမ်းလျှမ်းတောက် ပေါ် ပေါက်ပြည့်စုံသော ဝိသာခါ၏ စံနမူနာကိုယူ၍ အမျိုးသမီးများ ရတနာပီတိဖြစ်နိုင်ကြပါစေဟု ညွှန်ပြလိုက်ရပေသတည်း။

## ဘုရားကိုးဆူပူဇော်၍ ဆုတောင်း သစ္စာဓိဋ္ဌာန်ပြုနည်း

### ဝိပဿီစသော ဘုရားခုနစ်ဆူနှင့်
### အရှင်သာရိပုတ္တရာစသော ရဟန္တာကြီးရှစ်ပါး ပူဇော်နည်း

သမ္မာသမ္ဗုဒ္ဓါနုဘာဝေန သဗ္ဗဒိသာသု အာဂတံ သတ္တရှာဘယံ နဝုတိသတသဟဿံ အဋ္ဌဂ်မေတု တိဋ္ဌတု။

(၁) ဘုရား တပည့်တော် သစ္စာဓိဋ္ဌာန် ပြု၍ ဆုတောင်း ပါသည် အရှင်မြတ်ဘုရား၊ ငါးပါးသော စက္ခုနှင့် ပြည့်စုံတော်မူသော လက္ခဏာတော်ကြီးငယ် ရောင်ခြောက်သွယ်ဟု ဆိုအပ်သော အသရေတော်အပေါင်းနှင့်ပြည့်စုံတော်မူသော ဝိပဿီ အမည်တော်ရှိသော မြတ်စွာဘုရားကိုရင်း။

(၂) ခပ်သိမ်းကုန်သော သတ္တဝါတို့ကို အစဉ်သနားခြင်း မဟာကရုဏာ တော်နှင့် ပြည့်စုံတော်မူသော သိခီ အမည်တော်ရှိသော မြတ်စွာ ဘုရားကိုရှင်း။

(၃) အရိယာမဂ် လေးပါးတို့ဖြင့် ဆေးကျော်အပ်ပြီးသော အညစ် အကြေး မကောင်းမှု ဒုစရိုက်ရှိတော်မူသော ကိလေသာတို့ကို ညှဉ်း ဆဲဖျက်ဆီးတော်မူတတ်သော ဝေဿဘူအမည်တော်ရှိသောမြတ်စွာ ဘုရားကိုရှင်း။

(၄) မာရ်ငါးပါးတို့ကို နှိပ်စက်ဖျက်ဆီးတော်မူတတ်သော ကကုသန် အမည်တော်ရှိသော မြတ်စွာဘုရားကိုရှင်း။

(၅) အပပြုအပ်ပြီးသော မကောင်းမှုရှိတော်မူသော သုံးအပ်ပြီးသော အရိယာမဂ် လေးပါးတည်းဟူသော မြတ်သော သိတင်း ရှိတော်မူ သော ကောဏာဂုံ အမည်တော်ရှိသော မြတ်စွာဘုရားကိုရှင်း။

(၆) ခပ်သိမ်းသော အခြင်းအရာအားဖြင့် ခပ်သိမ်းသော တထောင့် ငါးရာ ကိလေသာတို့မှ လွတ်တော်မူပြီးသော ကဿပ အမည်တော် ရှိသော မြတ်စွာဘုရားကိုရှင်း။

(၇) ခပ်သိမ်းသော ဝဋ္ဋတရားဒုက္ခကို ဖျောက်တတ်သော ကိုယ်အင်္ဂါ ကြီးငယ်တို့မှ ပြိုးပြိုးပြက်ထွက်သော အရောင်ရှိတော်မူသော လက္ခဏာ ကြီးငယ် ရောင်ခြောက်သွယ် တည်းဟူသော အသရေ အပေါင်းနှင့် ပြည့်စုံတော်မူသော သာကီဝင် မင်းသား ဂေါတမ မြတ်စွာဘုရားကိုရှင်း။

ဘုရားတပည့်တော်သည် အသရေပွါးလူး ဦးခေါင်းဦးဖြင့် အထူး ရိုကျိုး ရှိခိုး ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

## ခုနစ်ဆူကုန်သောဘုရားရှင်တို့ဖြင့် သစ္စာပြုရန်

သင်္ခတအသင်္ခတဖြစ်သော တရားအပေါင်းတို့ကို မဖောက်မပြန် အလိုလိုသာလျှင် သိမြင်တော်မူပြီးသော ထိုခုနစ်ဆူကုန်သော ဗုဒ္ဓမြတ်စွာ

မဟာနုဘာဝ တေဇဂုဏ်ဘုန်းတော် အာနုဘော်ကြောင့် ခပ်သိမ်းသော အရပ်မှ လာရောက်တတ်သော ငါးပါးသော ရန်အပေါင်းနှင့် ဘေးအမျိုးမျိုးတို့သည် ရုပ်-နာမ်နှစ်ရပ် ပညတ်မှည့်ခေါ် တပည့်တော်မှ ယူဇနာကိုးသန်း အတိုင်းအရှည်ရှိသော အရပ်သို့ ချုပ်ငြိမ်းပျောက်ပြယ် ကွယ်ပစေသတည်း၊ တန့်ရပ်တည်နေစေသတည်း။

သာရိပုတ္တတ္ထေရာနုဘာဝေန ဒက္ခိဏာယ ဒိသာယ အာဂတံ
သတ္တရူဘယံ နဝုတိသတသဟဿံ အတ္ထင်္ဂမေတု တိဋ္ဌတု။

ဘုရားတပည့်တော်သည် သစ္စာဓိဋ္ဌာန်ပြု၍ ဆုတောင်းပါသည်အရှင်မြတ်ဘုရား၊ ပညာအရာ၌ တေဒဂ်ရတော်မူသော အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်၏ တေဇဂုဏ်ဘုန်းတော် အာနုဘော်ကြောင့် တောင်မျက်နှာ အရပ်မှ လာရောက်တတ်သော ငါးပါးသော ရန်အပေါင်းနှင့် ဘေးအမျိုးမျိုးတို့သည် ရုပ်-နာမ်နှစ်ရပ် ပညတ်မှည့်ခေါ် တပည့်တော်မှ ယူဇနာကိုးသန်း အတိုင်းအရှည်ရှိသော အရပ်သို့ ချုပ်ငြိမ်းပျောက်ပြယ် ကွယ်ပစေသတည်း၊ တန့်ရပ်တည်နေစေသတည်း။

အာနန္ဒတ္ထေရာနုဘာဝေန ပစ္ဆိမာယ ဒိသာယ အာဂတံ
သတ္တရူဘယံ နဝုတိသတသဟဿံ အတ္ထင်္ဂမေတု တိဋ္ဌတု။

ဘုရားတပည့်တော် သစ္စာဓိဋ္ဌာန်ပြု၍ ဆုတောင်းပါသည် အရှင်မြတ်ဘုရား၊ ဗဟုသုတ ပြည့်ဝဂုဏ်အင် ပန်ဆင်တေဒဂ္ဂ အာနန္ဒ ဟု သုံးဝဘဝင် နှံ့လျှက်ပြည့်ကျော် ထေရ်အမော်၏ ဘုန်းတော်ဂုဏ်တော် အာနုဘော်တော်ကြောင့် အနောက်မျက်နှာအရပ်မှ လာရောက်တတ်သော ငါးပါးသော ရန်အပေါင်းနှင့် အမျိုးမျိုးသော ဘေးတို့သည် ရုပ်နာမ် နှစ်ရပ် ပညတ်မှည့်ခေါ် တပည့်တော်မှ ယူဇနာကိုးသန်း အတိုင်းအရှည် ရှိသော အရပ်သို့ ချုပ်ငြိမ်းပျောက်ပြယ် ကွယ်ပစေသတည်း၊ တန့်ရပ်တည်နေစေသတည်း။

မောဂ္ဂလ္လာနတ္ထေရာနုဘာဝေန ဥတ္တရာယ ဒိသာယ အာဂတံ
သတ္တရူဘယံ နဝုတိသတသဟဿံ အတ္ထင်္ဂမေတု တိဋ္ဌတု။

ဘုရားတပည့်တော် သစ္စာဓိဋ္ဌာန်ပြု၍ ဆုတောင်းပါသည် အရှင်မြတ်ဘုရား၊ စျာန်အဘိညာဉ် ဂုဏ်ရှိန်ထင်သည့် အရှင်မောဂ္ဂလ္လာန် မထေရ်မွန်အမော် တေဒဂ်ကျော်၏ အဟော်ဝတ အာနုဘာဝ တန်ခိုး အရောင်တော်ကြောင့် မြောက်မျက်နှာအရပ်မှ လာရောက်တတ်သော ငါးပါးသော ရန်အပေါင်းနှင့် အမျိုးမျိုးသော ဘေးတို့သည် ရုပ်-နာမ်နှစ်ရပ် ပညတ်မှည့်ခေါ် တပည့်တော်မှ ယူဇနာကိုးသန်း အတိုင်းအရှည်ရှိသော အရပ်သို့ ချုပ်ငြိမ်းပျောက်ပြယ် ကွယ်ပစေသတည်း၊ တန့်ရပ်တည်နေစေသတည်း။

ကောဏ္ဍညတ္ထေရာနုဘာဝေန ပုရတ္ထိမာယ ဒိသာယ အာဂတံ သတ္တရူဘယံ နဝုတိသတသဟဿံ အတ္ထင်္ဂမေတု တိဋ္ဌတု။

ဘုရားတပည့်တော် သစ္စာဓိဋ္ဌာန်ပြု၍ ဆုတောင်းပါသည် အရှင်မြတ်ဘုရား၊ ဓမ္မစကြာ ဒေသနာကို နားမှာဆင်သ ထိုခဏ၌ အာသဝလေး ကုန်စင်ဝေး၍ မနှေးဖလ မြတ်ဉာဏကို ပဌမပင် အရဆင်သည့် ကောဏ္ဍညခေါ် တေဒဂ်ကျော်၏ ဂုဏ်တော်တေဇ အာနုဘာဝကြောင့် အရှေ့မျက်နှာအရပ်မှ လာရောက်တတ်သော ငါးပါးသော ရန်အပေါင်းနှင့် အမျိုးမျိုးသော ဘေးတို့သည် ရုပ်-နာမ်နှစ်ရပ် ပညတ်မှည့်ခေါ် တပည့်တော်မှ ယူဇနာကိုးသန်း အတိုင်းအရှည်ရှိသော အရပ်သို့ ချုပ်ငြိမ်းပျောက်ပြယ် ကွယ်ပစေသတည်း၊ တန့်ရပ်တည်နေစေသတည်း။

ဂဝံပတိတ္ထေရာနုဘာဝေန ပစ္ဆိမာယ အနုဒိသာယ အာဂတံ သတ္တရူဘယံ နဝုတိသတသဟဿံ အတ္ထင်္ဂမေတု တိဋ္ဌတု။

ဘုရားတပည့်တော် သစ္စာဓိဋ္ဌာန်ပြု၍ ဆုတောင်းပါသည် အရှင်မြတ်ဘုရား၊ သတ္တလောက ဝေနေယျကို သောကကင်းဝေး မျှားရန်ဘေးမှ မနှေးပယ်ခွါ မြိုက်ချမ်းသာကို လျင်စွာပေးဘိ ဂဝံပတိထေရ်မော် မဟာကျော်၏ အာနုဘော်မူး ဂုဏ်အထူးကြောင့် အနောက်မြောက်ထောင့် အရပ်မှ လာရောက်တတ်သော ငါးပါးသော ရန်အပေါင်းနှင့် အမျိုးမျိုးသော ဘေးတို့သည် ရုပ်-နာမ်နှစ်ရပ် ပညတ်မှည့်ခေါ် တပည့်တော်မှ ယူဇနာကိုးသန်း အတိုင်းအရှည်ရှိသော အရပ်သို့ ချုပ်ငြိမ်းပျောက်ပြယ် ကွယ်ပစေသတည်း၊ တန့်ရပ်တည်နေစေသတည်း။

ဥပါလိတ္ထေရာနုဘာဝေန ဒက္ခိဏာယ အနုဒိသာယ အာဂတံ
သတ္တရူဘယံ နဝုတိသတသဟဿံ အတ္ထင်္ဂမေတု တိဋ္ဌတု။

ဘုရားတပည့်တော် သစ္စာမိဋ္ဌာန်ပြု၍ ဆုတောင်းပါသည် အရှင်မြတ်ဘုရား၊ ဝိနယဘက် တေဒဂ်ဟု တုဘက်မပေါ် ဂုဏ်အဟော်ရှိ ဘဝဂ်ထိမျှ နှံ့သိပေါ် လွှင် အရှင်ဥပါလိထေရ်အရှင်၏ဘုန်းတော် ကံတော် ဉာဏ်တော်အထု အာနုဘာဝ ဂုဏ်တေဇကြောင့် အနောက်တောင်ထောင့်အရပ်မှ လာရောက်တတ်သော ငါးပါးသောရန်အပေါင်းနှင့် အမျိုးမျိုးသော ဘေးတို့သည် ရုပ်-နာမ်နှစ်ရပ် ပညတ်မှည့်ခေါ် တပည့်တော်မှ ယူဇနာကိုးသန်း အတိုင်းအရှည်ရှိသော အရပ်သို့ ချုပ်ငြိမ်းပျောက်ပြယ် ကွယ်ပစေသတည်း၊ တန့်ရပ်တည်နေစေသတည်း။

ရေဝတတ္ထေရာနုဘာဝေန ပုရတ္ထိမာယ အနုဒိသာယ အာဂတံ
သတ္တရူဘယံ နဝုတိသတသဟဿံ အတ္ထင်္ဂမေတု တိဋ္ဌတု။

ဘုရားတပည့်တော် သစ္စာမိဋ္ဌာန်ပြု၍ ဆုတောင်းပါသည် အရှင်မြတ်ဘုရား၊ လူသံတိတ်ဆိတ် ရှားတောရိပ်၌ ကိုယ်စိတ်ချမ်းမြ ဝိဝေကဖြင့် မျှတနေပျော် အဟော်ဝတ ဂုဏ်တော်ပေါင်းခသော အရှင်ရေဝတ မထေရ်မြတ်၏ အာနုဘာဝ ကြီးစွတန်ခိုး ရွှေဘုန်းမိုးကြောင့် အရှေ့တောင်ထောင့် အရပ်မှ လာရောက်တတ်သော ငါးပါးသော ရန်အပေါင်းနှင့် အမျိုးမျိုးသော ဘေးတို့သည် ရုပ်-နာမ်နှစ်ရပ် ပညတ်မှည့်ခေါ် တပည့်တော်မှ ယူဇနာကိုးသန်း အတိုင်းအရှည်ရှိသောအရပ်သို့ ချုပ်ငြိမ်းပျောက်ပြယ် ကွယ်ပစေသတည်း၊ တန့်ရပ်တည်နေစေသတည်း။

ရာဟုလတ္ထေရာနုဘာဝေန ဥတ္တရာယ အနုဒိသာယ အာဂတံ
သတ္တရူဘယံ နဝုတိသတသဟဿံ အတ္ထင်္ဂမေတု တိဋ္ဌတု။

ဘုရားတပည့်တော် သစ္စာမိဋ္ဌာန်ပြု၍ ဆုတောင်းပါသည် အရှင်မြတ်ဘုရား၊ဗုဒ္ဓရင်နှစ် သားချစ်သည်းလျှာ ခမာတေဒဂ် ဂုဏ်ပေါင်းယှက်သည့် မဟာဂ္ဂရတနာ အရှင်ရာဟုလာ၏ မေတ္တာကြီးမား သနားသည်းခံ ဂုဏ်တော်မွှန်၏ ပြည့်လျှံတေဇော် အာနုဘော်တော်ကြောင့် အရှေ့မြောက်ထောင့်အရပ်မှ လာရောက်တတ်သော ငါးပါးသော ရန်အပေါင်းနှင့်

အမျိုးမျိုးသော ဘေးတို့သည် ရုပ်-နာမ်နှစ်ရပ် ပညတ်မှည့်ခေါ် တပည့်တော်မှ ယူဇနာကိုးသန်း အတိုင်းအရှည်ရှိသော အရပ်သို့ ချုပ်ငြိမ်းပျောက်ပြယ် ကွယ်ပစေသတည်း၊ တန့်ရပ်တည်နေစေသတည်း။

**အဆုံးမရှိ အောင်မြင်ခြင်းကို ရစေမည့်**
**အနန္တဝိဇယ ဂါထာကျော်**

(၁) ဇိနော အဘိဇ္ဇကာယောပိ၊ နတ္ထိ လောဟိတသူဒနံ။
တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေ တံ လောကနာယကံ။
တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။

(၁) ဇိနော၊ မြတ်စွာဘုရားသည်။ အဘိဇ္ဇကာယောပိ၊ မပျက်မစီးနိုင်သော ကိုယ်တော်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ လောဟိတသူဒနံ၊ သွေးတော် ယိုထွက်ခြင်း သည်လည်း။ နတ္ထိ၊ မရှိ။ တဒေဝစနံ၊ ထိုစကားသည်လျှင်။ သစ္စံ၊ မှန်တိုင်းဆိုသောစကားတော်တည်း။ လောကနာယကံ၊ လူသုံးပါးကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန သစ္စေန၊ ထိုမှန်တိုင်းဆိုသော သစ္စာစကားကြောင့်ရင်း။ တေန ပုညေန၊ ထိုရှိခိုးခြင်းကုသိုလ်စေတနာကြောင့်ရင်း။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်မြင်ခြင်း မင်္ဂလာသည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ပါစေသတည်း။

(၂) တိဋ္ဌေယျုနန္တဝဿမ္ပိ၊ ဇယုဿဝေါ သမာပန္နော။
တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေ တံ လောကနာယကံ။
တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။

(၂) ဇယုဿဝေါ၊ များစွာသော အောင်ပွဲသဘင် ရှိတော်မူသော မြတ်စွာဘုရားသည်။ သမာပန္နော၊ သမာပတ်ဝင်စား၍ နေတော်မူသည် ရှိသော်။ အနန္တဝဿမ္ပိ၊ အဆုံးမရှိသော နှစ်ကာလ ပတ်လုံးလည်း။ တိဋ္ဌေယျ၊ တည်တော်မူရာ၏။ တဒေဝဝစနံ၊ ထိုစကားသည်လျှင်။ သစ္စံ၊ မှန်တိုင်းဆိုသော စကားတော်တည်း။ လောကနာယကံ၊ လူသုံးပါးကို နိဗ္ဗာန်သို့ ပို့ဆောင်တော် မူတတ်သော။ တံ ဗုဒ္ဓံ၊ ထို မြတ်စွာ ဘုရားကို။

အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန သစ္စေန၊ ထိုမှန်တိုင်းဆိုသော သစ္စာစကားကြောင့်ရှင်း။ တေန ပုညေန၊ ထိုရှိခိုးခြင်း ကုသိုလ်စေတနာကြောင့်ရှင်း။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်မြင်ခြင်းမင်္ဂလာသည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ပါစေသတည်း။

(၃) ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊
တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေ တံ လောကနာယကံ။
တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။

(၃) ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ ဇီဝိတဿ၊ ဇီဝိတိန္ဒြေတော်၏။ အန္တရာယော၊ ဆယ်ပါးကုန်သော အန္တရာယ်တို့ကို။ ကေနစိ၊ တစုံတယောက်သော သူသည်။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်။ တဒေဝ ဝစနံ၊ ထိုစကားသည်လျှင်။ သစ္စံ၊ မှန်တိုင်းဆိုသောစကားတော်တည်း။ လောကနာယကံ၊ လူသုံးပါးကို နိဗ္ဗာန်သို့ပို့ဆောင်တော်မူတတ်သော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန သစ္စေန၊ ထိုမှန်တိုင်းဆိုသော သစ္စာစကားကြောင့်ရှင်း။ တေန ပုညေန၊ ထိုရှိခိုးခြင်း ကုသိုလ်စေတနာကြောင့်ရှင်း။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်မြင်ခြင်းမင်္ဂလာသည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ပါစေသတည်း။

(၄) ဥပေတွာ ပဥ္စ ဒတ္တဿ၊ နေကဘာဝေ န ဃာတနံ။
တဒေဝ ဝစနံ သစ္စံ၊ ဝန္ဒေ တံ လောကနာယကံ။
တေန သစ္စေန ပုညေန၊ ဟောတု မေ ဇယမင်္ဂလံ။

(၄) ပဥ္စ၊ ငါးကြိမ်သောဘဝတို့ကို။ ဥပေတွာ၊ ထား၍။ အနေကဘာဝေ၊ များစွာသော ဘဝ၌။ ဒတ္တဿ၊ ရန်သူဒေဝဒတ်၏။ ဃာတနံ၊ သတ်ရခြင်းသည်။ နတ္ထိ၊ မရှိ။ တဒေဝ ဝစနံ၊ ထိုစကားသည်လျှင်။ သစ္စံ၊ မှန်တိုင်းဆိုသော စကားတော်တည်း။ လောကနာယကံ၊ လူသုံးပါးကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန သစ္စေန၊ ထိုမှန်တိုင်းဆိုသော သစ္စာစကားကြောင့်ရှင်း။ တေန ပုညေန၊ ထိုရှိခိုးခြင်းကုသိုလ်

စေတနာကြောင့်ရင်း။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်မြင်ခြင်း မင်္ဂလာသည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ပါစေသတည်း။

### ဗုဒ္ဓမင်္ဂလာ အဋ္ဌရာယ်ကင်းဂါထာတော်

### (အနက်မြန်မာနှင့် သစ္စာပန္နက် ဓိဋ္ဌာန်လျက် ဆုတောင်း)

(၁) ဗုဒ္ဓေါ စ မင်္ဂလော လောကေ၊ သမ္ဗုဒ္ဓေါစာပိ လောကဂ္ဂေါ။
ဗုဒ္ဓံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

(၁) လောကေ၊ လောကသုံးပါး၌။ ဗုဒ္ဓေါ စ၊ မြတ်စွာဘုရားသည်လည်း။ မင်္ဂလော၊ အတုမရှိသော မင်္ဂလာကြီးတဆူ ဖြစ်တော်မူပေ၏။ သမ္ဗုဒ္ဓေါစာပိ၊ မကြွင်းမကျန် အမြင်သန်သော သယမ္ဘူညာဏ်, သဗ္ဗညုတညာဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။ လောကဂ္ဂေါ၊ လောကသုံးပါးထက်ကြီးမြတ်တော်မူပေ၏။ ဗုဒ္ဓံ သရဏံ၊ မြတ်စွာဘုရားတည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ အစွဲပြု၍။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ သဗ္ဗဒုက္ခာ သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဝဋ်ဆင်းရဲအပေါင်းတို့မှ။ ပမုစ္စရေ ပမုစ္စန္တိ၊ ကင်းလွတ်ကြကုန်၏။

### သစ္စာပြု ဆုတောင်း

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယမင်္ဂလံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ သုခဝဍ္ဍနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝဍ္ဍနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝဍ္ဍနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဉာဏဝဍ္ဍနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ပုညဝဍ္ဍနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ယသဝဍ္ဍနံ။

ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်မြင်ခြင်းမင်္ဂလာသည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ပါစေသတည်း။

သုခဝစုန်၊ ချမ်းသာအမျိုးမျိုးတို့၏ တိုးပွါးခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဘောဂဝစုန်၊ စည်းစိမ်ဥစ္စာ ရတနာအပေါင်းတို့၏ တိုးပွါးခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

လာဘဝစုန်၊ လာဘ်လာဘတိုးပွါးခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဉာဏဝစုန်၊ ဉာဏ်ပညာ၏ တိုးပွါးခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ပုညဝစုန်၊ ကောင်းမှုအမျိုးမျိုးတို့၏ တိုးပွါးခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ယသဝစုန်၊ ခြွေရံပြန့်ပြော ပေါ်များတိုးပွါးခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

### ဓမ္မမင်္ဂလာ အန္တရာယ်ကင်းဂါထာအနက်နှင့် သစ္စာပန္နက် မိဋ္ဌာန်လျက် ဆုတောင်း

(၂) ဓမ္မော စ မင်္ဂလော လောကေ၊ ဂမ္ဘီရော ဟောတိ ဒုဒ္ဒသော။
ဓမ္မံ သရဏံ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

(၂) လောကေ၊ လောကသုံးပါး၌။ ဓမ္မော စ၊ တရားတော်မြတ်သည်လည်း။ မင်္ဂလော၊ အတုမရှိသော မင်္ဂလာကြီးတဆူ ဖြစ်တော်မူပေ၏။ ဂမ္ဘီရော၊ နက်နဲသည်။ ဒုဒ္ဒသော၊ သိမြင်နိုင်ခဲသည်။ ဟောတိ၊ ဖြစ်၏။ ဓမ္မံ သရဏံ၊ တရားတော်တည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ အစွဲပြု၍။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ သဗ္ဗဒုက္ခာ သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဝဋ်ဆင်းရဲအပေါင်းတို့မှ။ ပမုစ္စရေ ပမုစ္စန္တိ၊ ကင်းလွတ်ကြကုန်၏။

### သစ္စာပြု ဆုတောင်း

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယမင်္ဂလံ။

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ သုခဝစုန်။

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဘောဂဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ လာဘဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဉာဏဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ပုညဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ယသဝဍ္ဎနံ။

## သံဃမင်္ဂလာ အနန္တရာယ်ကင်းဂါထာအနက်နှင့် သစ္စာပန္နက် မိဋ္ဌာန်လျက် ဆုတောင်း

(၃) သံဃော စ မင်္ဂလော လောကေ၊ဒက္ခိဏေယျော သဒါ ဟောတိ။
သံဃံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

(၃) လောကေ၊ လောကသုံးပါး၌။ သံဃော စ၊ သံဃာတော်မြတ်သည်လည်း။ မင်္ဂလော၊ အတုမရှိသော မင်္ဂလာကြီးတဆူ ဖြစ်တော်မူပေ၏။ သဒါ၊ အခါခပ်သိမ်း။ ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံယူခြင်းငှါထိုက်သည်။ ဟောတိ၊ ဖြစ်၏။ သံဃံ သရဏံ၊ သံဃာတော်တည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ အစွဲပြု၍။ သတ္တာ၊ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဝဋ်ဆင်းရဲအပေါင်းတို့မှ။ ပမုစ္စရေ ပမုစ္စန္တိ၊ ကင်းလွတ်ကြကုန်၏။

## သစ္စာပြု ဆုတောင်း

ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ဇယမင်္ဂလံ။
။ ။ ။ ။ သုခဝဍ္ဎနံ။
။ ။ ။ ။ ဘောဂဝဍ္ဎနံ။
။ ။ ။ ။ လာဘဝဍ္ဎနံ။
။ ။ ။ ။ ဉာဏဝဍ္ဎနံ။
။ ။ ။ ။ ပုညဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန ဟောတု မေ ယသဝဍ္ဎနံ။

## ရန်သူတို့၏ ပြုမူသော အန္တရာယ်တို့ကို ကာကွယ်နိုင်သော ဂါထာအနက်

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယော ပရူပက္ကမေန
တထာဂတံ ဇီဝိတာ ဝေါရောပေယျ။

တေန သစ္စဝဇ္ဇေန ဟောတု မေ ဇယမင်္ဂလံ။

. ဘိက္ခဝေ၊ ရဟန်းတို့။ ပရူပက္ကမေန၊ သူတပါးတို့၏ လုံ့လပယောဂဖြင့်။ တထာဂတံ၊ ငါဘုရားကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှချခြင်း အမှုသည်။ အဋ္ဌာနံ၊ ဖြစ်မြောက်နိုင်သော အကြောင်းမဟုတ်။ အနဝကာသော၊ ဖြစ်မြောက်နိုင်သော အခွင့်မဟုတ်။

တေန သစ္စဝဇ္ဇေန၊ ဤသို့ ဟုတ်မှန်စွာ ဆိုရသော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊အောင်မြင်ခြင်း မင်္ဂလာသည်။ ဟောတု၊ မယွင်းမသွေ ဖြစ်ပါစေသတည်း။

### ဥပဒ္ဒဝဘေးအပေါင်းနှင့် အန္တရာယ်ကင်း ဂါထာ

ဝတ္ထုတ္တယာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

ဝတ္ထုတ္တယာနုဘာဝေန၊ ရတနာမြတ်သုံးပါးတို့၏ တန်ခိုးရှိန်စော်အာနုဘော်တော်ကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝေ၊ တဆယ့်ခြောက်ပါး, နှစ်ဆယ့်ငါးပါး, သုံးဆယ့်နှစ်ပါး, ကိုးဆယ့်ခြောက်ပါး ကုန်သော ဥပဒ္ဒဝ ဘေးတို့ကို။ ဟိတွာ၊ ပယ်ဖျောက်၍။ အနေကအန္တရာယာပိ၊ များပြားလှစွာသော အန္တရာယ်တို့သည်လည်း။ အသေသတော၊ အကြွင်းအကျန် မရှိ။ ဝိနဿန္တု၊ လွင့်ပါး ပျောက်ကွယ်ကြ ပါစေကုန်သတည်း။

# ဓာရဏပရိတ် ပါဠိတော်

(မြတ်စွာဘုရား၏ အာဝေဏိကဂုဏ်တော် ၁၈-ပါး)

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

၁။ ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တဿာ မေ ဟောတု။

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဝိပဿနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

၅။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အဖုတံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပက္ခာ။ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

၆။ နတ္ထိ တဿာဂတဿ ကာယဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ၊ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိ-

ဟတံ ဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ ဣမံ ဓာရဏံ အမိတံ အသမံ သဗ္ဗသတ္တာနံ တာဏံ လေဏံ သံသာရဘယဘီတာနံ အဂ္ဂံ မဟာတေဇံ။

၇။ ဣမံ အာနန္ဒ ဓာရဏပရိတ္တံ ဓာရေဟိ ဝါရေဟိ ပရိပုစ္ဆာဟိ။ တဿ ကာယေ ဝိသံ န ကမေယျ၊ ဥဒကေ န လဂ္ဂေယျ၊ အဂ္ဂိ န ဍဟေယျ။ နာနာဘယဝိကော၊ န ဧကာဟာရကော၊ န ဒွိဟာရကော၊ န တိဟာရကော၊ န စတုဟာရကော၊ န ဥမ္မတ္တကံ၊ န မူဠှကံ၊ မနုဿေဟိ အမနုဿေဟိ န ဟိံသကာ။

၈။ တံ ဓာရဏပရိတ္တံ ယထာ ကတမေ၊ ဇာလော မဟာဇာလော၊ ဇာလိတ္တော မဟာဇာလိတ္တော၊ ပုဂ္ဂေ မဟာပုဂ္ဂေ၊ သမ္ပတ္တော မဟာသမ္ပတ္တော၊ ဘူတင်္ဂမှိ တမင်္ဂလံ။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ သတ္တသတ္တတိ သမ္မာသမ္ဗုဒ္ဓကောဋိဟိ ဘာသိတံ၊ ဝတ္တေ အဝတ္တေ၊ ဂန္ဓဝေ အဂန္ဓဝေ၊ နောမေ အနောမေ၊ သေဝေ အသေဝေ၊ ကာယေ အကာယေ၊ ဓာရဏေ အဓာရဏေ၊ ဣလ္လိ မလ္လိ၊ တိလ္လိ မိလ္လိ၊ ယောရုက္ခေ မဟာယောရုက္ခေ၊ ဘူတင်္ဂမှိ တမင်္ဂလံ။

၉။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓကောဋိဟိ ဘာသိတံ။ ဒိဋ္ဌိလာ ဒဏ္ဍိလာ မန္တိလာ ရောဂိလာ ခရုလာ ဒုဗ္ဘိလာ။ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဓာရဏပရိတ် ပါဠိတော် ပြီးပြီ။

---

## ဓာရဏပရိတ် မြန်မာပြန်

၁။ ဘုရားရှင်တို့၏ အသက်အန္တရာယ်ကို တစုံတယောက်သော (အသက်ရှိ သက်မဲ့) ရန်သူသည် ပြုလုပ်ခြင်းငှါ မတတ်စွမ်း၊ ထိုအတူ ငါ့အား ဖြစ်စေသတည်း။

၂။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား အား လွန်လေပြီးသော အတိတ်အဘို့၌ အဆီးအတား အပိတ်အပင် မရှိ သော ဉာဏ်တော်သည် ဖြစ်ပေါ်၏၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရားအား နောင်လာလတ္တံ့သော အနာဂတ်ကာလ၌ အဆီးအတား အပိတ်အပင်မရှိသော ဉာဏ်တော်သည် ဖြစ်ပေါ်၏၊ ဘုန်း တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ပစ္စုပ္ပန် မျက်မှောက်ဖြစ်သောအဘို့၌ အဆီးအတား အပိတ်အပင်မရှိသော ဉာဏ် တော်သည် ဖြစ်ပေါ်၏။

၃။ သုံးပါးကုန်သော ဤကျေးဇူးတရားတော်တို့နှင့် ပြည့်စုံတော် မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား အလုံးစုံသော ကိုယ်ဖြင့် ပြုအပ်သောအမှုသည် ဉာဏ်တော်ပြဋ္ဌာန်းခြင်း ရှိသည် ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်ဖြစ်၏၊ အလုံးစုံသော နှုတ်ဖြင့် ပြုအပ်သောအမှုသည် ဉာဏ်တော်ပြဋ္ဌာန်းခြင်းရှိသည် ဉာဏ်တော် ၏နောက်သို့ အစဉ်လိုက်သည်ဖြစ်၏၊ အလုံးစုံသော နှလုံးဖြင့်ပြီးသောအမှု သည် ဉာဏ်တော်ပြဋ္ဌာန်းခြင်းရှိသည် ဉာဏ်တော်၏နောက်သို့ အစဉ်လိုက် သည်ဖြစ်၏။

၄။ ခြောက်ပါးကုန်သော ဤတရားတော်တို့နှင့် ပြည့်စုံတော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား အလို ရှိသမျှဖြစ်သော ကောင်းကျိုးအပေါင်း၏ ဆုတ်ယုတ်ခြင်းသည် မရှိ၊ တရားစကား ဟောပြောခြင်း၏ ဆုတ်ယုတ်ခြင်းသည် မရှိ၊ လုံ့လဝီရိယ တော်၏ ဆုတ်ယုတ်ခြင်းသည် မရှိ၊ ဝိပဿနာဉာဏ်တော်၏ ဆုတ်ယုတ်ခြင်း သည် မရှိ၊ သမာဓိတော်၏ ဆုတ်ယုတ်ခြင်းသည် မရှိ၊ ဖလသမာပတ် ဝင်စားတော်မူခြင်း၏ ဆုတ်ယုတ်ခြင်းသည် မရှိ။

၅။ တဆယ့်နှစ်ပါးကုန်သော ဤကျေးဇူးတရားတော်တို့နှင့် ပြည့်စုံ တော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား အား ရယ်မြူးလို၍ ဆိုသောစကား မရှိ၊ သတိလွတ်၍ ချွတ်ယွင်းပြောဆို သောစကား မရှိ၊ ဥပေက္ခာခံတရား ငါးပါးတို့၌ မသိသောတရားမရှိ၊ မဆင်

မခြင် လျှင်မြန်စွာပြုသောအမှု မရှိ၊ နှောင့်ရှက်တွန့်တိုသော စိတ်နှလုံးတော် မရှိ၊ တေဘူမက သခ်ါရတို့၌ လျစ်လျူမရှုသောအမှု မရှိ၊ တဆယ့်ရှစ်ပါးကုန်သော ဤကျေးဇူးတရားတော်တို့နှင့် ပြည့်စုံတော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏၊ ခုနစ်ဆူကုန်သော မြတ်စွာဘုရားတို့အား ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။

၆။ ဝိပဿီ သိခီ ဝေဿဘူ အစရှိသော ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားအား ကိုယ်ဖြင့် ပြုအပ်သော ကာယဒုစရိုက်၊ နှုတ်ဖြင့် ပြုအပ်သော ဝစီဒုစရိုက်၊ နှလုံးတော်ဖြင့် ပြုအပ်သော မနောဒုစရိုက်မရှိ၊ လွန်လေပြီးသောကာလ၌ရင်း နောင်လာလတ္တံ့သောကာလ၌ရင်း မျက်မှောက်ဖြစ်ဆဲကာလ၌ရင်း ဆီးတားပိတ်ပင်တွန့်တိုခြင်းရှိသော ဉာဏ်တော်မရှိ၊ မြတ်စွာဘုရားအား အလုံးစုံသော ကိုယ်ဖြင့်ပြုအပ်သော အမှုသည် ဉာဏ်တော်လျှင် ရှေ့သွားမရှိခြင်းသည် ဉာဏ်တော်သို့ အစဉ်မလိုက်ခြင်း မရှိ၊ နှုတ်ဖြင့်ပြုအပ်သော အမှုသည် ဉာဏ်တော်လျှင် ရှေ့သွားမရှိခြင်းသည် ဉာဏ်တော်သို့အစဉ်မလိုက်ခြင်းမရှိ၊ နှလုံးဖြင့်ပြုအပ်သော အမှုသည် ဉာဏ်တော်လျှင် ရှေ့သွားမရှိခြင်းသည် ဉာဏ်တော်သို့ အစဉ်မလိုက်ခြင်းမရှိ။

၇။ ဤအဆောင်သည် မနိုင်းယှဉ်အပ် တူမျှခြင်းလည်း မရှိ၊ ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့၏ မှီခိုအားထားရာ ကိုးကွယ်ရာလည်း ဖြစ်၏။ ပုန်းအောင်းလည်းလျောင်းရာလည်း ဖြစ်၏၊ သံသရာ တည်းဟူသော ဘေးရန်အပေါင်းကိုလည်း တားမြစ်ပိတ်ပင် ကွယ်ကာဟန့်တားတတ်ပေ၏၊ အလွန်အလွန်မြတ်၏၊ ကြီးမားမြင့်မြတ်သော တန်ခိုးရှိန်စော်အာနုဘော်လည်း ရှိ၏၊ ချစ်သားအနန္ဒာ ဤဓာရကာပရိတ်တော်ကို အမြဲရွတ်၍ ဆောင်လော့၊ မှတ်သားလော့၊ အဖန်ဖန် အထပ်ထပ် မေးမြန်းစူးစမ်း ဆင်ခြင်လော့၊ ထိုသို့ အမြဲရွတ်ဘတ်ရခြင်း ဆောင်ခြင်း မှတ်သားခြင်း မေးမြန်းစူးစမ်း ဆင်ခြင်ခြင်းကို ပြုသောသူ၏ ခန္ဓာကိုယ်၌ မြွေနဂါးတို့၏ ကိုက်ခဲခြင်း အဆိပ်စသော ဘေးဖြင့် မသေနိုင်ရာ၊ ရေ၌ နစ်မွန်း၍ မသေနိုင်ရာ၊မီးလောင်၍ မသေနိုင်ရာ၊ အထူးထူးအပြားပြားများစွာသော

ဘေးရန်အပေါင်းတို့မှ မထိရောက် မပေါ်ပေါက်နိုင်ရာ၊ တစုံတယောက်သော အဘိဇ္ဈာ စိတ်ရှိသူမှန်သမျှ တရက်မျှ မကောင်းကြံခြင်းငှါလည်း မကြံနိုင်ရာ၊ နှစ်ရက် သုံးရက် လေးရက် မကောင်း ကြံခြင်းငှါလည်း မကြံနိုင်ရာ၊ရှုံးသောအနာ မိုက်မဲသော အနာလည်း မဖြစ်နိုင်ရာ၊လူမိုက်တို့သည်ငင်း ဘီလူးတို့သည်ငင်း မနှိပ်စက် မညှဥ်းဆဲ မဖျက်ဆီးနိုင်ရာ။

(ဂ) ထိုမာရဇာပရိတ်တော်သည်(စွမ်းအင်သတ္တိ အာနိသင်)အဘယ်သည်တို့ နည်းဟူမူကား နေ့ခုနစ်စင်း၏ အရှိန် အဝါ ပမာ တန်ခိုးအာနုဘာဝ တည်းဟူသော ဂုဏ်ရှိထသော နဂါး ဂဠုန် ကုမ္ဘဏ် ယက္ခ စသောရန်သူတို့ မဖျက်ဆီ နိုင်အောင် တားမြစ်နိုင်စွမ်းရှိသော သံကွန်ရက်နှင့်တူသော ဘုန်းတန်ခိုးရှိန်စော် အာနုဘော်တည်းဟူသော ဂုဏ်လည်းရှိထသော ရန်သူမျိုးငါးပါးတည်းဟူသော အန္တရာယ်အပေါင်းကိုလည်း ပယ်ရှား တားမြစ်နိုင်၏၊ ကပ်သုံးပါးတို့မှ လွတ်မြောက်နိုင်၏၊ မိခင်သိုက်ဝမ်းကြာတိုက်ခန်း၌ ကိန်းအောင်းမွေ့လျော် နေပျော်သောအခါ၌ အ-ခြင်းဆံ့ ခြင်း နားပင်းခြင်းစသော အနာမျိုးတို့မှ လွတ်စေနိုင်ရာ၏၊ ချောက်ကမ်းပါး သစ်ပင် အမြင့်တို့မှ ကျ၍ သော်လည်း မသေနိုင်ရာ၊ မရသေးသော စည်းစိမ်ချမ်းသာရတနာတို့ကို ရရှိစေနိုင်ရာ၏၊ရရှိပြီးသော ရတနာအမျိုးမျိုး တိုးပွါးစေရာ၏၊ ဟုတ်မှန်သောပညာဉာဏ် အမြင်မှန်ကိုရနိုင်၏၊ချစ်သား အာနန္ဒာ ဤမာရဇာပရိတ်တော်ကို ခုနစ်ဆယ့်ခုနစ်ကုဋေကုန်သော ဘုရားရှင်တို့သည် ကောင်းစွာ ဟောတော်မူအပ်ခဲ့ဘူးပြီး၊ ကောင်းသောအကျိုးနှင့် ယှဉ်ရာ၏၊ မကောင်းသော အကျိုးနှင့် မယှဉ်ရာ၊ ကောင်းသောနှလုံးကို ဆောင်ရာ၏၊ မကောင်းသောနှလုံးကို မဆောင်ရာ၊ သူတော်ကောင်းတို့နှင့် ပေါင်းဘော် ယှဉ်တွဲ မှီဝဲရာ၏၊ သူတော်မဟုတ်သူယုတ်မာတို့နှင့်မပေါင်းဘော် မယှဉ်တွဲ မမှီဝဲရာ၊ ကောင်းသော ကိုယ်ကိုဖြစ်စေရာ၏၊ မကောင်းသော ကိုယ်ကို မဖြစ်စေရာ၊ကောင်းသော အမှုကုသိုလ်ကို ပြုဆောင်ရာ၏၊ မကောင်းသော အမှု အကုသိုလ်ကို မပြုမဆောင်ရာ၊ ကောင်းသော အိပ်မက်ကို မြင်မက်ရာ၏၊ မကောင်းသော တိတ်နိမိတ်ကို မမြင်ရာ၊ သေပြီးသော သစ်ပင်တို့ကို ရှင်စေရာ၏၊ရှင်သော

သစ်ပင် တို့ကိုလည်း အသီးအပွင့် အညွန့်အခက် ပွင့်ဖူးဝေဆာ စေရာ၏၊ အမှောင် အဝိဇ္ဇာ ပယ်ပျောက်၍ အလင်းအဝိဇ္ဇာ ပေါ်ပေါက်ရာ၏။

(၉) ချစ်သား အနန္ဒာ ဤခေရကဏပရိတ်တော်ကို ကိုးဆယ့်ကိုးကုဋေ ကုန်သောဘုရားရှင်တို့သည် ဟောတော်မူအပ်ပြီ၊ မကောင်းသဖြင့် ကြံသောသူတို့၏ အကြံအစည်ကိုလည်း သိမြင်နိုင်ရာ၏၊ လက်နက်အစ ရှိသော ဘေးတို့သည်လည်း မထိရောက်စေနိုင်ရာ၊ ဂါထာ မန္တန်များလည်း ထက်မြက်စေနိုင်ရာ၏၊ ရောဂါအမျိုးမျိုးတို့ကိုလည်း ပယ်ဖျောက် စေနိုင်ရာ၏၊ ကြမ်းတမ်းခက်မာသော အနာမျိုးတို့ကိုလည်း မထိမရောက် မပေါ် ပေါက်စေရာ၊ အနှောင်အဖွဲ့စသည်မှ လွတ်စေနိုင်ရာ၏၊ ဤသို့ ဟုတ်သော သစ္စာစကားကြောင့် အခါခပ်သိမ်း၌ ငါ့အား သင့်အား ငါတို့အား သင်တို့ အား ကိုယ်စိတ်ချမ်းသာ ခြင်းသည် ဖြစ်စေသတည်း။

ဤသည်လျှင် ခေရဏသုတ်မြန်မာပြန် ပြီးပြီ။

---

## အန္တရာယ်ကင်း သစ္စာဆို ဆုတောင်း

(၁) ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

ဗုဒ္ဓါနံ ရူပဿ ရူပဝိလာသဿ ရူပအစိန္တေယျဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

ဗုဒ္ဓါနံ ဣဒ္ဓိယာ ဣဒ္ဓိဝိလာသဿ ဣဒ္ဓိအစိန္တေယျဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

ဗုဒ္ဓါနံ ဝစနဿ ဝစနဝိလာသဿ ဝစနအစိန္တေယျဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

(အကျိုးကား) မိမိ၏အသက် ဉာဏ် အဆင်း တန်ခိုး စကားတို့ကို ရန်သူမကြံနိုင်၊မဖျက်ဆီးနိုင်၊ ဥပဒ္ဒဝဘေးများလည်းမပေါ် ပေါက်နိုင်ခြင်း၊

မောဟစသော ကိုယ်တွင်းရန်များလည်း မနှောင့်ယှက်နိုင်ခြင်း စသည် ခံစားရမည်။

(၂) အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

(အကျိုးကား) မိမိ၏သက်ရှိသက်မဲ့ ကိုယ်ပိုင်ပစ္စည်းကို ရန်သူမဖျက်ဆီးနိုင်ခြင်း အတိတ်အနာဂတ် ပစ္စုပ္ပန် ခေတ်ကာလများ၌ မိမိ၏ ပါရမီဉာဏ်ကို ချုတ်ချယ်သူမပေါ်နိုင်ခြင်း စသော အကျိုးတို့ကို ခံစားရမည်။

(၃) သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

(အကျိုးကား) မိမိတို့၏ ကိုယ်နှုတ်နှလုံး သုံးပါးလုံး၌ ဉာဏ်ပြဋ္ဌာန်းခြင်းရှိပေလိမ့်မည်၊ ဉာဏ်၏နောက်သို့ အစဉ်လိုက်ခြင်း ရှိမည်၊ ဉာဏ်ကို မလွန်ဆံနိုင်ခြင်းစသော အကျိုး ခံစားရမည်။

(၄) နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊
နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဝိပဿနာယ ဟာနိ၊
နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ၊
ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

(အကျိုးကား) မိမိတို့၏ ကောင်းသော သမ္မာ ဆန္ဒ ချမ်းသာသုခ မဆုတ်ယုတ်ခြင်း၊ ကိုယ်ပိုင်ဓမ္မဒေသနာဉာဏ် ရင့်သန်ပြန့်ပွါးခြင်း၊ သန့်ရှင်းသော ဇွဲလုံ့လဝီရိယအား မဆုတ်ယုတ်ခြင်း၊ အားထုတ်သင်ကြားဆဲ ပညာဉာဏ်မဆုတ်ယုတ်ခြင်း၊ ဝိပဿနာဉာဏ် ရင့်သန်လာခြင်း၊ ဝိမုတ္တိဉာဏ် တာဆယ့်ကိုးတန် အမြင်မှန်ပေါ် လာခြင်း စသော အကျိုးများကို ရရှိမည်။

(၅) နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အဖုဋ္ဌံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

(၆) နတ္ထိ တထာဂတဿ ကာယဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ။

(၇) သသဒ္ဒမ္မဂဏုတ္တမော သမ္မာသမ္ဗုဒ္ဓေါ သပရိဝါရံ သညာတိံ ရက္ခတု မံ စိရံ သဒါ၊ သဗ္ဗကာမဒဒေါ ပဟောတု မယှမေဝ စိရံ သဒါ၊ နမော မေ သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

(အကျိုးကား) မိမိအသက်ကို သူတပါးမဖျက်ဆီးနိုင်ခြင်း၊ ဥစ္စာကို မဖျက်ဆီးနိုင်ခြင်း၊ ဉာဏ်ကိုမလွှမ်းနိုင်ခြင်း၊ ရုပ်သန္တာန်ကို မဖျက်ဆီးနိုင်ခြင်း။

## ရတနာရောင်ပြန်ဟပ် ဘုရားရှိခိုးများနှင့် ဆုတောင်း စိတ်တိုင်းကျ ဖန်ဆင်းတော်မူနိုင်ခြင်း

သဇ္ဈုံ ဟေမဥ္စ ရတနံ၊ ဂေဟံ ဝတ္ထဥ္စ ဘောဇနံ။
တဒညေပိ ယထာ စိတ္တံ၊ မာပေယျာဟံ နမေ ဇိနံ။

ယော ဇိနော၊ အကြင် မြတ်စွာဘုရားသည်။ သဇ္ဈုံ၊ ငွေကိုလည်း ကောင်း။ ဟေမဥ္စ၊ ရွှေကိုလည်းကောင်း။ ရတနံ၊ ပုလဲ ပတ္တမြား စသော ရတနာကိုလည်းကောင်း။ ဂေဟံ၊ ကျောင်းအိမ်ရာကို လည်းကောင်း။ ဝတ္ထဥ္စ၊ အဝတ်ကိုလည်းကောင်း။ ဘောဇနံ၊ ဘောဇဉ်ကိုလည်းကောင်း။ တဒညေပိ၊ ထိုမှတပါးသော အလုံးစုံမျိုးတို့ကိုလည်းကောင်း။ ယထာစိတ္တံ၊ စိတ်တော်ရှိတိုင်း။ မာပေယျ၊ ဖန်ဆင်းတော်မူနိုင်၏။ တံ ဇိနံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ နမာမိ၊ ရှိခိုးပါ၏။

## စိတ်တိုင်းကျ ဖန်ဆင်းနိုင်လိုကြောင်း ဆုတောင်း

သဇ္ဈုံ ဟေမဥ္စ ရတနံ၊ ဂေဟံ ဝတ္ထဥ္စ ဘောဇနံ။
တဒညေပိ ယထာ စိတ္တံ၊ မာပေယျံ ကမ္မဇိဒ္ဓိယာ။

အဟံ၊အကျွန်ုပ်သည်။သဇ္ဈုံ၊ငွေကိုလည်းကောင်း။ဟေမဉ္စ၊ရွှေကိုလည်းကောင်း။ရတနဉ္စ၊ပုလဲပတ္တမြားစသော ရတနာကို လည်းကောင်း။ ဂေဟံ၊ ကျောင်းအိမ်ကိုလည်းကောင်း။ ဝတ္ထဉ္စ၊ အဝတ်ထဘီ အင်္ကျီစသည်ကိုလည်းကောင်း။ ဘောဇနံ၊အစားအစာ ဘောဇဉ်ကိုလည်းကောင်း။ တဒညေပိ၊ ထိုမှတပါးသော အလုံးစုံမျိုးတို့ကိုလည်းကောင်း။ကမ္မဇိဒ္ဓိယာ၊ ကံကြောင့်ဖြစ်သောတန်ခိုးဖြင့်။ ယထာစိတ္တံ၊မိမိစိတ်အလိုရှိတိုင်း။မာပေယျံ၊ဖန်ဆင်းနိုင်ရပါလို၏။

ရတနာအမျိုးမျိုးရလိုကြောင်း ဆုတောင်း

စက္ကာဒိသတ္တရတနံ၊ မုတ္တာဒိရတနံ သုဘံ။
ဝတ္ထပ္ပဘူတိရတနံ၊ ဆန္ဒက္ခဏေ လဘာမဟံ။

စက္ကာဒိသတ္တရတနံ၊ စကြာ အစရှိသော ရတနာ ခုနစ်ပါးကိုလည်းကောင်း။သုဘံ၊တင့်တယ်စွာသော။မုတ္တာဒိရတနံ၊ပုလဲအစရှိသော ရတနာခုနစ်ပါးကိုလည်းကောင်း။ ဝတ္ထပ္ပဘူတိရတနံ၊ အဝတ်ထဘီ အင်္ကျီစသော ရတနာမျိုးကို လည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ ဆန္ဒက္ခဏေ၊ အလိုရှိသောခဏ၌။ လဘာမိ၊ ရလိုပါ၏ဘုရား။

(တောင်တွင်းဆရာတော်ရေး သုတဝန္ဒနာမှ) ဖော်ပြလိုက်ပါသည်။ ယခုလိုစီးပွါးရေး ကြပ်တည်းခက်ခဲနေသော အချိန်အခါမျိုး၌ တမှိုင်မှိုင် တငူငူ တတွေတွေ စိတ်ညစ်နေကြမည့်အစား ဘုရားရှိခိုးကျက်မှတ်ခြင်း၊ ဆုတောင်းကျက်မှတ်ခြင်းတို့ဖြင့် အချိန်ကို ကုန်လွန်စေခြင်းသည် လူ့ဘဝရကျိုးနပ်စေဘို့ပင် ဖြစ်၏၊ အချိန်ကို ဖြုန်းသူသည် လူ့သစ်တုံးနှင့်တူ၏၊ အချိန်မဖြုန်းသူသည် လူ့ရွှေတုံးနှင့်တူ၏။ ဤစကားကို ရည်သန်၍—

(၁) အချိန်ကိုဖြုန်း၊ လူ့သစ်တုံး၊ နောက်ဆုံးရောက်လိမ့်မည်။

(၂) အချိန်မဖြုန်း၊ လူ့ရွှေတုံး၊ ရှေ့ဆုံးရောက်လိမ့်မည်။

## ဥတ္တမပုရိသ ယောကျ်ားထူး ယောကျ်ားမြတ်ဖြစ်ရန် ဆုတောင်းဂါထာ အနက်

ဒဒါမိ ဒက္ခိဏေယျာနံ၊ ဣဒံ နိဗ္ဗာနပါပကံ။
တေန ဘဝေသု သဒ္ဓေါဟံ၊ ဘဝေ ပုရိသုတ္တမော ဓုဝံ။

အဟံ၊ ရုပ်နာမ်နှစ်ရပ် ပရမတ်၌ ပညတ်တင်ခေါ် တပည့်တော်သည်။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်ထုတ်ချောက် ဆုံးခန်းပေါက်အောင် ရောက်စေတတ်သော။ ဣဒံ၊ ပုပ္ဖ မုဠ္ဌ ပရဖွေးဖြူ ဤဆွမ်း, ပန်း, ရေချမ်း, ဆီမီး အလှူကို။ ဒက္ခိဏေယျာနံ၊ ကျေးဇူးကြီးလှ မွေးမိဘနှင့် သင်ပြဆရာ ရတနာသုံးတန် အလှူခံပုဂ္ဂိုလ်တို့အား။ ဒဒါမိ၊ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်ဖြူ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။

တေန၊ ထိုသို့ သဒ္ဓါထက်သန် စိမ့်ပြုစု မြတ်ကောင်းမှုကြောင့်။ ဘဝေသု၊ လူ့ဘုံနတ်ဘုံ ကြိုက်ကြုံဖြစ်ရ ထိုထိုသို့သော ဘဝတို့၌။ သဒ္ဓေါ၊ သဒ္ဓါတရားနှင့်ပြည့်စုံသော။ ပုရိသုတ္တမော၊ တုဘက်ယှဉ်ဘက် ပြိုင်ဘက်ကင်းပျောက် တမိုးအောက်ဝယ် တယောက်ထည်းပေါက်ဖွားသော ယောကျ်ားထူး ယောကျ်ားမြတ်သည်။ ဓုဝံ၊ မချွတ်မလွဲ အမြဲကေန်။ ဘဝေ ဘဝါမိ၊ ပတ္ထနာစိတ်သန် အဓိဋ္ဌာန်ကြောင့် အမှန်စင်စစ် ဖြစ်ရပါလို၏ အရှင်ဘုရား။

# မေတ္တာဘာဝနာ ပွါးနည်း

အခါတပါး ဓမ္မဒိန္နနတ်သားက မြတ်စွာဘုရားအား လျှောက်ထားသည်မှာ– "ကြီးမြတ်သော ဘုန်းတန်ခိုးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ဤလောက၌ အချစ်မြတ်နိုးဆုံးသော ပုဂ္ဂိုလ်ကား သားသမီးရတနာပါတည်း၊ သားသမီးရတနာနှင့်တူသော ချစ်မြတ်နိုးသောသူ မရှိပါဘုရား။

(ဗုဒ္ဓ) ဓမ္မဒိန္နနတ်သား၊ ဤလောက၌ အချစ်မြတ်နိုးဆုံးပုဂ္ဂိုလ်ကား မိမိကိုယ်တည်း၊ မိမိကိုယ်ထက်ပို၍ ချစ်သောသူ မရှိ-ဟု ဟောတော်မူလေသည်။

(ဓမ္မဒိန္နနတ်သား) ဘုရားတပည့်တော်သည် သားသမီးရတနာကို အလွန်ချစ်မြတ်နိုးလှပါ၍ ယခုလို လျှောက်ထားရခြင်း ဖြစ်ပါသည်ဘုရား။

(ဗုဒ္ဓ) ဓမ္မဒိန္နနတ်သား၊ မိမိကိုယ်သည်သာလျှင် မိမိကိုးကွယ်အားထားရာအစစ် ဖြစ်၏၊ မိမိကိုယ်ထက် ပို၍ ချစ်သောသူ မရှိပေ-ဟု မိန့်တော်မူ၏၊ ဤမိန့်တော်မူသည်ကို ထောက်ထား၍ မိမိကိုယ်ကို မိမိ အချစ်မြတ်နိုးဆုံးဖြစ်သူသည် ပဌမလက်မွန်မဆွ မိမိအတွက် ဦးစွာ မေတ္တာဘာဝနာကို ယခုလို ပွါးများကြပါကုန်။

### မိမိအတွက် မေတ္တာဘာဝနာ ပွါးနည်း

> အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ၊ ဒုက္ခာ မုစ္စာမိ၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆာမိ၊ ကမ္မဿကော။

ဟူ၍ အနဲဆုံး သုံးခေါက်ပွါးများကာ ငါးခေါက် ခုနစ်ခေါက် ကိုးခေါက် ပွါးများနိုင်ပါမူ ပို၍ကောင်းမွန်လှပါသည်။

## မိမိကိုယ်အတွက် မေတ္တာပွါးနည်း

ငါသည် ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်သက်သောသူ ဤရန်သူမျိုး ငါးပါးဘေးမှ ကင်းဝေးသည် ဖြစ်ရပါလို၏၊ စိုးရိမ်ပူဆွေး ကြောင့်ကြ ဘေးမှ ကင်းဝေးသည် ဖြစ်ရပါလို၏၊ ရုပ်နာမ်ကိုညှဉ်း ဆင်းရဲခြင်းဘေးမှ ကင်းဝေးသည် ဖြစ်ရပါလို၏၊ မိမိကိုယ်ကို ချမ်းသာစွာ အဖန်ဖန်အခါခါ စောင့်ရှောက်နိုင်ရပါလို၏၊ ချမ်းသာကွယ်ပျောက် ဆင်းရဲသို့ရောက်ခြင်း ဘေးမှ ကင်းဝေးလွတ်မြောက်ရပါလို၏၊ ထူးလည်ရအပ် မြတ်သောပြည့်စုံခြင်းမှ မယွင်းမရွေ့ ပြကတေ့ပင် အမြဲအစဉ် ကြည်လင်ချမ်းမြေ့ ပန်းရေတွေ့ပမာ ဆင့်ဆင့်ခိုင်မာ မြဲမြံစွာ ဆောင်ရွက်နိုင်ပါလို၏။ ကံသာလျှင် မိမိဥစ္စာရှိသည်ဖြစ်ရပါလို၏။

ထို့နောက် ယခု ပစ္စက္ခမျက်မှောက်ဘဝ၌ ထင်ရှားရှိသော မိဘနှစ်ပါး ဆရာသမားနှင့် လွန်ပြီး အတိတ်ဘဝပေါင်း များစွာက ကျေးဇူးများဘူးသော ကျေးဇူးရှင် မိဟောင်း ဘဟောင်း ဆရာဟောင်း တို့ကိုရင်း၊ ပစ္စုပ္ပန် အတိတ်ဘဝတို့၌ တော်စပ်ခဲ့ဘူးသော အဘိုး အဖွား စသော ဆွေမျိုးဉာတိ သင်္ဂဟ-မိတ္တ-ဗန္ဓဝ-ကလျာဏ သူတော်စဉ် အပေါင်းတို့ကိုရင်း၊ ဥပါသကာ-ဥပါသကီ သီလဖြူစင် ယောဂီဝင် သူတော်စဉ်အပေါင်း တို့ကိုရင်း၊ သာသနာတော်အား ဆွမ်း သင်္ကန်း ကျောင်း ဆေး လေးပါး ကုန်သော ပစ္စည်းတို့ကို ထောက်ပံ့အားပေးကြကုန်သော ပစ္စည်းလေးဖြာ ပေးလှူသူ ဒါယကာ ဒါယိကာမ အပေါင်းတို့ကိုရင်း၊ ရဟန်းတော် အချင်းချင်း တဦးနှင့်တဦး ထူးကဲသော မေတ္တာဖြင့် စေတနာ အပြည့် အဝ ထားရှိကြကာ မွန်မြတ်လှစွာသော ခဲဘွယ် ဘောဇဉ် ချိုချဉ်ရသာ အစာအာဟာရတို့ကို အပြန်အလှန် ပေးကမ်းခြင်း၊ ပို့လှူခြင်း၊ လက်ဆောင်ကောင်းတို့ကို ပေးပို့စေခြင်း စသော ပုဂ္ဂိုလ်တို့ကိုရင်း စေတနာ သန့်စင် ဉာဏ်၌ နှလုံးသွင်းဆင်ခြင်၍ ကြည်လင်လှစွာ အောက်ပါ သြဒိဿ ဘာဝနာကို ပွါးများကြကုန်ရာ၏။

## ရှင်ရဟန်းတို့က မိဘဆရာစသော ပုဂ္ဂိုလ်မြတ်တို့အား မေတ္တာဘာဝနာ ပွါးနည်း

မာတာပိတု အာစရိယ ဉာတိမိတ္တသမူဟာ ဥပါသကာ ဥပါသိကာ စတုပစ္စယဒါယကာ၊ အမှာကံ စတုပစ္စယဒါယကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

ဤသို့ သာသနာ့ဝန်ထမ်း ရဟန်း-သာမဏေများက မေတ္တာပွါးများ ပို့ကြကုန်ရာ၏။

## ရှင်ရဟန်း တို့က မိဘဆရာ စသော ပုဂ္ဂိုလ်မြတ်တို့အား မြန်မာလို မေတ္တာဘာဝနာ ပွါးနည်း

မိဘ-ဆရာ ဆွေသား ဉာတိ မျက်မှောက်ရှိ ပုဂ္ဂိုလ် အပေါင်းတို့သည်ရင်း၊ ဥပါသကာ-ဥပါသိကာ-လေးလီပစ္စယ စွန့်ကြဲကြသူ လူပုဂ္ဂိုလ်အပေါင်းတို့သည်ရင်း၊ မုန်းမာန်မျက်ပွါး ငါးပါးရန်ဘေး ကင်းဝေးကြပါစေကုန်သတည်း၊ ကြောင့်ကြပူဆာ ဗျာပါကင်းစင် ကြည်လင်ကြပါစေကုန်သတည်း၊ ပူလောင်ထန်ပြင်း ဆင်းရဲခြင်း ကင်းကြပါစေကုန်သတည်း၊ ချမ်းသာမြဲစွာ မိမိတို့၏ ခန္ဓာကိုယ်ကို စောင့်ရှောက်နိုင်ကြ ပါစေကုန်သတည်း၊ ဆင်းရဲခြင်းဘေး ကင်းဝေးလွတ်မြောက်ကြပါစေကုန်သတည်း၊ ရရသမျှ သုခသမ္ပတ် ရပ်တည်မသွေ့ မရွေ့ရှားဘဲ ခိုင်မြဲကြပါစေကုန် သတည်း။ ကံသာလျှင် မိမိဥစ္စာရှိကုန်သည် ဖြစ်ကြပါစေကုန်သတည်း။

## လူပုဂ္ဂိုလ်များအတွက် မေတ္တာဘာဝနာ ပွါးများနည်း

မာတာပိတု အာစရိယ ဉာတိမိတ္တသမူဟာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

ဤကား အိမ်ယာတည်ထောင် လူ့ဘောင်၌ နေထိုင်ကြကုန်သော လူပုဂ္ဂိုလ်တို့၏ ဩဒိဿမေတ္တာ ဘာဝနာပွါးနည်းတည်း၊ အနက် မြန်မာ သိသာပြီ။

## မြေစောင့်နတ် စသည်တို့ကို မေတ္တာဘာဝနာ ပွါးနည်း

ဘုမ္မဋ္ဌဒေဝတာ၊ ရုက္ခဋ္ဌဒေဝတာ၊ အာကာသဋ္ဌဒေဝတာ၊ အာရက္ခဒေဝတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

ဤကား မြေစောင့်နတ်, သစ်ပင်စောင့်နတ်, ကောင်းကင်စောင့်နတ် အရံစောင့်နတ်တို့အား ဩဒိဿမေတ္တာ ဘာဝနာပွါးနည်းတည်း။

## မြေစောင့်နတ် စသည်တို့ကို မြန်မာဘာသာ မေတ္တာပွါးနည်း

မြေစောင့်နတ် တို့သည်ငှင်း၊ သစ်ပင်စောင့် နတ်တို့သည်ငှင်း၊ ကောင်း ကင်စောင့်နတ်တို့သည်ငှင်း၊ သက်ရှိ, သက်မဲ့ အစောင့်အရှောက် နတ်တို့ သည်ငှင်း အချင်းချင်း ရန်မရှိကြကုန်သည် ဖြစ်စေကုန်သတည်း၊ အချင်း ချင်း ငြူစူစောင်းမြောင်းခြင်း မရှိကြကုန်သည် ဖြစ်စေကုန်သတည်း၊ ပူလောင်ထန်ပြင်း ဆင်းရဲခြင်း မရှိကြကုန်သည် ဖြစ်စေကုန်သတည်း၊ ချမ်း သာစွာ မိမိကိုယ်ကို အကျိုးများ၍ တိုးပွါးအောင် ဆောင်ရွက်နိုင်ကြစေ ကုန်သတည်း၊ ဆင်းရဲအပေါင်းမှ လွတ်စေကုန်သတည်း၊ အမြဲတည်သော စည်းစိမ်ချမ်းသာမှ မကင်းကွာကြသည် ဖြစ်ကြစေကုန်သတည်း။ ကံသာ လျှင် မိမိဥစ္စာ ရှိကြကုန်သည် ဖြစ်စေကုန်သတည်း။

## လူရှင်ရဟန်းတို့ ဩဒိဿအနောဒိဿ မေတ္တာဘာဝနာ ပွါးနည်း

သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊ သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊

အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

ဤကား အနောဒိဿမေတ္တာ ဘာဝနာငါးပါးနှင့် ဩဒိဿမေတ္တာဘာဝနာ ခုနစ်ပါး ပွါးများနည်းတည်း။

## လူရှင်ရဟန်းတို့ ဩဒိဿ အနောဒိဿ မေတ္တာဘာဝနာ မြန်မာလို ပွါးနည်း

ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော အာရုံတို့၌ ငြိခြင်းလက္ခဏာရှိကုန်သောသတ္တဝါတို့သည်ရှင်း၊ ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော ထွက်သက်ဝင်သက်ရှိကုန်သော ဥပပါတ်ပဋိသန္ဓေနေသော သူတို့သည်ရှင်း၊ ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော ပုဂ္ဂိုလ်တို့သည်ရှင်း၊ ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော ကိုယ်အတ္တဘော၌ အကျုံးဝင်သောသူတို့သည်ရှင်း၊ ကြွင်းကျန်မတိမ်း ခပ်သိမ်းသောမိန်းမတို့သည်ရှင်း၊ ကြွင်းကျန်မတိမ်း ခပ်သိမ်းသောယောကျ်ားတို့သည်ရှင်း၊ ကြွင်းကျန်မတိမ်း ခပ်သိမ်းသော အရိယာသူမြတ်တို့သည်ရှင်း၊ ကြွင်းကျန်မတိမ်း ခပ်သိမ်းသော ပုထုဇဉ်တို့သည်ရှင်း၊ ကြွင်းကျန်မတိမ်း ခပ်သိမ်းသော နတ်တို့သည်ရှင်း၊ ကြွင်းကျန်မတိမ်း ခပ်သိမ်းသော လူတို့သည်ရှင်း၊ ကြွင်းကျန်မတိမ်း ခပ်သိမ်းသော အသူရာ နတ်တို့သည်ရှင်း အချင်းချင်း ရန်မရှိကြကုန်သည် ဖြစ်စေကုန်သတည်း၊ အချင်းချင်း ငြူစူစောင်းမြောင်းခြင်း မရှိကြကုန်သည် ဖြစ်စေကုန်သတည်း၊ ပူလောင်ထန်ပြင်း ဆင်းရဲခြင်း မရှိကြကုန်သည် ဖြစ်စေကုန်သတည်း၊ ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြစေကုန်သတည်း၊ ဆင်းရဲအပေါင်းမှ လွတ်ကြစေကုန်သတည်း၊ အမြဲတည်သော စည်းစိမ်ချမ်းသာမှ မကင်းကွာကြသည် ဖြစ်စေကုန်သတည်း၊ ကံသာလျှင် မိမိဥစ္စာရှိကြကုန်သည် ဖြစ်စေကုန်သတည်း။

## ဒိသာဖရဏ မေတ္တာဘာဝနာ ပွါးနည်း

ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနု-

ဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ဒက္ခိဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ၊ သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု ကမ္မဿကာ။

ဟူ၍လည်း ရွတ်ဆို၍ မေတ္တာပို့ခြင်းကိုလည်း ပြုနိုင်သည်၊ ဤကား ဒိသာဖရဏမေတ္တာပွါးနည်းတည်း။

## ဒိသာဖရဏ မြန်မာလို မေတ္တာဘာဝနာ ပွါးနည်း

အရှေ့မျက်နှာအရပ်၌ရှင်း,အနောက်မျက်နှာအရပ်၌ရှင်း,မြောက်မျက်နှာအရပ်၌ရှင်း,တောင်မျက်နှာအရပ်၌ရှင်း, အရှေ့တောင်ထောင့် အရပ်၌ရှင်း, အနောက်မြောက်ထောင့်အရပ်၌ရှင်း, အရှေ့မြောက်ထောင့် အရပ်၌ရှင်း,အနောက်တောင်ထောင့် အရပ်၌ရှင်း, အောက်အရပ်၌ရှင်း, အထက်အရပ်၌ရှင်း, ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သောအာရုံ၌ ငြိခြင်းလက္ခဏာရှိကုန်သော သတ္တဝါတို့သည်ရှင်း, ခပ်သိမ်းကုန်သော ထွက်သက် ဝင်သက်ရှိကုန်သော သတ္တဝါတို့သည်ရှင်း,ခပ်သိမ်းကုန်သော ဇာတိမကင်း ပဋိသန္ဓေနေခြင်းရှိကုန်သော သူတို့သည်ရှင်း, ခပ်သိမ်းကုန်သော ပုဂ္ဂိုလ်တို့သည်ရှင်း, ခပ်သိမ်းကုန်သော ကိုယ်အတ္တဘော၌ အကျုံးဝင်သောသူတို့သည်ရှင်း, ခပ်သိမ်းသော မိန်းမတို့သည်ရှင်း ခပ်သိမ်းသော ယောကျ်ားတို့သည်ရှင်း, အရိယာနွယ်ဇာတ် ခပ်သိမ်းကုန်သော သူမြတ်တို့သည်ရှင်း, သုဒ္ဓိတိဝင် ခပ်သိမ်းသောပုထုဇဉ်တို့သည်ရှင်း,ခပ်သိမ်းများမြတ်နတ်တို့သည်ရှင်း, များစွာပြောထူ ခပ်သိမ်းသော လူတို့သည်ရှင်း, ခပ်သိမ်းများစွာ ဝိနိပါတိက အသူရာနတ်တို့သည်ရှင်း ရှိကုန်၏။ ထိုခပ်သိမ်းကုန်သော သတ္တဝါတို့သည် အချင်းချင်း ရန်တုံ့ခြင်း မရှိကြကုန်သည် ဖြစ်စေကုန်သတည်း၊ အဘိဇ္ဈာမနော သဘောမသွင်း အချင်းချင်း ငြူစူစောင်းမြောင်းခြင်း

မရှိကြကုန်သည် ဖြစ်စေကုန်သတည်း၊ ပူလောင်ထန်ပြင်း ဆင်းရဲခြင်းမရှိကြကုန်သည် ဖြစ်စေကုန်သတည်း၊ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြစေကုန်သတည်း၊ ဆင်းရဲအပေါင်းမှလွတ်စေကုန်သတည်း၊ အမြဲတည်မိရရှိပြီးသော စည်းစိမ်ချမ်းသာမှ ရွေ့ရှားပျက်ယွင်း မကင်းကြစေသတည်း၊ ကံသာလျှင် မိမိဥစ္စာရှိကြကုန်သည် ဖြစ်စေကုန်သတည်း။

အထက်ဘဝဂ်ဘုံမှ အဝီစိငရဲအထိ တည်ရှိကြကုန်သော မြေ၌ ကျက်စားသော သတ္တဝါ ရေ၌ ကျက်စားသော သတ္တဝါ လေ၌ ကျက်စားသော သတ္တဝါတို့ကို မေတ္တာဘာဝနာ ပွါးနည်း

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာနုပဒ္ဒဝါ။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ဥဒကေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာနုပဒ္ဒဝါ။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ အာကာသေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာနုပဒ္ဒဝါ။

၁။ ပထဝီစရာ၊ မြေ၌ ကျင်လည် ကျက်စား ကြကုန်သော သတ္တဝါ အပေါင်းတို့သည်။

၂။ ဥဒကေစရာ၊ ရေ၌ ကျင်လည် ကျက်စား ကြကုန်သော သတ္တဝါ အပေါင်းတို့သည်။

၃။ အာကာသေစရာ၊ ကောင်းကင်၌ ကျင်လည် ကျက်စားကြကုန်သော သတ္တဝါ အပေါင်းတို့သည်။

အထက် ဘဝဂ်ဘုံမှ အောက်အဝီစိတိုင်အောင် မြေ၌ ကျက်စားကြကုန်သော၊ ရေ၌ ကျက်စားကြကုန်သော၊ လေ၌ ကျက်စား ကြကုန်သော

အကြင် သတ္တဝါအပေါင်းတို့သည် ထင်ရှားရှိကြကုန်၏၊ ကြောင့်ကြစိုးရိမ်ခြင်းမှ ကင်းဝေးကြပါစေကုန်သတည်း၊ ရန်မရှိကြပါစေကုန်သတည်း၊ ဆင်းရဲအပေါင်းမှ ကင်းဝေးကြပါစေကုန်သတည်း၊ ဥပဒ္ဒဝေါ အပေါင်းမှ ကင်းဝေးကြပါစေကုန်သတည်း။

## ဒေဝတာပိယ မေတ္တာပွါးနည်း
## နတ်ပြဟ္မာများ ချစ်ခင်ကြည်ညိုစေတတ်သော မေတ္တာပွါးနည်း

ဒူရေ အဝိဒူရေ ဝသန္တာ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ တသာ၊ သဗ္ဗေ ထာဝရာ၊ သဗ္ဗေ ဒီဃာ၊ သဗ္ဗေ မဟန္တာ၊ သဗ္ဗေ မဇ္ဈိမာ၊ သဗ္ဗေ ရဿကာ၊ သဗ္ဗေ အဏုကာ၊ သဗ္ဗေ ထူလာ၊ သဗ္ဗေ ဒိဋ္ဌာ၊ သဗ္ဗေ အဒိဋ္ဌာ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ယေ သတ္တာ ဘဝန္တု သုခိတတ္တာ။

## အနက်မြန်မာပြန် ပွါးနည်း

တရပ်တကျေး ခရီးဝေး၌ အနီးအနား ကိုယ့်အပါး၌ ကြမ္မာအလိုက် စရိုက်သင့်လျော် ပျော်၍ နေကြကုန်သော ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော ခန္ဓာငါးပါး ထင်ရှားရှိကုန်သော အကြင် ပဉ္စဝေါကာရဘုံ၌ ဖြစ်ကြိုက်များစွာ သတ္တဝါတို့သည် ထင်ရှားပကတိ ရှိကြကုန်၏၊ ထိုပဉ္စဝေါကာရ သတ္တဝါတို့သည် ရောဂါမသန်း ချမ်းသာကုန်သည် ဖြစ်စေကုန်သတည်း၊ နှိပ်စက်ကင်းဝေး ဘေးမရှိကုန်သည်ဖြစ်စေကုန်သတည်း၊ဗျာပါပူရေး လွတ်ကင်းဝေး၍ ချမ်းအေးကိုယ်စိတ် နိစ္စပကတိ ရှိကုန်သည်ဖြစ်စေကုန်သတည်း။

တရပ်တကျေး ခရီးဝေး၌ အနီးအနား ကိုယ့်အပါး၌ ကြမ္မာအလိုက် စရိုက်သင့်လျော် ပျော်နေကြကုန်သော ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော နာမက္ခန္ဓာလေးပါး ရူပက္ခန္ဓာတပါး ထင်ရှားရှိကုန်သော အကြင် စတုဝေါကာရဘုံ ဧကဝေါကာရဘုံ၌ ဖြစ်ကြိုက်များစွာ သတ္တဝါတို့သည် ထင်ရှားပကတိရှိကြကုန်၏၊ထိုစတုဝေါကာရဧကဝေါကာရသတ္တဝါတို့သည် ရောဂါမသန်း ချမ်းသာကုန်သည်ဖြစ်စေကုန်သတည်း၊ နှိပ်စက် ကင်းဝေး

ဘေးမရှိကုန်သည် ဖြစ်စေကုန်သတည်း၊ ဗျာပါပူရေး လွတ်ကင်းဝေး၍ ချမ်းအေးကိုယ်စိတ် နိစ္စပကတိ ရှိကုန်သည်ဖြစ်စေကုန်သတည်း။

တရပ်တကျေး ခရီးဝေး၌ အနီးအနား ကိုယ့်အပါး၌ ကြမ္မာအလိုက် စရိုက်သင့်လျော် ပျော်နေကြကုန်သော ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော တုန်လှုပ်ထိတ်လန့် ကြောက်ရွံ့တတ်ကုန်သော အကြင်ပုထုဇဉ်သေက္ခ မည်ရများစွာ သတ္တဝါတို့သည် ထင်ရှားပကတိ ရှိကြကုန်၏၊ ထိုပုထုဇဉ် သေက္ခသတ္တဝါတို့သည် ရောဂါမသန်း ချမ်းသာကုန်သည် ဖြစ်စေကုန် သတည်း၊ နှိပ်စက်ကင်းဝေး ဘေးမရှိကုန်သည် ဖြစ်စေကုန်သတည်း၊ ဗျာပါပူရေး လွတ်ကင်းဝေး၍ ချမ်းအေးကိုယ်စိတ် နိစ္စပကတိ ရှိကုန်သည် ဖြစ်စေကုန်သတည်း။

တရပ်တကျေး ခရီးဝေး၌ အနီးအနား ကိုယ့်အပါး၌ ကြမ္မာအလိုက် စရိုက်သင့်လျော် ပျော်နေကြကုန်သော ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော ငြိမ်သက်တည်ကြည် မှုနည်းလွတ်ကင်း ကြောက်ရွံ့ခြင်းမရှိကုန်သော အကြင် အရဟတ္တဖလ ရသည်များစွာ ရဟန္တာတို့သည် ထင်ရှားပကတိ ရှိကြကုန်၏၊ ထိုရဟန္တာတို့သည် ရောဂါမသန်း ချမ်းသာကုန်သည်ဖြစ်စေ ကုန်သတည်း၊ နှိပ်စက်ကင်းဝေး ဘေးမရှိကုန်သည် ဖြစ်စေကုန်သတည်း၊ ဗျာပါပူရေး လွတ်ကင်းဝေး၍ ချမ်းအေးကိုယ်စိတ် နိစ္စပကတိ ရှိကုန်သည် ဖြစ်စေကုန်သတည်း။

တရပ်တကျေး ခရီးဝေး၌ အနီးအနား ကိုယ့်အပါး၌ ကြမ္မာအလိုက် စရိုက်သင့်လျော် ပျော်နေကြကုန်သော ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော ကိုယ်သဏ္ဌာန်များ ရှည်လျားကုန်သော အကြင် မြွေနှင့် နဂါး ကင်းငါးမြွေ့ကျွတ် တီပွတ်ငါးမြွေ မြေလျှိုးငါးရှဉ့် မိချောင်းနှင့်ငါး ဖောင်ရိုး ကျောက်ရှည်မျိုးဟု ခေါ်ရိုးများစွာ သတ္တဝါတို့သည် ထင်ရှား ပကတိ ရှိကြကုန်၏၊ ထိုကျောက်ရှည်မျိုးတို့သည် ရောဂါမသန်း ချမ်းသာ ကုန်သည် ဖြစ်စေကုန်သတည်း၊ နှိပ်စက်ကင်းဝေး ဘေးမရှိကုန်သည် ဖြစ် စေကုန်သတည်း၊ ဗျာပါပူရေး လွတ်ကင်းဝေး၍ ချမ်းအေးကိုယ်စိတ် နိစ္စပကတိ ရှိကုန်သည် ဖြစ်စေကုန်သတည်း။

တရပ်တကျေး ခရီးဝေး၌ အနီးအနား ကိုယ့်အပါး၌ ကြမ္မာအလိုက် စရိုက်သင့်လျော် ပျော်နေကြကုန်သော ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော ကိုယ်သန္တာန် စည်ကားကြီးမားကုန်သော အကြင် ရေလိပ်ကုန်းဆင် နတ်တွင်အသူရိန် ပြဟ္မိန်ပြဟ္မာ သတ္တဝါတို့သည် ထင်ရှား ပကတိ ရှိကြကုန်၏၊ ထိုရေလိပ်ကုန်းဆင် သတ္တဝါတို့သည် ရောဂါမသန်း ချမ်းသာကုန်သည် ဖြစ်စေကုန်သတည်း။ နှိပ်စက်ကင်းဝေး ဘေးမရှိကုန်သည် ဖြစ်စေကုန်သတည်း၊ ဗျာပါပူရေး လွတ်ကင်းဝေး၍ ချမ်းအေးကိုယ်စိတ် နိစ္စပကတိ ရှိကုန်သည်ဖြစ်စေကုန်သတည်း။

တရပ်တကျေး ခရီးဝေး၌ အနီးအနား ကိုယ့်အပါး၌ ကြမ္မာအလိုက် စရိုက်သင့်လျော် ပျော်နေကြကုန်သော ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော မကြီးမငယ် အလယ်အလတ် ဖြစ်ကုန်သော အကြင်စိုင်ဆတ်ကျွဲနွား မြင်းလားခွေးဝက် ကြက်ငှက်များစွာ သတ္တဝါတို့သည် ထင်ရှားပကတိ ရှိကြကုန်၏၊ ထိုစိုင်ဆတ်ကျွဲနွား မြင်းလားခွေးဝက် ကြက်ငှက်များစွာ သတ္တဝါတို့သည် ရောဂါမသန်း ချမ်းသာကုန်သည် ဖြစ်စေကုန်သတည်း၊ နှိပ်စက်ကင်းဝေး ဘေးမရှိကုန်သည် ဖြစ်စေကုန်သတည်း၊ ဗျာပါပူရေး လွတ်ကင်းဝေး၍ ချမ်းအေးကိုယ်စိတ် နိစ္စပကတိ ရှိကုန်သည် ဖြစ်စေကုန်သတည်း။

တရပ်တကျေး ခရီးဝေး၌ အနီးအနား ကိုယ့်အပါး၌ ကြမ္မာအလိုက် စရိုက်သင့်လျော် ပျော်နေ ကြကုန်သော ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော ပုလုကုန်းကွ တိုတောင်းလှ၍ ရဿကပညတ် ခေါ်ဝေါ်အပ်ကုန်သော အကြင်လယ်ပုဇွန် ပင့်ကူဟူအပ် များစွာသော သတ္တဝါတို့သည် ထင်ရှား ပကတိ ရှိကြကုန်၏၊ ထိုလယ်ပုဇွန် ပင့်ကူဟူအပ် များစွာသော သတ္တဝါတို့သည် ရောဂါမသန်း ချမ်းသာကုန်သည် ဖြစ်စေကုန်သတည်း၊ နှိပ်စက် ကင်းဝေး ဘေးမရှိကုန်သည် ဖြစ်စေကုန်သတည်း၊ ဗျာပါပူရေး လွတ်ကင်းဝေး၍ ချမ်းအေးကိုယ်စိတ် နိစ္စပကတိ ရှိကုန်သည်ဖြစ်စေကုန်သတည်း။

တရပ်တကျေး ခရီးဝေး၌ အနီးအနား ကိုယ့်အပါး၌ ကြမ္မာအလိုက် စရိုက်သင့်လျော် ပျော်နေကြကုန်သော ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော မံသစက္ခု မျက်စိမှုဖြင့် ရှုအပ်မထင် မမြင်ထိုက်ကုန်သော အကြင်

သန်း ကမျဉ်းနီ စသည်များစွာ သတ္တဝါတို့၏ ခန္ဓာတဝိုက် ကိုယ်၌ထင်ရှား ဖြစ်ပွါးများစွာ သတ္တဝါတို့သည် ထင်ရှားပကတိ ရှိကြကုန်၏၊ ထိုမံသစက္ခု မျက်စိမှုဖြင့် မရှုအပ်ရာ သတ္တဝါတို့သည် ရောဂါမသန်း ချမ်းသာကုန်သည် ဖြစ်စေကုန်သတည်း၊ နှိပ်စက်ကင်းဝေး ဘေးမရှိကုန်သည် ဖြစ်စေကုန် သတည်း၊ ဗျာပါပူရေး လွတ်ကင်းဝေး၍ ချမ်းအေးကိုယ်စိတ် နိစ္စပကတိ ရှိကုန်သည်ဖြစ်စေကုန်သတည်း။

တရပ်တကျေး ခရီးဝေး၌ အနီးအနား ကိုယ့်အပါး၌ ကြမ္မာအလိုက် စရိုက်သင့်လျော် ပျော်နေကြကုန်သော ကြွင်းကျန်မတိမ်း ခပ်သိမ်း ကုန်သော ပရိသမန္တ ညီမျှအတူ ကိုယ်ဆူကုန်သော အကြင် လင်းပိုင် ယောက်သွား ငါးလိပ်များစွာ သတ္တဝါတို့သည် ထင်ရှားပကတိ ရှိကြ ကုန်၏၊ ထို လင်းပိုင်ယောက်သွား ငါးလိပ်များစွာ သတ္တဝါ တို့သည် ရောဂါမသန်း ချမ်းသာကုန်သည် ဖြစ်စေကုန်သတည်း၊ နှိပ်စက်ကင်းဝေး ဘေးမရှိကုန်သည် ဖြစ်စေကုန်သတည်း၊ ဗျာပါပူရေး လွတ်ကင်းဝေး၍ ချမ်းအေးကိုယ်စိတ် နိစ္စပကတိ ရှိကုန်သည် ဖြစ်စေကုန်သတည်း။

တရပ်တကျေး ခရီးဝေး၌ အနီးအနား ကိုယ့်အပါး၌ ကြမ္မာအလိုက် စရိုက်သင့်လျော် ပျော်နေကြကုန်သော ကြွင်းကျန် မတိမ်း ခပ်သိမ်း ကုန်သော ချက်တွေ့ထင်ထင် မြင်ဘူးကုန်သော အကြင်သို့သသူ ဟူအပ် များစွာ သတ္တဝါ တို့သည် ထင်ရှားပကတိ ရှိကြကုန်၏၊ ထို မြင်ဘူး များစွာ မမြင်ဘူးပါ သတ္တဝါတို့သည် ရောဂါမသန်း ချမ်းသာကုန်သည် ဖြစ်စေကုန်သတည်း၊ နှိပ်စက်ကင်းဝေး ဘေးမရှိကုန်သည် ဖြစ်စေကုန် သတည်း၊ ဗျာပါပူရေး လွတ်ကင်းဝေး၍ ချမ်းအေးကိုယ့်စိတ် နိစ္စပကတိ ရှိကုန်သည်ဖြစ်စေကုန်သတည်း။

## နတ်ချစ်ဆေးခေါ် ဒေဝတာပိယ မေတ္တာပွါးနည်း (ဒုတိယ)

ဒူရေ အဝိဒူရေ ဝသန္တာ သဗ္ဗေ ဘူတာ သဗ္ဗေ သမ္ဘဝေသီဝါ သုခိနော ဟောန္တု၊ ခေမိနော ဟောန္တု၊ ယေ သတ္တာ ဘဝန္တု သုခိ- တတ္တာ။

တရပ်တကျေး ခရီးဝေး၌ အနီးအနား ကိုယ့်အပါး၌ ကြမ္မာအလိုက် စရိုက်သင့်လျော် စံပျော်ကြကုန်သော ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော သံသရာခရီး အပြီးအဆုံးသို့ရောက်သဖြင့် ဖြစ်ပြီးကုန်သော အကြင် အရတ္တဖလ ရသည်များစွာ ရဟန္တာပုဂ္ဂိုလ် တို့သည် ထင်ရှားပကတိ ရှိကုန်၏၊ ထိုရဟန္တာ ပုဂ္ဂိုလ်တို့သည် ရောဂါမသန်း ချမ်းသာကုန်သည် ဖြစ်စေကုန်သတည်း၊ နှိပ်စက်ကင်းဝေး ဘေးမရှိကုန်သည် ဖြစ်စေကုန်သတည်း၊ ဗျာပါပူရေး လွတ်ကင်းဝေး၍ ချမ်းအေးကိုယ်စိတ် နိစ္စပကတိ ရှိကုန်သည်ဖြစ်စေကုန်သတည်း။

တရပ်တကျေး ခရီးဝေး၌ အနီးအနား ကိုယ့်အပါး၌ ကြမ္မာအလိုက် စရိုက်သင့်လျော် ပျော်နေကြကုန်သော ကြွင်းကျန်မတိမ်း ခပ်သိမ်းကုန်သော သံသရာခရီး အပြီးအဆုံးသို့ မရောက်သဖြင့် ဖြစ်လတ္တံ့ ကုန်သော အကြင် ပုထုဇဉ်သေက္ခ မည်ရများစွာ သတ္တဝါတို့သည် ထင်ရှားပကတိ ရှိကုန်၏၊ ထိုပုထုဇဉ်သေက္ခ မည်ရများစွာ သတ္တဝါတို့သည် ရောဂါမသန်း ချမ်းသာကုန်သည် ဖြစ်ပါစေကုန်သတည်း၊ နှိပ်စက်ကင်းဝေး ဘေးမရှိကုန်သည်ဖြစ်ပါစေကုန်သတည်း၊ ဗျာပါပူရေး လွတ်ကင်းဝေး၍ ချမ်းအေး ကိုယ်စိတ် နိစ္စပကတိ ရှိကုန်သည်ဖြစ်ပါစေကုန်သတည်း။

ဤဒေဝတာပီယမေတ္တာဘာဝနာ ပွါးနည်းကို အားသီး လုံ့လ ကြည်လင်သန့်စင်သော ရုပ်ဓာတ် နာမ်ဓာတ်ဖြင့် မြင့်မြင့်မြတ်မြတ် ပွါးများကြကုန်သူ ရဟန်းရှင်လူအပေါင်းတို့အား သာတာဂီရိအစ မဟာပြဟ္မာမင်းကြီး အဆုံးရှိကုန်သော ၂၄-ပါးကုန်သော နတ်ပြဟ္မာ မင်းကြီးတို့နှင့်တကွ အလုံးစုံကုန်သော သမ္မာဒေဝ နတ်ပြဟ္မာမင်းကြီးတို့၏ငင်း၊ ၇-ရက်သားသမီးတို့၏ငင်း၊ ဝေနေယျ သတ္တဝါ အပေါင်းတို့၏ငင်း လေးစားခြင်း မြတ်နိုးခြင်း ချစ်ခင်ခြင်း ကြည်ညိုခြင်းကို မလွဲမသွေခံယူရရှိနိုင်လိမ့်မည်။

(မှတ်ချက်) အနောဒိဿ မေတ္တာ ဘာဝနာ ပွါးများရာ၌ သတ္တအရ ကောက်ယူရန်—

အနောဒိဿမေတ္တာဘာဝနာပွါးများရာ၌ သတ္တဟူသောပုဒ်ကို—

ရူပါဒီသု ခန္ဓေသု ဆန္ဒရာဂေန သတ္တာတိ သတ္တာ။

ရူပါဒီသု၊ ရူပက္ခန္ဓာ အစရှိကုန်သော။ ခန္ဓေသု၊ ခန္ဓာတို့၌။ ဆန္ဒရာ-ဂေန၊ ဆန္ဒရာဂ အားဖြင့်။ သတ္တော၊ တပ်တတ်ကုန်၏။ ဝိလဂ္ဂတာသူ၊ ထိုကြောင့်။ သတ္တော၊ သတ္တ မည်ကုန်၏။

ဤသို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဝိဂ္ဂဟ်လာသည်နှင့်အညီ ရူပက္ခန္ဓာ အစရှိသည်တို့၌ ဆန္ဒရာဂအားဖြင့် တပ်ညိစွဲမက် ကပ်ငြိတတ်သော ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့သည်သာ မုချအားဖြင့် သတ္တဝါမည်ကုန်၏။ နိစ္ဆန္ဒရာဂဖြစ်သော (ကိလေသာမှုအညစ်အကြေး ကင်းဝေးသန့်စင် ရုပ်ခဲတတ်နာမ်ခဲတတ် ကြည်လင်တော်မူပြီးဖြစ်သော) ရဟန္တာ ပုဂ္ဂိုလ်တို့သည်ကား မုချအားဖြင့် သတ္တဝါမမည်ကုန်။ တင်စား၍ ခေါ်ဝေါ်သောအားဖြင့် ထို နိစ္ဆန္ဒရာဂဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း သတ္တမည်ကုန်၏။ (ဤကားသတ္တအရ မှတ်သားဘွယ်တည်း။)

## နိဂုံး

၁။ ပုညေနေတေန ပူရေတွာ၊ သဗ္ဗညုတာယ ပစ္စယာ။
ပညာဓိကော ဘဝေ ဟောမိ၊ ဗုဒ္ဓိကော လဒ္ဓဗျာဒိတော။

အဟံ၊ ငါသည်။ ဧတေန ပုညေန၊ ထိုဤ်ယခု ပြုစုရင့်သန် ကောင်းမှုကံကြောင့်။ ဠတော၊ ဤကိုယ်၏ အဖြစ်မှ။ ပဘုတိ၊ လက်မှန်မဆူ အစပြု၍။ ဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ သဗ္ဗညုတာယ၊ သဗ္ဗညုတဉာဏ်တော်၏။ပစ္စယာ၊ ကြောင်းဟိတ်ပကတူ ထောက်ကူပစ္စည်း သုံးနည်းစရိယ စာဂငါးရပ် သူပပရမတ် သုံးရပ်ဆယ်လီ အမျှသုံးဆယ်အညီ ပါရမီတို့ကို။ ပူရေတွာ၊ လွယ်လင့်ဆွတ်ခူး ဆည်းပူး ဖြည့်ကျင့်၍။ လဒ္ဓဗျာဒိတော၊ ယာဝတ္တက ဥဒေယျကုန်တောင်း စိတ်ပေါင်းလိုရှိ ပွင့်သိအံ့ဟူ ဘုရားအဆူဆူ သဿယမ္ဘူတို့၏ အထံ၌ မြဲမြံခတ်နှိပ် နိယတဗျာဒိတ် အသဒိသတံဆိပ် အဘိသိက်ပေး မြွက်ကြွေးဆတ်ဆတ် ရအပ်သောဘုရားဗျာဒိတ်ရှိတော်မူသည်ဖြစ်၍သာလျှင်။ ပညာဓိကော၊ ပညာဓိက ဉာဏပုဗ္ဗင်္ဂမ ဝိဇ္ဇာဗလဝ ဖြစ်တော်မူသော။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဟောမိ၊ ဖြစ်ရပါလိုသောဝ်။

၂။ နေ၁ ဘဝေ စတူသ္မွပါယေသု၊ အမိတ္တာသင်္ဂတီသု စ။
ဇစ္စန္ဓာဒိကျဒန္တေသု၊ ဂါရယှေသု ကုဒါစနံ။

ဘဝေ၊ ဘဝတိုင်း ဘာ၀တိုင်း။ စတူသ္မွပါယေသု စ၊ တိရစ်နရက် အသူရက်ပြိတ္တာ ပေါင်းလေးဖြာဟု ချမ်းသ ကင်းကွယ် အပါယ်ဘုံတို့၌ရင်း။ အမိတ္တာသင်္ဂတီသု စ၊ အညဒတ္ထု အနုပီယ အပါယသဟီ ဝစီပရမ အမိတ္တစုမိတ်တုမိတ်ယုတ် မိတ်ဖစ်မဟုတ် မိတ္တပဋိယုတ် စက်ဆုပ်အံ့ဟူ ရန်သူမိတ်ဆွေ အပေါင်းတို့နှင့် သောင်းပြောင်းမသွေ တူနေပေါင်းသင်းရောပြွမ်းခြင်း ရှိသောသူ၏ အဖြစ်တို့၌ရင်း။ ဇစ္စန္ဓာဒိကေ စ၊ ဇစ္စမြွတ္တကဇစ္စန္ဓနှင့် ဇစ္စဗဓိရ မမ္မဋ္ဌမုဂ် ပဏ္ဍုက်ဗျည်းနပုံး လူစတုံးဟူ အသုံးမဝင် လူသာမည အစရှိသော အဖြစ်၌ရင်း။အဒန္တေသု စ၊ ကိုယ်နှုတ်နှလုံး ဆုံးမသွန်သင် ယဉ်ကျေးခြင်း မရှိကုန်သော သူတို့၏ အဖြစ်တို့၌ရင်း။

ဂါရဝယှဉ်သူ စ၊ ဘုရားအစရှိကုန်သော မုနိထိုထိုတို့ ပြစ်ဆိုရှုတ်ချ နိန္ဒိတဗ္ဗ အမာနိတ အပသာဒနီယမဖြစ်မှော သဘောမယှဉ်း သတင်းအခြင်းအရာ ရှိကုန်သော သူတို့၏ အဖြစ်တို့ဥဒ္ဒေင်း။ ကုဒါစနံ၊ တရံတဆစ်မျှ။န ဘဝေ၊ မဖြစ်ရပါလိုသောဝ်။

၃။ ဘဝေ ဘဝုစ္စကုလေဝ၊ ဥက္ကဋ္ဌပဋိသန္ဓိယာ။
တိဟေတုကော သမ္မာဒိဋ္ဌိ၊ သူရော ဗှာဒိမမာယိကော။

ဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ ဥစ္စကုလေဝ၊ တရာ့တပါး အမျိုးသား တို့၏ ဦးဖျားညွတ်ရိုက် ရှိပဏ္ဏာခိုက် လကျ်ာမုန်စိုက် ထိုက်သောဒေးဖြစ် ချစ် ကြောက် ရိုသေ မာနေတဗ္ဗ ဂရုကတာ ကန္တာသာထ မနာပဘာဝဂုဏ် ထုံအပ်မလပ် မြတ်သောအမျိုးသားတို့၌ သာလျှင်။ ဥက္ကဋ္ဌပဋိသန္ဓိယာ၊ ဥက္ကတိဟိတ် ပဋိသန္ဓေစိတ်အားဖြင့်ရင်း။ တိဟေတုကော စ၊ တိဟိတ် ပဋိသန္ဓေ တည်နေဆတ်ဆတ် တိဟိတ်ဥက္ကဋ် ယောကျ်ားမြတ်ပုဂ္ဂိုလ်ထူး သည်ရင်း။ သမ္မာဒိဋ္ဌိ စ၊ မိစ္ဆာကင်းကွာ ကမ္မဿကတာ သမ္မာဉာဏ်အသိ ရှိသော သူ၏ အဖြစ်သည်ရင်း။ သူရော စ၊ မိဂါဓိပ မိဂရာဇာ ကေသရာ အညွန့်ကဲ့သို့ မတွန့်မလိပ် မတိတ်မလန့် မတန့်မဘို မငြိုမငြင် ဝင်ဝင် သံမာ အဟံကာရ အဆမ္ဘိတ အလီနစိတ္တ တက်ကြွစွန့်စွန့် လွန့်လွန့်ကဲကဲ ကွန့်ကွန့်ဝံ့လျက် ဝံ့ရဲသောစိတ်ရှိခြင်းသည်ရင်း။ ဗှာဒိမမာယိကော စ၊ ရတနာသုံး အမြတ်ဆုံး၌ ကပ်ပုန်းခိုကိုး နှလုံးရိုကျိုး မာန်ချိုးထက်မြက် မရက်မစက် မပျက်မကွက် နှစ်သက်လွန်စွာ ဝန္ဒနာမာန ပူဇာသက္ကာရ ပြုကဖြောင့်ကဲ ရောင့်ရဲခြင်းမရှိ အတိမမာယိက အဘိဝိပ္ပသန္န မာနနကွန့်ဖြိုး မြတ်နိုးကြည်ညိုခြင်းရှိသည်ဖြစ်၍ရင်း။ဘဝေ ဘဝါမိ၊ ဖြစ်ရပါလိုသောဝ်။

၄။ ဉာဏာယုဗလဝဏ္ဏိဒ္ဓိ- သဒ္ဓါသီလသုခဉ္စာန-
ဓနဓာဂေဟိ သမ္ပတ္တိ၊ ယတော မိတိ ဘဝေ နိစ္စံ။

ဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ ဉာဏာယုဗလဝဏ္ဏိဒ္ဓိ သဒ္ဓါသီလသုခဉ္စာန- ဓနဓာဂေဟိ စ၊ မဟောသဓ မဟာဝိဓူရ စသည်ကျော်ထင် ပညာရှင်တို့ ကဲ့သို့ လျင်ထက်နက်နဲ လွန်ကဲရှင်မူ အယူမိစ္ဆာ ထိုးထွင်းကာသိ နိဗ္ဗေဓိနှင့် သုရှိယူမှား ပယ်တားဟန့်ဖြတ် နိမဒ်ပညာ ဌာနာဋ္ဌာန ကောသလ္လမည်ရှိ

ဇာတိနှင်နှင် ဘဝစဉ်ကို လတွင်ယှန်ရေး ပုံမမှေးသကဲ့သို့ ကုန်တွေးမြင်သူ
သူ၏စိတ်ထား သိပိုင်းခြားသဖြင့် ဆယ်ပါးဉာဏ်ဂုဏ် ပြည့်စုံခြင်းတည်းဟူ
သော ဉာဏသမ္ပတ္တိ, ဗာကုလမည်တွင် ထေရ်အရှင်ကဲ့သို့ စင်ကြယ်အနာ
ရောဂါရန်မာန် အန္တရာယ်ဘေး ကင်းဝေးမရှိ မစွမ်းမငြိ မနွမ်းမယိ
ဉက္ကာသိတ ဆဒ္ဒိတသဒ္ဒမျှ တဘဝလုံး စဆုံးကင်းကွာ ချမ်းသာသက်ရှည်
တည်နေရခြင်းတည်းဟူသော အာယုသမ္ပတ္တိ, ကောသလမင်းမြတ်၏ နှင်း
အပ်သော၌ာန် သေနာပတိဘွဲ့ခံသော ဗန္ဓုလမည်သီး စစ်ဘုရင်ကြီးကဲ့သို့
မြီးတံနှာမောင်း ချောင်းချောင်းချီတန်း နားပန်းနိမိတ် ကွဲဖိတ်ယိုပေါက်
မုန်သောက်ဟူးဟူး ရှူးရှူးအာဝင် မာတင်ဂဇုတ္တမ ရာဇဉ်ဟတ္ထုကြဌ
နာဂုတ္တရပေါက်ပြောင် စီးဆောင်ရေးငါး စွမ်းပကားသတ္တိ အင်အား
ရှိခြင်းတည်းဟူသော ဗလသမ္ပတ္တိ, ဘုရားမိန့်မြွက် တေဒဂ်ဗျာသံ ဝိတ္ထာ-
ရဌာန် မဟာသာဝကရာခံဖြစ်သော ကစ္စာယန ထေရိန္ဒအရှင်မြတ်တို့ကဲ့သို့
ဟန်သွင်ပုံမှီ ကြံအင်စုံညီ ဒဿနီယတမ သိရီသောဘဂ္ဂ အဘိရူပတရ
အလှမျိုးစုံ လောကဉဿုံ စက္ခုန္ဒြေ ပျက်ခြေကြွစူးစူး ရူးမူးမတတ် လျှောက်
ပတ်တင့်တယ် သပ္ပါယ်လှခြင်းတည်းဟူသော ဝဏ္ဏသမ္ပတ္တိ, သမုဒ်အဏ္ဏဝါ
ရန်ကာပေါ်ထွန်း လေးကျွန်းလုံးနတ် စက္ကရတ်နှင့် ဘူဝပတ်ဖြား သိကြား
နတ်မင်းတို့ကဲ့သို့ ထန်ပြင်းအာဏာ စကြာစိုးမိုး တန်ခိုးတောက်ပ အဇဋ္ဌာ
ကာသ ဝေဟင်ဂမစာရီ ဖြန့်ချီငွါးငွါး မားမားဖိတ်ဖိတ် ကြွားကြွား
ရှိတ်ရှိတ် ကမ္ဘဇိဒ္ဓိ ဝိပါကဇိဒ္ဓိ ဣဒ္ဓိအများမျိုး တန်ခိုးဟူသမျှတို့ကို စိုးရ
အုပ်ချုံ ပြည့်စုံကုံလုံခြင်းတည်းဟူသော ဣဒ္ဓိသမ္ပတ္တိ, မဟာသုတသောမ
လောကထွတ်ထား စောတရားကဲ့သို့ သုံးပါးရတနာ ဂုဏ်ဝါထွန်းလျှံ ကံ
ကံ၏အကျိုးကို ကိုးစားယုံကြည် တည်မှီသြကပ္ပန အစလာကာရ အဘိသဒ္ဒ-
ဟနလက္ခဏာ သဒ္ဓါကြည်ယုံ ကုံလုံပြည့်စုံခြင်းတည်းဟူသော သဒ္ဓါသမ္ပတ္တိ,
ဘူရိဒတ္တ စသည်မူဖော် သူတော်သူမြတ်အပေါင်းတို့ကဲ့သို့ ထောင်းထောင်း
ကိုယ်လက် ကျိုးပျက်ကွဲအက် အသက်ဇီဝိတိန္ဒြေ ကြေပစေကား သိက္ခာပဒ
အာစာရသမာဒါန် ဆောက်တည်ရင်း အမိဋ္ဌာန်ကို သွေလှန်မဖက် မတိမ်း
မငဲ့ မယိမ်းမနွဲ့ တကဲ့ဆည်းသိမ်း တည်းထိန်းစောင့်ရှောက် မပြောက်
မကျား မပေါက်ပြားခြင်းတည်းဟူသော သီလသမ္ပတ္တိ, သင်္ကောဒန-
သာကီယရင်သွေး ယဉ်ကျေးမှုရာ သူငါတို့မျက်ရှု သက်စပုတ္တာ အနုရုဒ္ဓါ

မင်းကဲ့သို့ လိုအားဆန္ဒ ဏ္ဍိတဗ္ဗ ပရိဘောဂ ဥပပရိဘောဂ ခနပရိက် သုံးဆောင်ရန်အမျိုးမျိုးတို့ကို တန်ခိုးဖြင့်သာ ပြီးပါစေလျက် လိုရာတောင့်တ မရမရှိ နတ္ထိ နလဗ္ဘတိ မရှိရှားပါးဟူသောစကားကိုမျှ မကြားမသိရ ပြည့်ဝစီးပွါး ပေါများလျှမ်းဖြာ ချမ်းသာကြီးမားခြင်းတည်းဟူသော ကာယစိတ္တ သုခသမ္ပတ္တိ, ဒုတိယအဂ္ဂသာဝက ဌာနန္တရရာခံ မဟာမောဂ္ဂလ္လာန် အရှင်မြတ်ကဲ့သို့ သမာပတ်ဈာန် ရှစ်ကိုး, တန်နှင့် အဘိညာဉ်ခုနစ်ပါး တရားအစုစုတို့ကို သုခပ္ပဋိပဒါ ခိပ္ပာဘိညာဖြင့်သာ ရရှိဥဿုံ ပြည့်စုံကုံလုံခြင်းတည်းဟူသော ဈာနသမ္ပတ္တိ, ဇောတိက ဇဋိလ မေဏ္ဍက မည်သီး သူဌေးကြီးသုံးဖြာ မဟာကုလမျိုးတို့ကဲ့သို့ ကောင်းကျိုးပြည့်စုံ ဘုန်းဂုဏ်ပြည့်ဝ ကမ္မဇ ဝိပါကဇ ကမ္မပစ္စယ ဥတုဇသမုဋ္ဌာန် သုံးစွဲရန် အထွေထွေ မြေရေကောင်းကင် ရှစ်ဆယ်ခွင်အရပ်မှ လိုအပ်ငြွမ်းပြွမ်း မိုးကြီးသွန်းသကဲ့သို့ ဖြစ်ထွန်းလာရ မတောင့်မတ မကြောင့်မကြ စုံကုန်င လျက် လောကသညာ မင်္ဂလာအထွေထွေ ကျက်သရေအမျိုးမျိုးတို့လည်း တိုးကာတိုးကာ ဇုဏှပက်လပမာ မဟာဇောတိရသ ဝေပုလ္လတောင်ဖြစ် ပတ္တမြားစစ် အမြုတေကြီးသဘွယ် သွက်လှယ်လွှမ်းမိုး မောက်ဖြိုးကုံလုံ ပြည့်စုံကြွယ်ဝခြင်းတည်းဟူသော ဓနသမ္ပတ္တိ, ဝေဿန္တရာဝိသယ စသည် တဝေး မင်းသူဌေးတို့ကဲ့သို့ ပေးပါကမ်းပါ လှူဒါန်းပါဟု ရောက်လာသူမှန် အလှူခံတို့အား ဖြူသန်သဒ္ဓါ စေတနာစွင့်စွင့် ဉာဏ်ချွန်းပွင့်လျက် အခွင့်ရည်သန် "ဣဒံ မေ ပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု"ဟု ဆုယူဆုမှီး ဆုကြီးပတ္ထနာ ဝစီဘေဒ သဒ္ဒဝါစာ မြွက်ကာမြွက်ကာ သာယာခြင်း ဆုကြီးပန်လျက် ဖြောင့်မှန်လွယ်လင့် မဖင့်မထောက် မနှောက်မကွက် မပျက်ရေးယူ အလှူစွန့်ကြဲနိုင်ခြင်း တည်းဟူသော စာဂသမ္ပတ္တိ ဤသို့ပိုင်းခြား ဆယ့်တပါးသမ္ပတ် မလပ်ကုံလုံ ပြည့်စုံခြင်းသည်ရှင်း။ ယတော စ၊ ရှေးရှေးသူတော် ဇမ္ဗူကျော်တို့၏ ဖြူလျော်ဖြောင့်တန်း လမ်းမှန်မရွှေ့ အရှေ့တောင်နောက် မြောက်ထက်အောက်ဟု ခြောက်ခုဒိသာ ရပ်မျက်နှာအား ဖြည့်ရသောဝတ် မချွတ်မယွင်း မလွတ်မကင်း ကျင့်ဆောင်လိုက်နာခြင်းသည်ရှင်း။ (၀၊) သူ၏ကျေးဇူးကို အထူးသိတတ်ခြင်းသည်ရှင်း။ မိတိ စ၊ မြဲမြံခိုင်ခံ့ တည်တံ့သော သမာဓိတရား ပွါးများမိမိ ရရှိနိုင်ခြင်းသည်ရှင်း။ နိစ္စံ၊ အမြဲ။ ဘဝေ ဘဝါမိ၊ ဖြစ်ရပါလိုသောဝ်။

၅။ ဉာတော ဘာသော စ လေခါ စ၊ သဗ္ဗဘာသက္ခရေသုပိ။
သဗ္ဗသိပ္ပေသု ဥဂ္ဂါဟော၊ သဃမေဝ ဝိသေသတော။

ဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ သဗ္ဗဘာသက္ခရေသုပိ၊ လုံးစုံလူများ တရာ့တပါး အမျိုးသားတို့၏ စကားဘာသာ အက္ခရာအရေးအသားတို့ကို ၎င်း။ သဗ္ဗသိပ္ပေသု စ၊ လုံးစုံပိုင်းခြား အတတ်များတို့ကို၎င်း။ သဃမေဝ၊ သူတပါးတို့ သင်ကြားမဆို အလိုလိုသာလျှင်။ ဝိသေသတော၊ အထူးအချွန် အလွန်အကဲအားဖြင့်။ ဉာတော စ၊ ပိုင်းခြားတိတိ သိမြင်နိုင်ခြင်းသည် ၎င်း။ ဘာသော စ၊ ရှုရှုတွတ်တွတ် ရွတ်ဆိုဟောပြောနိုင်ခြင်းသည်၎င်း။ လေခါ စ၊ လှပပီပြင် လျင်စွာမနှေး ရေးခြစ်နိုင်ခြင်းသည်၎င်း။ ဥဂ္ဂါ-ဟော စ၊ တကြိမ်တရံ ကြံကာမျှဖြင့် ကိစ္စပြီးမြောက်လောက်အောင် တတ်မြောက် ဆောင်ရွက်နိုင်ခြင်းသည်၎င်း။ ဘဝေ ဘဝါမိ၊ ဖြစ်ရပါ လိုသော၀်။

(ဤကား ဆုတောင်းပတ္ထနာ ငါးဂါထာ၏ ယောဇနာတည်း။)

## နိဂုံး ရှင်းချက်

ဒုတိယဂါထာ၌ အမိတ္တသင်္ဂဟသုပုဒ်ကို ယောဇနာရာဝယ် အညဒတ္ထု-ဟာရ ဝစီပရမ အနုပိယဘာဏီ အပါယသဟာယ ဟူကုန်သော အမိတ္တ မိတ္တ ပတိရူပကဖြစ်ကုန်သော အဆွေခင်ပွန်းယုတ် လေးမျိုးတို့၏ လက္ခဏာ ကို ဤဆိုလတ္တံ့သော ကဗျာသံပေါက်တို့ဖြင့် မှတ်သားအပ်၏။

(၁) ပစ္စည်းဆောင်သွေး နည်းပေးများယူ မကူရန်ဘေး လိုရေး ဆည်းကပ် အင်လေးရပ် အညဒတ္ထုဟာရ။

(၂) လွန်ပြီးနှေမြောက်ခါ နောင်လာမြောက်ထိုး ကျိုးမဲ့မြှောက်ချီး ပျက် စီးမြင်ဤ အင်လေးလီ ဝစီပရမ။

(၃) မကောင်းခွင့်ပြု ကောင်းမှုမြစ်လေ့ ရှေ့တွင်ချီးမြှောက် နောက် ကွယ်ပြစ်ချ အင်လေးခု အနုပိယဘာဏီ။

(၄) သေသောက်ပေါင်းဖွဲ့ ချိန်မဲ့လှည့်ခေါ် ကြည်ဖော် ပွဲလမ်း လောင်းတမ်းဖော်ရ အင်လေး၀ အပါယသဟာယ။

ဤကား ပါထေယျဝဂ် ပါဠိတော် သိဂ်ါလသုတ်၌လာသော အဆွေခင်ပွန်းယုတ် လေးမျိုးတို့၏ လက္ခဏာသံပေါက်။

ဤအနိစ္ဆိတပတ္ထနာမှ ပြန်သောအားဖြင့် ဥပကာရ သမာနသုခ ဒုက္ခ အတ္ထက္ခာယီ အနုကမ္ပကဟူကုန်သော အဆွေခင်ပွန်းကောင်း လေးမျိုးတို့နှင့်သာလျှင် ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်မိစေသောဝ် ဟူသော ဣစ္ဆိတပတ္ထနာကိုလည်း ဗျတိရေကနည်းအားဖြင့် ဆုယူဆုတောင်းပြီးဟူ၍မှတ်။

ဥပကာရစသော အဆွေခင်ပွန်းကောင်း လေးမျိုးတို့၏ လက္ခဏာကိုလည်း ဤဆိုလတ္တံ့သောနည်းကဗျာသံပေါက်တို့ဖြင့် သိလေ။

(၁) စောင့်ရှောက်ကြုံခိုက် အိမ်၌စောင့်လေ့ ဘေးတွေ့ကိုးရာ မူလာပေး နှစ်ဆ အင်ငယ ဥပကာရမိတ်။

(၂) လျှို့ဝှက်ပြောတတ် လျှိုအပ်ပြောစောင့် ဘေးကြောင့်မတွန့် သက်စွန့်ကြိုးပမ်း အင်လေးခန်း သမာန်းသုခ်ဒုက်မိတ်။

(၃) မကောင်းကိုပယ် ကောင်းဝယ်သွင်းထား မကြားပြောစွမ်း နတ်လမ်းညွှန်ဖက် အင်လေးချက် အတ္ထက္ခာယီမိတ်။

(၄) ဆုတ်ယုတ်မနှစ်သက် တိုးတက်နှင်လို ပြစ်ဆိုမြစ်တား ဂုဏ်ကြား မြှောက်ပြု အင်စတု အနုကမ္ပမိတ်။

ဤကား ယခင်သုတ်ပါဠိတော်လာ အဆွေခင်ပွန်းကောင်း လေးမျိုးတို့၏ လက္ခဏာ ကဗျာသံပေါက်တည်း။

စတုတ္ထဂါထာ စတုတ္ထပါဒ၌ ယတော ဟူသော ပုဒ်၏ အတ္ထဝိကပ်နှစ်ပါးတို့တွင် ပဌမဝိကပ်အရ ဆဒိသာဘာဂ နမဿနာကာရ အညမည ဝတ္တိတဖြစ်သော ယတ တရားကို ဤဆိုအပ်လတ္တံ့ဖြစ်သော ကဗျာသံပေါက်တို့ဖြင့် မှတ်အပ်၏။

၁။ အရပ်မျက်နှာ၌ ထားရသောကျင့်ဝတ်

မိဘရှေ့ထား၊ တောင်ကားဆရာ၊ နောက်မှာသားမယား၊ မြောက်ကား မိတ်ဆွေ၊ အောက်နေကျေးကျွန်၊ ထက်စွန်ရဟန်း၊ ရပ်ခြောက်ခန်း ကျင့်လမ်းဝတ်ဖြာဖြာ။

၂။ သားသမီးဝတ်ငါးပါး အညမညဝတ္တိတာကာရ

စားရိက္ခာပေး၊ မှုရေးဆောင်ရွက်၊ မျိုးဆက်တည်စေ၊ မွေခံထိုက်ကျင့်၊ သေလင့် ဝေပို့၊ ဝတ်ငါးဘို့၊ သားတို့ဖြည့်ကျင့်ရာ။

၃။ မိဘဝတ်ငါးပါး အညမညဝတ္တိတာကာရ

မကောင်းမြစ်တား၊ သွင်းထားကောင်းမြတ်၊ အတတ်သင်စေ၊ မျိုးဆွေစုံမက်၊ မွေဝက်ပေးငှ၊ ဝတ်ငါးဝ၊ မိဘကျင့်စရာ။

၄။ တပည့်ဝတ်ငါးပါး အညမညဝတ္တိတာကာရ

ဆည်းကပ်ခယ၊ ဆုံးမနာယူ၊ လာမူကြိုဆည်း၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

၅။ ဆရာဝတ်ငါးပါး အညမညဝတ္တိတာကာရ

အတတ်လည်းသင်၊ပဲ့ပြင်ဆုံးမ၊ သိပ္ပကောင်းမွန်၊ မိတ်ထံဂုဏ်တင်၊ ရပ်ခွင်စောင့်ဆို့၊ ဆရာတို့၊ ကျင့်ဘို့ဝတ်ငါးဖြာ။

၆။ လင့်ဝတ်ငါးပါး အညမညဝတ္တိတာကာရ

မြတ်နိုးမြှောက်ချီ၊ မထီမဲ့ဖျောက်၊ သယောက်ပယ်နှိမ်၊ စည်းစိမ်နှင်းကာ၊ တန်းဆာဆင်ယင်၊ ဤငါးအင်၊ လင်တို့ကျင့်ဝတ်သာ။

၇။ မယားဝတ်ငါးပါး အညမညဝတ္တိတာကာရ

ချက်ပြုတ်စီရင်၊ လင်စောင်မထား၊ မျိုးအားမျှတ၊ ဓနသိမ်းရှု၊ မှုလိမ္မာဟူ၊ ငါးပါးမူ၊ အိမ်သူကျင့်ဝတ်လာ။

၈။ မိတ်ဆွေဝတ်ငါးပါး အညမည ဝတ္တိတာကာရ

ပေးကမ်းအလှူ၊ ချစ်ဘွယ်ပြောကြား၊ စီးပွါးမှုကျင့်၊ ကိုယ်နှင့်တူပေ၊ ယွင်းမချွတ်စေ၊ ဝတ်ငါးထွေ၊ မိတ်ဆွေကျင့်ဝတ်ရာ။

၉။ ရှင်း အညမည ဝတ္တိတာကာရ

မူးမေ့သိမ်းပိုက်၊ အိမ်၌စောင့်ဘိ၊ ဘေးရှိကွယ်ကာ၊ ရန်လာမစွန့်၊ ညွန့်ညှောက်မြတ်နိုး၊ ဤဝတ်မျိုး၊ ကျင့်ရိုးဆွေသဟာ။

၁၀။ အရှင်ဝတ်ငါးပါး အညမညဝတ္တိတာကာရ

သင့်ရာခိုင်းစေ၊ ပေးဝေရိက္ခာ၊ ရဿာကောင်းကျွေး၊ နာရေးကုသ၊ လွှတ်ရချိန်ယံ၊ ဝတ်ငါးတန်၊ ဖြည့်ရန်အရှင်သာ။

၁၁။ ကျွန်ဝတ်ငါးပါး အညမညဝတ္တိတာကာရ

ရှေးဦးစွာထ၊ နောက်မှအိပ်ရေး၊ ပေးမှယူရာ၊ ကောင်းစွာပြုမှု၊ ဂုဏ်ဆုပြောကြား၊ ဝတ်ငါးပါး၊ ကျွန်များကျင့်စရာ။

၁၂။ ဒါယကာဝတ်ငါးပါး အညမည ဝတ္တိတာကာရ

ကိုယ်နှုတ်နှလုံး၊ သုံးပါးမူရာ၊ မေတ္တာရှေ့ထား၊ တံခါးဖွင့်လှစ်၊ ပစ္စည်းလှူကာ၊ ဝတ်ငါးဖြာ၊ ဒါယကာတို့ ကျင့်ဘိုရာ။

၁၃။ ရဟန်းဝတ်ခြောက်ပါး အညမညဝတ္တိတာကာရ

မြစ်မကောင်းမှု၊ ခွင့်ပြုကောင်းရာ၊ ချစ်စွာသနား၊ တရားဟောတုံ၊ ယုံမှားကင်းစေ၊ ညွှန်ပေနတ်လမ်း၊ ဝတ်ခြောက်ခန်း၊ ရဟန်း ကျင့်ဘိုရာ။

ဤအလုံးစုံသည် ယခင်သုတ်ပါဠိတော်၌ ဟောတော်မူအပ်သော ဆဒိသာဘာဂ နမဿိတာကာရ အညမညဝတ္တိတာကာရ ဖြစ်သော ယတ-တရားပင်တည်း။

## ဗုဒ္ဓသမီးတော် ခုနစ်ဆောင်တို့၏ ဗုဒ္ဓကို လှူဒါန်းပူဇော်ပုံနှင့် ဆုပန်ဆင်ပုံ

ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူကြကုန်သော ဘုရားလေးဆူအနက် သုံးဆူမြောက် ကဿပဘုရား လက်ထက်တော်အခါက ဟံသာဝတီပြည်ဝယ် ငါတို့ဂေါတမဘုရား အလောင်းတော်သည် ကိကီမင်းကြီး ဖြစ်၏၊ သမီးတော်ခုနစ်ယောက်ရှိ၏။

(၁) သမဏီမင်းသမီးသည် ငါတို့ဘုရားလက်ထက် ခေမာမိဖုရား။

(၂) သမဏဂုတ္တာမင်းသမီးသည် ငါတို့ဘုရားလက်ထက် ဥပ္ပလဝဏ်ထေရီ။

(၃) ဘိက္ခုနီ မင်းသမီးသည် ငါတို့ဘုရားလက်ထက် ပဋာစာရာ။

(၄) ဘိက္ခုဒါယိကာ မင်းသမီးသည် ငါတို့ ဘုရားလက်ထက် ကုဏ္ဍလကေသာ။

(၅) ဓမ္မာမင်းသမီးသည် ငါတို့ဘုရားလက်ထက် ကိသာဂေါတမီ။

(၆) သုဓမ္မာမင်းသမီးသည် ငါတို့ဘုရားလက်ထက် ဓမ္မဒိန္နာ။

(၇) သံဃ ဒါယိကာ မင်းသမီးသည် ငါတို့ဘုရားလက်ထက် ဝိသာခါ ဖြစ်၏။

ထိုအမျိုးသမီးကြီး ခုနစ်ယောက်တို့၏ နည်းယူစရာ ကုသိုလ်ပြုကြပုံနှင့် ထူးသော တေဒဂ်ဘွဲ့များကို ဆုပန်ဆင်ကြပုံကို ခေတ်အမျိုးသမီးများ နည်းယူကျင့်သုံးကြရန် တဦးစီရေးသားဖော်ပြပေအံ့။

(၁) ခေမာမိဖုရားခေါင်ကြီးသည် ရာဇဂြိုဟ်ပြည်သူ ဖြစ်၏၊ ကြီးမြတ်သော ပညာနှင့် ပြည့်စုံကုန်သော ငါ၏ တပည့်ရဟန်း မိန်းမတို့တွင် အကြင် "ခေမာ"သည်ရှိ၏၊ ထိုခေမာသည် အမြတ်ဆုံး ပေတည်းဟု ဗုဒ္ဓရှေ့နှုတ်တော်မှ ဖွင့်ထုတ်ဥဒါန်း ချီးမွမ်းခြင်းကို ခံယူရရှိသူ မိန်းမမြတ်တဦးပင် ဖြစ်၏၊ဤကဲ့သို့ ပညာတေဒဂ်ဘွဲ့ကို အမျိုးသမီးထဲတွင် ထူးချွန်၍ ရရှိသော ခေမာအလောင်းသည် ပဒုမုတ္တရာဘုရားလက်ထက် ဟံသာဝတီပြည်၌ ဥစ္စာနှစ်ဆယ့်လေးကုဋေရှိသောသူဌေး၏သမီး ဖြစ်၏၊ အရှင်သုဇာတ

ရဟန်းကို အကြောင်းပြု၍ ဘုရားထံ ဖူးမြော်ရန်ရောက်၏၊ မိဘများကို ခွင့်တောင်း၍ ဘုရားနှင့်တကွ သံဃာတော်အပေါင်းအား ခုနစ်ရက်ပတ်လုံး ဆွမ်းသက်န်း ကပ်လှူပူဇော်၏၊ ဘုရားရှင်သည် အနုမောဒနာတရားကို နန္ဒကအမည်ရှိသော ဘိက္ခုနီမအား ဟောစေ၏၊ ထိုနန္ဒကဘိက္ခုနီမကိုပင် အဂ္ဂသာဝိကာ အရာ၌ထား၍ "မဟာပညာတေဒဂ်"ကို သနားတော်မူ၏၊ ထိုအခြင်းအရာကို "ခေမာ" အလောင်းဖြစ်သော သူဌေးသမီး မြင်လေသော် ဤအရှင်မကဲ့သို့ဖြစ်ရအောင် ငါဆုတောင်းအံ့ဟုကြံ၍ ဘုရားအထံတော်သို့ ချဉ်း၍ ခြေတော်ရင်း၌ ဦးတိုက်ပြီးသော် ဘုန်းတော်ကြီးမြတ်လှသောမြတ်စွာဘုရား တကာတော်တပည့်မသည် ဤမျှလောက်သော ကုသိုလ်အစုကို ပြုရသောကောင်းမှု စေတနာကြောင့် နောင်ပွင့်တော်မူလတ္တံ့ကုန်သော ဘုရားသခင်တို့၏ သာသနာတော်ဝယ် ပညာကြီးကျယ်သော ဘိက္ခုနီမဖြစ်၍ အဂ္ဂသာဝိကာ အရာကို ရပါစေသောဝ်ဟု ဆုတောင်း၏။

ဘုရားမြတ်စွာလည်း ပြည့်စုံအံ့သည်ကို မြင်တော်မူလျှင် အချင်းဒါယိကာမ ကုသိုလ်အဆောက်အဦကိုသာ များစွာဆည်းပူးလော့၊ ဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရား ထင်ရှားပွင့်လတ္တံ့၊ ထိုအခါ သင်သည် "ခေမာ" အမည်ရသော အဂ္ဂသာဝိကာမဖြစ်၍ "မဟာပညာတေဒဂ်" ဘွဲ့ကို ရလတ္တံ့ဟု ဗျာဒိတ်ပေးခြင်းကို ခံရသူ ဖြစ်၏၊ သို့အတွက် "ခေမာထေရီ"ဟူသော အမည်ဖြင့် ကြီးမြတ်သော ပညာရှိကုန်သော အမျိုးသမီးဘိက္ခုနီမတို့တွင် "မဟာပညာ တေဒဂ်" ဘွဲ့ကို ရရှိသူ အမျိုးသမီးကြီး ဖြစ်၏၊ ပညာကြီးမြတ်ကြောင်းမှာ ဗုဒ္ဓရွှေနှုတ်တော်ဖြင့်"အာတုရံ အသုစိံ"စသောတရားတော်အဆုံး၌ အနာဂါမ်ဖြစ်၏၊ဖြစ်သည်နှင့် တဆက်တည်းမှာပင်၊ "နမော တေ သဗ္ဗဒဿာဝီ"စသော ဂါထာဖြင့် ဘုရားကို ကန်တော့ ရှိခိုးပူဇော်နိုင်စွမ်းရှိသည်ကို ရှု၍ စာရှုသူ ပညာရှင်များ သိသာပါပြီ၊ ခေမာမိဖုရားခေါင်ကြီးသည် ပညာရောင်လည်းလင်း အဆင်းရောင်လည်း ဝင်းသဖြင့် နာမည်ကြီးသူ အမျိုး သမီးကြီး ဖြစ်၏၊ ဗုဒ္ဓရတနာကို ကြည်ညိုပုံ ကြည်ညိုနည်းမှာ ခေတ်အမျိုးသမီးတို့ နည်းယူစရာဖြစ်၏၊ ရှေးပိုင်းအရွယ်နုပျိုစဉ်မှာ အဆင်းအားကိုး မာနလွှမ်းမိုးနေမိ၏၊ အဆင်းအား

သည်ဂုဏ်, သား သမီးအား, ဆွေမျိုးအား, စည်းစိမ်အားတို့သည် အပါယ်လေးပါးသို့ ပို့ဆောင်တတ်ကြောင်း အမြင်မှန်ရသောအခါ သီလ အားကို အားကိုးပြီး ရဟန္တာမကြီး ဖြစ်သွားတော့၏၊ ခေတ်အမျိုး သမီးများ နည်းယူစရာပင်။ (ဓမ္မပဒ (ဒု) ၃၃၉ နှင့် အင်္ဂုတ္တိုရ်ပါဠိတော်။)

## သမီးတော်ခုနစ်ဘော်တို့၏ ပါရမီထူးခြားချက်

ဗုဒ္ဓ၏ သမီးတော် ခုနစ်ဦးတို့တွင် ခေမာထေရီ, ဥပ္ပလဝဏ် ထေရီ, ဓမ္မဒိန္နာထေရီတို့သည် အပူသောက ကင်းကင်းနှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် အလင်းကို ရကြပြီး ရဟန္တာများ ဖြစ်ကြလေသည်၊ ပဋာစာရာ ထေရီ, ကုဏ္ဍလကေသာထေရီ, ကိသာဂေါတမီထေရီတို့မှာ အပူမကင်းကြဘဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် အလင်းရကြပြီး ရဟန္တာများ ဖြစ်ကြ၏။ ဥပ္ပလဝဏ် ထေရီသည်သာ မိန်းမပျိုဘဝနှင့် ရဟန္တာဖြစ်၍ ခေမာထေရီ, ပဋာစာရာ ထေရီ, ကုဏ္ဍလကေသာထေရီ, ကိသာဂေါတမီထေရီ, ဓမ္မဒိန္နာထေရီတို့မှာ မိန်းမအိုဘဝမှ ရဟန္တာဖြစ်၍ နိဗ္ဗာန်ကူးကြလေသည်၊ ဝိသာခါ အမျိုး သမီးမှာမူ နိဗ္ဗာန် မကူးနိုင်သေးပေ၊ အင်္ဂတိုင်း ဘဒ္ဒိယမြို့ မေဏ္ဍက သူဌေး၏သားမနဥ္စယသူဌေးနှင့် သူဌေးကတော် သုမနဒေဝီတို့၏ ရင်နှစ် သည်းချာ သမီးရတနာ ဖြစ်၏၊ လျှုဒါန်းခြင်း၌ မွေ့လျော်ကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် မိဂါရသူဌေး၏ အမိအရာ၌ တည်သော အကြင်ဝိသာခါသည်ရှိ၏၊ ထိုဝိသာခါသည် အမြတ်ဆုံးပေတည်းဟူ၍ ဧတ ဒဂ်ဘွဲ့ကို ဗုဒ္ဓ ဗြှေန္နတ်တော်မှ ဖွင့်ထုတ်၍ ပေးခြင်းကို ခံယူရရှိသူဖြစ်၏၊ ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်တို့တွင် သမီးထွေး ဖြစ်၏၊ ပုဗ္ဗာရုံပြာသာဒ်ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းသဖြင့် ပုဗ္ဗာရုံ ကျောင်းအမကြီး ဖြစ်သည်၊ သက်တော်ရှည်ပုဂ္ဂိုလ်ကြီး ရှစ်ဦးတွင် တဦး အပါအဝင်ဖြစ်သည်၊ "ဤကျမ်းအာယုဒီဃဂုဏ် ဖော်ပြသော အခဏ်း၌ ထင်ရှားစွာပြပြီးဖြစ်သည်"။ (ဓမ္မပဒ-ပ ၃၁၇-နှင့် အင်္ဂုတ္တိုရ်ပါဠိတော်။)

## ဣန္ဒိမန္တတေဒဂ်ရ ဥပ္ပလဝဏ်ထေရီမယ်၏ အံ့ဘွယ်သော အလှူနှင့် တင့်တယ်သောအဆင်း

ဤဘဒ္ဒကမ္ဘာ လေးဆူမြောက်ပွင့်တော်မူသော ငါတို့ဂေါတမဘုရား လက်ထက်တော်တွင် အမျိုးသမီးတို့တွင် တန်ခိုးကြီးမားသော "ဣဒ္ဓိမန္တ-တေဒဂ်" ဘွဲ့ကို ရရှိသူကား "ဥပ္ပလဝဏ်" ပင် ဖြစ်၏၊ ကိကီမင်းကြီး၏ ရှုမငြီးသော ဒုတိယသမီးချစ်ရတနာ ဖြစ်၏၊ သူမ၏အတိတ်ဆုတောင်း သည် ဆန်းသစ်လှ၍ နှစ်သက်စရာဖြစ်၏၊ ပဒုမုတ္တရဘုရား ပွင့်တော်မူ သောအခါက သမုဒ္ဒရာကမ်းယံ ဟိမဝန်တောစပ်၌ ရေနတ်နဂါးမျိုးတို့ နေကြ၏၊ နဂါးမင်းမှာ မဟောဂါအမည်ရှိ၏၊ မြောက်နန်းနဂါးမ၏ သမီး မှာ ဝိမလာဒေဝီ အမည်ရှိ၏၊ ဥပ္ပလဝဏ်အလောင်း ဝိမလာဒေဝီသည် နဂါး အခြွေအရံအပေါင်းနှင့်တကွ ဘုရားဖူးမြော်ရန်လာကြ၍ ဘုရားနှင့်တကွ သံဃာတော်ကိုပင့်ပြီး ငွေအဆင်းသဲပြင်ပေါ်၌ ကြီးကျယ် ခမ်းနားလှသော ရတနာမဏ္ဍပ်ပြုလုပ်၍ ဆွမ်းလုပ်ကျွေးကြကုန်၏။

ဘုရားရှင်သည် ဝိမလာဒေဝီ၏ ပါရမီဖြည့်ရန်ကို ဉာဏ်တော်၌ မြင်သည် ဖြစ်၏၊ တန်ခိုးကြီးမားသော အဂ္ဂသာဝိကာဘိက္ခုနီထေရီမကို ခေါ်တော် မူ၍ ရေပေါ်၌ စင်္ကြံကြွခြင်း နေလကို ဒုကုဋ်သင်္ကန်း နပါတ်စွန်းဖြင့် ဆောင်၍ စကြဝဠာနှင့် မြင်းမိုရ်တောင်ကို လှည့်လည်ခြင်း စသောတန်ခိုးကို ပြလေ၏၊ ထိုအခြင်းအရာကို တွေ့မြင်ရသော ဝိမလာဒေဝီနဂါးမသည် အလွန်နှစ်သက်လှ၍ ဣဒ္ဓိမန္တတေဒဂ်ဆုကို ပန်ဆင်၏။

ပန်ဆင်သည့်အတိုင်း ငါတို့ဘုရားလက်ထက်တော်မှာ တန်ခိုးကြီးမား သော ဣဒ္ဓိမန္တတေဒဂ်ရ ဥပ္ပလဝဏ်ထေရီဖြစ်လာရ၏၊နဂါးပြည်၌ ပွင့်သော အရဏမည်သော ကြာပန်းကို လှူ၍ ထိုကြာပန်း၏ အတွင်း အဆင်းရောင် ကဲ့သို့ အဆင်းလှပရန် ဆုတောင်းခဲ့သဖြင့် အဆင်းမှာ သူမတူ တမူထူး ခြား၍ လှပတင့်တယ်လှ၏၊ သို့အတွက် ဥပ္ပလဝဏ်ထေရီ၏ ဦးရီးတော်၏ သား မောင်ဝမ်းကွဲ နန္ဒလုလင်သည် စွဲစွဲလမ်းလမ်း မေတ္တာရှိနေသဖြင့် အာသဝေါကုန်ခန်း၍ ရဟန္တာမဖြစ်သော ဥပ္ပလဝဏ်ထေရီမကို တရားအား ထုတ်နေသော သလွန်အောက်၌ ပုန်းအောင်းနေပြီး ဥပ္ပလဝဏ်ထေရီ

မလာ၍ သလွန်၌လျောင်းကာ တရားအားထုတ်နေသဲ၌ အဖြဲ့ဟူစရိယအမှု ကိုပြုမှား၏၊ ထိုသူယုတ်သည် မြေသို့ခြေအချ၌ မြေမြိုလေသည်။ ဤကဲ့သို့ အဆင်းအရောင်လှပရခြင်းမှာ ပဒုမုတ္တရဘုရားလက်ထက်၌ လူ့ဘဝရ၍ သက်န်းစသော အလှူကို လှူဒါန်းခဲ့ခြင်းကြောင့်ဖြစ်၏။ ကဿပဘုရား လက်ထက်တော်၌ ကိကီမင်းကြီး၏သမီးတော် ဖြစ်စဉ်ကလည်း ဘုရား အမှူးရှိသော သံဃာတော်အပေါင်းတို့ကို သင်္ကန်း ဆွမ်း လှူဒါန်းပြီး တန်ခိုးကြီးမားသော အဂ္ဂသာဝိကာဘိက္ခုနီမများကို အားကျ၍ တန်ခိုး ကြီးရန် ဆုပန်ခဲ့၏၊ တဘဝတွင် အလွန်ဆင်းရဲလှသော သူဆင်းရဲမ ဖြစ်ရ ၏၊ အဘိုးတန်ပန်းဝတ်လဲကို ဝတ်ချင်၍ သူဌေးအိမ် သုံးနှစ်ကျွန်ခံပြီး ပန်းဝတ်လဲကို ယူဆောင်၍ မိဘအိမ်ပြန်လာခဲ့ရာ လမ်းမှာရေတွေ့၍ ပန်းဝတ်လဲမဝတ်မိ ရေချိုးနေစဉ် သူခိုးလုယက်၍ သင်္ကန်းမရှိဘဲဖက်ရွက်ကို ဝတ်၍လာသော ရဟန္တာအား ကရုဏာသဒ္ဓါ စေတနာဖြစ်ပေါ်၍ အဘိုး တန် ပန်းဝတ်လဲသင်္ကန်းကို လှူပြီး ဤကောင်းမှုကြောင့် နောင်ဖြစ်ပေါ် လေရာဘဝ၌ မြင်သူတို့ရှူးရအောင် အဆင်းလှရပါလို၏ဟု ဆုတောင်း၏၊ တောင်းသည့်ဆုအတိုင်း အရိဋ္ဌပူရမြို့ တိရိဋ္ဌိဝစ္ဆသူဌေးကြီး၏ ရှမည်း စရာ သမီးချစ်ရတနာ ဥမ္မာဒန္တီဘဝသို့ ရောက်လာတော့၏၊ အဘိပါရက စစ်သူကြီးကတော် အလှကေရီဥမ္မာဒန္တီကြောင့် သိဝိမင်း အရှူးဇာတ်ခင်း ရ၏၊ ထိုဝိမလာဒေဝီသည် သမဏဂုတ္တာ ဥမ္မာဒန္တီအမည်ရရှိခဲ့သော အမျိုး သမီးကြီးသည် ကုမုဒြာ ပဒုမ္မာနှင့် ကုဏ္ဍလာတင့်ဆန်း ကြာပွင့်ပန်းတို့ ထက် အရောင်အသွေး တမျိုးလှပတင့်တယ် ရှုမငြီးနိုင်ဘွယ်ရှိသော အရုဏအမည်ရှိသော ဥပ္ပလာကြာပန်းကို လှူဒါန်း၍ ပန်ဆင်ခဲ့သော သူသည် ငါတို့ဖေါတမသာသနာတော်မှာ ဥပ္ပလဝဏ်ထေရီမယ် ဣဒ္ဓိမန္တ တေဒဂ်ကျော်ဖြစ်၍ နိဗ္ဗာန်ဝင်လေသည်၊ ကြာညိုပွင့်အတွင်း အဆင်းရောင် ကဲ့သို့ အဆင်းရှိသည်ဖြစ်၍ ဥပ္ပလဝဏ်အမည်ကို အန္တတ္ထအမည်ပေးခြင်းပင် ဖြစ်၏၊ ရေနတ်နဂါးမျိုးတို့၏ စံပျော်ရာ၌ ပွင့်လန်းသော ကြာပန်းဖြစ်၍ ရှုသူမြင်သူ ကြည်ဖြူနှစ်သိမ့် ပီတိစိမ့်၍ တဖိန့်ဖိန့်မွှေလျော်ဘွယ် အာသရေ ထိပ်ခေါင်တင် အဆင်းတော်ပိုင်မရှင် ဖြစ်ပေသတည်း။ (ဓမ္မပဒ၊-ပ- ၃၁၀-နှင့် အင်္ဂုတ္တိုရ်ပါဠိတော်။)

## သုမနပန်းသည် ရတနာပီတိဖြစ်ပုံ

သုံးလောကထွတ်ထား မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ စံပယ်နေတော်မူစဉ် ဗိမ္ဗိသာရမင်းကြီးအား နေ့စဉ် ပန်းဆက်သသော သုမန ပန်းသည်၏ အလှူရဲရင့်ပုံကို ဟောတော်မူလေသည်။ တနေ့သ၌ သုမနပန်းသည်သည် နံနက်စောစော မြတ်လေးပန်း ရှစ်ကွမ်းစားတို့ကို ယူဆောင်၍ နန်းတော်သို့သွားစဉ် ရာဇဂြိုဟ်ပြည်သို့ ဝင်ကာမျှဖြစ်သောအခါ၌ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော ဘုရားရှင်သည် များစွာသော ရဟန်း သံဃာအပေါင်း ခြံရံလျက် ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၍ များစွာသော ဘုရား၏အာနုဘော်တော်ဖြင့် ပြည်တွင်းသို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏၊ မြတ်စွာဘုရားသည် တရံတခါ၌ ခြောက်သွယ်သောရောင်ခြည်တော်တို့ကို သင်္ကန်းတော်ဖြင့် ဖုံးအုပ်လျက် မထင်မရှား ပိဏ္ဍပါတ်ဓုတင် ဆောက်တည်သောရဟန်းကဲ့သို့ ကြွတော်မူ၏၊ အင်္ဂုလိမာလကို ချွတ်လို၍ ယူဇနာ သုံးဆယ်ရှိသော ခရီးသို့ ကြွတော်မူရာ၌၎င်း ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူရာ၌၎င်း ရောင်ခြည်တော်ခြောက်ပါးကို ကွန့်မြူးတော်မူ၍ ကြွမြန်းတော်မူသကဲ့သို့ ထို့အတူပင် ရာဇဂြိုဟ် ပြည်တွင်းသို့ ဆွမ်းခံတော်မူရာ၌ နီလစသော ရောင်ခြည်တော်ခြောက်ပါးကို ကွန့်မြူးစေ၍ ကြွတော်မူခြင်းပင်ဖြစ်သည်၊ ထိုသို့ မြို့အဝင်ဝသို့ ကြွတော်မူလာစဉ် သုမန ပန်းသည်သည်စိတ်ထားကြည်လင် သဒ္ဓါဓာတ် ဝင်လျက် ဖူးမြင်ရသောအခါ ငါးဖြာကုန်သော ပီတိတို့ဖြင့် တကိုယ်လုံးကို ဆေးဒန်းမြင်းသီလာ၌ စိမ်ထားဘိသကဲ့သို့ ဘုရား တည်းဟူသော ရတနာပီတိ ဖြစ်ပေါ်ကာ ဖူးမြော်လေ၏၊ ထိုနောက် ဘုရားရှင်ကို သဒ္ဓါဓာတ်ဝင်ကာ၊ လှူချင်သော စိတ်ဓာတ် ဖြစ်ပေါ်ပြန်သည့်အတိုင်း မိမိကိုယ်၌ လှူစရာကို ကြည့်ရှုဆင်ခြင်သောအခါ မြတ်လေးပန်း ရှစ်ကွမ်းစားမှတပါး အခြားပစ္စည်းမရှိသည်ကိုသိရ၏၊ ထိုသို့ သိဆဲခဏ၌ ဆင်ခြင်တွေးဆ ရပြန်၏၊ ဤမြတ်လေးပန်းတို့သည် မင်းအား ဆက်သရန်ဖြစ်သော ပစ္စည်းပေတည်း၊ အကယ်၍ ဘုရားအား လှူဒါန်းမိသည်ရှိသော် မင်းသည် ငါ့အား သတ်မူလည်း သတ်ရာ၏၊ အချုပ်နှောင်အိမ်ခန်း၌ ထားမူလည်း ထားရာ၏၊ တိုင်းပြည်မှ နှင်ထုတ်မူ

လည်း နှင်ထုတ်ရာ၏၊ သို့သော် ငါသည် ဘဝနစ်မွန်းမှုကို အရေးမထား မလေးစားဘဲ မင်းသည် ငါ့အား အသက်ကို သတ်မှုလည်း သတ်စေတော့၊ အချုပ်နှောင်အိမ်၌ ထားမှုလည်း ထားပါတော့၊ တိုင်းပြည်မှ နှင်ထုတ်မှုလည်း နှင်ထုတ်စေတော့၊ ထိုဘေးကြီးတွေကို ပဓာနမမူ၊ ဤရှစ်ကွမ်းစားမျှလောက်ကုန်သော မြတ်လေးပန်း တို့ကို ဗုဒ္ဓရှင်တော်မြတ် ဘုရားအား လှူတော့အံ့ဟု မတုန်လှုပ်သော သဒ္ဓါဖြင့် ဆုံးဖြတ်လိုက်၏၊ဆုံးဖြတ်ပြီးသည်နှင့်တပြိုင်နက် မြတ်လေးပန်းခြင်းအတွင်း အပေါ်ဆုံးမှ မွှေးပျံ့သင်းကြိုင်လှသော လန်းဆန်းသစ်လွင်လှသော ဗုဒ္ဓရှေစိတ်တော်ကို ကြည်လင်စေနိုင်သော ဗုဒ္ဓ၏နှလုံးသားကို နှစ်သက်မြတ်နိုးမှု တိုးပွါးစေနိုင်သော မြတ်လေးပန်း နှစ်ကွမ်းစားကို မိမိ၏ သန့်ရှင်းသော လက်ဖြင့် ဗုဒ္ဓ၏ မဏိသင်းကျစ်တော်မြတ် အထက်အရပ်ဆီသို့ ပစ်လွှင့်၍ ပူဇော်လိုက်၏၊ ထိုခဏ၌ မြတ်လေးပန်းတို့သည် ငွေပိတာန် မျက်နှာကြက် ဖြန့်ကြက်ဘိသကဲ့သို့ တည်၏၊ သဒ္ဓါမည်သည် မရောင့်ရဲနိုင်သော တရားသုံးပါးတို့တွင် တပါးအပ်ါအဝင် ဖြစ်၏။

သို့ဖြစ်၍ သုမန ပန်းသည်သည် ဒုတိယအကြိမ် မြတ်လေးပန်း နှစ်ကွမ်းစားကို ယူ၍ ပစ်လွှင့်ကာ ပူဇော်ပြန်၏။

ဗုဒ္ဓ၏လက်ျာနံစောင်း အထက်မှ ထိုပန်းတို့သည် ပန်းကုံးပန်းဆိုင်းပမာ သွယ်ကျ၏၊ ဗုဒ္ဓကို ခယပူဇော်ကြကုန်၏၊ တတိယ အကြိမ် မြတ်လေးပန်း နှစ်ကွမ်းစားကိုယူ၍ ပစ်လွှင့် ပူဇော်ပြန်၏၊ ဗုဒ္ဓ၏ နောက်ကျောဘက်မှ ပန်းကုံးပန်းဆိုင်းပမာ သွယ်ကျပူဇော်ကြကုန်၏၊ စတုတ္ထအကြိမ် မြတ်လေးပန်း နှစ်ကွမ်းစားတို့ကို ပစ်လွှင့် ပူဇော်ပြန်၏၊ ဗုဒ္ဓလက်ဝဲနံစောင်းဘေးမှ ပန်းကုံး ပန်းဆိုင်းပမာ သွယ်ကျခယ ပူဇော်ကြကုန်၏၊ ထိုမြတ်လေးပန်းရှစ်ကွမ်းစားတို့၏ ပန်းပွင့်အညှာမှာ ဘုရားရှိရာဘက်သို့ ရပ်တည်ကြကုန်လျက် ပန်းရက်တို့ အပြင်ဘက်မှ စီစီရရီ တည်ကြကုန်၏၊ ထိုသို့ မဖြစ်စဘူး ထူးခြားအံ့ဘွယ်သူရဲ ထူးကဲလှစွာ ဖြစ်ပေါ်သည့်အခါကို တွေ့မြင်ကြရကုန်သော လူအပေါင်းတို့သည် သောင်းသောင်းဖျဖျ ကောင်းချီးသြဘာပေးကြကုန်၏၊ ထောင်ပေါင်းများစွာကုန်သော လူအပေါင်းတို့ကလည်း ဦးရစ်ထောင်ပေါင်းများစွာကို အထက်သို့ မြှောက်လျက် ပူဇော်ကြ

ကုန်၏၊ ထိုအခိုက် ရှင်တော်မြတ်ဘုရား၏ အဆင်းတော်သည် ယောကျ်ား မြတ်တို့၏လက္ခဏာနှင့် ပြည့်စုံသော သုံးဆယ့်နှစ်ပါးကုန်သော လက္ခဏာ တော်ကြီး ရှစ်ဆယ်ကုန်သော လက္ခဏာတော်ငယ်တို့သည်လည်း ဝင်းဝင်း ပပ ရှိကြလေကုန်၏၊ သုမနပန်းသည်သည် မြတ်စွာဘုရားအား လေးစား မြတ်နိုး အကြိမ်ကြိမ်ရှိခိုးပြီးသော် ပန်းခြင်းကိုယူ၍ နေအိမ်သို့ ပြန်လေ၏၊ သုမန၏ ပန်းခြင်းကိုမြင်သောအခါ ပန်းများကို အဘယ်မှာ ထားဘိသ နည်းဟု မေး၏၊ သုမနက မြတ်ဗုဒ္ဓအား ငါပူဇော်ကာ လှူဒါန်းခဲ့၏ဟု ဆို၏၊ ထိုစကားကို ကြားသော အလိမ္မာကင်းမဲ့သော မယားသည် လင်သုမနကို ရေရွတ်ဆဲဆို၏၊ မင်းတို့မည်သည် ရာဇမာန်ရှိ၍ ခတ်ထန်ကြမ်းတမ်းသော စိတ်ရှိ၏၊ အသက်ကို သတ်လည်း သတ်နိုင်၏၊ အနှောင်အဖွဲ့ကို ပေးလည်း ပေးနိုင်၏၊ ပြည်မှလည်း နှင်ထုတ်နိုင်၏ စသည်ဖြင့် ပြောဆိုကာ သား သမီးများကို ခေါ်လျက် မင်းအိမ်သို့ သွားကြ၏၊ ထိုအကြောင်းကို မင်းအား ပြောပြလေလျှင် ဗိမ္ဗိသာရမင်းကြီးသည် သုမနပန်းသည်ကို အခေါ်စေလွှတ်၏၊ မင်းထံသို့ ရောက်သောအခါ သုမနပန်းသည်သည် မြတ်လေးပန်းတို့ကို မြတ်စွာဘုရားအား ပူဇော်လှူဒါန်းပြီးကြောင်းကို ပြောပြလေ၏။

ရှေးရှေးသောအခါက မဖြစ်စဘူး မမြင်စဘူး မကြားစဘူးသော ဖြစ်ရပ်တို့ကို ကြားသိရသောအခါ မြတ်စွာဘုရားကို ဖူးမြော်ကာ နန်း တော်သို့ ပင့်၏၊ မြတ်စွာဘုရားသည် မင်းအိမ်သို့ မကြွဘဲ နန်းတော်၏အနီး မင်းလမ်းမ၌သာ ရပ်တော်မူ၏၊ ထိုအချိန်တွင် မြို့တွင်းကိုးကုဋေကျော် မြို့ပြင်ကိုးကုဋေကျော်ရှိကြကုန်သော လူပရိသတ်တို့သည် ရင်သပ်ရှုမော အံ့ဩသောအသံဖြင့် ကြွေးကြော်ကာ ဘုရားကို ပူဇော်ကြကုန်၏၊ သာဓု ခေါ်သံလည်း မဆိတ်သုဉ်းဘဲရှိကြကုန်၏၊ ထိုနောက် မြတ်စွာဘုရားနှင့် သံဃာတော်တို့ကို ဗိမ္ဗိသာရမင်းကြီးသည် ဆွမ်းဘောဇဉ် စသည်တို့ကို ကပ်လှူပူဇော်ကုန်၏၊ မြတ်စွာ ဘုရားသည် သုမနပန်းသည်၏ အလှူဒါန တရားကို အကြောင်းပြု၍ ယခုလို ဟောတော်မူ၏၊ "အကြင်ကံကို ပြုလုပ် ခြင်းကြောင့် နောင်တဖန် မပူပန်ရ၊ ထိုကံမျိုးပြုလုပ်ခြင်း သည်သာ ကောင်း ၏၊ နှစ်သက်ဝမ်းမြောက်လျက် အကြင်ကံ၏ အကျိုးကိုခံစားရ၏၊ ထိုကံ

မျိုးကို ပြုလုပ်ခြင်းသည်ကောင်း၏”ဟု အနုမောဒနာတရား ဟောကြားပြီးသောအခါ ဝေဠုဝန် ကျောင်းတော်သို့ ပြန်ကြွတော်မူ၏၊ ဂန္ဓကုဋိတိုက်ခန်းသို့ · မြတ်စွာဘုရား ဝင်တော်မူသောအခါ သုမန လှူဒါန်းသော မြတ်လေးပန်း ရှစ်ကွမ်းစားတို့သည် ဂန္ဓကုဋိတံခါးဝ၌ ရှူချင်စဘွယ် တင့်တယ်စွာ တွဲလွဲဆွဲ၍ ကျန်ခဲ့ကြလေကုန်၏၊ ဗိမ္ဗိသာရမင်းကြီးသည်လည်း သုမနပန်းသည်အား ဆင်ရှစ်စီး၊ မြင်းရှစ်စီး၊ အလုပ်အကျွေးမောင်းမရှစ်ယောက်၊ အဝတ်တန်ဆာ ရတနာအပြည့် ဆင်မြန်းပြီးသော အမျိုးသမီးကညာရှစ်ယောက်၊မင်းချင်းလုလင် ရှစ်ယောက်၊ အခွန်ထွက်သောရွာကြီးရှစ်ရွာ၊ ဝတ်လဲတော်ရှစ်စုံ၊ အသပြာ ငွေရှစ်ထောင်ကျပ် ဟု ဆိုအပ်သော ရှစ်စုရှစ်မျိုးသော အဋ္ဌကဋ္ဌက သက်ရှိသက်မဲ့ ရတနာတို့ကို အပိုင်ပေးအပ်လေသည်။ ဓမ္မသဘင်၌ အရှင်အာနန္ဒာစသော သံဃာတော်မြတ်တို့သည် သုမနပန်းသည်သည် ဗုဒ္ဓရတနာပီတိဖြစ်၍ နှစ်သက်စွာပူဇော်ခြင်းကြောင့် ထင်ရှားသော အကျိုးပေး ဆန်းကြယ်ပုံကို ပြောဟော၍ နေကြကုန်၏။ ထိုအခိုက် မြတ်စွာဘုရားသည် ကြွတော်မူလာ၍ ဘုရား၏နေရာ၌ နေစံပယ်တော်မူ၏၊ ချစ်သား ရဟန်းတို့ သုမနသည် အလှူဒါနပြုလုပ်ရာ၌ အသက်ကိုစွန့်၍ ငါဘုရားကို ပူဇော်ခြင်းကြောင့်သာ ဤကဲ့သို့ အဘိုးတန်သော ကောင်းကျိုးချမ်းသာ သက်ရှိသက်မဲ့ ရတနာတို့ကို အကျိုးပေးခြင်းပင် ဖြစ်၏ဟု မိန့်တော်မူ၏။ (ဓမ္မပဒ—ပ—၁၀၆။)

## သုပ္ပဗုဒ္ဓ(လူနူ)နှင့် မာယာသိကြားမင်း စကားရည်လုပွဲ

ဗုဒ္ဓသက်တော်ထင်ရှားရှိဆဲ အခါတပါး ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ် သုပ္ပဗုဒ္ဓ(လူနူ)သည် ဘုရားတရားတော်ကို ပရိသတ်အစွန်မှ ကြားနာနေရာ မကြာမြင့်မီ သောတာပတ္တိဖိုလ် တည်လေ၏၊ ဘုရားကိုလျှောက်ထားရန် ပရိသတ်အလယ်သို့ မဝင်နိုင်၍ စောင့်နေဆဲ၌ တာဝတိံသာ သိကြားမင်းသိရှိ၍ သုပ္ပဗုဒ္ဓရှိရာသို့လာ၍ “အသင်သုပ္ပဗုဒ္ဓ၊ အသင်သည် ဘုရားကို ဘုရားမဟုတ်, တရားကို တရားမဟုတ်, သံဃာကို သံဃာမဟုတ်-ဟု ပြောပါမူ သင်သည် လူဆင်းရဲအထီးကျန်သူဖြစ်၍ အဆုံးမရှိသော ချမ်းသာကို ငါပေးအံ့”ဟု ဆို၏ ထိုစကားကို ကြားရသော သုပ္ပဗုဒ္ဓသည် “ဟယ်မိုက်လှတဲ့သိကြား–သင်သာလျှင်

လူဆင်းရဲတည်း၊ အထီးကျန်တည်း၊ ငါကား မဆင်းရဲ၊ ငါ့မှာ သဒ္ဓါစသော သူတော်ကောင်းဥစ္စာ ရတနာမြတ်ခုနစ်ပါး ရရှိပြီးဖြစ်၍ ချမ်းသာသူ ဖြစ်၏”ဟု သိကြားမင်း စကားတုံ့ မပြန်နိုင်အောင် ပြောဆို၏။ (ဓမ္မပဒ ဒု-၂၈-၌လာသည်) ဤအခါ၌ သောတာပတ္တိဖိုလ်၌တည်သော သုပ္ပဗုဒ္ဓသည် သူရရှိပြီးသော မဂ်ဖိုလ်ကို လူမင်း,သိကြားမင်း, ဗြဟ္မာမင်း စည်းစိမ်နှင့် လဲလှယ်ပါဆိုလည်း လဲလှယ်လိမ့်မည်မဟုတ်။

သကလံ ကေရဇ္ဇေန၊ သက္ကဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

ဟူသော ဒေသနာသည် သုပ္ပဗုဒ္ဓလူနူအတွက် သူပိုင်ဆိုင်နေသော မဂ်ဖိုလ် ကို မလဲလှယ်နိုင်သော အထောက်အထားပင် ဖြစ်၏။

သကလံ၊ အလုံးစုံသော ကျွန်းကြီးလေးကျွန်းကို။ ကေရဇ္ဇေန ဝါ၊ တဦးတည်း စိုးမိုးအုပ်ချုပ် မင်းလုပ်၍နေရသော စကြာမင်း၏ စည်းစိမ် ချမ်းသာထက်ၡင်း။ သက္ကဿ ဂမနေန ဝါ၊ နတ်ပြည် ခြောက်ထပ်သို့ သွားရောက်၍ စိုးမိုးအုပ်ချုပ် မင်းလုပ်၍ နေရသော သိကြားမင်း၏ စည်းစိမ်ချမ်းသာထက်ၡင်း။ သဗ္ဗလောကာဓိပစ္စေန ဝါ၊ အလုံးစုံသော လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်တို့ကို စိုးမိုးအုပ်ချုပ် မင်းလုပ်၍နေရသော ဗြဟ္မာမင်း၏ စည်းစိမ်ချမ်းသာထက်ၡင်း။ သောတာပတ္တိဖလံ၊ သောတာ-ပတ္တိဖိုလ်ချမ်းသာသည်။ ဝရံ၊ မြတ်လှပါပေ၏။

ယခုခေတ်သစ် ကမ္ဘာသူ ကမ္ဘာသားများသည် များသောအားဖြင့် “အဘိဇ္ဈာလု” သူတပါးပျက်စီးရာ ပျက်စီးကြောင်းကို ရှေးရှုလုပ်ကိုင် ဆောင်ရွက်နေကြသူတွေ များလာ၍ စကြာမင်းစည်းစိမ်နှင့် သောတာ ပတ္တိဖိုလ်ကို လဲယူလိုသူတွေ များကြလိမ့်မည်ဟု ထင်မိ၏။“ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည်၊ ရေပွက်ပမာ၊ တသက်လျာတည်း” ဆိုတဲ့ အနန္တသူရိယ-ပညာရှိ အမှာ စကားအတိုင်း မင်းစည်းစိမ်ဟာ ရေပွက်ပမာ ခဏမျှသာ ခံစားရတဲ့ စည်းစိမ်မျိုးဖြစ်၏။ အပါယ်လေးပါးလားရမည့် ဘေးကို ကြောက်သင့်၏၊

သုပ္ပဗုဒ္ဓ (လူနူ) ကြီးက "ဟယ်သိကြားမိုက်၊ သင်တို့လို တဏှာကြိုက်တဲ့ ငမိုက်တွေသာ သူတော်ကောင်းဥစ္စာ ရတနာ့ဆင်းရဲ လူငမွဲတွေဖြစ်တယ်၊ ငါမဆင်းရဲ၊ ငါ့မှာ သဒ္ဓါစတဲ့ ရတနာ့စစ်ရှိပြီး ဖြစ်၍ ချမ်းသာ၏"ဟု ဆိုခြင်းပင် ဖြစ်သည်။ သောတာပန်ဖြစ်လျှင် အာရုံနှင့် ဖြားရောင်း၍ မရနိုင်ပေ၊ သုပ္ပဗုဒ္ဓသည် ဗုဒ္ဓရတနာစစ်ထံမှ ဓမ္မရတနာနှစ် ပီတိကို ရရှိသဖြင့် အရိယာအဆင့်သို့ ရောက်ရှိခြင်းဖြစ်ခဲ့ရာ လောကီချမ်းသာကို မစင်ဘင်ပုပ်ပမာ စက်ဆုပ်ရှုံ့ရှာ ထို့မှုစရာဟု မှတ်ထင်မည်သာတည်း။ (ဓမ္မပဒ၊ ဒု-၂၈-နှင့် အင်္ဂုတ္တိုရ်ပါဠိတော်။)

သိကြားမင်းသည် လူ့ပြည်၌ တရားရသူများကို ဂရုတစိုက်ကြည့်လေ့ရှိ၏၊ မခံချိမခံသာစကားမျိုးကို ပြောတတ်သော အလေ့လည်းရှိ၏၊ အခါတပါး ငါတို့ ဗုဒ္ဓ အလောင်းတော် ကဏှဒီပရသေ့ ဣန္ဒဝါရုဏီ-သစ်ပင်ကို အမှီပြု၍ တရားအားထုတ်စဉ်က အလောင်းတော်ရသေ့ စိတ်ဆင်းရဲအောင် စိတ်တိုအောင် အသားမဲမဲ မြေကြီးမဲမဲပေါ်မှာ သစ်ပင်မဲမဲကို မှီ၍ တရားအားထုတ်နေခြင်းသည် အဘယ်ချမ်းသာကိုလို၍ အားထုတ်နေပါသနည်း"ဟု မခံချိမခံသာစကားကို ဆိုဘူးသည်၊ ယခုလည်း သုပ္ပဗုဒ္ဓ(လူနူ)ကိုယ်မကောင်းသောသူကို ဤကဲ့သို့ပင် ပြောခြင်းဖြစ်၏၊ ဝါသနာပင် ဖြစ်၏။

## နတ်စစ်သူကြီးနှစ်ဦး ဗုဒ္ဓဂုဏ်ထူး ချီးကျူးပူဇော်ပုံကြားရသော "ကာဠီ"

နတ်စစ်သူကြီးနှစ်ဦးမှာ သာတာဂိရိနတ်မင်းနှင့် ဟေမဝတနတ်မင်းတို့ ဖြစ်၏၊ ဟေမဝတနတ်သည် ဟိမဝန္တာအတွင်း ဟေမဝတမည်သော တောင်၌ နတ်စစ်သူကြီး ဖြစ်၏၊ သာတာဂိရိနတ်သည် မဇ္ဈိမဒေသ၏ အတွင်း သာတာဂိရိမည်သောတောင်၌ နတ်ဘီလူးစစ်သူကြီး ဖြစ်၏။ ဤသာတာဂိရိ ဟေမဝတတို့သည် နှစ်ကျိပ်ရှစ်ယောက်သော နတ်စစ်သူကြီးတို့တွင် အကျုံးဝင်သောနတ်တို့ ဖြစ်ကြ၏၊ ဆဒ္ဒိသာပါလသုတ်၌ နှစ်ဆယ့်လေးပါးသော ဒိသာပါလနတ်ဗြဟ္မာမင်းကြီးတို့တွင်လည်း အရှေ့အရပ်မှ ဦးစွာပါရှိ၏။ အခါတပါး ဟိမဝန္တာတော၏အတွင်း မန္ဒာဂိရိတောင်ရင်းရှိ

ဘဂဝတီမည်သော မဏ္ဍပ်၌ နတ်သဘင်အစည်းအဝေးပြုကြ၏၊ သာတာဂီရိနတ်နှင့် ဟေမဝတနတ်တို့သည် တဦးနှင့်တဦး ဖက်လှဲတကင်း ညီရင်းအကိုပမာ ချစ်ခင်ကြင်နာခြင်းရှိကြ၍ ကတိထားကြ၏။ ဤလောက၌ ရှေးကမဖြစ်ပေါ်စဘူး ထူးကဲဆန်းကြယ်သော အာရုံ တွေ့ကြုံရပါက တဦးနှင့်တဦး အကြောင်းကြားကြစတမ်းဟု သစ္စာကတိပြုကြလေသည်။ သစ္စာလေးဆင့် မြတ်ပန်းပွင့်ကို ဆင့်ဆင့်ပွါးကူး အရထူးတော်မူသော ဘုရားရှင်သည် မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားကို ဟောတော်မူသောအခါ သာတာဂီရိနတ်စစ်သူကြီးသည် မြတ်ဘုရား၏ ပဌမဆုံး ထူးမြတ်သောတရားထူးကို ဦးဦးဖျားဖျား ကြားနာရသည့်အခါ ချစ်လှစွာသော မိတ်ဆွေဟေမဝတနတ်စစ်သူကြီးကို သတိရနေသဖြင့် တရားကို ဖြောင့်ဖြောင့်မနာနိုင်ဘဲ ရှိ၏။ မိတ်ဆွေဟူသည်—

(၁) ခုနစ်ဘဝါး အတူသွားဘူးသော ပိယမိတ္တ၊

(၂) တဆယ့်နှစ်လှမ်း အတူသွားဘူးသော သဟာယမိတ္တ၊

(၃) တလ-တလခွဲ အတူနေဘူးသော ဉာတိမိတ္တ၊

(၄) တလခွဲထက် ပိုလွန်၍ နေဘူးသော အတ္တကာယမိတ္တ-ဟူ၍ လေးမျိုးရှိသည်။

ထိုလေးမျိုးသော မိတ်ဆွေတို့တွင် ဤနတ်စစ်သူကြီးနှစ်ဦးမှာ အတ္တကာယမိတ်ဆွေစစ်ဖြစ်ကြ၏၊ သွားရာအတူ စားရာအတူ စသည်မျှသာမကပါဘဲ တရားကို နာယူရာ၌ပင် အတူနာယူလိုသော မေတ္တာသည် အလွန်စစ်မှန်လှသော မေတ္တာစစ်ရှိသူ မိတ်ဆွေဖြစ်ကြောင်း ထင်ရှားလှ၏။

> ခုနစ်ဘဝါး တူသွားက ချစ်မိတ်ဆွေ။ ဆယ့်နှစ်ဖြာသဟာယ ကျမ်းပြမသွေ။ တလနှင့်လခွဲနေ မျိုးအဆွေဉာတိ။ ထို့ထက်ကြာ ကာလပိုလွန်ပါက အတ္တသမာဟိရယ်လို့ မြတ်အဋ္ဌက တိကဂုတ်မှာ မိန့်ထုတ်လေဘိ။

ထို့နောက် သာတာဂီရိ နတ်စစ်သူကြီးကလည်း သူဖူးရသော ဘုရားနှင့် နာကြားရသော ဓမ္မစကြာတရားတော်ကို မိတ်ဆွေ ဟေမဝတ နတ်စစ်သူကြီးအား ပြောကြားရန် ဟေမဝတတောင်သို့ ထွက်ခဲ့၏၊ ဟေမဝတ

နတ်သားကလည်း ဟိမဝန္တာတော၌ တဆယ့်နှစ်ရာသီပန်းများမှာ ထက်ကောင်းကင်အာကာသီက အာသင်္ဂြိနက္ခတ် အရောင်ဓာတ်ဟပ်၍ ပေးသဖြင့်' ပုန်းညက်သရဖီ ရွှင်ကြည်ကံ့ကော် ပျံ့ကျော်ကြိုင်သင်း နှင်းပန်းစပယ် စသော တောမြိုင်ငြိမ့်လန်း သာယာနေသော စိမ့်စမ်းတို့ကို တွေ့ရ၍ မိတ်ဆွေ သာတာဂီရိထံသို့အသွား ရာဇဂြိုဟ်ပြည်၏ အထက်ကောင်းကင်၌ ရင်ဆိုင်တွေ့ရသောအခါ ဗုဒ္ဓမြတ်ရတနာနှင့် ဓမ္မစကြာ၏ထူးမြတ်ပုံကို ပြောပြ၏၊ ထိုအခိုက် ကာဠီအမည်ရှိသော အမျိုးသမီးသည် နေအိမ်ဝရံတာသို့ထွက်၍ ကိုယ်ဝန်ဆောင်ရသော အာဝေဏိကဒုက္ခကို ခံစားရင်း နတ်စစ်သူကြီးများ ပြောကြားနေသော ဗုဒ္ဓဂုဏ်တော်ကို ကြားနာရ၍ ဓမ္မပီတိဖြစ်ကာ သောတာပန် တည်ရှာလေသည်၊ မိန်းမများသည် ကိုယ်ဝန်ဆောင်နေရသော အာဝေဏိကဆင်းရဲ တွေ့ရတဲ့အခါ ဗုဒ္ဓစသော ရတနာသုံးပါးကိုရင်း၊ ဓမ္မစကြာစသော ပရိတ်တရားတော်ကိုရင်း အာရုံပြုနေပါလျှင် 'ဝေဒနာကင်းစင်၍ ကိုယ်စိတ်ကြည်လင်ချမ်းသာခြင်းကို ရရှိနိုင်လေသည်။ ပါရမီရှင် သောတာပန်တဆူးထူးကို ဆွတ်ခူးပန်ဆင်နိုင်လေသည်။ မိန်းမသားများသည် အားငါးပါးတို့တွင် ကိုယ်ကျင့်သီလအားနှင့် ပြည်စုံဘို့သည် အလွန်အားထုတ်သင့်သော ကိစ္စတရပ်ဖြစ်၏။ မိန်းမသည် ယောကျ်ားနှင့် မတူ၊ တကိုယ်နှစ်သက် ထမ်းရွက်နေရသူများ ဖြစ်၏။ ယောကျ်ားများသည် နှုတ်လွန် လက်လွန် မပြောသင့် မလုပ်သင့်ကြပေ၊ မိန်းမတို့၏ အာဝေဏိကဒုက္ခသည် အလွန်ပင် တာဝန်လေးလှ၏။ အာဝေဏိကဒုက္ခငါးပါးကို အလျဉ်းသင့်၍ ပြဆိုပါအံ့။

(၁) အချိန်တန် အရွယ်ရောက်လျှင် လင့်နောက်လိုက်ပါရခြင်း၊

(၂) ဥတုပန်းများ ပွင့်လန်းရခြင်း၊

(၃) ကိုယ်ဝန်အရင့်အမာကို လွယ်၍ဆောင်ရခြင်း၊

(၄) ဆယ်လပြည့်၍ မီးရှူးသန့်စင် ဖွားမြင်ရခြင်း၊

(၅) လင်ယောကျ်ားကိုလုပ်ကျွေးရခြင်း ဤဆင်းရဲများ ဖြစ်သည်။

အရဆောင်ရန် –

ချိန်တန်ရွယ်သင့်- လင်နှင့်လိုက်ပါ၊
ဥတုခေတ်ပန်း- ပွင့်လန်း ဖြာဖြာ၊
ကိုယ်ဝန်ဆောင်ပင့်- ဖွားလင့်ခါခါ၊
လုပ်ကျွေးငြား- ငါးပါးဝေဏိကာ။

ထို့ပြင် မိန်းမများမှာ- အားကြီးငါးပါးရှိသေး၏၊ ထိုငါးပါးမှာ –

(၁) ရုပ်အဆင်းလှပခြင်းအား၊
(၂) စည်းစိမ်ဥစ္စာရတနာနှင့် ပြည့်စုံခြင်းအား၊
(၃) ဆွေဂုဏ်မျိုးဂုဏ်နှင့် ပြည့်စုံခြင်းအား၊
(၄) သားသမီးရတနာနှင့် ပြည့်စုံခြင်းအား၊
(၅) ကိုယ်ကျင့်သီလရှိခြင်းအား၊

ဤအား ငါးပါးပင် ဖြစ်၏။

ကာဠီအမျိုးသမီးမှာ–သီလအားနှင့် ပြည့်စုံနေတဲ့အချိန်မှာ သာတာဂီရိ နတ်စစ်သူကြီး၏ ဗုဒ္ဓမမ္မ၏ နှစ်သက်ဖွယ်စကားကို ပြောကြားသည့် အသံ နားထောင်နေရင်း သောတာပန်တည်ခြင်းဖြစ်သည်။ ထို့ပြင် ဓမ္မစကြာသုတ်တော်သည် အမြဲရွတ်ဘတ်နေသင့်သော သုတ်တော်ဖြစ်သည်၊ စစ်ဗိုလ် စစ်သားများ တပ်စခန်းနားချိန်၌ ရွက်ဘတ်သရဇ္ဈာယ်နိုင်ကြစေရန် ဤစာအုပ် နောက်ဆုံးမှာ ထည့်သွင် ဖော်ပြလိုက်သည်၊ "သာတာဂီရိ" စသော နတ်စစ်သူကြီးများသည် ရွတ်သူနာသူတို့ကို အလွန်ကြည်ညိုကြ၏။ သို့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ တိုင်းပြည်အတွက် ကာကွယ် ပေးနေကြသော ရဲဘော်ရဲမေ ဗမာ့သားကောင်း သမီးကောင်း ရဲညွန့် ဆွေတို့ အတွက် အလွယ်တကူ ကျက်ယူနိုင်ကြစေရန် ဤဓမ္မစက္ကပဝတ္တန သုတ် ပါဠိ အနက်ကို သေချာစွာစစ်ဆေး၍ ဖော်ပြအပ်တော့၏၊ ထိုနတ်စစ်သူကြီးများ ကြည်ညို နှစ်သက်သော ဤဓမ္မစကြာ ပရိတ်တော်ကိုဗမာ့ သားကောင်း သမီးကောင်းများဖြစ်ကြကုန်သော ကာယ ဉာဏ လုပ်သားများသည်ရင်း၊ ရဲဘော်ရဲမေ အပေါင်းတို့သည်ရင်း ကျက်မှတ် ရွတ်ဘတ်ကြပါကုန်။

# ဓမ္မစကြာပါဠိ

## ဓမ္မစက္ကပ္ပဝတ္တနသုတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ဓမ္မစကြာ အမွှန်း

(က) ဘိက္ခူနံ ပဉ္စဝဂ္ဂိနံ၊ ဣသိပတနနာမကေ။
မိဂဒါယေ ဓမ္မဝရံ၊ ယံ တံ နိဗ္ဗာနပါပကံ။

(ခ) သဟမ္ပတိနာမကေန၊ မဟာဗြဟ္မုနာ ယာစိတော။
စတုသစ္စံ ပကာသေန္တော၊ လောကနာထော အဒေသယိ။

(ဂ) နန္ဒိတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗသမ္ပတ္တိသာဓကံ။
သဗ္ဗလောကဟိတတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမ ဟေ။

### (၁) ဓမ္မစကြာ နိဒါန်း

ဧဝံ မေ သုတံ—

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။

တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ–

### (၂) အယုတ်တရား နှစ်ပါး

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။

ကတမေ ဒွေ–

ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။

ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

## (၃) အလယ်အလတ် အကျင့်တရား

တေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ–

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

## (၄) ဒုက္ခသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ တံပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ[၁] ဒုက္ခာ။

---

၁-ပဉ္စုပါဒါနက္ခန္ဓာပိ (မူကွဲ)

## (၅) သမုဒယသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။

ယာယံ တဏှာ ပေါနောဗ္ဘဝိကာ[၁] နန္ဒိရာဂသဟဂတာ[၂] တတြတတြာဘိနန္ဒိနီ။

သေယျထိဒံ—

ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

## (၆) နိရောဓသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။

ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

## (၇) မဂ္ဂသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ—

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

## (၈) ဒုက္ခသစ္စာ၌ သစ္စဉာဏ်

“ဣဒံ ဒုက္ခံ အရိယသစ္စ”န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

---

၁-ပေါနောဘဝိကာ (မူကွဲ) ၂-နန္ဒိရာဂသဟဂတာ (မူကွဲ)

## (၉) ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၀) ဒုက္ခသစ္စာ၌ ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၁) သမုဒယသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၂) သမုဒယသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၃) သမုဒယသစ္စာ၌ ကတဉာဏ်

"တံ ခေါပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၄) နိရောဓသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၅) နိရောဓသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ"န္တိ မေ ဘိက္ခ-ဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၆) နိရောဓသစ္စာ၌ ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၇) မဂ္ဂသစ္စာ၌ သစ္စဉာဏ်

"ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၈) မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိသစ္စံ ဘာဝေတဗ္ဗ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၁၉) မဂ္ဂသစ္စာ၌ ကတဉာဏ်

"တံ ခေါပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## (၂၀) ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ။

နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"တိ ပစ္စညာသိံ။

## (၂၁) ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ"တိ ပစ္စညာသိံ။

## (၂၂) ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ "အကုပ္ပါ မေ ဝိမုတ္တိ[၁]၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ" တိ။

## (၂၃) ပဉ္စဝဂ္ဂီရဟန်းတို့ တရားနှစ်သက်ကြပုံ

ဣဒမဝေါစ ဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

## (၂၄) အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ"န္တိ။

## (၂၅) နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ

ပဝတ္တိတေ စ ပန[၂] ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ[၃] ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ

---

၁-စေတောဝိမုတ္တိ (မူကွဲ) ၂-ပန (အချို့မူ၌ မရှိ) ၃-ဘူမာ (မူကွဲ)

ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ ”တိ။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ ”တိ။

စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ”တိ။

တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ ”တိ။

ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ”တိ။

တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ”တိ။

နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတဝသဝတ္တီ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ”တိ။

ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ[1]။

## (၂၆) တသောင်းသော လောကဓာတ် တုန်လှုပ်ပုံ

အယဉ္စ ဒသသဟဿိလောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။

## (၂၇) အရောင်အလင်း ဖြစ်ပေါ်လာပုံ

အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ[2]။

## (၂၈) မြတ်စွာဘုရား ဥဒါန်းကျူးပုံ

အထ ခေါ ဘဂဝါ ဣမံ[3] ဥဒါနံ ဥဒါနေသိ "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော"တိ။

ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိကောဏ္ဍညော- တွေဝ နာမံ အဟောသိ။

## (၂၉) အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းပုံ

အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ–

"လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ"န္တိ။

---

၁- အဗ္ဘုဂ္ဂစ္ဆတိ။ ၂-ဒေဝါနုဘာဝံ (မူကွဲ) ၃- ဣမံ(အချို့မူ၌ မရှိ)

## (၃၀) ဧဟိဘိက္ခု ရဟန်းအဖြစ် ရပုံ

“ဧဟိ ဘိက္ခူ”တိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

ဓမ္မစက္ကပဝတ္တနသုတ္တံ နိဋ္ဌိတံ။

# ဓမ္မစကြာပါဠိ နိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဓမ္မစကြာ အဖွင့်

(က-ခ) စတုသစ္စံ၊ သစ္စာလေးပါးကို။ ပကာသေန္တော၊ ပြတော်မူသော။ လောကနာထော၊ လူတို့၏ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သဟမ္ပတိနာမကေန၊ သဟမ္ပတိအမည်ရှိသော။ မဟာ-ဗြဟ္မုနာ၊ မြတ်သောဗြဟ္မာမင်းသည်။ ယာစိတော၊ တရားဟောစိမ့်သောငှါ တောင်းပန်အပ်သည်ဖြစ်၍။ ဣသိပတနနာမကေ၊ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာတို့၏ ကောင်းကင်မှသက်ရာ ကောင်းကင်သို့တက်ရာဖြစ်၍ ဣသိပတနအမည်ရှိသော။ မိဂဒါယေ၊ သားတို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန် သားပေါင်းစုံသည့် တောရဂုံ၌။ ပဉ္စဝဂ္ဂိနံ၊ ငါးယောက်အစုရှိခြင်းကြောင့် ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။ဘိက္ခူနံ၊ကောဏ္ဍည, ဝပ္ပ,ဘဒ္ဒိယ, မဟာနာမ်, အဿဇိရဟန်းတို့အား။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ဓမ္မဝရံ၊ မြတ်သောတရားဖြစ်သော။ ယံ ဓမ္မစက္ကံ၊ အကြင် ဓမ္မစကြာဒေသနာတော်ကို။ အဒေသယိ၊ ဟောတော်မူပြီ။

(ဂ) သဗ္ဗဒေဝေဟိ၊ ခပ်သိမ်းကုန်သော သမ္မုတိနတ် ဥပပတ္တိနတ် ဝိသုဒ္ဓိနတ်တို့သည်။ ဝါ၊ ခပ်သိမ်းကုန်သော နတ်ဗြဟ္မာတို့သည်။ နန္ဒိတံ၊ နှစ်လိုအပ်သော။ သဗ္ဗသမ္ပတ္တိသာဓကံ၊ခပ်သိမ်းသော လောကီ လောကုတ္တ-ရာ ပစ္စုပ္ပန်သံသရာစည်းစိမ်ကို ပြီးစေတတ်သော။ တံ ဓမ္မစက္ကံ၊ ထိုဓမ္မစကြာဒေသနာတော်ကို။ သဗ္ဗလောကဟိတတ္ထာယ၊ ခပ်သိမ်းသော လောက၏ အစီးအပွါးအကျိုးငှါ။ ဟေ၊ အိုအရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

## (၁) ဓမ္မစကြာ နိဒါန်း

ဘန္တေ ကဿပ၊ အရှင်မဟာကဿပ။ ဣဒံ သုတ္တံ၊ ဤ ဓမ္မစက္ကပ၀တ္တန သုတ်ကို။ မေ-မယာ၊ အကျွန်ုပ်အာနန္ဒာထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။

ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတနအမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန်တော၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြ ခေါ၊ ထို ဣသိပတန မိဂဒါဝုန်တောဝယ် နေတော်မူသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ပဉ္စဝဂ္ဂိယေ၊ ပဉ္စဝဂ္ဂီ အမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။

## (၂) အယုတ်တရား ၂-ပါး

ဘိက္ခဝေ၊ ရဟန်းတို့။ ပဗ္ဗဇိတေန၊ ရဟန်းဖြစ်သောသူသည်။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေ အန္တာ၊ ဤ အယုတ်တရားအစုတို့ကို။ န သေဝိ-တဗ္ဗာ၊ မမှီဝဲအပ်ကုန်။

ဒွေ အန္တာ၊ ရဟန်းတို့မမှီဝဲအပ်ကုန်သော အယုတ်တရားနှစ်ပါးအစုတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။

ဟီနော၊ ယုတ်သော။ ဂါမ္မော*၊ရွာသူတို့၏ဥစ္စာဖြစ်သော။ ပေါထုဇ္ဇ-နိကော၊ ပုထုဇ္ဇန်တို့၏ အလေ့အကျက်ဖြစ်သော။ အနရိယော၊ အရိယာတို့၏ ဥစ္စာမဟုတ်သော။ အနတ္ထသံဟိတော၊ စီးပွါးချမ်းသာဖြစ်ကြောင်းနှင့် မစပ်သော။ ကာမေသု၊ တေဘူမက တရားတည်းဟူသော ဝတ္ထုကာမတို့၌။ ကာမသုခလ္လိကာနုယောဂေါ၊ ဆန္ဒရာဂတည်းဟူသော ကိလေသကာမနှင့်ယှဉ်သော ချမ်းသာကို အဘန်တလဲလဲ ခံစားခြင်းဟု ဆိုအပ်သော။ ယော စာယံ-ယော စ အယံ အန္တော၊ အကြင်အစုသည်ရှင်း။ ဒုက္ခော၊ ဆူးငြောင့်ကိုမှီ၍ အိပ်ခြင်း စသည်ဖြင့် ဆင်းရဲကို ဆောင်တတ်သော။ အနရိယော၊ အရိယာမဟုတ်သော တိတ္ထိတို့၏ဥစ္စာဖြစ်သော။

အနုတ္တရံဟိတော၊ စီးပွါးချမ်းသာဖြစ်ကြောင်းနှင့် မစပ်သော။ အတ္တ-ကိလမထာနုယောဂေါ၊ မိမိကိုယ်၏ ပင်ပန်းခြင်းကို အဘန်တလဲလဲ ဖြစ်စေတတ်သော။ ယော စာယံ-ယော စ အယံ အန္တော၊ အကြင်အစုသည်ရင်း။ ဒွေ အန္တာ၊ အယုတ်တရားနှစ်ပါးအစု မည်ကုန်၏။

## (၃) အလယ်အလတ် အကျင့်တရား

ဘိက္ခဝေ၊ ရဟန်းတို့။ ဧတေ ခေါ ဥဘော အန္တေ၊ ထိုကာမသုခလ္လိ-ကာနုယောဂ အတ္တကိလမထာနုယောဂ ဟူသော အယုတ်တရား နှစ်ပါး အစုတို့ကို။ အနုပဂမ္မ၊ မကပ်မူ၍။ တထာဂတေန၊ ငါဘုရားသည်။အဘိ-သမ္ဗုဒ္ဓါ၊ထိုးထွင်း၍ သိတော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော။ မဇ္ဈိမာ၊ ကာမသုခလ္လိကာနုယောဂ-သဿတဒိဋ္ဌိဟူသော တခုသော အစု, အတ္တကိလမထာနုယောဂ ဥစ္ဆေဒဒိဋ္ဌိ ဟူသော တခုသော အစု၏ အလယ်၌ ဖြစ်သော။ ပဋိပဒါ၊ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိသော သူတို့သည် ကျင့်အပ်သော အကျင့်သည်။ ဥပသမာယ၊ကိလေသာငြိမ်းခြင်း တည်းဟူသော သဥပါဒိ-သေသ နိဗ္ဗာန်အကျိုးငှါ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ၊ အနုပါဒိသေသနိဗ္ဗာန် အကျိုးငှါ။ သံဝတ္တတိ၊ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍ သိတော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကိုမြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။ဉာဏကရဏီ၊သစ္စာလေးပါးကိုသိခြင်းကို ပြုတတ်သော။ယာ မဇ္ဈိမာ ပဋိပဒါ၊အကြင် အလတ်ဖြစ်သော အကျင့်သည်။ ဥပသမာယ၊ကိလေသာငြိမ်းခြင်း တည်းဟူသော သဥပါဒိသေသ နိဗ္ဗာန်အကျိုးငှါ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှါ။ သံဝတ္တတိ၊ဖြစ်၏။

သာ မဇ္ဈိမာ ပဋိပဒါ၊ ထိုအလတ်ဖြစ်သော အကျင့်သည်။ ကတမာ စ၊ အဘယ်နည်း။

အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်လျှင်တည်း။

ဣဒံ-မဂ္ဂင်္ဂံ၊ ဤမဂ္ဂင်သည်။ သေယျထာ-ကတမံ၊ အဘယ်နည်း။

(၁) သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။

(၂) သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။

(၃) သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။

(၄) သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း။

(၅) သမ္မာအာဇီဝေါ၊ ကောင်းစွာအသက်မွေးခြင်း။

(၆) သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်ခြင်း။

(၇) သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း။

(၈) သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။

ဣဒံ-ဓမ္မဇာတံ၊ ဤရှစ်ပါးသော သဘောတရားသည်။ မဂ္ဂင်္ဂံ၊ မဂ္ဂင်မည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍သိအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော။ အယံ ခေါ သာ မဇ္ဈိမာ ပဋိပဒါ၊ ဤမဂ္ဂင်ရှစ်ပါး တည်းဟူသော အလတ်ဖြစ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာငြိမ်းခြင်း တည်းဟူသော သဥပါဒိသေသ နိဗ္ဗာန်အကျိုးငှါ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာ သိခြင်းငှါ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန် အကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။

## ( ၄ ) ဒုက္ခသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပိ၊ ပဋိသန္ဓေနေရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ ဇရာပိ၊ ဆိုးရွားဟောင်းမြင်း အိုမင်းရင့်ရော်ရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ ဗျာဓိပိ၊ ဖျားနာရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ မရဏံပိ၊ သေရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ အပ္ပိယေဟိ၊ မချစ်မနှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့်။ သမ္ပ-ယောဂေါ၊ အတူတကွပေါင်းယှဉ်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်နှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းကင်းကွာ ရှဲခွါဖဲကြဉ် မပေါင်းယှဉ်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ယံ ပိစ္ဆံ၊ အကြင်ပဋိသန္ဓေနေခြင်းစသော သဘောတရား ငါ့အား မဖြစ်ပါမူ ကောင်းလေစွ စသည်ဖြင့် တောင့်တခြင်းကို။ န လဗ္ဘတိ*၊ မရအပ်။ တံပိ၊ ထိုတောင့်တတိုင်း မရခြင်းသည်လည်း၊ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာပိ၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤဇာတိအစရှိသော တရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သောသစ္စာမည်၏။

## ( ၅ ) သမုဒယသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ ယာယံ တဏှာ၊ အကြင်လောဘသည်။ ပေါ-နောဗ္ဘဝိကာ၊ တဖန်ဘဝသစ်ကိုဖြစ်စေတတ်သော အလေ့ရှိ၏။ နန္ဒိရာဂ-သဟဂတာ၊ နှစ်သက်ခြင်း တပ်ခြင်းဖြစ်၍ ဖြစ်၏။ တတြတတြ၊ ထိုထိုကိုယ်၏ အဖြစ် ထိုထိုအာရုံ၌။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်တတ်၏။

ဣဒံ သော တဏှာ၊ ဤတဏှာသည်။ သေယျထာ ကတမာ၊ အဘယ်နည်း။

ကာမတဏှာ၊ ရူပါရုံစသော ဝတ္ထုကာမကိုတပ်တတ်သောတဏှာလည်းငှကောင်း။ ဘဝတဏှာ၊ သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာလည်း

ကောင်း။ ဝိဘဝတဏှာ၊ ဉစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာလည်း ကောင်း။

ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤတဏှာဟူသော သဘောတရားသည်။ဒုက္ခ-သမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## ( ၆ ) နိရောဓသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ တဿာယေဝ တဏှာယ၊ ထိုကာမတဏှာ စသည်ဖြင့် ဝေဘန်အပ်သောလောဘ၏သာလျှင်။ ယော အသေသဝိရာဂ-နိရောဓော၊ အကြွင်းအကြွင်းမဲ့ တပ်ခြင်းကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန် သည်။ ယော စာဂေါ၊ အကြွင်းစွန့်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော ပဋိ-နိဿဂ္ဂေါ၊ အကြွင်းဝေးစွာစွန့်ရာဖြစ်သော နိဗ္ဗာန်သည်။ ယာ မုတ္တိ၊ အကြွင် လွတ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော အနာလယော၊ အကြွင်းကပ်ငြိခြင်း ကင်းရာဖြစ်သော နိဗ္ဗာန် သည်။ အတ္ထိ၊ ရှိ၏။

ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤနိဗ္ဗာန်ဟူသော သဘောတရားသည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## ( ၇ ) မဂ္ဂသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ အရိယော၊ မြတ်သော။ အယမေဝ မဂ္ဂေါ၊ ဤ မဂ်သည်လျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။

ဣဒံ မဂ္ဂင်္ဂံ၊ ဤမဂ္ဂင်သည်။ သေယျထာ-ကတမံ၊ အဘယ်နည်း။

(၁) သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။

(၂) သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။

(၃) သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။

(၄) သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း။

(၅) သမ္မာအာဇီဝေါ၊ ကောင်းစွာအသက်မွေးခြင်း။

(၆) သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်ခြင်း။

(၇) သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း။

(၈) သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။

ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤမဂ္ဂင်ရှစ်ပါးတရားသည်လျှင်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည်သိအပ်သော သစ္စာမည်၏။

## (၈) ဒုက္ခသစ္စာ၌ သစ္စဉာဏ်

(သစ္စာလေးပါးကို သရုပ်အားဖြင့် ပြတော်မူပြီး၍ ဤသစ္စာလေးပါး၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်ဟူသော အပြန်သုံးပါးကို ပြတော်မူခြင်းငှါ ဣဒံ ဒုက္ခံ-အစရှိသော ဒေသနာတော်ကို မိန့်တော်မူသည်။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတဏှာကြဉ်သော တေဘူမကတရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ ဒုက္ခသစ္စာကိုမြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ ဒုက္ခသစ္စာကိုသိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ ဇာတိဒုက္ခစသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား ဒုက္ခသစ္စာ၌ သစ္စဉာဏ် ]

## ( ၉ ) ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထိုဒုက္ခဖြစ်သော အရိယသစ္စာကို။ ပရိညေယျံ၊ ဤတရားကား ဒုက္ခတည်း ဤဒုက္ခကား ဤမျှသာတည်း ဤထက်အလွန် ဤမှအောက် အယုတ်မရှိဟု ထက်ဝန်းကျင်မှ ပိုင်းခြား၍သိအပ်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ ဒုက္ခသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ ဇာတိဒုက္ခစသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား ဒုက္ခသစ္စာ၌ ကိစ္စဉာဏ် ]

---

## (၁၀) ဒုက္ခသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထိုဒုက္ခဖြစ်သော အရိယသစ္စာကို။ ပရိညာတံ၊ ဤတရားကား ဒုက္ခတည်း ဤဒုက္ခကား ဤမျှသာတည်း ဤထက်အလွန် ဤမှအောက် အယုတ်မရှိဟု ထက်ဝန်းကျင်မှ ပိုင်းခြား၍ သိအပ်ပြီ။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ ဒုက္ခသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ ဇာတိဒုက္ခစသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်

တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား ဒုက္ခသစ္စာ၌ ကတဉာဏ် ]

## (၁၁) သမုဒယသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတဏှာဟူသော လောဘသည်။ ဒုက္ခ-သမုဒယံ၊ ဒုက္ခ၏အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ သမုဒယသစ္စာကို သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ တရားကိုယ်အားဖြင့် တပါး,အခြင်းအရာအားဖြင့် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဟူ၍ သုံးပါး, ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာဟူ၍ အာရုံအားဖြင့် တဆဲ့ရှစ်ပါး,အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန်အားဖြင့် သုံးဆယ့်ခြောက်ပါး, အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါးအားဖြင့် တရာ့ရှစ်ပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ သမုဒယသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ သမုဒယသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား သမုဒယသစ္စာ၌ သစ္စဉာဏ် ]

## (၁၂) သမုဒယသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထို ဒုက္ခ၏အကြောင်းဖြစ်သော အရိယသစ္စာကို။ ပဟာတဗ္ဗံ၊ ဒိဋ္ဌိဝိစိကိစ္ဆာ သမ္ပယုတ်ကို သောတာပတ္တိမဂ်ဖြင့်, ကာမရာဂကို အနာဂါမိမဂ်ဖြင့်,

ရူပရာဂ အရူပရာဂကို အရဟတ္တမဂ်ဖြင့် ပယ်အပ်၏။ ဣတိ၊ ဤသို့။ မေ- မယှာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ သမုဒယ သစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ သမုဒယ သစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊တရား ကိုယ်အားဖြင့်တပါး, အခြင်းအရာအားဖြင့် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ဟူ၍ သုံးပါး, ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာ ဟူ၍ အာရုံအားဖြင့် တဆယ့်ရှစ်ပါး, အဇ္ဈတ္တ- ဗဟိဒ္ဓသန္တာန်အားဖြင့် သုံးဆယ့်ခြောက်ပါး, အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးအားဖြင့် တရာ့ရှစ်ပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊သမုဒယသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ သမုဒယသစ္စာကို ဖုံးလွှမ်းတတ် သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား သမုဒယသစ္စာ၌ ကိစ္စဉာဏ် ]

---

## (၁၃) သမုဒယသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထို ဒုက္ခ၏ အကြောင်းဖြစ်သော အရိယ သစ္စာကို။ ပဟီနံ၊ မဂ်လေးပါးဖြင့် အကြွင်းမဲ့ ပယ်အပ်ပြီ။ ဣတိ၊ ဤသို့။ မေ မယှာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူး ကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော ပညာ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ သမုဒယသစ္စာကို သိခြင်း သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။ပညာ၊ တရားကိုယ်အားဖြင့်တပါး, အခြင်း အရာအားဖြင့် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ဟူ၍ သုံးပါး, ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာ ဟူ၍ အာရုံအားဖြင့် တဆယ့်ရှစ်ပါး, အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန် အားဖြင့် သုံးဆယ့်ခြောက်ပါး, အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး

အားဖြင့် တရာ့ ရှစ်ပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊သမုဒယသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ဉဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ သမုဒယ သစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင် အလင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား သမုဒယသစ္စာ၌ ကတဉာဏ် ]

---

## (၁၄) နိရောဓသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယ သစ္စာမည်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဉဒပါဒိ၊ထင်ရှားဖြစ်၏။ ဉာဏံ၊ နိရောဓ သစ္စာကို သိတတ်သောဉာဏ်သည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ တရား ကိုယ်အားဖြင့်တပါး, သဉပါဒိသေသ အနုပါဒိသေသ အားဖြင့် နှစ်ပါး, သုညတ အနိမိတ္တ အပ္ပဏိဟိတအားဖြင့် သုံးပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ နိရောဓသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ နိရောဓသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီး တတ်သော ပညာအရောင် အလင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား နိရောဓသစ္စာ၌ သစ္စဉာဏ် ]

---

## ( ၁၅ ) နိရောဓသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထို ဒုက္ခ၏ ချုပ်ရာဖြစ်သော အရိယသစ္စာကို။ သစ္ဆိကာတဗ္ဗံ၊မဂ်ဉာဏ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြုအပ်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊

ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ နိရောဓသစ္စာကိုမြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ နိရောဓသစ္စာကို သိတတ်သောဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ တရားကိုယ်အားဖြင့်တပါး, သဥပါဒိသေသ အနုပါဒိသေသအားဖြင့် နှစ်ပါး, သုညတ အနိမိတ္တ အပ္ပဏိဟိတအားဖြင့် သုံးပါးရှိ၏ ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ နိရောဓသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ နိရောဓသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား နိရောဓသစ္စာ၌ ကိစ္စဉာဏ် ]

---

## ( ၁၆ ) နိရောဓသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုဒုက္ခ၏ ချုပ်ရာဖြစ်သော အရိယသစ္စာကို။ သစ္ဆိကတံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြုအပ်ပြီ။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ နိရောဓသစ္စာကို သိတတ်သောဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ တရားကိုယ်အားဖြင့်တပါး, သဥပါဒိသေသ အနုပါဒိသေသအားဖြင့် နှစ်ပါး, သုညတ အနိမိတ္တ အပ္ပဏိဟိတအားဖြင့် သုံးပါးရှိ၏ ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ နိရောဓသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ နိရောဓသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်း ဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား နိရောဓသစ္စာ၌ ကတဉာဏ် ]

## (၁၇) မဂ္ဂသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤမဂ္ဂင် ရှစ်ပါးသည်။ ဒုက္ခနိရောဓဂါမိနီ-ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ မဂ္ဂသစ္စာကို သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ သမ္မာဒိဋ္ဌိ စသည်ကို အပြားအားဖြင့်သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလော-ကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား မဂ္ဂသစ္စာ၌ သစ္စဉာဏ် ]

---

## (၁၈) မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယ-သစ္စံ၊ ထိုဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို။ ဘာဝေတဗ္ဗံ၊ ပွါးစေအပ်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ မဂ္ဂသစ္စာကို သိတတ်သောဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ သမ္မာဒိဋ္ဌိစသည်ကို အပြားအားဖြင့်သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ မဂ္ဂ-သစ္စာကိုဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကိုဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား မဂ္ဂသစ္စာ၌ ကိစ္စဉာဏ် ]

## (၁၉) မဂ္ဂသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ-အရိယသစ္စံ၊ ထိုဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် ဖြစ်သော အရိယသစ္စာကို။ ဘာဝိတံ၊ ပွါးစေအပ်ပြီ။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှရှေး၌။ အနနုဿု-တေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ မဂ္ဂသစ္စာကိုသိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ သမ္မာဒိဋ္ဌိစသည်ကို အပြားအားဖြင့်သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

[ ဤကား မဂ္ဂသစ္စာ၌ ကတဉာဏ် ]

---

## (၂၀) ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ-ယတ္တကံ ကာလံ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဣမေသု စတူသု အရိယသစ္စေသု၊ ဤသစ္စာလေးပါးတို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ သုံးပါးလေးလီဖြစ်၍ တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါ့အား။ သုဝိသုဒ္ဓံ၊ အလွန်သန့်ရှင်း ကြည်လင်စင်ကြယ်သည်။ န အဟောသိ၊ မဖြစ်သေး။

ဘိက္ခဝေ၊ ရဟန်းတို့။ တာဝ-တတ္တကံ ကာလံ၊ ထိုဉာဏ်အမြင် မစင်ကြယ်သေးသမျှကာလပတ်လုံး။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ ကာမာဝစရ နတ်ပြည်ငါးထပ်နှင့်တကွသော။ သမာရကေ၊ ဝသဝတ္တီနတ်ပြည်နှင့် တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာပြည်နှင့်တကွသော။ လောကေ၊

ဩကာသလောက၌။သဿမဏဗြာဟ္မဏိယာ၊ရဟန်းပုဏ္ဏားနှင့်တကွသော။ သဒေဝမနုဿာယ၊ သမ္မုတိနတ်တည်းဟူသောမင်း ကြွင်းသောလူနှင့် တကွသော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ထိုးထွင်း၍သိပြီဟူ၍။ နေဝ ပစ္စညာသိံ၊ ဝန်ခံတော်မမူသေး။

## (၂၁) ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ ယတော စ ခေါ-ယဒါ ကာလေ၊ အကြင်အခါ၌ ကား။ ဣမေသု စတူသု အရိယသစ္စေသု၊ ဤသစ္စာလေးပါးတို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်,ကိစ္စဉာဏ်,ကတဉာဏ်အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ သုံးပါးလေးလီဖြစ်၍ တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါ့အား။ သုဝိသုဒ္ဓံ၊ အလွန်သန့်ရှင်းကြည်လင် စင်ကြယ်သည်။ အဟောသိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အထ-တသ္မိံ ကာလေ၊ထိုဉာဏ်အမြင်စင်ကြယ် စွာဖြစ်သောအခါ၌။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ ကာမာဝစရ နတ်ပြည်ငါးထပ်နှင့်တကွသော။ သမာရကေ၊ ဝသဝတ္တီနတ်ပြည်နှင့်တကွ သော။ သဗြဟ္မကေ၊ ဗြဟ္မာပြည်နှင့်တကွသော။ လောကေ၊ ဩကာသ လောက၌။သဿမဏဗြာဟ္မဏိယာ၊ ရဟန်းပုဏ္ဏားနှင့်တကွသော။သဒေဝ-မနုဿာယ၊ သမ္မုတိနတ်တည်းဟူသောမင်း ကြွင်းသောလူနှင့်တကွသော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ထိုးထွင်း၍ သိပြီ ဟူ၍။ ပစ္စညာသိံ၊ ဝန်ခံတော်မူပြီ။

## (၂၂) ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ

မေ၊ ငါ့အား။ ဉာဏဉ္စ ပန ဒဿနံ၊ ပစ္စဝေက္ခဏာဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ မေ၊ ငါ၏။ စေတောဝိမုတ္တိ၊ အရဟတ္တဖိုလ် ဉာဏ်ကို။ အကုပ္ပါ၊ ဆန့်ကျင်ဘက်တရားတို့သည် မဖျက်ဆီးအပ်။ အယံ၊

ဤကိုယ်၏ အဖြစ်သည်။ အန္တိမာ၊ အဆုံးစွန်ဖြစ်သော။ ဇာတိ၊ အဖြစ် တည်း။ ဣဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဘန် ဘဝသစ်၌ဖြစ်ခြင်းသည်။ နတ္ထိ၊ ·မရှိပြီ။ ဣတိ-ဉာဏဒဿနံ၊ ဤသို့သော ပစ္စဝေက္ခဏာဉာဏ်အမြင် သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

## (၂၃) ပဥ္စဝဂ္ဂီရဟန်းတို့ တရားကို နှစ်သက်ကြပုံ

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ ဝစနံ၊ ဤ ဒွေ မေ ဘိက္ခဝေ စသော စကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။ ပဥ္စဝဂ္ဂိယာ၊ ပဥ္စဝဂ္ဂီအမည်ရှိ ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္တမနာ၊ နှစ်လိုဝမ်းမြောက်ကုန် သည်ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူ အပ်သော တရားတော်ကို။ အဘိနန္ဒုံ၊ သာဓု သာဓုဟု ရှိသေစွာ ဦးဖြင့် ခံကုန်၏။

## (၂၄) အရှင်ကောဏ္ဍည သောတာပန် ဖြစ်ပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ၊ ဤဂါထာမဘက် သက်သက်သော အမေးအဖြေဖြစ်သော ဗျာကရိုဏ်းကို။ ဘညမာနေ၊ ဟောတော်မူအပ် သည်ရှိသော်။ အာယသ္မတော၊ ရှည်သောသက်တော်ရှိသော။ ကောဏ္ဍ- ညဿ၊ ကောဏ္ဍညထေရ်အား။ ဝိရဇံ၊ အပယ်သို့ လားစေတတ်သော ရာဂအစရှိသော မြူမှုကင်းသော။ ဝီတမလံ၊ အကြွင်းမရှိ ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်သဖြင့် ကင်းသောအညစ်အကြေး ရှိသော။ ဓမ္မစက္ခုံ၊ သစ္စာလေးပါး တရားကို မြင်တတ်သော သောတာပတ္တိမဂ်ဉာဏ်တည်းဟူသော မျက်စိ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ယံကိဉ္စိ၊ အလုံးစုံသော တေဘူမက တရားသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောရှိ၏။ တံ သဗ္ဗံ၊ ထိုဖြစ်ခြင်း သဘောရှိသော တရားဟူသမျှသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## (၂၅) နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မစက္ကေ၊ ဓမ္မစကြာတရားတော်ကို။ ပဝတ္တိတေ စ ပန၊ ဟောတော်မူအပ်သည်ရှိသော်ကား။ ဘုမ္မာ ဒေဝါ*၊ ဘုမ္မ

စိုးနတ်တို့သည်။ သဒ္ဒါ၊ ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကုန်၏။

ကိံ အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကုန်သနည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတနအမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန်တော၌။ လောကသ္မိံ၊ လောက၌။ ကေနစိ သမဏေန ဝါ၊ တစုံတယောက်သော ရဟန်းသည်ငင်း။ ကေနစိ ဗြာဟ္မဏေန ဝါ၊ တစုံတယောက်သော ပုဏ္ဏားသည်ငင်း။ ကေနစိ ဒေဝေန ဝါ၊ တစုံတယောက်သော နတ်သည်ငင်း။ ကေနစိ-မာရေန ဝါ၊ တစုံတယောက်သော မာရ်သည်ငင်း။ ကေနစိ ဗြဟ္မုနာ ဝါ၊ တစုံတယောက်သော ဗြဟ္မာသည်ငင်း။ အပ္ပဋိဝတ္တိယံ၊ မတားမြစ်နိုင် မပယ်နိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ ဓမ္မစက္ကံ၊ ဤဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ ဤသို့။ အနုဿာ-ဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကုန်၏။

ဘူမာနံ ဒေဝါနံ၊ ဘူမစိုးနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြားကုန်၍။ စာတုမဟာရာဇိကာ ဒေဝါ၊ စာတုမဟာရာဇ်နတ်တို့သည်။ သဒ္ဒါ၊ ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ အဆင့်ဆင့် ကြွေးကြော်ကုန်၏။

စာတုမဟာရာဇိကာနံ ဒေဝါနံ၊ စာတုမဟာရာဇ် နတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ သုတွာ၊ ကြားကုန်၍။ တာဝတိံသာ ဒေဝါ၊ တာဝတိံသာနတ်တို့သည်။ သဒ္ဒံ ကောင်းချီးပေးသော အသံကို။ အနု-ဿာဝေသုံ၊ အဆင့်ဆင့်ကြွေးကြော်ကုန်၏။

တာဝတိံသာနံ ဒေဝါနံ၊ တာဝတိံသာ နတ်တို့၏။ သဒ္ဒံ၊ ကောင်းချီး ပေးသော အသံကို။ သုတွာ၊ ကြားကုန်၍။ ယာမာ ဒေဝါ၊ ယာမာနတ်တို့ သည်။ သဒ္ဒါ၊ ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ အဆင့်ဆင့် ကြွေးကြော်ကုန်၏။

ယာမာနံ ဒေဝါနံ၊ ယာမာနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံ ကို။ သုတွာ၊ ကြားကုန်၍။ တုသိတာ ဒေဝါ၊ တုသိတာနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။အနုဿာဝေသုံ၊ အဆင့်ဆင့်ကြွေးကြော်ကုန်၏။

တုသိတာနံ ဒေဝါနံ၊ တုသိတာနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီး ပေးသော အသံကို။ သုတွာ၊ ကြားကုန်၍။ နိမ္မာနရတီ ဒေဝါ၊ နိမ္မာနရတီ နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ အဆင့်ကြွေးကြော်ကုန်၏။

နိမ္မာနရတီနံ ဒေဝါနံ၊ နိမ္မာနရတီနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ သုတွာ၊ ကြားကုန်၍။ ပရနိမ္မိတ ဝသဝတ္တီ ဒေဝါ၊ ပရနိမ္မိတ ဝသဝတ္တီ နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့် ကြွေးကြော်ကုန်၏။

ပရနိမ္မိတ ဝသဝတ္တီနံ ဒေဝါနံ၊ ပရနိမ္မိတ ဝသဝတ္တီ နတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ သုတွာ၊ ကြားကုန်၍။ ဗြဟ္မကာယိကာ၊ ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့် ကြွေးကြော်ကုန်၏။

**ကိံ** အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကုန်သနည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတနအမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန်တော၌။ လောကသ္မိံ၊ လောက၌။ ကေနစိ၊ တစုံတယောက်သော။ သမဏေန ဝါ၊ ရဟန်းသည်၎င်း။ ဗြာဟ္မဏေန ဝါ၊ ပုဏ္ဏားသည်၎င်း။ ဒေဝေန ဝါ၊ နတ်သည်၎င်း။ မာရေန ဝါ၊ မာရ်သည်၎င်း။ ဗြဟ္မုနာ ဝါ၊ ဗြဟ္မာသည်၎င်း။ အပ္ပဋိဝတ္တိယံ၊ မတားမြစ်နိုင် မဟောနိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ ဧတံ ဓမ္မစက္ကံ၊ ဤဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ တပြိုင်နက်ကြွေးကြော်ကုန်၏။

တေန ခဏေန၊ ထိုခဏဖြင့်။ တေန လယေန၊ ထိုလယဖြင့်။ တေန မုဟုတ္တေန၊ ထိုမုဟုတ်ဖြင့်။ ယာဝဗြဟ္မလောကာ၊ အထက်အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင်။ သဒ္ဒေါ၊ ကျော်စောသော အသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ*၊ နှံ့၍တက်၏။

## (၂၆) တသောင်းသောလောကဓာတ် တုန်လှုပ်ပုံ

အယဉ္စ ဒသသဟဿီလောကဓာတု၊ ဤတသောင်းသော လောကဓာတ်စကြဝဠာသည်လည်း။ သံကမ္ပိ၊ သက်၍သက်၍လှုပ်၏။ သမ္ပကမ္ပိ၊ တက်၍တက်၍လှုပ်၏။ သမ္ပဝေဓိ၊ ထိုမှဤမှ အေးယာဉ်ကဲ့သို့လှုပ်၏။

## (၂၇) အရောင်အလင်း ဖြစ်ပေါ်လာပုံ

အပ္ပမာဏော၊ အတိုင်းအရှည်မရှိသော။ ဥဠာရော၊ ပြန့်ပြောသော။ ဩဘာသော စ၊ ဒေဝနုဘာဝထက်ကြောင့်ဖြစ်သော အရောင်အလင်းသည်လည်း။ လောကေ၊ လောက၌။ ဒေဝါနံ၊ နတ်ဗြဟ္မာတို့၏။ ဒေဝါနုဘာဝံ၊ နတ်ဗြဟ္မာတို့၏အာနုဘော်ကို။ အတိက္ကမ္မ၊ သာလွန်၍။ ပါတုရဟောသိ၊ ထင်ရှားဖြစ်၏။

## (၂၈) မြတ်စွာဘုရား ဥဒါန်းကျူးပုံ

အထ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥဒါနံ၊ ဝမ်းမြောက်သောစကားကို။ ဥဒါနေသိ၊ တသောင်းတိုက်သား ကြားသိအောင်မြွက်ဆိုတော်မူ၏။ ကိံ ဥဒါနေသိ၊ အဘယ်သို့မြွက်ဆိုတော်မူသနည်း။

ဘော၊ အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။ ဘော၊ အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။

ဣတိ၊ ဤသို့။ ဥဒါနေသိ၊ မြွက်ဆိုတော်မူ၏။

ဣတိဟိ-ဣတိဝေ၊ ဤသို့ ဥဒါန်းကျူးတော်မူသောကြောင့်သာလျှင်။ အာယသ္မတော ကောဏ္ဍညဿ၊ အရှင်ကောဏ္ဍညအား။ အညာသိ-ကောဏ္ဍညောတွေဝ၊ အညာသိကောဏ္ဍညဟူ၍သာလျှင်။ ဣဒံ နာမံ၊ ဤအမည်သည်။ အဟောသိ၊ ဖြစ်၏။

## (၂၉) အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းပုံ

အထ ခေါ၊ ထိုသောတာပန်ဖြစ်ပြီးသောအခါ၌။ အာယသ္မာ အညာ-သိကောဏ္ဍညော၊ အရှင်အညာသိကောဏ္ဍညသည်။ ဒိဋ္ဌဓမ္မော၊ မြင်အပ်ပြီးသောသစ္စာတရားရှိသည်ဖြစ်၍။ ပတ္တဓမ္မော၊ ရောက်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။ ဝိဒိတဓမ္မော၊ သိအပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။ ပရိယောဂါဠ္ဟဓမ္မော၊ ဉာဏ်ဖြင့်သက်ဝင်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။ တိဏ္ဏဝိစိကိစ္ဆော၊ ကူးမြောက်ပြီးသော တဆယ့်ခြောက်ပါးသော ယုံမှားခြင်း, ရှစ်ပါးသောယုံမှားခြင်း ရှိသည်ဖြစ်၍။ ဝိဂတကထံ-ကထော၊ သို့လော သို့လော တွေးတောယုံမှားခြင်း ကင်းသည်ဖြစ်၍။ သတ္ထုသာသနေ၊ မြတ်စွာဘုရားသာသနာတော်၌။ ဝေသာရဇ္ဇပ္ပတ္တော၊ ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍။ အပရပ္ပစ္စယော၊ ကိုယ်တိုင်မျက်မှောက်သိမြင်အပ် သောကြောင့် သူတပါးတို့အား ယုံကြည်ခြင်းမဖြစ်မူ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံ ဝစနံ၊ ဤသို့သောစကားကို။ အဝေါစ၊ လျှောက်၏။

ကိံ အဝေါစ၊ အဘယ်သို့လျှောက်သနည်း။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်၏အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။ ဥပသမ္ပဒံ၊ ပဉ္စင်း၏အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။

ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။

## (၃၀) ဧဟိဘိက္ခု ရဟန်း ဖြစ်ပုံ

ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလှည့်။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာ ငါဟောအပ်ပြီ။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိ-ယာယ၊ အဆုံးကိုပြုခြင်းငှါ၊ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ အထက်မဂ်သုံးပါးတည်းဟူသော မြတ်သောအကျင့်ကို။ စရ၊ ကျင့်လော့။

ဉာတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။ တဿ အာယသ္မတော၊ ထိုအရှင် အညာသိကောဏ္ဍညအား။ သာဝဉပသမ္ပဒါ၊ ထိုဧဟိဘိက္ခု ပဉ္စင်းအဖြစ်သည်သာလျှင်။ အဟောသိ၊ ဖြစ်၏။

ဓမ္မစက္ကပဝတ္တနသုတ္တံ၊ ဓမ္မစက္ကပဝတ္တနသုတ်သည်။
နိဋ္ဌိတံ၊ အပြီးသို့ရောက်ပြီ။

[မဟာသက္ကရာဇ် ၁၀၇-ခုနှစ် ဝါဆိုလပြည့် စနေနေ့ ဓမ္မစက္ကသုတ်ကို ဟော၍ အရှင်ကောဏ္ဍညထေရ် သောတာပန်ဖြစ်သည်။

လပြည့်ကျော်တရက်နေ့ ဝပ္ပထေရ် သောတာပန်ဖြစ်သည်။

နှစ်ရက်နေ့ ဘဒ္ဒိယထေရ် သောတာပန်ဖြစ်သည်။

သုံးရက်နေ့ မဟာနာမထေရ် သောတာပန်ဖြစ်သည်။

လေးရက်နေ့ အဿဇိထေရ် သောတာပန်ဖြစ်သည်။

ငါးရက်နေ့ အနတ္တလက္ခဏသုတ်ကို ဟော၍ ငါးပါးလုံး ရဟန္တာချည်း ဖြစ်ကုန်၏။]

# နိဂုံး

ဣတိ မဟာဂန္ဓကာဝါသနိဝါသိနာ မဟာထေရေန ရစိတော ဓမ္မစက္ကပဝတ္တနသုတ္တနိဿယော—

သဟဿ သတ နဝုတိ၊ စတုဝဿမှိ သာဝဏေ။
ပုဏ္ဏမေ ပုရေဘတ္တမှိ၊ ပဟာရေကမှိ သောဓိယေ။

ဣတိ-ဣမိနာ အနုက္ကမေန၊ ဤသို့သော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်။ မဟာဂန္ဓကာဝါသနိဝါသိနာ၊ မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်၌ သီတင်းသုံးနေသော။ မဟာထေရေန၊ စက္ကိန္ဒာဘိ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုမဟာထေရ်သည်။ ရစိတော၊ ရေးစီရင်အပ်သော။ ဓမ္မစက္ကပဝတ္တနသုတ္တနိဿယော၊ ဓမ္မစက္ကပဝတ္တနသုတ်၏ နိဿယသည်။ သဟဿသတနဝုတိစတုဝဿမှိ၊ သက္ကရာဇ် ၁၁၉၄-ခုနှစ်၌။ သာဝဏေ၊ နံကာလ၌။ ပုဏ္ဏမေ ပုရေဘတ္တမှိ၊ လပြည့်နေ့နံနက်။ ပဟာရေကမှိ သောဓိယေ၊ စနေနေ့ တချက်တီးအချိန်၌။ နိဋ္ဌိတော၊ ပြီးခြင်းသို့ ရောက်၏။

ဓမ္မစကြာပါဠိ၌ နိဿယ ပြီး၏။

---

၁၃၃၁-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၇) ရက်
(၂၉-၃-၇၀) နေ့တွင် ရတနာပီတိ စာအုပ်ကို
စီစဉ်ရေးသားပြီးဆုံးသည်။

ပ-မ-ပ-ထ-စ—၁၄၁၄—၂၂-၁-၇၁—၃၀၀၀။ (၁)